
# သင်ကြားရေးအတတ်ပညာ နည်းလမ်းများ

## သင်တန်းသားလက်စွဲ





## သင်ကြားရေးအတွက် လေ့လာနိုင်သော သင်ရိုးလက်စွဲ



Educasia
Education in Context

The Curriculum Project

# ABOUT

## ဤစာအုပ်နှင့်ကျွန်ုပ်တို့အကြောင်း

ဤစာအုပ်ကို Creative Commons လိုင်စင်ခွင့်ပြုချက်-
CC Atbution- Non Commercial- NoDeves- ShareAlike (CC By-NC-ND-SA) ဖြင့်ထုတ်ဝေသည်။

ShareAlike သည် သပြေပညာရေးအဖွဲ့အစည်း၏ ခွင့်ပြုလွှာတစ်ခုတည်းဖြင့်သာ ရရှိနိုင်သည်။ ကျွန်ုပ်တို့၏စာမူ မူပိုင်ခွင့်နှင့် Creative Commons လိုင်စင်ခွင့်ပြုချက်များကို ပိုမိုသိရှိလိုပါက http://www.thabyay.org/creativecommon.html တွင်လေ့လာနိုင်ပါသည်။

ပြင်ဆင်သင့်သည့်အရာများ (သို့) ပိုမိုကောင်းမွန်အောင် အကြံပေးလိုသည်များရှိပါက
educasia@thabyay.org, info@curculumproject.org သို့ဆက်သွယ်နိုင်ပါသည်။

ကျွန်ုပ်တို့၏ဝန်ဆောင်မှုများနှင့် ဖြန့်ဝေသည့်စာအုပ်များအကြောင်း ပိုမိုသိရှိလိုသည့်အခါနှင့် ကျွန်ုပ်တို့ထံမှစာအုပ်များမှာယူလိုပါက ကျွန်ုပ်တို့၏ဝက်ဆိုဒ်ဖြစ်သော www.educasia.org နှင့် www.curculumproject.org များသို့ဝင်ရောက်ကြည့်-ရှုနိုင်ပါသည်။

ပုံနှိပ်ထုတ်ဝေသည့်ခုနှစ် - ၂၀၁၆

Translation: Myint Zu and Ei Ei Tun Shein
Translation Edits and Proofreading: Ei Ei Tun Shein and Naw Sah Blute
Design and Layout Concept: Katherine Gibney | www.accurateyak.carbonmade.com
Layout: Moe Ma Ma Myo

# မာတိကာ


**နိဒါန်း** i

**သင်ရိုးပြဋ္ဌာန်းပုံ** vii

**၁။ ဆရာတစ်ဦး၏ အခန်းကဏ္ဍများ** ၁
- ဆရာတစ်ဦး၏ အားသာချက်နှင့် အားနည်းချက်
- ဆရာတစ်ဦး၌ရှိသင့်သော အသိပညာဗဟုသုတ၊ စိတ်သဘောထား၊ အမူအကျင့်၊ ကျွမ်းကျင်မှုများ
- သင်ကြားမှုတွင်ရှိရမည့် လမ်းညွှန်နှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ
- သင်ကြားမှုစက်ဝန်းနှင့် ဆရာ၏တာဝန်များ

**၂။ ကျွန်ုပ်တို့မည်ကဲ့သို့ လေ့လာသင်ယူမည်နည်း။** ၁၃
- စာသင်ခန်းတွင်းနှင့် ပြင်ပဗဟုသုတအားဖြင့် လေ့လာသင်ယူခြင်း
- သင်ယူမှုအား ချဉ်းကပ်နည်းများ
- VAK သင်ယူမှုပုံစံများ
- သင်ယူခြင်း၌တက်ကြွစွာသင်ယူသောကျောင်းသားများနှင့် တက်ကြွမှုမရှိသော ကျောင်းသားများ

**၃။ စာသင်ခန်းအတွင်း တန်းတူမျှတမှုရှိခြင်း** ၂၅
- ကျောင်းသားများ - ခြားနားချက်နှင့်တူညီချက်
- ပညာရေးတွင်တန်းတူညီမျှရှိခြင်းအပေါ် အဓိကကျသောအတွေးအခေါ်များ
- ကျောင်းသားများအားလုံးကို တက်ကြွစွာပါဝင်လာအောင် လုပ်ဆောင်ပုံ
- ကျောင်းသားများ အားလုံးကိုစိတ်ပါဝင်စားစွာနှင့် တက်ကြွစွာပါဝင်လာရန် သင်ကြားမှုများကို လှုပ်ရှားမှုအစီအစဉ်များဖြင့်ရေးဆွဲခြင်း

**၄။ သင်ယူခြင်းအတွက် သင်ကြားခြင်း** ၃၈
- ကျောင်းသားများကို မည်သည့်အရာများအား လေ့လာသင်ယူစေချင်သနည်း။
- တွေးခေါ်မှုစံနှုန်း - ပညာရေးနှင့်ပတ်သက်သော Bloom's ၏ရည်ရွယ်ချက်များ
- သင်ကြားရေးနှင့်ပတ်သက်သော လုပ်ငန်းတာဝန်များကို ရေးသားခြင်း
- မေးခွန်းထုတ်ခြင်း၊ မေးခွန်းထုတ်ခြင်းနှင့် ပတ်သက်သော နည်းဗျူဟာများ

**၅။ အစီအစဉ်ရေးဆွဲခြင်း** ၅၂
- သင်ရိုးညွှန်းတမ်း၊ သင်ရိုးနှင့်သင်ခန်းစာအစီအစဉ်ရေးဆွဲခြင်း
- သင်ယူမှုရည်ရွယ်ချက်များ
- သင်ခန်းစာကိုသင်ကြားခြင်း

**၆။ တိုးတက်မှု၊ ဝေဖန်အကြံပြုချက်နှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၆၉
- အမျိုးအစားကွဲပြားသော စစ်ဆေးအကဲဖြတ်ခြင်း
  - စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ
- သင်ခန်းစာမစတင်မီ စစ်ဆေးအကဲဖြတ်ခြင်း
- သင်ယူနေစဉ်အတွင်း စစ်ဆေးအကဲဖြတ်ခြင်း
- မိမိကိုယ်ကိုယ် ပြန်လည်စစ်ဆေး အကဲဖြတ်ခြင်း - အချင်းချင်း အပြန်အလှန် အကဲဖြတ်ခြင်း
- ဝေဖန်အကြံပြုချက်များပေးခြင်း
  - အမှတ်ပေးနည်းစနစ်နှင့် မှတ်တမ်းတင်သိမ်းဆည်းခြင်း
- သင်ခန်းစာပြီးဆုံးချိန်တွင် စစ်ဆေးအကဲဖြတ်ခြင်း - စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်း (စာမေးပွဲများ)

**၇။ သင်ထောက်ကူပစ္စည်းများအား အသုံးပြုခြင်း** ၇၉
- သုတေသနနှင့် သင်ထောက်ကူပစ္စည်းများ အစီရင်ခံခြင်း
- ကန့်သတ်ချက်ရှိသည့် သင်ထောက်ကူပစ္စည်းများနှင့် အကောင်းဆုံးလုပ်ဆောင်ခြင်း
- သင်ရိုးနည်းလမ်းစာအုပ်များဖြင့် အသုံးပြု၍ အကောင်းဆုံးလုပ်ဆောင်ခြင်း
- မိမိကိုယ်ပိုင် သင်ထောက်ကူပစ္စည်းများကို ဖန်တီးလုပ်ဆောင်ခြင်း

**၈။ အဖွဲ့လိုက် လုပ်ဆောင်ခြင်း** ၈၇
- အဖွဲ့လိုက် လုပ်ဆောင်ရာတွင် ရရှိသော အကျိုးကျေးဇူးနှင့် ဆိုးကျိုးများ
- အဖွဲ့လိုက် လုပ်ဆောင်ရာတွင် ပုံသွင်းခြင်းနှင့် စီမံခန့်ခွဲခြင်း
- အဖွဲ့များဖွဲ့ခြင်း
- အဖွဲ့လိုက် လုပ်ဆောင်မှုများကို ပြန်လည်အစီရင်ခံတင်ပြခြင်း
- အဖွဲ့လိုက် လုပ်ဆောင်ရန် လှုပ်ရှားမှုများ ရေးဆွဲခြင်း

**၉။ စာသင်ခန်းတွင်း စီမံခန့်ခွဲခြင်း** ၉၆
- စာသင်ခန်းတွင်း စီမံခန့်ခွဲခြင်းဆိုသည်မှာ အဘယ်နည်း။
- စာသင်ခန်းတွင်း စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများ
- ဆုပေးဒဏ်ပေးစနစ်

**သင်ရိုးအဆုံးတွင် စစ်ဆေးအကဲဖြတ်ခြင်း** ၁၀၂

**သင်ခန်းစာနှင့်ပတ်သက်သော လှုပ်ရှားမှုဆိုင်ရာထောက်ပံ့မှုများ** ၁၀၄

**ဖတ်ရှုရမည့်အကြောင်းအရာများနှင့် လေ့လာတွေ့ရှိချက်များအား ထပ်ဆောင်းထည့်ပေးထားခြင်း** ၁၀၈

**နည်းဗျူဟာဖိုင်များ** ၁၁၆

# နိဒါန်း

## သင်တန်းဦးဆောင်သူအတွက်  သတင်းအချက်အလက်များ

ဤစာအုပ်သည် ယေဘုယျအားဖြင့် စာသင်ကြားသောသူများနှင့် ဆရာဖြစ်လိုသူများအား သင်ကြားရေးတွင် အထောက်အကူဖြစ်ရန် မိတ်ဆက်ထားသောစာအုပ်ဖြစ်ပါသည်။ သင်ကြားရေးစွမ်းရည်များသည် ဘာသာရပ်အများစုနှင့် ကျောင်းသားအသက်အရွယ်များစွာကို သင်ကြားရာတွင်လည်း သင့်လျော်မှုရှိပါသည်။

ဤသင်ရိုးစာအုပ်သည် သင်ကြားရေးအခြေခံနည်းလမ်းနှင့် သင်ယူမှုသဘောတရားများကို လက်တွေ့အသုံးချနိုင်သော နည်းလမ်းများဖြင့် ပေါင်းစပ်ထားပြီး မြန်မာနိုင်ငံကဲ့သို့သော သင်ကြားရေးအရင်းအမြစ်နည်းပါးသည့်နေရာများတွင် အသုံးပြုနိုင်ရန်နှင့် ထိရောက်သောသင်ကြားမှုကို မှန်ကန်သောနည်းစနစ်ဖြင့် ဖော်ဆောင်နိုင်ရန်အတွက်ဖြစ်ပါသည်။ သင်တန်းနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို ကျယ်ပြန့်စွာလုပ်ဆောင်ပေးထားပြီး လေ့ကျင့်ခန်းများ၊ လေ့လာကြည့်ရှုမှတ်သားခြင်းနှင့် မိမိကိုယ်ကို ပြန်လည်စစ်ဆေးအကဲဖြတ်ခြင်းတို့ပါဝင်သည်။ သင်တန်းဦးဆောင်သူမှ သင်တန်းသားများ၏အခြေအနေနှင့် သင့်လျော်ကိုက်ညီမှုရှိသော နည်းလမ်းများနှင့် ခေတ်မီသဘောတရားများအသုံးပြုရမည့် အကောင်းဆုံးနည်းလမ်းများတွေးခေါ်မှုကို တွန်းအားပေးထားသည်။

## သင်ကြားရေးစွမ်းရည်တွင်  ပါဝင်သောအစိတ်အပိုင်းများ

သင်ကြားရေးစွမ်းရည်တွင် ဆရာလက်စွဲနှင့် သင်တန်းသားလက်စွဲစာအုပ်များပါဝင်ပါသည်။

<u>**၁။ သင်တန်းသားလက်စွဲစာအုပ်**</u>

သင်တန်းသားလက်စွဲစာအုပ်တွင် သင်ကြားရေးနည်းလမ်းများ ကွဲပြားမှုအပေါ်အခြေခံ၍ သင်ခန်းစာ (၉)ခု ရှိပါသည်။ အောက်ပါပေးထားသောအပိုင်းများသည် သင်ခန်းစာတစ်ခုချင်းစီတိုင်းတွင် အများဆုံးပါဝင်သည်။

**စာပိုဒ်များနှင့် ပုံများဖတ်ရှုခြင်း** - ဤအပိုင်းတွင် သတင်းအချက်အလက်အသစ်များ လုပ်ဆောင်ရန်တင်ပြခြင်း (သို့မဟုတ်) သတင်းအချက်အလက်များအား အကျဉ်းချုပ်ဖော်ပြခြင်းတို့ပါရှိသည်။

**သင်ယူလေ့လာခြင်းလှုပ်ရှားမှုများ** - သင်ယူလေ့လာခြင်းလှုပ်ရှားမှုများသည် သင်တန်းသားများမှ မည်သည့်အရာများ သိရှိထားသည်ကိုရှာဖွေခြင်း၊ လေ့လာမှုအသစ်များနှင့်ချိတ်ဆက်ပေးခြင်း၊ သင်ယူမှုကို နားလည်ခြင်း၊ လေ့ကျင့်ခြင်းတို့ဖြင့် လက်တွေ့အသုံးပြုနိုင်ရန် များစွာအထောက်ကူပြုပါသည်။ သင်တန်းသားများအား သင်ယူလေ့လာမှုကို လက်တွေ့အသုံးပြုနိုင်ရန် ၎င်းတို့ကိုယ်တိုင်သင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းရေးဆွဲခြင်းကို မကြာခဏလုပ်ဆောင်ခိုင်းရမည်။

**ပြန်လည်သုံးသပ်ခြင်း** - တစ်ချို့သောသင်ခန်းစာများတွင် သင်တန်းသားများမှ မိမိတို့မည်သည့်အရာကို လေ့လာသင်ယူခြင်းနှင့် မည်သို့တိုးတက်လာသည့်ကြောင်းကို စဉ်းစားရမည်။ ဤအကြောင်းအရာမှာ တစ်ဦးခြင်းစီအတွက် ပြန်လည်သုံးသပ်ခြင်းနှင့် မိမိကိုယ်ကိုပြန်လည် စစ်ဆေးအကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။ သင်ကိုယ်တိုင် သင်တန်းသားများ၏နားလည်မှုကိုစစ်ဆေးလိုလျှင် မေးခွန်းများအားဖြေကြားစေခြင်းဖြင့် စစ်ဆေးနိုင်သည်။

**အကျဉ်းချုပ်** - သင်ခန်းစာတစ်ခုခြင်းစီတွင် လေ့လာသင်ယူသည့်အဓိကအချက်များကို အမှတ်အသား (bullet- point) ဖြင့် စာရင်းပြုစုထားပါသည်။

**လက်တွေ့လုပ်ဆောင်ရမည့်တာဝန်များ** - သင်ခန်းစာတစ်ခုခြင်းစီတိုင်းတွင် လက်တွေ့လုပ်ဆောင်ချက်များ

ပါဝင်သည်။ အချို့သောအပိုင်းတွင် သင်တန်းသားများမှ အတွေ့အကြုံရှိသောဆရာအား လေ့လာခြင်း၊ ၎င်းတို့လေ့လာသင်ယူနေသည့် သင်ခန်းစာနှင့်ဆက်နွယ်မှုရှိသော အကြောင်းအရာများကို ဦးစားပေးလေ့လာခြင်းတို့ဖြစ်ပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း** - သင်ခန်းစာတစ်ခုစီတွင် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ဆောင်ချက်ပါရှိပါသည်။ ဤလုပ်ဆောင်ချက်များမှာ သင်တန်းသားများ၏နားလည်မှုနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့ကို စစ်ဆေးရန်ဖြစ်ပါသည်။ သင်တန်းသားများအား မိမိတို့၏အတွေးအခေါ်များကိုသင်ခန်းစာနှင့် ချိတ်ဆက်၍ မိမိကိုယ်ပိုင်အတွေ့အကြုံယူစေလိုခြင်းဖြစ်သည်။ ဤမေးခွန်းများမှာလေ့လာသင်ယူရာ၌ အကဲဖြတ်စစ်ဆေးသော မေးခွန်းများဖြစ်ပါသည်။ ၎င်းတို့သည် စာမေးပွဲအောင်သည်(သို့မဟုတ်)ကျသည့် မေးခွန်းများမဟုတ်ပါ။ ၎င်းတို့ကို စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်ခြင်းသည့် နည်းဗျူဟာတစ်ခုအဖြစ် သင်ကိုယ်တိုင်အသုံးပြုနိုင်ပါသည်။ အကယ်၍ သင်တန်းသားများက ထပ်မံလုပ်ဆောင်ရန်လိုအပ်ပါက သင်ခန်းစာအားရှင်းလင်းစွာနားလည်ရန် ရှင်းပြခြင်းနှင့် မည်သည့်အပိုင်းကိုတိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်ကြောင်းရှင်းပြရမည်ဖြစ်သည်။ သင်တန်းသားလက်စွဲစာအုပ်အဆုံးတွင် အခန်းသုံးခန်းထပ်မံပါရှိပါသည်။

**ထပ်မံထည့်သွင်းထားသည့် ဖတ်ရှုရမည့်အကြောင်းအရာများနှင့် လေ့လာတွေ့ရှိချက်များ**
လေ့လာသင်ယူလိုစိတ်ပြင်းထန်သော သင်တန်းသားများအတွက် သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းများကို ထပ်မံဖြည့်စွက်ထားပါသည်။ သင်တန်းသားများအားလုံး လုပ်ဆောင်ရန်မလိုအပ်ပါ။ သင်ကိုယ်တိုင် မည်သည့် တစ်ခုကိုအသုံးပြုရန်နှင့် မည်သည့်သင်တန်းသားအတွက် အကျိုးရလဒ်များ မည်မျှရရှိမည်ကိုဆုံးဖြတ်ပါ။

**နောက်ဆက်တွဲ လှုပ်ရှားမှုများ** – ဤအပိုင်းမှာ နည်းဗျူဟာရှင်းပြမှုအပေါ်တွင်အခြေခံ၍ သင်ခန်းစာ၏ လှုပ်ရှားမှုများကို အနည်းငယ်ထပ်ပေါင်း ရေးဆွဲထားပါသည်။ မည်သည့်အရည်အချင်းရှိသော သင်တန်းသားများမဆို သင်ကြားမှုပိုင်းတွင် လေ့ကျင့်နိုင်စေရန်သော်လည်းကောင်း (သို့မဟုတ်) ၎င်းတို့၏သင်ကြားရေးပိုင်းတွင် လက်တွေ့အသုံးပြုနိုင်ရန် သင့်တော်ပါသည်။ သင်တန်းပို့ချနေစဉ်အတွင်း မည်သည့်အချိန်တွင် အသုံးပြုရမည်ကို သင်တန်းဦးဆောင်သူမှဆုံးဖြတ်ပါ။

**နည်းဗျူဟာဖိုင်** – ဤအပိုင်းသည် အချို့သောသင်ကြားရေးနည်းဗျူဟာဖော်ပြရာတွင် မှီငြမ်းကိုးကားရန်အတွက် ဖြစ်ပါသည်။ နည်းဗျူဟာအများစုကို သင်ရိုးအတွင်းအသုံးပြုထားပါသည်။ သင့်တော်သောအချိန်တွင် သင်တန်းသားများ မှီငြမ်းရန်ဖြစ်သည်။ ဥပမာအားဖြင့် သင်တန်းသားများက အဖွဲ့လိုက်လုပ်ဆောင်မှုများကို ပြန်လည်တင်ဆက်မှုပြုလုပ်သောအခါ လေ့ကျင့်ခြင်းလမ်းညွှန်မှုကောင်းအတွက် နည်းဗျူဟာများဖိုင်ကိုရည်ညွှန်းကိုးကားနိုင်ပါသည်။

## ၂။ ဆရာလက်စွဲစာအုပ်

စာအုပ်တွင် သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်ညွှန်ကြားချက်များနှင့် လေ့ကျင့်ခန်းများ၏ အဖြေများပါဝင်သည်။ သင့်လျော်သောအချက်အလက်များကို ထပ်မံရှင်းလင်းဖော်ပြပေးထားပါသည်။ ဆရာလက်စွဲစာအုပ်တွင် သင်တန်းသားလက်စွဲစာအုပ်မှ စာမျက်နှာများ ထပ်ပေါင်းပါရှိခြင်း
- ဤစာအုပ်ကိုမည်သို့အသုံးပြုရမည်ကို အကြံဉာဏ်ပေးခြင်း
- သင်တန်းအတွက် နည်းဗျူဟာများ
- အဆုံးတွင် ကဒ်စာရွက်ပိုင်းလေးများနှင့်လှုပ်ရှားမှုများ

## ပြင်ဆင်ခြင်း

သင့်အနေဖြင့် စာသင်ကြားမှုမစတင်မီ သင်ခန်းစာတစ်ခုခြင်းစီတိုင်းကိုဖတ်ပါ။ သင်ခန်းစာအခန်းတစ်ခုတွင် သင်ကြားမည့်သင်ခန်းစာများ၊ သင်ခန်းစာနှင့်ပတ်သက်၍ အသုံးပြုမည့်လှုပ်ရှားမှုများ၊ အသုံးမပြုဘဲချန်ရစ်ခဲ့မည့် လှုပ်ရှားမှုများ၊ သင်ခန်းစာတစ်ခုခြင်းစီတိုင်းအတွက် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများ (စာရွက်ပိုင်းများ၊ ဖတ်စာအုပ်များ၊ စာရွက်များ) စသည်တို့အတွက် အစီအစဉ်ရေးဆွဲပါ။

**လိုအပ်သောသင်ကြားရေးပစ္စည်းများ**

- အတန်းထဲတွင် သင်တန်းသားလက်စွဲစာအုပ်နှင့် ဆရာလက်စွဲစာအုပ် လုံလောက်စွာရှိရန်
- အချို့သောလေ့ကျင့်ခန်းများအတွက် စာရွက်အပိုင်းများ၊ စာလုံးကဒ်များနှင့် အချို့လေ့ကျင့်ခန်းများအတွက် ဖြစ်စဉ်လေ့လာခြင်းများရှိရမည်။ ဤအချက်အလက်များသည် ဆရာလမ်းညွှန်စာအုပ်၏ နောက်ဆုံးပိုင်းတွင်ပါရှိသည်။ မိတ္တူကူးခြင်းဖြင့်သော်လည်းကောင်း၊ စာရွက်ပေါ်တွင်ရေးခြင်းဖြင့်သော်လည်းကောင်း၊ စာရွက်ပိုင်း(သို့မဟုတ်)ကဒ်ဖြင့်သော်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။
- ဖတ်စာအုပ်များ - သင်တန်းသားများမှ ၎င်းတို့အသုံးပြုမည့်ဖတ်စာအုပ် (သို့) မိမိတို့ကိုယ်ပိုင်အတန်းထဲတွင် အသုံးပြုလိုသော စာအုပ်ကိုပါယူဆောင်လာရပါမည်။ အကယ်၍ သင်တန်းဦးဆောင်သူသည် ယခင်သင်ကြားခဲ့ဘူးခြင်းမရှိပါက ၎င်းတို့အသုံးပြုလိုသည့် ရွေးချယ်ထားသောဖတ်စာအုပ်များ ယူဆောင်လာရမည်။ ၎င်းတို့ကို သင်တန်းသားများမှ သင်ယူလေ့လာမှုနှင့်ပတ်သက်သည့် လှုပ်ရှားမှုများရေးဆွဲခြင်းနှင့် အမှန်တကယ်ဖြစ်ရပ်မှန်ခေါင်းစဉ်များအား လေ့ကျင့်ရန်အတွက် သင်ခန်းစာရေးဆွဲရာတွင် အသုံးပြုနိုင်ပါသည်။
- အဖွဲ့ကိုပြန်လည်တင်ပြရာတွင် စာရွက်အကြီးကို (flipchart) အသုံးပြုနိုင်သည်။ အကယ်၍အဖွဲ့သို့ပြန်လည် တင်ပြရာတွင် စာရွက်အကြီး (flipchart)ကို အသုံးပြုနိုင်ခြင်းမရှိပါက သင်တန်းသားများကို ကျောက်သင်ပုန်း အသုံးပြုနိုင်ကြောင်းပြောပါ။

**ဘာသာစကား**

ဤစာအုပ်သည် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ သင်တန်းသားများအား သတင်းအချက်အလက်အသစ်များရှင်းပြရာတွင် နားလည်သောဘာသာစကားကို အသုံးပြုခြင်း၊ အတန်းထဲတွင်ဆွေးနွေးခြင်း၊ နှစ်ယောက်တစ်တွဲလုပ်ဆောင်ခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့် စာရေးသားခြင်း လုပ်ဆောင်မှုတို့ အသုံးပြုရမည်ဖြစ်ပါသည်။

သင်ရိုးနိဒါန်းပျိုးရာ၌ ယေဘုယျအားဖြင့် အဓိကအချက်ကိုသာရှင်းပြရာရန် အသုံးပြုထားပါသည်။ သင်ခန်းစာတစ်ခုချင်းစီတိုင်းတွင် သင်တန်းသားများနားလည်ရန်အတွက် အချို့အတွေးအခေါ်များပါရှိပါသည်။ သင်ခန်းစာကို များသောအားဖြင့် စာပိုဒ်အတိုဖြင့် အကျဉ်းချုပ်ရေးသားထားပါသည်။

# သင်ရိုးတွင် သင်တန်းသားများအနေဖြင့် မည်သည့်အရာနှင့် မည်သို့လေ့လာ သင်ယူမည့်အချက်

**သင်ခန်းစာအားသင်ယူလေ့လာခြင်း၌လှုပ်ရှားမှုများ** – ဤသင်ရိုးတွင် သင်ခန်းစာကိုသင်ယူလေ့လာရာ၌ လုပ်ဆောင်ရန် လှုပ်ရှားမှုနှစ်ခုပါရှိပါသည်။

၁။ သင်ကြားရေးတွင် ထိရောက်စွာသင်ကြားပေးနိုင်သည့် ဆရာဖြစ်ရန်အတွက် သင်တန်းသားများအား သတင်း အချက်အလက်များနှင့် အတွေးအခေါ်ပိုင်းများပေးရန်လိုအပ်ပါသည်။

၂။ သင်ယူလေ့လာခြင်းတွင် နည်းလမ်းပေါင်းမြောက်များစွာ တင်ဆက်နိုင်ပါသည်။ သင်တန်းသားများကိုယ်တိုင်လည်း သင်ရိုးတွင်ပါဝင်သော မတူညီသည့်သင်ကြားနည်းဗျူဟာများကို ၎င်းတို့၏ အတန်းထဲတွင်အသုံးပြုနိုင်ပါသည်။ သင်တန်းသားများအား သင်ကြားနည်းဗျူဟာများကို မိမိတို့၏ကိုယ်ပိုင်အတန်းတွင် မည်သို့ပြန်လည်အသုံးပြုနိုင်ကြောင်းကို သုံးသပ်ရန်တိုက်တွန်းပါ။

**သင်ခန်းစာ၏ရည်ရွယ်ချက်များ**– သင်တန်းသားလမ်းညွှန်စာအုပ်ရှိ သင်ခန်းစာတစ်ခုစီ၏အစတွင် သင်ခန်းစာ၏ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ဆရာလမ်းညွှန်စာအုပ်၏အစတွင် သင်ရိုးမြေပုံကို ဖော်ပြထားပါသည်။

**သင်ခန်းစာ၏အဓိကအချက်များ** – ဤအပိုင်းတွင် ဆွေးနွေးခြင်းများနှင့် သင်ယူလေ့လာသည့်လှုပ်ရှားမှုများ မှတဆင့် အဓိကသဘောတရားများကို သင်တန်းသားများရရှိပါသည်။ သင်ခန်းစာ၏အဓိကအချက်အလက်များကို ဆရာလမ်းညွှန်စာအုပ်တစ်လျှောက်တွင်ဖော်ပြထားသည်။

**နမူနာပြသခြင်း**–ကောင်းမွန်သော လက်တွေ့သင်ကြားပို့ချမှုကို နမူနာပြသပါ။ အကယ်၍သင်တန်းသားများမှ ကောင်းမွန်သောသင်ကြားပို့ချမှုကိုတွေ့မြင်ပါက ၎င်းမှာ ကောင်းမွန်စွာမည်သို့သင်ကြားရမည်ကို ဥပမာအနေဖြင့် ပြသခြင်းပင်ဖြစ်ပါသည်။ တစ်ချို့သောအတွေးအခေါ်များကို နောက်စာမျက်နှာအနည်းငယ်တွင် ဖော်ပြထားပါသည်။

## သင်တန်းပို့ချရန်နည်းလမ်းများ

**ပြန်လည်ဆန်းစစ်ခြင်း**

- သင်ကြားပြီးသော သင်ခန်းစာ(သို့) သင်ခန်းစာတစ်ခန်းလုံးကို ပြန်လည်လေ့ကျင့်သုံးသပ်လုပ်ဆောင်ပြီးမှ သင်ခန်းစာအသစ်ကိုအစပြုပါ။ အတန်းထဲတွင် သင်တန်းသားများ လေ့လာပြီးစီးပါက၊ ၎င်းတို့ ရရှိထားသော အတွေ့အကြုံနှင့် ပြန်လည်သုံးသပ်ချက်ကို ဆက်စပ်ပေးပါ။
- ထို့နောက် ပြီးခဲ့သောသင်ခန်းစာနှင့် ယခုသင်ခန်းစာနှစ်ခုအကြား ဆက်နွယ်မှုကိုပြသပါ။

**သင်ခန်းစာအခန်းနှင့်မိတ်ဆက်ပေးခြင်း (နှင့်စာဖတ်ခြင်းကို မိတ်ဆက်ပေးခြင်း)**

သင်ခန်းစာအသစ်နှင့် စာအသစ်များကို မိတ်ဆက်ရာတွင် မတူညီသည့် နည်းဗျူဟာများကို အမျိုးမျိုးအသုံးပြုနိုင်ပါသည်။

**နည်းလမ်း (၁)။** ။ ဦးနှောက်ကိုအသုံးပြု၍ တွေးခေါ်ခြင်း- ဆရာသည် သင်တန်းသားများအား ဤသင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ မည်သည့်အရာများသိရှိသည်ကိုမေးပါ။ ဤနည်းလမ်းသည် သင်ခန်းစာအသစ်ကို အစပြုရာတွင် များစွာအသုံးဝင်ပါသည်။

**နည်းလမ်း (၂)။** ။ ဆရာမှ မိမိကိုယ်ပိုင်စကားလုံးဖြင့် သတင်းအချက်အလက်များရှင်းပြခြင်းနှင့် သင်တန်းသားများအား ၎င်းတို့ရရှိထားသောအတွေ့အကြုံများကို ဥပမာအနေဖြင့် အသုံးပြုပေးရန်ပြောပါ။


**နည်းလမ်း (၃)။** ။ ဆရာမှ သင်တန်းသားများအား သင်ခန်းစာ၏အဓိကသော့ချက်ကိုနားလည်မှု ရှိမရှိကိုစစ်ဆေးပါ။ ပြီးလျှင်သင်တန်းသားများအား သင်ခန်းစာ၏နိဒါန်း (သို့) သင်ခန်းစာ၏ စာစဉ်များကိုဖတ်စေပါ။

**နည်းလမ်း (၄)။** ။ သင်တန်းသားများသည် သင်ခန်းစာ၏နိဒါန်း(သို့) ဖတ်စာတွင်ပါရှိသည့် မသိသောစကားလုံးများအား အဘိဓာန်အသုံးပြု၍ ရှာကြည့်စေပါ။

**နည်းလမ်း (၅)။** ။ သင်တန်းသားများသည် သင်ခန်းစာ၏နိဒါန်း (သို့) ဖတ်စာကိုဖတ်စေပါ။ ဆရာသည် သင်တန်းသားများအား မေးခွန်းများမေးခြင်းဖြင့် သင်ခန်းစာကိုနားလည်မှုရှိ၊ မရှိစစ်ဆေးပါ။

## ဆွေးနွေးခြင်း

- ဆရာ၏လမ်းညွှန်စာအုပ် (သို့)သင်တန်းသားလမ်းညွှန်စာအုပ်တွင် ပေးထားသောလှုံ့ဆော်သည့်မေးခွန်းများကို အသုံးပြုပါ။ ဆွေးနွေးခြင်းကို တိုးတက်စေရန် အဖွင့်မေးခွန်းများကို အသုံးပြုပါ။ (နည်းဗျူဟာဖိုင် ဂ-အဖွင့်မေးခွန်းနှင့်အပိတ်မေးခွန်းများ ကိုကြည့်ပါ။ )
- သင်တန်းသားများအား စဉ်းစားရန်အချိန်ပေးပါ။ ဆွေးနွေးခြင်းမစတင်မီ အချိန်တစ်မိနစ်ပေး၍ ၄င်းတို့၏ အတွေးအမြင်များကို မှတ်သားထားပါ။ (အောက်တွင်ကြည့်ပါ။ နည်းဗျူဟာဖိုင်တွင်ဖော်ပြထားသော အချိန်ကိုရေးပါ။ အဘယ်ကြောင့်မေးခွန်းမေးသနည်း။)
- ဆွေးနွေးခြင်းနှင့် သင်ယူလေ့လာသည့်အချက်များကို အကျဉ်းချုပ်ပါ။
- သင်တန်းသားများ ဆွေးနွေးခြင်းတွင်ပါဝင်ရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုရှိရန်၊ ရှင်းပြရန်လိုအပ်သောအရာများကို မေးခွန်းများမေး၍ သင်တန်းဦးဆောင်သူမှ ရှင်းပြနိုင်ပါသည်။ အကယ်၍သင်တန်းသားများက သင်နှင့်သဘောတူညီမှုမရှိပါက ၄င်းတို့၏ အတွေးနှင့်ထင်မြင်ချက်များကို နားထောင်ကြည့်ပါ၊ ၄င်းတို့၏ ထင်မြင်မှုများမှာ မှန်နိုင်ပါသည်။







## အဖွဲ့လိုက်လုပ်ဆောင်ခြင်း

**အုပ်စုဖွဲ့ခြင်း။** ။ နှစ်ယောက်တစ်တွဲတွဲခြင်းနှင့် အဖွဲ့လိုက်လုပ်ဆောင်စေခြင်းတို့သည် တက်ကြွစွာသင်ယူရာတွင် အဓိကကျသည့် နည်းလမ်းများဖြစ်သည်။ ဤစာအုပ်ပါသင်ထောက်ကူပစ္စည်းများမှာ သရုပ်ဖော်လှုပ်ရှားမှုတစ်ခုချင်းစီအတွက် မည်ကဲ့သို့အုပ်စုဖွဲ့လုပ်ဆောင်သင့်သည်ကို ညွှန်းဆိုထားခြင်းမရှိပါ။ ထို့ကြောင့်အဖွဲ့လိုက်လုပ်ဆောင်စေရာတွင် အတန်းအနေအထားကို ထည့်သွင်းစဉ်းစားပြီး သင့်ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ပါ။ အုပ်စုဖွဲ့ခြင်းနှင့် ပတ်သက်၍ ထပ်မံဖြည့်စွက်ထားသော စာစဉ်များနှင့် အခန်း(၈) တွင်ရှိသောစာစဉ်များကို ဖတ်ခြင်းဖြင့် အချို့သောအတွေးအခေါ်သစ်များကို ရရှိမည်ဖြစ်ပါသည်။

**အုပ်စုလိုက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပြင်ဆင်ခြင်းနှင့်စီမံခန့်ခွဲခြင်း။** ။ ဆရာလက်စွဲစာအုပ်ရှိ အခန်း(၈)တွင် ဖော်ပြထားသော စစ်ဆေးမှုဇယားကိုအသုံးပြုပြီး သင်တန်းသားများမှ မည်သည့်အရာများအား ပြုလုပ်ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်ပါစေ။

**ပြန်လည်အစီရင်ခံတင်ပြခြင်း။** ။အဖွဲ့များသည် ၄င်းတို့၏လုပ်ဆောင်မှုများကို အတန်းထဲသို့ ပြန်လည်အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ ဤအပိုင်းသည် အခန်း(၅)တွင် မတူညီသည့် အချက်အလက်များလုပ်ဆောင်ရန် ဖြစ်ပါသည်။

**မှတ်တမ်းတင်ခြင်း။** ။ သင်တန်းသားများမှ အဖွဲ့လိုက်လုပ်ဆောင်ရာတွင် မိမိတို့ကိုယ်ပိုင်မှတ်တမ်းများကို ထားရှိရန်လိုအပ်သည်။ ၄င်းတို့ကို မှတ်စုများပြုလုပ်ပြီး အကျဉ်းချုပ်များပြန်ရေးရန် အချိန်ပေးပါ။ သို့မဟုတ်ပါက သူတို့အနေဖြင့် သင်ယူခြင်း၏တန်ဖိုးရှိသောအပိုင်းများ မေ့သွားနိုင်ပါသည်။

**သရုပ်ဖော်လှုပ်ရှားမှုများအတွက် အချိန်သတ်မှတ်ခြင်း**

- သင်၏သင်တန်းသားများနှင့် ကိုက်ညီသောအဆင့်နှင့် လုပ်ငန်းစဉ်ကိုရှာပေးပါ။ အချိန်သတ်မှတ်ခြင်းသည် လုပ်ဆောင်ရမည့်ခေါင်းစဉ် (သို့) လုပ်ငန်းမည်မျှခက်ခဲပြီး ၄င်းနှင့်ရင်းနှီးပတ်သက်မှု မည်မျှရှိသည်ဆိုသည့် အခြေအနေပေါ် မူတည်ပါသည်။
- စတင်ချိန်တွင် အချိန်ထပ်ဆောင်းပေးရန် လိုအပ်သည့်လှုပ်ရှားမှု ပြုလုပ်ခြင်းမရှိပါက သင်တန်းသားများအား အချိန်များစွာပေးရန်မလိုပါ။ အချိန်စောရှ်ပြီးနေပါက ပျင်းရိငြီးငွေ့နိုင်သည်။
- သို့သော်လည်း သင်တန်းသားများမှာ အလုပ်ရှုပ်နေပြီး လုပ်ငန်းမပြီးဆုံးသေး သောကြောင့် အချိန်ပိုထပ်ဆောင်းပေးရန် လိုအပ်သည်ကိုတွေ့ရှိရပါက၊ အချိန်ပိုထပ်ဆောင်းပေးနိုင်ပါသည်။



**အဖြေများ**

ဤသင်ရိုးသည် သင်တန်းသားများ နားလည်သဘောပေါက်ရန် အထောက်အကူပြုခြင်းနှင့် အချို့သောသင်ကြားမှုစည်းမျဉ်းများကို အသုံးပြုနိုင်ရန်ဖြစ်ပါသည်။ များသောအားဖြင့် သင်ခန်းစာနှင့်ပတ်သက်သော လှုပ်ရှားမှုများမှာ မှန်ခြင်းနှင့် မှားခြင်းမရှိပါ။ အကြံပြုခြင်းနှင့် ဥပမာပေးထားသော အဖြေများသည် ဖြစ်နိုင်ခြေရှိသောအဖြေများကို ပေးထားခြင်းဖြစ်ပါသည်။ သင်တန်းသားများအနေဖြင့် ယခုထက်ကောင်းမွန်သော မတူညီသည့် အတွေးများလည်းရှိနိုင်ပါသည်။

| သင်ခန်းစာ | သင်ခန်းစာခေါင်းစဉ်နှင့် သင်ယူမှုရလဒ်များ | မာတိကာ | သင်ခန်းစာကိုကျွမ်းကျင်စွာတိုးတက်လာရန်လုပ်ဆောင်မှုများ |
|---|---|---|---|
| ၁ | ဆရာတစ်ဦး၏အခန်းကဏ္ဍနှင့်တာဝန်များ<br>၁)ဆရာကောင်း၏အရည်အချင်းများကို ဖော်ထုတ်ခြင်း<br>၂) ဆရာတစ်ဦး၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းပြခြင်း<br>၃)သင်ကြားမှုစက်ဝန်းနှင့် ပတ်သက်သော အဆင့်များကို အစီအစဉ်ရေးဆွဲခြင်း | ဆရာတစ်ဦး၏ အားသာချက်နှင့် အားနည်းချက် | အကြောင်းအရာများကိုမိမိအတွေ့အကြုံအားဖြင့် စဉ်းစားစိစစ်လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်း |
| | | ဆရာတစ်ဦး၌ရှိသင့်သော ဗဟုသုတ၊ စိတ်သဘောထား၊ အမူအကျင့်၊ ကျွမ်းကျင်မှုများ | အရည်အချင်းအမျိုးအစားများ |
| | | သင်ကြားမှုတွင်ရှိရမည့် လမ်းညွှန်မှုနှင့်စီမံခန့်ခွဲမှု အခန်းကဏ္ဍ | သဘောပေါက်နားလည်စေရန် ထည့်သွင်းထားခြင်း |
| | | သင်ကြားမှုစက်ဝန်းနှင့် ဆရာတာဝန်များ | အချင်းချင်း ပြန်သင်ကြားနိုင်ရန် အမိန့်ပေးပါ |
| | | ပြန်လည်သုံးသပ်ခြင်း | မိမိကိုယ်ကိုအကဲဖြတ်စစ်ဆေးနိုင်သော ဇယားကိုရေးဆွဲပါ |
| ၂ | ကျွန်ုပ်တို့မည်ကဲ့သို့လေ့လာသင်ယူမည်နည်း။ သင်တန်းသားများ လုပ်ဆောင်ရန်<br>၁)ကွဲပြားသော သင်ယူမှုများကိုဖော်ထုတ်ခြင်း<br>၂)စာသင်ခန်းတွင်း သင်ယူရာတွင် ကွဲပြားခြားနားသော ကိုင်တွယ်နည်းကို ရှင်းပြခြင်း<br>၃) မတူညီသော လေ့လာသင်ယူမှု နည်းလမ်းများနှင့် စာသင်ကြားရာတွင်လည်း သွယ်ဝိုက်သောနည်းလမ်းဖြင့် ပါဝင်ပတ်သတ်ခြင်းတို့ကို ဖော်ထုတ်ခြင်း | စာသင်ခန်းတွင်းနှင့် ပြင်ပဗဟုသုတ အားဖြင့် လေ့လာသင်ယူခြင်း | မိမိ၌ရှိထားသော အတွေ့အကြုံကို စိစစ်ခြင်း |
| | | သင်ယူမှုတွင် ကိုင်တွယ်လုပ်ဆောင်နည်း | သင်ယူမှုနှင့်သက်ဆိုင်သော လှုပ်ရှားမှုအမျိုးအစားများ |
| | | VAK သင်ယူနည်းလမ်းများ | ပြန်လည်သုံးသပ်ခြင်း၊ အချင်းချင်း သင်ပေးသည့်သင်ကြားမှုနှင့် လေ့လာသင်ယူခြင်း |
| | | တက်ကြွစွာသင်ယူသော ကျောင်းသားများနှင့် တက်ကြွမှုမရှိသော ကျောင်းသားများ | ခြေဟန်လက်ဟန်ဖြင့် သရုပ်ဖော်ခြင်း။ အဖွဲ့လိုက်လုပ်ဆောင်ခြင်း။ လက်တွေ့တွင် ပြန်လည်အသုံးပြုခြင်း။ |
| ၃ | ၁) တန်းတူညီမျှရှိခြင်း၏ အယူအဆ အကြောင်းရှင်းပြပြီး ၎င်းမှာ စာသင်ကြားခြင်းနှင့် ခံယူခြင်းတွင် မည်သို့အကျိုးသက်ရောက်သည်ကိုရှင်းပြပါ။<br>၂) တူညီခြင်း၊ ကွဲပြားခြားနားခြင်းနှင့် သက်ဆိုင်သည့် ပြဿနာရပ်များကို ဖော်ထုတ်၍ အတူတကွပူးပေါင်းပါဝင်လာမည့် နည်းလမ်းများရှာဖွေခြင်း<br>၃)သင်ယူရာတွင် တက်ကြွစွာပါဝင်လာရန် အဓိကလုပ်ဆောင်မှုကို ဖော်ထုတ်ပါ | ကျောင်းသား-ကွဲပြားခြင်းနှင့်တူညီခြင်း | အစီရင်ခံပြန်လည်တင်ပြခြင်း |
| | | ပညာရေးနှင့် ပတ်သက်၍တန်းတူညီမျှရှိမှုအပေါ် အဓိကကျသည့်ယူဆချက်များ | ထင်မြင်ချက်နှင့် အဓိပ္ပါယ်တွဲပေးခြင်း၊ ဥပမာ- စက္ကူနှင့်ပြုလုပ်ထားသော ကဒ်များ |
| | | သာဓကအကြောင်းအရာအားဖြင့် လေ့လာသင်ယူခြင်းတို့ပါဝင်ခြင်း | ဆွေးနွေးခြင်းနှင့်ပြန်လည်အစီရင်ခံခြင်း role play |
| | | ကျောင်းသားအားလုံးတက်ကြွစွာပါဝင်လာအောင် မည်သို့လုပ်ဆောင်မည်နည်း။ | ဦးစားပေးခြင်း-နံရံကပ်ကြော်ငြာ |
| | | ကျောင်းသားအားလုံး စိတ်ဝင်စားအောင် သင်မည်သို့လုပ်ဆောင်မည်နည်း။ | ဆောင်ရွက်ရန်စာရင်းများကို ရေးဆွဲခြင်း - ဆွေးနွေးခြင်း |
| | | ကျောင်းသားများ စိတ်ဝင်စားပြီး တက်ကြွစွာပါဝင်လာရန် အစီအစဉ်ရေးဆွဲ၍ သင်ကြားပေးခြင်း | လက်တွေ့တွင် ပြန်လည်အသုံးပြုခြင်း |

| သင်ခန်းစာ | သင်ခန်းစာခေါင်းစဉ်နှင့် သင်ယူမှုရလဒ်များ | မာတိကာ | သင်ခန်းစာကိုကျွမ်းကျင်စွာတိုးတက်လာရန်လုပ်ဆောင်မှုများ |
|---|---|---|---|
| ၄ | သင်ယူရရှိရန်အတွက်သင်ကြားခြင်း<br>သင်တန်းသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်<br>၁)တွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်စေရန် တစ်ချို့သောနည်းလမ်းများကို ရှင်းပြခြင်း<br>၂)မိမိ၏ဘာသာရပ်ကို သင်ကြားရာတွင် ပြန်လည်အသုံးပြုခြင်း<br>၃)သင်ယူရခြင်း၏ ရည်ရွယ်ချက်ကိုရေးသားပါ။ | ကျောင်းသားများအား မည့်သည့်သင်ခန်းစာကို လေ့လာသင်ယူစေချင်သနည်း။ | ပြန်လည်သုံးသပ်ခြင်း - အမိန့်ပေးခြင်း |
| | | အတွေးအခေါ်တိုးတက်စေရန်- Bloom's ၏ ပညာရေးဆိုင်ရာရည်ရွယ်ချက် | တွဲပေးရန်ပြန်လည်ဆန်းစစ်ခြင်း- မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်း |
| | | သင်ကြားနှင့် ပတ်သက်သောစစ်ဆေးအကဲဖြတ်သည့် မေးခွန်းများရေးသားခြင်း | လက်တွေ့တွင် ပြန်လည်သုံးပြုခြင်း |
| | | သင်ခန်းစာနှင့်ပတ်သက်သော လုပ်ဆောင် ချက်များကို ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ပေးခြင်း | အဖြေရှာခြင်း - လက်တွေ့တွင် ပြန်လည်အသုံးပြုခြင်း |
| | | မေးခွန်းထုတ်ခြင်းနှင့်ပတ်သက်သော နည်းဗျူဟာများ | မေးခွန်းများရေးခြင်း-မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်း၊ မေးခွန်းများမေးခြင်း |
| ၅ | အစီအစဉ်ရေးဆွဲခြင်း<br>သင်တန်းသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်<br>၁)သင်ရိုးနှင့် ပတ်သက်သည့် အစီအစဉ်ရေးဆွဲခြင်း<br>၂)ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်နှင့်ကိုက်ညီသော သင်ကြားခြင်းအစီအစဉ်ကို ရေးဆွဲခြင်း<br>၃) သင့်တော်သော သင်ထောက်ကူပစ္စည်းကို အသုံးပြုခြင်း<br>၄) ကျောင်းသားများ တက်ကြွစွာပါဝင်ရန် ထိရောက်သောသင်ကြားမှုနှင့် သင့်လျော်သော သင်ထောက်ကူပစ္စည်း အသုံးပြု၍ သင်ကြားပေးခြင်း<br>၅) ၄င်းတို့၏ကိုယ်တိုင် သင်ကြားမှုကိုလည်း မည်မျှထိရောက်ရှိသည်ကို ပြန်လည်သုံးသပ်ရန်နှင့် ဆင်ခြင်ရန် | သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍ အစီအစဉ်ရေးဆွဲခြင်း | သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်သော အားနည်းချက်နှင့် အားသာချက်ကို စိစစ်၍ ပြန်လည်သုံးသပ်ပါ။ |
| | | သင်ရိုးညွှန်းတမ်းရှိ လုပ်ဆောင်ချက်များကို အစီအစဉ် ရေးဆွဲခြင်း | သင်ရိုးနှင့်ပတ်သက်သည့် အဓိကအချက်များကို ရေးဆွဲပါ။ သင်ရိုးကိုဖွံ့ဖြိုးတိုးတက်အောင် အစီအစဉ်ရေးဆွဲခြင်း |
| | | သင်ယူရခြင်း၏ ရည်ရွယ်ချက် | သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ပြန်လည်သုံးသပ်ခြင်း - သင်ခန်းစာ၏ ရည်ရွယ်ချက်တွင် ပြန်လည်အသုံးပြုခြင်း ရည်ရွယ်ချက်ကို ပိုင်းခြားသိမြင်အောင် အသုံးပြုခြင်း |
| | | သင်ခန်းစာ မည်သို့သင်ကြားမည်ကို အစီအစဉ် ရေးဆွဲခြင်း | အချက်အလက်များဖြည့်သွင်း အသုံးပြုခြင်း- ဖြစ်စဉ်- သင်ခန်းစာကို ရလဒ်ကောင်းထွက်ရှိလာအောင် အစီအစဉ်ရေးဆွဲအဖြေရှာခြင်း - ဖွံ့ဖြိုးတိုးတက်အောင်အစီအစဉ်များ ဆောင်ရွက်ရန် |
| | | သင်ခန်းစာနှင့်ပတ်သက်၍ လက်တွေ့ လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခြင်း | Micro-teach : အပြုသဘော ဆောင်သောအကြံပေးချက်နှင့် မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်း စသည့်လက်တွေ့လုပ်ဆောင်ခြင်း |
| ၆ | တိုးတက်မှု၊ ဝေဖန်အကြံပြုချက်နှင့် စစ်ဆေးအကဲဖြတ်ခြင်း<br>သင်တန်းသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်<br>၁)ကွဲပြားသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ဖော်ထုတ်ပါ။<br>၂)ကနဦးစစ်ဆေးမှုနှင့် ကွဲပြားသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြသည့်အပြင် ကနဦးစစ်ဆေး အကဲဖြတ်ခြင်းလည်း ပါဝင်ခြင်း။<br>၃)ဝေဖန်အကြံပြုချက်ပေးခြင်းဖြင့် အလေ့အကျင့်ကောင်းကို သရုပ်ပြမှုနှင့် ရှင်းပြပါ။<br>၄)တိုးတက်မှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အတွက်မှတ်တမ်းများ ထိန်းသိမ်းရန် လိုအပ်ကြောင်းကို ရှင်းပြပါ။ | အမျိုးအစားကွဲပြားသော စစ်ဆေး အကဲဖြတ်ခြင်း -စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ | သင်ခန်းစာ၏ ရည်ရွယ်ချက်နှင့် လိုက်ဖက်သော စစ်ဆေးအကဲဖြတ်ခြင်းကို ပြုလုပ်ပေးရန် |
| | | သင်ခန်းစာမစတင်မီ စစ်ဆေးအကဲ ဖြတ်ခြင်း | စာဖတ်ခြင်းဖြစ်ရပ်များကို လေ့လာ ဆွေးနွေးမှုများ |
| | | သင်ယူမှုအတွင်း စစ်ဆေးအကဲဖြတ်ခြင်း -မိမိကိုယ်ကိုပြန်လည်စစ်ဆေးအကဲဖြတ်ခြင်း -သင်တန်းသားအချင်းချင်း ပြန်လည် အကဲဖြတ်ခြင်း | မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း စစ်ဆေးအကဲဖြတ်ခြင်း၏ လှုပ်ရှားမှုများ ကိုရေးဆွဲခြင်း |
| | | အပြုသဘောဆောင်သော အကြံပေးချက် အမှတ်အသားပြုလုပ်ခြင်းနှင့်မှတ်တမ်းတင် သိမ်းဆည်းရန်။ | ဝေဖန်အကြံပြုချက်စည်းမျဉ်းများကို လက်တွေ့အသုံးပြုခြင်း<br>- အမှတ်ပေးနည်းစနစ်များကို ပြန်လည် သုံးသပ်ခြင်း<br>- မှတ်တမ်းပုံစံများကိုရေးဆွဲခြင်း |
| | | သင်ခန်းစာပြီးဆုံးချိန်တွင် စစ်ဆေးအကဲဖြတ် ခြင်း၊စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်ခြင်း (စာမေးပွဲ) | သင်ခန်းစာပြီးဆုံးချိန် အကဲဖြတ်စစ်ဆေး ခြင်းမူဝါဒကိုပိုမို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် |

| သင်ခန်းစာ | သင်ခန်းစာခေါင်းစဉ်နှင့် သင်ယူမှုရလဒ်များ | မာတိကာ | |
|---|---|---|---|
| ၇ | သင်ထောက်ကူပစ္စည်းများ<br>သင်တန်းသားများအနေဖြင့်လုပ်ဆောင်ရန်<br>၁)သင်ကြားပို့ချမည့် ဘာသာရပ်အတွက် အသင့်ရှိသော သင်ထောက်ကူပစ္စည်းများကို ရွေးချယ်ပါ။<br>၂)သင်ကြားပို့ချမည့်ဘာသာရပ်အတွက် သင်ထောက်ကူပစ္စည်းများကို တီထွင် အသုံးပြုပါ။ | သင်ခန်းစာပြီးဆုံးချိန်တွင် စစ်ဆေး အကဲဖြတ်ခြင်း - စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်း (စာမေးပွဲ) သင်ထောက်ကူပစ္စည်းများကို လေ့လာရှာဖွေခြင်းနှင့် အစီရင်ခံခြင်း | လေ့လာမှုပြုလုပ်ခြင်း- အဖြေရှာခြင်း၊ စိစစ်ခြင်း၊ပြန်လည်သုံးသပ်ခြင်း၊ တွေ့ရှိချက်များလေ့လာခြင်း |
| | | သင်ထောက်ကူပစ္စည်းများကို အကန့် အသတ်ဖြင့် ပြုလုပ်ပါ | အလုပ်ဌာန လေ့လာရှာဖွေခြင်းများ ပြုလုပ်ခြင်း |
| | | ဖတ်စာအုပ်တွင်ပါသောအကြောင်း အရာများဖြင့် ပြုလုပ်ပါ။ | ဖတ်စာအုပ်များကို စိစစ်ခြင်း<br>- ဖြစ်စဉ်များ စိစစ်ခြင်း<br>- လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ရေးဆွဲခြင်း |
| | | မိမိကိုယ်ပိုင် သင်ထောက်ကူပစ္စည်းများ ပြုလုပ်ပါ။ | သင်ခန်းစာ၏ရည်ရွယ်ချက်နှင့် ချိတ်ဆက်ပေးခြင်း သင်ထောက်ကူပစ္စည်းများကို အမှတ်အသားပြုလုပ်ခြင်း |
| ၈ | အဖွဲ့လိုက်လုပ်ဆောင်ခြင်း<br>သင်တန်းသားများအနေဖြင့်လုပ်ဆောင်ရန်<br>၁)အဖွဲ့လိုက် လုပ်ဆောင်ခြင်း အသုံးပြုပုံ များကို ရှင်းပြပါ။<br>၂)အဖွဲ့လိုက် လုပ်ဆောင်ခြင်းကို သင်၏ စာသင်ကြားခြင်းတွင် တစ်စိတ်တစ်ဒေသ အနေဖြင့်အသုံးပြုပါ။ | အဖွဲ့လိုက်လုပ်ဆောင်မှုတွင် ကောင်းကျိုးနှင့် ဆိုးကျိုး | စိစစ်၍ ပုံကားချပ်ကို ဖြည့်စွက်ပါ။ |
| | | အဖွဲ့လိုက်ကို ပုံသွင်းခြင်း | စီစဉ်ညွှန်ကြားခြင်းအမျိုးအစားလိုက် စီစဉ်လုပ်ဆောင်ခြင်း |
| | | အဖွဲ့လိုက်အတွက်ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတာဝန်များ | ဖြစ်စဉ်သာဓကအားဖြင့် လေ့လာစိစစ်ခြင်း |
| | | အုပ်စုလိုက်သို့ အစီရင်ခံစာ ပြန်လည် တင်ပြခြင်း | မှတ်တမ်းများ ပြန်လည်တင်ပြခြင်း |
| | | အဖွဲ့လိုက်အတွက် လှုပ်ရှားမှုပုံစံများကို ရေးဆွဲပေးခြင်း | အသုံးပြုနိုင်ရန် ရေးဆွဲထားသော ညွှန်ကြားချက် လျှောက်လွှာ |
| ၉ | စာသင်ခန်းတွင်း စီမံခန့်ခွဲခြင်း | စာသင်ခန်းစီမံခန့်ခွဲမှုဆိုသည်မှာ အဘယ်နည်း။ | သင်ကြားပို့ချသောနည်းလမ်းများကို စီမံခန့်ခွဲမှု နည်းဗျူဟာဖြင့် အတန်း၏ စည်းမျဉ်းများကို ပြုလုပ်ခြင်း |
| | သင်တန်းသားများ အနေဖြင့်လုပ်ဆောင်ရန်<br>၁)စာသင်ခန်း စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေသများကို ရှင်းပြပါ။<br>၂)နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ စာသင်ခန်းကို စီမံခန့်ခွဲပါ | စီမံခန့်ခွဲမှုနည်းနာများ | စာသင်ခန်းဆိုင်ရာကျွမ်းကျင်မှုများကို မှတ်စုပြုလုပ်ခြင်းနှင့် လေ့လာခြင်း။ |
| | | သင်ခန်းစာမစတင်မီ စစ်ဆေးအကဲ ဖြတ်ခြင်း | မတူညီသောနည်းဗျူဟာများ၏ ထိရောက်စွာလုပ်ဆောင်ခြင်းနှင့် သင့်လျော်သောနည်းလမ်းများဖြင့် ပြန်လည်သုံးသပ်ခြင်း |
| အားလုံး | လက်တွေ့လုပ်ဆောင်ရန် စာစဉ်များ | သင်ခန်းစာတစ်ခုခြင်းစီတိုင်းတွင် အခြေအနေပေါ်မူတည်၍ လက်တွေ့လုပ် ဆောင်ရန် စာစဉ်များလေ့လာခြင်း (သို့) အတန်းထဲတွင်ရှိသော ဆရာကို အကူအညီပေးခြင်းတို့ပါရှိပါသည်။ | |

| | | |
|---|---|---|
| **အားလုံး** | လုပ်ရှားမှုများကိုထပ်၍ဖြည့်စွက်ခြင်း | - သင်ခန်းစာအခန်းတစ်ခုခြင်းစီတိုင်းတွင် စာစဉ်များသုတေသနပြုလုပ်ခြင်း(သို့) လက်တွေ့လုပ်ဆောင်မှုကို ထပ်ဆောင်းဖြည့်စွက်ခြင်းနှင့် သင်ခန်းစာနှင့် ပတ်သက်သည့် လှုပ်ရှားမှုများကို နောက်ဆက်တွဲအပိုင်းတွင်ပါရှိပါသည်။<br>- သင်ရိုးရှည်နှင့် ထက်မြက်သောကျောင်းသားများတွင် အသုံးပြုနိုင်ပါသည်။ |
| **အားလုံး** | အကဲဖြတ်စစ်ဆေးခြင်း<br>မေးခွန်းများပါရှိသည်။ | - သင်ခန်းစာတစ်ခုခြင်းစီတိုင်းတွင် စစ်ဆေးအကဲဖြတ်သည့် တာဝန်များပါရှိပါသည်။ ဤစစ်ဆေးအကဲဖြတ်မှုများကို စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်မှုတွင် အသုံးပြုနိုင်ပါသည်။<br>- ဤသင်ရိုးတွင် သင်ခန်းစာတစ်ခုလုံးကိုခြုံငုံစစ်ဆေးအကဲဖြတ်သည့် လုပ်ဆောင်မှုတာဝန်များပါရှိပါသည်။ |
| | နည်းဗျူဟာ ဖိုင်များ | ဤကိုးကားယူဆချက်အပိုင်းသည် တစ်ချို့သောသင်ကြားမှုနည်းဗျူဟာများကို ဖော်ပြသောအခန်းဖြစ်ပါသည်။ နည်းဗျူဟာများကို များသောအားဖြင့် သင်ရိုးတွင်ထည့်သွင်းဖော်ပြထားပါသည်။ |

# ဤစာမျက်နှာကိုမှတ်စုမှတ်ရန်အတွက်အသုံးပြုပါ။

# သင်ခန်းစာ (၁)

## ဆရာ၏အခန်းကဏ္ဍနှင့်တာဝန်များ

| သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများအနေဖြင့် လုပ်ဆောင်နိုင်မည့် အရာများ | |
| --- | --- |
| | ဆရာကောင်းတစ်ဦး၏ အရည်အချင်းများ ဖော်ထုတ်သိရှိခြင်း<br>ဆရာတစ်ဦး၏ စံနမူနာအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းပြခြင်း<br>သင်ကြားခြင်းဆိုင်ရာစက်ဝန်းအဆင့်ဆင့်ကို ရေးဆွဲခြင်း |

## က။ သင်ကြားပို့ချခြင်း အကြောင်းစဉ်းစားခြင်း

### ကျွန်ုပ်၏အဆိုးဆုံး ဆရာ/ဆရာမနှင့် အကောင်းဆုံး ဆရာ/ဆရာမ။

၁)အဆိုးဆုံး ဆရာ/ ဆရာမ အကြောင်းကို စဉ်းစားပါ။ အဘယ်ကြောင့် ဆိုးသောဆရာ/ ဆရာမ ဖြစ်သည့်အကြောင်းကို စာရင်းပြုစုပါ။

၂)နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါ။ ဆိုးသောဆရာ/ ဆရာမ၏ အားနည်းချက်ကို စာရင်းပြုစုပါ။

၃)အကောင်းဆုံး ဆရာအကြောင်းကို စဉ်းစားပါ။ အဘယ်ကြောင့် ကောင်းသောဆရာ/ ဆရာမဖြစ်သည့် အကြောင်းကို စာရင်းပြုစုပါ။

၄)နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါ။ ကောင်းသောဆရာ/ ဆရာမ၏ အားသာချက်ကို စာရင်းပြုစုပါ။

### ဆွေးနွေးခြင်း။ ။ အကောင်းဆုံးဆရာ/ဆရာမ ဆိုသည်မှာအဘယ်နည်း။

၅) အခန်းထဲတွင် ကောင်းသောဆရာ/ ဆရာမဆိုသည်မှာ အဘယ်နည်း။ ကောင်းသောဆရာ၏ အရည်အချင်းများကို ဆွေးနွေးပြီး စာရင်းပြုစုပါ။

## ခ။ အသိပညာဗဟုသုတ၊ သဘောထား၊ အမူအကျင့်နှင့် ကျွမ်းကျင်မှုများ

၁။ မိမိသင်ခန်းစာနှင့်ပတ်သက်၍ မည်မျှနားလည်သည်ကိုပြန်လည်စစ်ဆေးပါ။ စကားလုံးများနှင့် အဓိပ္ပါယ်ကို မှန်ကန်စွာတွဲပေးပါ။

| | |
| --- | --- |
| ၁။ အသိပညာဗဟုသုတ | က။ လူအချို့၏ပြုမူနေထိုင်ပုံ |
| ၂။ သဘောထား | ခ။ သတင်းအချက်အလက်နှင့် နားလည်မှု |
| ၃။ အမူအကျင့် | ဂ။ တစ်စုံတစ်ရာကို လုပ်ဆောင်နိုင်သည့်စွမ်းရည် |
| ၄။ ကျွမ်းကျင်မှု | ဃ။ လူတစ်ချို့၏ တွေးတောခံစားပုံ |

၂။ အဖွဲ့လိုက် အတန်းထဲ၌ပြုစုထားသော အရည်အချင်းများစာရင်းကို ကြည့်ပါ။ အောက်တွင် ပေးထားသော ခေါင်းစဉ်အောက်၌ အရည်အချင်းတစ်ခုစီကိုထည့်ပါ။ ဆရာကောင်းတစ်ဦးသည် ကောင်းသော အသိပညာဗဟုသုတ၊ သဘောထား၊ အမူအကျင့်နှင့် ကျွမ်းကျင်မှုများရှိရန် လိုအပ်ပါသည်။

| အသိပညာဗဟုသုတ | သဘောထားနှင့် အမူအကျင့် | အတတ်ပညာကျွမ်းကျင်မှုများ |
| --- | --- | --- |
| | | |

## ဆရာကောင်းတစ်ဦး၏ အရည်အချင်းများ

၃။ အကျဉ်းချုပ်ထားသော အဓိကအရည်အချင်းများကိုဖတ်ပါ။ အတန်းထဲတွင် သင်ရေးသားခဲ့ပြီးသော စာရင်း၌ ပါရှိပြီးသည့်အချက်များကို ဦးစွာအမှတ်ခြစ်ပါ။

| အသိပညာဗဟုသုတ |
| --- |
| ဆရာကောင်းတစ်ဦးသည် ဘာသာရပ်နှင့်ပတ်သက်၍ သိရှိနားလည်ရန် လိုအပ်သောအချက်များမှာ -<br>- သင်ကြားမည့်ဘာသာရပ်အကြောင်းအရာကို သိရှိခြင်း။<br>- သင်ကြားမည့်အစီအစဉ်ပြုလုပ်ပုံကို သိရှိခြင်း<br>- ဘာသာရပ်အား မည်ကဲ့သို့သင်ကြားရမည်ကို သိရှိခြင်းတို့ဖြစ်ပါသည်။ |
| **သဘောထားနှင့် အပြုအမူ** |
| ဆရာတစ်ဦး၌ ရှိသင့်သောသဘောထားမှာ<br>- အကောင်းမြင်ခြင်းနှင့်စိတ်ဝင်စားခြင်း - စာသင်ကြားခြင်း၊ ဘာသာရပ်နှင့် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အပံ့ပေးရာတွင် အကောင်းမြင်စိတ်ရှိခြင်း<br>- မျှတခြင်း - စာသင်ခန်းထဲတွင် မိမိအနှစ်သက်ဆုံးကျောင်းသား/ကျောင်းသူဟု မရှိစေဘဲ ကျောင်းသားအားလုံးအပေါ် စိတ်ဝင်တစားရှိပြီး တန်းတူဆက်ဆံလိုသည့် စိတ်ထားရှိရန်လိုအပ်သည်။<br><br>ဆရာတစ်ဦးမှ စာသင်ခန်းတွင်ပြုမူရမည့် ကောင်းသောသဘောထားမှာ<br>- ကျောင်းသား၏လုံ့လနှင့် ကြိုးစားမှုကိုချီးမွမ်းခြင်း<br>- တည်ငြိမ်အေးဆေး၍ စိတ်ရှည်သည်းခံပြီး ဖေးမကူညီတတ်ခြင်း<br>- ကျောင်းသားများအပေါ် မျှတစွာဆက်ဆံခြင်း - အချို့သောကျောင်းသားများကို ပိုမိုဂရုစိုက် မျက်နှာသာပေးခြင်းမပြုလုပ်ရန် |
| **အတတ်ပညာကျွမ်းကျင်မှု** |
| ဆရာကောင်းတစ်ဦးသည်<br>- အစီအစဉ်ရေးဆွဲခြင်း - သင်ယူရမည့်ပုံစံကို ပေးနိုင်ရန်။<br>- သင်ကြားပို့ချခြင်း -သင်ခန်းစာသင်ယူရာတွင် စိတ်ဝင်စားစေရန် ပုံစံမျိုးစုံဖြင့်လုပ်ဆောင်ရန်၊ သင်ခန်းစာနှင့်သက်ဆိုင်သောအရာများကို သင်ယူရာတွင် ကျောင်းသားများအား သင်ယူလိုသည့် စိတ်ဆန္ဒထက်သန်လာအောင် လုပ်ဆောင်ရန်<br>- သင်ယူမှုကို စီမံခန့်ခွဲခြင်း- ကျောင်းသားများ သင်ခန်းစာ သင်ယူရာ၌ကူညီရန်နှင့် ကျောင်းသားများ၏ တိုးတက်မှုကို စစ်ဆေးအကဲဖြတ်ခြင်းတို့အားလုပ်ဆောင်ရန်<br>- အတန်းစီမံခန့်ခွဲခြင်း - ကျောင်းသားများအားလုံး ကောင်းစွာလုပ်ဆောင်နိုင်ကြောင်း သေချာစေပါ။ |

အသိပညာဗဟုသုတနှင့် အတွေ့အကြုံ

+

သဘောထားနှင့် အပြုအမူ

=

စာသင်ခန်းနှင့်
ပတ်သက်သည့်ကျွမ်းကျင်မှုများ



သင်ကြားမှုကောင်း၏ ရလဒ်မှာ ကောင်းသောသင်ယူခြင်းဖြစ်သည်။

၄။ သင်ခန်းစာနှင့်ပတ်သက်၍ မိမိမည်မျှနားလည်သည်ကို ပြန်လည်စစ်ဆေးပါ။ စကားလုံးများနှင့် အဓိပ္ပါယ် မှန်ကန်စွာတွဲပေးပါ။

| | |
|---|---|
| ၁။ သက်ဆိုင်သော | က။ တစ်စုံတစ်ခုလုပ်ဆောင်ရန် အကြောင်းပြချက် |
| ၂။ စိတ်အားထက်သန်ခြင်း | ခ။ ပုံဖော်ရန်နှင့် ခိုင်မာတောင့်တင်းစေရန်အတွက် အခြေခံအစိတ်အပိုင်း |
| ၃။ ဖွဲ့စည်းတည်ဆောက်ပုံ | ဂ။ ဘဝနှင့်သက်ဆိုင်သောကြောင့်အဓိပ္ပာယ်ရှိခြင်း |

## ဂ။ ဆရာ၏အခန်းကဏ္ဍ

**KEY WORDS**

Achieve (v) = အောင်မြင်သည်။

Facilitate (v) = လုပ်ငန်းလွယ်ကူအောင်ပံ့ပိုးခြင်း။ စေ့စပ်ပံ့ပိုးသူကောင်းတစ်ယောက်သည် ကျောင်းသားများသင်ယူရာတွင် ချောမွေ့စေရန်နှင့် လုပ်ငန်းအောင်မြင်စေရန် မိမိ၏တတ်ကျွမ်းမှုပညာကို အသုံးချတတ်သည်။

Guide (v) = ဦးဆောင်လမ်းညွှန်သည်။ လမ်းညွှန်သူကောင်းတစ်ဦးသည် မည်သည့်နေရာကို မည်သို့သွားမည်ကို သေချာသိရှိပြီး မိမိဦးဆောင်သောအဖွဲ့ကို ဂရုတစိုက် စောင့်ရှောက်ပါသည်။

Learning objective(n)= သင်ယူခြင်း၏အဆုံးသတ်ရလဒ်၊ သင်ယူခြင်းသည် မည်သည့်အရာကို အောင်မြင်စေရန် ရည်ရွယ်ထားပါသနည်း။

Task (n)= မဖြစ်မနေဆောင်ရွက်ရမည့် အလုပ်တစ်ခု (သို့မဟုတ်) ရည်ရွယ်ချက်ရှိသည့် လုပ်ငန်းတာဝန်။

ဆရာ၏အခန်းကဏ္ဍမှာ ကျောင်းသားတစ်ဦးချင်းအတွက် တန်းတူညီမျှမှုရှိရန် သင်ယူမှုအား ဦးဆောင်လမ်းပြခြင်း၊ ပံ့ပိုးပေးခြင်းနှင့် စီမံခန့်ခွဲတတ်ခြင်းတို့ဖြစ်သည်။

**စာဖတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

၁။ စာစဉ်ကိုဖတ်၍ မေးခွန်းများအား ဖြေဆိုပါ။

၁) ဆရာများသိရှိရန်လိုအပ်သောအရာနှင့် သင်ယူခြင်းအတွက် လမ်းညွှန်ရန်လုပ်ဆောင်သင့်သော အရာများမှာ မည်သည့်အရာဖြစ်သနည်း။

၂) ဆရာအနေဖြင့် ကျောင်းသားများ သင်ခန်းစာနှင့်ပတ်သက်၍ သင်ယူနေစဉ် နားလည်အောင် မည်သို့ ကူညီလုပ်ဆောင်မည်နည်း။

၃) ဆရာများအနေဖြင့် အစီအစဉ်ရေးဆွဲရမည့် မတူညီသောအရာများအား စာရင်းပြုစုပါ။

၄။ ဆရာသည် ကျောင်းခန်းကိုစီမံခန့်ခွဲရာတွင် မည်သည့်အရာကို လုပ်ဆောင်ရန် လိုအပ်သနည်း။

၅။ ဆရာကောင်းတစ်ဦးသည် သင်ယူသူတစ်ဦးလည်းဖြစ်ပုံကို ဥပမာနှစ်ခုပေးပါ။

ဆရာ၏အခန်းကဏ္ဍမှာ ကျောင်းသားတစ်ဦးချင်းစီအတွက် တန်းတူညီမျှမှုရှိရန် သင်ယူမှုအား ဦးဆောင်လမ်းပြခြင်း၊ ပံ့ပိုးပေးခြင်းနှင့် စီမံခန့်ခွဲတတ်ခြင်းတို့ဖြစ်သည်။
သင်ယူရာတွင် ဦးဆောင်လမ်းပြနိုင်ရန်အတွက် ဆရာမှမည်သည့်အရာအား မည်ကဲ့သို့သင်ကြားမည်ကို သိရှိရန်လိုအပ်ပါသည်။ ထို့ပြင်ဆရာသည် ကျောင်းသားတိုင်း၏ တိုးတက်မှုကိုစောင့်ကြည့်ရန်လိုအပ်ပြီး၊ ကျောင်းသားများမှသင်ခန်းစာ၏ ရည်ရွယ်ချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိစေရန် လုပ်ဆောင်ပေးနိုင်ရပါမည်။
ဆရာကောင်းတစ်ဦးသည် တစ်ဦးချင်းစီ(သို့) အဖွဲ့လိုက်သင်ယူမှုအား လွယ်ကူအောင် ပံ့ပိုးပေးနိုင်ရပါမည်။ ကျောင်းသားများစိတ်ပါဝင်စားအောင်၊ သင်ခန်းစာများကို တက်ကြွစွာသင်ယူလိုသည့် စိတ်ဆန္ဒထက်သန်လာအောင် အားပေးလှုံ့ဆော်နိုင်ရမည်။ ကျောင်းသားများ၏အခြေအနေနှင့် လျော်ညီအောင် ချင့်ချိန်သင်ကြားခြင်း၊ သင်ခန်းစာတည်ဆောက်ပုံများကို ပြသခြင်းတို့ဖြင့် ၎င်းတို့၏လေ့လာမှုကို ကိုယ်တိုင်သိရှိနားလည်လာစေရန် ဆရာကကူညီပေးရပါမည်။
သင်ယူမှုကိုစီမံခန့်ခွဲသည့်ကဏ္ဍတွင်မူ ဆရာမှကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရပါမည်။ ဆိုလိုသည်မှာ ဘာသာရပ်တစ်ခုကို အားလုံးခြုံငုံ၍ အဖက်ဖက်မှညွှန်ကြားသင်ပြနိုင်ရန် ကြိုတင်ပြင်ဆင်ထားရပါမည်။ ပေးထားသောအချိန်ကာလအတွင်း ကျောင်းသားများအချိန်မီပြီးစီးနိုင်ရန် တစ်ပတ်ပြီးတစ်ပတ်မိမိသင်ကြားမည့်သင်ခန်းစာအား ကြိုတင်ပြင်ဆင်ထားရမည်။ ကျောင်းသားများ သင်ခန်းစာရည်ရွယ်ချက်သို့ အောင်မြင်စွာရရှိစေရန် သင်ခန်းစာတိုင်းအတွက်အထောက်အကူပြုစေမည့် အချက်အလက်များကို ဆရာမှပြင်ဆင်ထားရန် လိုပါသည်။
စာသင်ခန်း စီမံခန့်ခွဲခြင်းဆိုသည်မှာ ဆရာမှ စာသင်ခန်းအား စီမံခန့်ခွဲခြင်းဖြစ်ပြီး ကျောင်းသားများအားလုံးကောင်းမွန်စွာသင်ယူခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ကိုယ်ပိုင်အချိန်များကို မဖြုန်းတီးဘဲ (သို့မဟုတ်) အခြားကျောင်းသားများကို အနှောင့်အယှက်မပြုဘဲ ကောင်းမွန်စွာလုပ်ဆောင်ခြင်းဖြစ်သည်။ အဆုံးတွင်မူ ဆရာကောင်းများသည် ဆည်းပူးလေ့လာသူများလည်း ဖြစ်ပါသည်။ ၎င်းတို့သင်ကြားမှုနှင့်ပတ်သက်ပြီး မည်သည့်အရာများလုပ်ဆောင်ခဲ့သည်၊ မည်သည့်အရာများဆောင်ရွက်ခြင်းမရှိခဲ့ကြောင်းအား စဉ်းစားပါသည်။ အသစ်များအား လေ့လာရန်လည်း စိုးရိမ်ပူပန်မှုမရှိပါ။ မိမိတို့၏အမှားများမှ ပြန်လည်သင်ယူပါသည်။ စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော ဆရာတစ်ယောက်သည် မိမိအတွက်သာမက ကျောင်းသားများအတွက်ပါ လုပ်ဆောင်မှုအသစ်များဖန်တီးပြီး စိတ်ဝင်စားဖွယ်ကောင်းစေပါသည်။
ဤသို့လုပ်ဆောင်နိုင်စွမ်းကဏ္ဍကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ပြီး ကျောင်းသားအားလုံးအတွက် အရည်အချင်းပြည့်မီသည့် သင်ကြားရေးတစ်ရပ် ဖော်ဆောင်ပေးနိုင်ရန် ဆရာတစ်ယောက်အနေဖြင့် မှန်ကန်သော အသိပညာ၊ သဘောထား၊ အပြုအမူနှင့် အတတ်ပညာတို့လိုအပ်ပါသည်။ ကျောင်းသားများ၏ သင်ယူမှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ဆရာမှ အဆိုပါအရည်အချင်းများကို အသုံးပြုနိုင်ရန်လိုအပ်ပါသည်။

## ဃ။ ဆရာ၏တာဝန်များ

သင်ကြားရေးတွင် အဆင့်အမျိုးမျိုးရှိပါသည်။ ဤအဆင့်များအား စက်ဝန်းသဏ္ဍာန်ပုံဖော်ခြင်းသည် အသုံးဝင်သည့်နည်းတစ်သွယ်ဖြစ်သည်။ မည်သည့်စက်ဝန်းတွင်မဆို အဆင့်တစ်ဆင့်စီတိုင်းမှ နောက်တဆင့်အား ဦးဆောင်နေပြီး သင်ယူမှုစက်ဝန်းတိုင်းသည် ၄င်းမတိုင်မီ အခြားစက်ဝန်းပေါ်တွင် တည်ဆောက်ထားသည်။ သင်ကြားရေးစက်ဝန်းတွင် အဆင့်(၅)ဆင့်ရှိပါသည်။ ကျောင်းသားများအတွက် အရည်အချင်းပြည့်မီသော သင်ကြားရေးစနစ်ကို ဖန်တီးရန်ဆရာမှ ဤစက်ဝန်းတစ်လျှောက် အစီအစဉ်တကျလျှောက်လှမ်းရန် ဖြစ်ပါသည်။ စက်ဝန်းသည် သင်ခန်းစာ၊ ခေါင်းစဉ် (သို့မဟုတ်)ဘာသာရပ်တစ်ခုလုံးကိုကိုယ်စားပြုနိုင်ပါသည်။

**KEY WORDS**


Cycle = ဖြစ်စဉ်များကို ထပ်တလဲလဲဖော်ပြသည့် စက်ဝိုင်း

Stage = အဆင့်(သို့မဟုတ်) တစ်စုံတစ်ခုကို ပြုလုပ်ခြင်း၏ အပိုင်း

**သင်ကြားရေးစက်ဝန်း**

သင်ကြားရေးစက်ဝန်းကို အဆင့်လိုက် ဖော်ပြထားပါသည်။ ၄င်းတို့ကို မှားယွင်းစွာ စီစဉ်ထားသည်။ မှန်ကန်အောင် ပြန်စီစစ်ပေးပါ

- ကြိုတင်ပြင်ဆင်ခြင်း (plan)
- နားလည်မှုကိုစစ်ဆေးခြင်း (assess)
- သင်ကြားခြင်း (teach)
- အကဲဖြတ်ခြင်း (evaluate)
- လိုအပ်ချက်များကို ဖော်ထုတ်ခြင်း (identify needs)



၂။ အောက်တွင်ပေးထားသော သာဓကကိုကြည့်၍ မေးခွန်းများကို ဖြေပါ။ သင်ခန်းစာကောင်းတစ်ခုဟု ထင်သောဆရာနှင့် သင်သဘောတူညီမှုရှိပါသလား။ သင်ကြားရေးအဆင့်(၅)ဆင့်တွင် ဆရာကမည်သည့်သင်ကြားရေး အဆင့်ကိုလုပ်ဆောင်ခဲ့သနည်း။

**ဖြစ်စဉ်သာဓကအားဖြင့်လေ့လာသင်ယူခြင်း – ပျောက်နေသော အပိုင်းအစများ**

ဆရာတစ်ယောက်သည် အတန်းထဲသို့ဝင်လာပြီး

ဆရာ ။ ။ ကဲ မင်းတို့စာအုပ်ရဲ့ စာမျက်နှာ ၄၆ ကိုလှန်လိုက်ပါ။

ကျောင်းသား။ ။ဆရာ ၊ ကျွန်နော်တို့ဒီသင်ခန်းစာကို ပြီးခဲ့တဲ့အပတ်က လုပ်ပြီးပြီလေ။

ဆရာ ။ ။ဟော၊ဟုတ်လား။ အိုးဟုတ်တာပေါ့။ ငါသတိရပြီ။ အိုကေ၊ ဒါဆိုစာမျက်နှာ၅၂ ကိုဖွင့်။ သင်ခန်းစာကိုဖတ်ပြီး အဆုံးမှာရှိတဲ့ မေးခွန်းတွေကို ဖြေကြပေ့။ ဆရာက အတန်းရှေ့တွင်ထိုင်ပြီး အခြားအတန်းမှ အိမ်စာကို အမှတ်ခြစ်နေလေသည်။ သင်ခန်းစာတစ်ဝက်သို့ရောက်သော် ကျောင်းသားတစ်ယောက်မှ မေးခွန်းထမေးသည်။

ကျောင်းသား။ ။ ဆရာ ကျနော်တို့ မေးခွန်းနံပတ် ၅ ကိုဖြေဖို့ဆိုရင် မြေပုံကြည့်ဖို့လိုတယ်။

ဆရာ ။ ။ ဟုတ်လား။ အင်း။ ဒါဆိုအဲဒီမေးခွန်းကိုချန်ထားပြီး နောက်တစ်ခုဆက်လုပ်လိုက်ပေ့ါ။

သင်ခန်းစာ အဆုံးတွင် ဆရာသည်အတန်းမှထွက်ရင်း ဤသို့စဉ်းစားလေသည်။
"ဒီနေ့သင်ခန်းစာကကောင်းတယ်။ ကျောင်းသားတွေ တိတ်တိတ်ဆိတ်နဲ့ စာလုပ်နေကြတာပဲ။"

## ၄။ သင်ကြားမှုစက်ဝန်းအဆင့်ဆင့်

၃။ ဖြစ်စဉ်သာဓကအကြောင်းအရာမှ ပျောက်နေသောအပိုင်း၌ သင်ကြားမှုစက်ဝန်းအဆင့်တစ်ခုကို တင်ဆက်ထားပါသည်။ အဖွဲ့ (၅) ခုဖြင့်လုပ်ဆောင်ပါ။ အဖွဲ့တိုင်းမှ သင်ကြားမှုစက်ဝန်း အဆင့်တစ်ဆင့်ကို ဆွေးနွေးပါ။

- သင့်အဖွဲ့၌ ပေးထားသော စာပိုဒ်ကိုဖတ်ပါ။
- သင်၏ ကိုယ်ပိုင်အသိပညာဗဟုသုတကို ထည့်ပါ။
- အောက်တွင်ပေးထားသော မေးခွန်းနှစ်ခုကို ဖြေပါ။
- အဘယ်ကြောင့် ဤအဆင့်မှာ အရေးကြီးသနည်း။ (ဥပမာ- သင်ကြားပို့ချခြင်းအား ပြန်လည်သုံးသပ်ရာတွင် အဘယ်ကြောင့် အရေးကြီးသနည်း။)
- ဆရာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်သနည်း။ (ဥပမာ- ဆရာမှ မိမိ၏သင်ကြားပို့ချခြင်းအပိုင်းကို မည်သို့ပြန်လည်သုံးသပ်သနည်း။
- သင်ကြုံတွေ့ခဲ့ဖူးသော အလေ့အကျင့်ကောင်း (သို့) အလေ့အကျင့်ဆိုးတို့ကို ဥပမာနှင့်တကွဖော်ပြပါ။
- မိမိအတန်းသို့ ပြန်လည်၍တင်ပြပါ။

**လိုအပ်ချက်များကို ဖော်ထုတ်ခြင်း**

ဆရာတစ်ဦးသည် မိမိကျောင်းသား၏ လိုအပ်ချက်ရှာဖွေမှုကို ပြုလုပ်သင့်ပါသည်။ သို့မှသာ မိမိကျောင်းသား၏ မှန်ကန်သောအဆင့်အတိုင်း ဆီလျော်သော သင်ကြားပို့ချမှုအတွက် ကြိုတင်ပြင်ဆင်မှု အစီအစဉ်ရေးဆွဲနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားသစ်များကို သင်ကြားရမည်ဆိုပါက ၎င်းတို့ မည်သည့်သင်ခန်းစာကို သိရှိပြီးဖြစ်သည်၊ ၎င်းတို့၏အရည်အသွေးများနှင့် မည်ကဲ့သို့ အကောင်းဆုံးသင်ယူသည်ကို ဆရာမှ ဆုံးဖြတ်ရန် လိုအပ်ပါသည်။ ကျောင်းသားများသင်ယူရာတွင် မည်သို့သောအခက်အခဲများကို ကြုံတွေ့နိုင်မည်၊ သင်ယူမှုလမ်းကြောင်းကို မည်သည့်အရာက ပြောင်းလဲနိုင်မည် အစရှိသည်တို့ကို နားလည်သဘောပေါက်စေရန် ဆရာမှ ကျောင်းသားများအကြောင်းကို ကောင်းစွာသိရှိသင့်ပါသည်။

**သင်ယူမှုအတွက် ကြိုတင်ပြင်ဆင်ခြင်း**

ဆရာများသည် သင်ကြားရေးအတွက် ကြိုတင်ပြင်ဆင်ရန်လိုအပ်သည်။ ရှေးဦးစွာ သင်ယူပြီးသောအရာများ အပေါ်တွင် ထပ်မံတည်ဆောက်မည့် သင်ယူမှုအစိတ်အပိုင်းများ၏ တည်ဆောက်ပုံကို ကြိုတင်ပြင်ဆင်စီစဉ်ရပါမည်။ ဆရာမှ လမ်းညွှန်သူတစ်ဦးအနေဖြင့် မိမိမည်သည့်နေရာသို့ ဦးတည်သွားနေသည်ကိုသိရှိရမည်။ ဆိုလိုသည်မှာ ဆရာသည် မိမိ၏ကျောင်းသားအဆင့်ကိုသိရှိသည်သာမက၊ မိမိသင်ကြားပို့ချမည့် ဘာသာရပ်သည် မည့်သည့်ကျောင်းသားအဆင့်အား သင်ကြားပို့ချရမည်ကိုသိရှိရန်လည်းလိုအပ်ပါသည်။ ထို့အပြင် ဆရာမှ ဘာသာရပ်ကို မည်သို့သင်ကြားပို့ချမည်ကို သိရှိရန်လိုအပ်ပါသည်။ ဆရာအနေဖြင့် ကြိုတင်ပြင်ဆင်မှုမရှိပါက ကျောင်းသားများကို လမ်းညွှန်သင်ကြားပို့ချရာတွင် ခက်ခဲမည်ဖြစ်ပါသည်။

ဆရာသည် သင်ကြားပို့ချရာတွင် မတူညီသောကျောင်းသားအဆင့်များအား သင်ကြားနိုင်ရန် အစီအစဉ်ရေးဆွဲရမည် ဖြစ်ပါသည်။ ဆရာသည် သင်ရိုးတစ်ခုလုံး၏ အဓိကအချက်အလက်များအား ရေးဆွဲရန်လည်းလိုအပ်ပါသည်။ တစ်ခါတစ်ရံတွင်မူ ဆရာ၏သင်ခန်းစာတွင် သင်ယူမှုနှင့်ပတ်သက်သော လှုပ်ရှားမှုများပါဝင်ရေးဆွဲထားခြင်းနှင့် ကျောင်းသားများအတွက် သင်ခန်းစာနှင့်ပတ်သက်သည့် အကျဉ်းချုပ်ရေးသားထားသော စာစဉ်များလည်းပါဝင်သည်။ ကျောင်းသားများအတွက် သင်ယူမှုနှင့်ပတ်သက်၍ အစီအစဉ်ရေးဆွဲခြင်းသည် သင်ခန်းစာပို့ချရာ၌ အောင်မြင်သော သင်ခန်းစာများ ဖြစ်စေပါသည်။

**ပို့ချခြင်း**

ဆရာတစ်ဦးသည် ကျောင်းသားများကို သင်ကြားပို့ချရာတွင် သင်ခန်းစာ၏ရည်ရွယ်ချက်ကို ရှင်းလင်းမှန်ကန်စွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့နောက် သင်ကြားမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ရွေးချယ်ပြီး ကျောင်းသားများအတွက် သင်ခန်းစာ၏ရည်ရွယ်ချက်သို့ရောက်ရှိအောင် ကူညီရမည်ဖြစ်သည်။ အတန်းတိုင်းတွင် ဆရာက ကျောင်းသားများစိတ်ဝင်စားအောင် သင်ကြားခြင်းနှင့် တက်ကြွစွာပါဝင်လာအောင် သင်ကြားရာတွင် သင်ခန်းစာနှင့်ပတ်သက်၍ သင့်တော်သောသင်ကြားရေးနည်းလမ်းများ၊ သင်ယူမှုနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားများကို အသုံးပြုရမည်ဖြစ်ပါသည်။ မတူညီသည့်သင်ယူမှုပုံစံနှင့် တတ်ကျွမ်းမှုအမျိုးမျိုးရှိနေသော ကျောင်းသားများအတွက် သင့်တော်သောချဉ်းကပ်နည်းပေါင်းစုံကို အသုံးပြုပြီး ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။ ဆရာသည် အတန်းထဲတွင် ကျောင်းသားများ၏ကိစ္စအဝဝအတွက် တာဝန်ရှိသောသူလည်းဖြစ်ပါသည်။ ဤသည်မှာ ဆရာမှ စာသင်ခန်းတွင်းလုံခြုံမှုရှိရန်နှင့် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းခြင်းတို့ ဆောင်ရွက်ရန်ဖြစ်သည်။

**နားလည်မှုကို စစ်ဆေးခြင်း**

ဆရာသည် ကျောင်းသားများ သင်ခန်းစာနှင့်ပတ်သက်၍ သင်ယူရာတွင် မည်မျှနားလည်သည်ကို သိရှိရန်လိုအပ် ပါသည်။ ထို့ပြင်ကျောင်းသားများလည်း မိမိတို့သင်ခန်းစာနှင့်ပတ်သက်၍ မည်မျှလုပ်ဆောင်နိုင်သည်ကိုသိရှိရန်လည်း လိုအပ်ပါသည်။ သို့မှသာ အောင်မြင်မှုရရှိရန်အတွက် လိုအပ်သောလုပ်ဆောင်မှုများကို ထပ်မံကြိုးစားလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာနှင့်ကျောင်းသားအတွက်များစွာအထောက်အကူပြုပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည်အစမ်းစားမေးပွဲနှင့်အတန်းတင်စာမေးပွဲကို ဖြေဆိုခြင်းဟု အမြဲဆိုလိုခြင်း မဟုတ်ပါ။ ကျောင်းသားများအား သင်ခန်းစာနှင့် ပတ်သက်၍ရလဒ်အပေါ် ဆရာက ဖြည့်စွက်ပေးခြင်း၊အကြံပေးခြင်း စသည့်လုပ်ဆောင်မှုကို စစ်ဆေးအကဲဖြတ်ခြင်းဟုဆိုနိုင်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားမှုနှင့် ပတ်သက်၍ မည်မျှအောင်မြင်မှုရရှိသည်ကို ပြန်လည်သုံးသပ်ရာတွင်များစွာအထောက်အကူပြုပါသည်။ ဆရာတစ်ဦးအနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့၏ခြားနားမှုကြားကို နားလည်ရန်အရေးကြီးပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် လူ၏အကြောင်းအရာနှင့်ပတ်သက်သည်။ ထို့ကြောင့်ဆရာသည် မိမိကျောင်းသား၊ ကျောင်းသူများကို သင်ခန်းစာနှင့်ပတ်သက်၍ စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ဆောင်ရမည်ဖြစ်သည်။ ပြန်လည်သုံးသပ်ခြင်းသည် တစ်စုံတစ်ခု၏အရည်အသွေးကို အဆုံးအဖြတ်ပေးခြင်းနှင့် ပတ်သက်သည်။ ထို့ကြောင့်ဆရာသည် မိမိ၏သင်ခန်းစာနှင့် ပတ်သက်၍မည်မျှထိရောက်မှုရှိသည်၊ မရှိသည်ကို ပြန်လည်သုံးသပ်ရန်အတွက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**သင်ကြားမှုကို ပြန်လည်သုံးသပ်ခြင်း**

ဆရာတစ်ဦးသည် မိမိသင်ကြားရေးနှင့်ပတ်သက်၍ မည်မျှအောင်မြင်မှုရှိသည်ကို သိရှိရန်လိုအပ်သည့်အပြင် မိမိ၏ သင်ကြားမှုမှ အားသာချက်နှင့်အားနည်းချက်များအား ပြန်လည်လေ့လာသုံးသပ်ရမည်ဖြစ်သည်။ ဆရာသည် မိမိ၏သင်ခန်းစာနှင့်ပတ်သက်၍ မည်သည့်အပိုင်းကိုထိရောက်စွာ လုပ်ဆောင်ခဲ့သည်၊ မည်သည့်အပိုင်းကို ထိရောက်စွာလုပ်ဆောင်မှုခဲ့မှုမရှိ စသည်တို့အား မှတ်စုရေးသား၍ပြန်လည်စဉ်းစားရန် လိုအပ်ပါသည်။ ထို့ပြင်ဆရာသည် ကျောင်းသားများ၏ရလဒ်ကိုကြည့်၍ သင်ယူလေ့လာမှု၏ရည်ရွယ်ချက်များအတိုင်း ကျောင်းသားများမည်မျှတိုးတက်လာသည်ကို သိရှိပါသည်။ ဆရာသည် ကျောင်းသားများထံမှလည်း အချိန်နှင့်အမျှ ဝေဖန်အကြံပြုချက်များကိုလည်း လက်ခံရရှိရန်လိုအပ်ပါသည်။ ပြန်လည်သုံးသပ်ခြင်းအားဖြင့် ကျောင်းသားများ၏ လိုအပ်ချက်ကိုသိရှိပြီး နောက်သင်ခန်းစာတစ်ခုအား သင်ကြားရန်အတွက်ပြင်ဆင်ရာတွင် ဆရာအား များစွာအထောက်အကူပြုပါသည်။

## မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း

၄။ ဆရာမှ မိမိ၏သင်ကြားမှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန် မိမိကိုယ်ကို မည်သည့်မေးခွန်းများ မေးရန် လိုအပ်သနည်း။ မည်သည့်အတန်း၌ဖြစ်စေ မိမိ၏သင်ကြားမှုပြီးဆုံးသောအခါ အဆိုပါ သင်ကြားပို့ချမှုကို ပြန်လည်သုံးသပ်ရန် လုပ်ဆောင်ရမည့်စာရင်းများရေးပါ။ ဤစာရင်းတွင် စာသင်ခန်းကောင်းတစ်ခုဖြစ်ရန်အတွက် အချက်အလက်များပါရှိရပါမည်။ ဥပမာ -

- သင်ခန်းစာအပေါ် ကျောင်းသားများစိတ်ဝင်စားခြင်း
- သင်ယူမှုနှင့်ပတ်သက်သည့် မတူညီသောလေ့ကျင့်ခန်းလှုပ်ရှားမှုများ

# ၈။ လေ့လာသုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

**လက်တွေ့လုပ်ဆောင်ရန်တာဝန်များ– နူးစမ်းလေ့လာခြင်း– ၁**

၁။ အတွေ့အကြုံရင့်ကျက်သောဆရာတစ်ဦး၏ အတန်းကိုလေ့လာပါ။ ၄၅ မိနစ်(သို့မဟုတ်)၁နာရီလေ့လာပါ။ စာသင်ခန်းအတွင်းလေ့လာနေစဉ် ဆရာ၏လုပ်ဆောင်မှုများတွင် မည်သည့်အပိုင်းကကောင်းသည်၊ ကျောင်းသားများစိတ်ဝင်စားအောင် မည်သည့်သင်ခန်းစာက လုပ်ဆောင်နိုင်သည်၊ အစရှိသော သင်၏ ထင်မြင်ယူဆချက်များကို ရေးမှတ်ပါ။ အောက်ပါမေးခွန်းများအား ဖြေဆိုပါ။

၁။ ဆရာမှ ကောင်းမွန်စွာသင်ကြားသွားသော အပိုင်းမှာ အဘယ်နည်း။

၂။ ဆရာမှ ကောင်းမွန်စွာသင်ကြားပြသမှုမပေးနိုင်သော အပိုင်းမှာ အဘယ်နည်း။

၃။ အကယ်၍ ထိုဆရာနေရာတွင် ကျွန်ုပ်ဖြစ်ခဲ့သော် မည်သည့်ကိစ္စများကို သူနှင့်မတူအောင် ပြုလုပ်သင်ကြားသွားမည်နည်း။

၂။ သင်၏လေ့လာမှုကို ဆွေးနွေးပါ။ ဥပမာများပေးပါ။



## စစ်ဆေးအကဲဖြတ်ခြင်းတာဝန်များ

# သင်ခန်းစာ (၂)

## ကျွန်ုပ်တို့မည်ကဲ့သို့ လေ့လာသင်ယူမည်နည်း

| သင်ခန်းစာပြီးဆုံးသည့်အချိန်တွင် သင်တန်းသားများ လုပ်ဆောင်နိုင်မည့်အရာများမှာ | သင်၏အတွေ့အကြုံကိုအခြေခံ၍ သင်ယူလေ့လာသောနည်းအမျိုးမျိုးကို ခွဲခြားဖော်ထုတ်နိုင်ပါမည်။<br>စာသင်ခန်းတွင်းသင်ယူမှုကို ချဉ်းကပ်နည်းအမျိုးမျိုးဖြင့် ရှင်းပြနိုင်သည်။ |
|---|---|

## ၁။ သင်ယူမှုအကြောင်းစဉ်းစားခြင်း

**လက်တွေ့ဘဝ၌သင်ယူခြင်း**

၁) ကျွန်ုပ်တို့ဘဝတွင် အကြောင်းအရာမြောက်များစွာကို ဆည်းပူးလေ့လာပြီးဖြစ်သည်။ အောက်ပါ အကြောင်းအရာများကို သင်မည်ကဲ့သို့လေ့လာခဲ့သနည်း။ အကြောင်းအရာများအား စဉ်းစားပါ။

- လေ့လာသင်ယူရန်အတွက် သင်မည်သည့်အရာများလုပ်ဆောင်ခဲ့ရသနည်း။
- မည်သူက သင့်ကို မည်ကဲ့သို့ကူညီခဲ့သနည်း။

ကိုယ်တိုင်မှတ်စုအကျဉ်းပြုလုပ်ပါ။ ပြီးနောက် နှစ်ယောက်တစ်တွဲ(သို့) အဖွဲ့ငယ်များဖြင့် ဆွေးနွေးပါ။ သင်ကိုယ်တိုင်ရရှိထားသော အတွေ့အကြုံဖြင့် ဥပမာပေးပါ။

- စကားလုံးများမှ တေးသွားသံစဉ်တစ်ပုဒ်သို့
- စက်ဘီးစီးခြင်း
- ရေသည်စိုစွတ်သည်
- အစားအစာကိုမျှဝေစားသုံးခြင်း
- အခြားသူများအား နာကျင်အောင်မပြုလုပ်ရန်
- မိမိအယူအဆကိုတင်ပြခြင်း

၂) အထက်ပါအကြောင်းအရာများကို တစ်တန်းလုံး ဆွေးနွေးပါ။ ကျွန်ုပ်တို့အတန်းထဲ၌ သင်ယူသောနည်းလမ်းအချို့ကို စာရင်းပြုစုပါ။

၃) လူတို့၏ မတူညီသောနည်းလမ်းများဖြင့် လေ့လာသင်ယူခြင်းအကြောင်းကို အဖွဲ့ငယ်လေးများဖြင့် ဆွေးနွေးခြင်းနှင့် အောက်တွင်ပေးထားသောမေးခွန်းများဖြေဆိုပါ။ ထို့ပြင်သင်၏အတွေ့အကြုံမှ ရရှိထားသော အကြောင်းအရာများဖြင့်ဥပမာပေးပါ။

- သမားရိုးကျစာသင်ခန်းတွင် ဖော်ပြပါနည်းလမ်းများအနက်မှ မည်သည့်သင်ယူမှုနည်းလမ်းကို အသုံးပြုသနည်း။
- စာသင်ခန်းထဲတွင် အချို့သောနည်းလမ်းများကို ကျန်သည့်နည်းလမ်းများထက် ပိုမိုအသုံးပြုပါသလား။

**စာသင်ခန်း၌ လေ့လာသင်ယူခြင်း**

၄။ မေးခွန်းများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါ။

၁) ဆရာများ ပြောပြသော ကျောင်းသားကောင်းဆိုသည်မှာ အဘယ်နည်း။ ဆရာသည် ကျောင်းသားများ စာသင်နေချိန်တွင် ငြိမ်သက်စွာနားထောင်ခြင်း (သို့မဟုတ်) မေးခွန်းများမေးခြင်းကို နှစ်သက်ပါသလား။ ကျောင်းသားများသင်ယူရာ၌ မည်သို့မျှော်လင့်ထားသည်ကို မည်သည့်အရာကဖော်ပြသနည်း။

၂) အတန်းထဲတွင် သင်ခန်းစာနှင့်ပတ်သက်သည့် မည်သို့သောလှုပ်ရှားမှုများကို လုပ်ဆောင်လေ့ရှိသနည်း။ သင်နောက်ဆုံးရရှိခဲ့သော သင်ခန်းစာအကြောင်းစဉ်းစားပြီး မည်သည့်အရာကို သင်လုပ်ဆောင်ခဲ့သနည်း၊ ကျောင်းသားများ မည်သို့သင်ယူရန် မျှော်လင့်ထားသည်ကို မည်သည့်အရာကဖော်ပြသနည်း။

၃) ဆရာနှင့်ကျောင်းသားအကြား အပြန်အလှန်တုံ့ပြန်မှု မည်မျှရှိသနည်း။ အပြန်အလှန်တုံ့ပြန်မှုအဓိပ္ပါယ်မှာ နှစ်ဦးနှစ်ဖက်ကြားဆက်သွယ်မှုကို ဆိုလိုပါသည်။ ကျောင်းသားများ မည်သို့သင်ယူရန် မျှော်လင့်ထားသည်ကို မည်သည့်အရာကဖော်ပြသနည်း။

# ၂။ သင်ယူလေ့လာမှုအတွက် ချဉ်းကပ်နည်းများ


**KEY WORDS**

**Active learning =** ကျောင်းသားများသည် မိမိတို့လေ့လာမှုအပေါ် စူးစမ်းရှာဖွေခြင်းနှင့် စဉ်းစားခြင်းဖြင့် တက်ကြွစွာဆည်းပူးလေ့လာသည်။
**Passive Learning** = ကျောင်းသားများသည် ဆရာကိုသာနားထောင်ခြင်းနှင့် အချက်အလက်တို့ကို အလွတ်ကျက်မှတ်ခြင်းဖြင့် ဆည်းပူးလေ့လာသည်။
**Theory =** အတွေးအခေါ်တစ်ခုအား အဓိပ္ပါယ်ဖွင့်ဆိုချက် သဘောတရား။
**Approach =** တစ်စုံတစ်ခုအကြောင်း စဉ်းစားခြင်းနည်းလမ်း။
**Focus =** ဆုံမှတ်။
**Method =** လုပ်ကိုင်ရန်နည်းလမ်း။
**Interaction =** နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသည့် လူများအကြား အပြန်အလှန်ဆက်သွယ်မှု။

**သင်ယူလေ့လာရာ၌ ချဉ်းကပ်နည်းသုံးမျိုး**

၁။ ဖတ်စာအုပ်တွင်ပေးထားသော အကြောင်းအရာများကိုဖတ်ပါ။ သင်၏အတန်းတွင် စာသင်ကြားရာ၌ မည်သည့်ချဉ်းကပ်နည်းမှာ အကောင်းဆုံးဖြစ်သနည်း။

၂။ မိမိ၏နားလည်မှုကို စစ်ဆေးခြင်း- သင်ကြားပို့ချခြင်းနှင့် လေ့လာသင်ယူခြင်းတို့မှ သင်ရရှိထားသော အတွေ့အကြုံများကို ဥပမာနှင့်တကွ ရေးချရန် - သင်ကြားပြသပေးခြင်း၊ ရှာဖွေတွေ့ရှိခြင်းနှင့် အပြန်အလှန် ဆက်သွယ်ခြင်းတို့ ဖြစ်ပါသည်။




နှစ်အတန်ကြာချိန်တွင် သင်ယူရေးနှင့်ဆိုင်သည့်သီအိုရီများ ဖွံ့ဖြိုးလာသောအခါ စာသင်ခန်းတွင်း သင်ယူမှုပုံစံကို ပြောင်းလဲလိုက်ပါသည်။ လွန်ခဲ့သော အနှစ်၄၀-၅၀ အတွင်း၌ပင် သင်ယူမှုဆိုင်ရာ နည်းလမ်းသုံးသွယ်မှာ အခရာကျခဲ့ပါသည်။

အစောပိုင်းတွင်မူ ဆရာမှကျောင်းသားများအား သင်ခန်းစာအချက်အလက်များပို့ချသော ဆရာဗဟိုပြုစနစ်ကိုကျင့်သုံးခဲ့သည်။ ကျောင်းသားများက ဆရာပြောသမျှ ထိုင်နားထောင်ရုံနှင့် ဆရာ့စကားကို လိုက်နာရုံမျှသာဖြစ်သည်။ သင်ယူခြင်းသည် အများအားဖြင့် အလွတ်မှတ်ခြင်းနှင့် စာကိုထပ်ခါတလဲလဲကျက်ခြင်းတို့အပေါ်တွင်သာ အခြေခံသဖြင့် လေ့လာမှုနှင့် လက်တွေ့ဘဝအပ်စပ်မည့်ပုံမပေါ်ပါ။ ဤနည်းမှာ ညွှန်ကြားချက်ကိုဦးစားပေးသော စာသင်နည်းဖြစ်၏။

နောက်ပိုင်းတွင် ကျောင်းသားများအား မိမိတို့သင်ယူလိုက်သည့် အကြောင်းအရာများအပေါ် တွေးခေါ်စေပြီး သဘောပေါက်နားလည်စေရန် ရှေးရှုသောနည်းလမ်းများကို အသုံးပြုပြန်ပါသည်။ ကျောင်းသားများအား မိမိပတ်ဝန်းကျင်ကမ္ဘာလောကကို စူးစမ်းလေ့လာစေပြီး ၎င်းတို့၏ရှာဖွေတွေ့ရှိချက်များအား တွေးခေါ်ဆက်စပ်မှုများ ပြုလုပ်စေခြင်းဖြင့် ကိုယ်တိုင်ကိုယ်ကျနားလည်သဘောပေါက်မှုကို ဖွံ့ဖြိုးစေပါသည်။ ကျောင်းသားများမှ တက်ကြွစွာ ပါဝင်ရပါသည်။ ဤနည်းကို လေ့လာတွေ့ရှိချက်နည်းဟုခေါ်ပါသည်။

မကြာသေးခင်အချိန်က ဆရာနှင့်ကျောင်းသား အပြန်အလှန်ပူးပေါင်းသော စာသင်နည်းများ ပေါ်ပေါက်လာပါသည်။ ကျောင်းသားများသိရှိထားပြီးသော အကြောင်းအရာများအပေါ် အခြေခံ၍သင်ယူမှုကို လက်တွေ့ဘဝနှင့် ဆက်စပ်ပေးပြီး၊ ဆရာက ကျောင်းသားများ၏ အတတ်ပညာ၊ အသိပညာနှင့် နားလည်မှုစွမ်းရည်ကို ဖွံ့ဖြိုးစေရန် အထောက်အကူပြုပေးသည်။ ကျောင်းသားများက သင်ခန်းစာများ အတူတကွလုပ်ဆောင်ရပြီး၊ တက်ကြွစွာပါဝင်ရပါသည်။ ဤချဉ်းကပ်နည်းမှာမူ ဆရာနှင့်ကျောင်းသားပူးပေါင်းလုပ်ဆောင်မှုကို ဦးစားပေးသော နည်းဖြစ်ပါသည်။ ၎င်းကို အပြန်အလှန်ဆက်သွယ်မှုဖြင့် သင်ကြားသောနည်းလမ်းဟု ခေါ်ပါသည်။

## ကျွန်ုပ်၏ စာသင်ခန်းအတွင်း လေ့လာသင်ယူခြင်း

၃။ နောက်စာမျက်နှာတွင် ပေးထားသောသင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများစာရင်းကို ဖတ်ခြင်းနှင့် သင်ကျောင်းသားဖြစ်ခဲ့စဉ်က ရရှိခဲ့သောအကြောင်းအရာများအကြောင်း စဉ်းစားပါ။ သင်၏ အတွေ့အကြုံပေါ်မူတည်၍ ပေးထားသောလေ့ကျင့်ခန်းလှုပ်ရှားမှုများကို မှန်(သို့) မှား စာရင်းတွင် အမှတ်ခြစ်ပါ။

| လှုပ်ရှားမှုများ | မှန် | မှား |
|---|---|---|
| သတ်ပုံခေါ်ခြင်း - ဆရာပြောသည့်အတိုင်းရေးရန် | | |
| ဆရာ၊ ဆရာမပြောသောစကားကို နားထောင်ပါ | | |
| ကျောက်သင်ပုန်းတွင် ပေးထားသော စာများကိုကူးပါ | | |
| အချက်အလက်များကို အလွတ်ကျက်ပါ။ | | |
| ထပ်ခါတလဲလဲ ပြန်၍ရွတ်ဆိုပါ။ | | |
| ဖတ်စာအုပ်အတိုင်း မိမိကိုယ်တိုင်လုပ်ဆောင်ပါ။ | | |
| မေးခွန်းများကိုမေးပါ။ | | |
| နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက်ဆွေးနွေးပါ။ | | |
| ဆရာလမ်းညွှန်သည့်အတိုင်း အတန်းထဲတွင် ဆွေးနွေးပါ။ | | |
| ကြိုးစားပြီး အသစ်ကိုဖန်တီး လုပ်ဆောင်ပါ။ | | |
| သဘောပေါက်နားလည်လွယ်သည့် မေးခွန်းများကိုဖြေပါ။ | | |
| အဖွင့်မေးခွန်းများကို ဖြေဆိုခြင်း။ | | |
| ဆရာမှ အမှတ်ပေးခြင်း။ | | |
| ဆရာမှ ဝေဖန်အကြံပြုခြင်း။ | | |
| အကြောင်းအရာများကို ဖန်တီးပြုလုပ်ခြင်း။ | | |
| အကြောင်းအရာများကို လေ့လာရှာဖွေခြင်း။ (ဥပမာ-စာကြည့်တိုက် (သို့) အင်တာနက်) | | |
| လက်တွေ့စမ်းသပ်ချက်။ | | |
| လေ့ကျင့်ခန်းများကို အဖြေမှန်၊ အဖြေမှားဖြင့် ရေးသည်။ | | |
| မိမိစကားလုံးဖြင့် ရေးသားသည်။ (ဥပမာ- စာစီစာကုံး) | | |
| ဖြစ်စဉ်သာဓကအကြောင်းအရာကို လေ့လာခြင်း။ | | |
| သရုပ်ပြသခြင်း၊ စူးစမ်းလေ့လာခြင်း (သရုပ်ပြသည်) | | |
| စီမံကိန်း၊ အစီအစဉ်များ | | |
| သင်မည်သို့လေ့လာသင်ယူမည့် အကြောင်းကိုစဉ်းစားပါ။ | | |

၄။ အောက်တွင်ပေးထားသော ခေါင်းစဉ်များကို အဖွဲ့လိုက်စာရင်းပြုစုပါ။ လေ့ကျင့်ခန်း(၃)မှ လှုပ်ရှားမှုများကို ကော်လံထဲတွင် တစ်ခုချင်းစီထည့်ပါ။ သင်၏ဆုံးဖြတ်ချက်ကို အခန်းထဲတွင်ဆွေးနွေးပါ။

၅။ သင်ကျောင်းသားဖြစ်ခဲ့စဉ်က အခန်းထဲ၌ရရှိခဲ့သော ရမှတ်အတွေ့အကြုံများသို့ ပြန်သွားပါ။ မည်သည့်သင်ကြားပို့ချသော နည်းလမ်းသည် ပို၍အသုံးဝင်သနည်း။ ညွှန်ကြားချက်ပေးခြင်း၊ စူးစမ်းရှာဖွေခြင်း (သို့) အပြန်အလှန်ပူးပေါင်းလုပ်ဆောင်ခြင်း၊

| သင်ကြားပြသပေးခြင်း ဆရာဗဟိုပြု လှုပ်ရှားမှုများ | စူးစမ်းရှာဖွေခြင်း ကျောင်းသားဗဟိုပြု- ကျောင်းသားများ တက်ကြွစွာလုပ်ဆောင်ခြင်း | အပြန်အလှန်ပူးပေါင်းလုပ်ဆောင်ခြင်း ကျောင်းသားနှင့် အဖွဲ့လိုက်ဗဟိုပြု- ကျောင်းသားများတက်ကြွစွာလုပ်ဆာင်ခြင်း |
|---|---|---|
| | | |

အကျဉ်းချုပ်

သင်ကြားခြင်းနည်းလမ်းအားလုံးတွင် သူ့အားသာချက်နှင့်သူရှိကြပါသည်။ ယခုခေတ်စာသင်ခန်းတွင် အပြန်အလှန်ဆွေးနွေးသင်ကြားသော နည်းလမ်းကို အမျိုးမျိုးသော သင်ကြားမှုနည်းလမ်းများနှင့် လေ့လာသင်ယူသည့် နည်းလမ်းသုံးမျိုးတွင် အသုံးပြုခြင်းဖြင့် သင်ယူမှုဖြစ်စဉ်ကို စိတ်ဝင်စားအောင်၊ စိတ်ဆန္ဒထက်သန်အောင်၊ သင့်တင့်လျောက်ပတ်အောင် ပြုလုပ်ရာတွင် အထောက်အကူပြုပါသည်။

၆။ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သော နည်းလမ်းကိုလေ့ကျင့်ရန်- နည်းစဉ် စာတွဲ (က)- ဆရာ၏ ပြန်လည်ရှင်းလင်းပြောဆိုချက်ကို ဖတ်ပြီး ဆရာမှတင်ပြသော နောက်ဆက်တွဲလှုပ်ရှားမှုများ(က)ကိုလုပ်ဆောင်ပါ။

## ၃။ သင်ယူမှုပုံစံများ– မည်ကဲ့သို့သင်ယူခြင်းပုံစံက အကောင်းဆုံးဖြစ်သနည်း။

ကျွန်ုပ်တို့သည် လေ့လာဆည်းပူးခဲ့သည့်နည်းအမျိုးမျိုးနှင့် သင်ယူမှုအားချဉ်းကပ်ရန် နည်းလမ်းအမျိုးမျိုးကို လေ့လာခဲ့ပြီးဖြစ်သည်။ ဤအပိုင်းတွင် သင်ယူမှုပုံစံအမျိုးမျိုးနှင့် ၎င်းပုံစံများသည် ဆရာနှင့်ကျောင်းသားများအတွက် မည်သို့အဓိပ္ပါယ်သက်ရောက်ပုံကို လေ့လာကြမည်ဖြစ်သည်။

**၁။ အမြင်အာရုံဖြင့် လေ့လာမှုအားကောင်းသူများသည် အမြင်အာရုံမှရရှိသော သတင်းအချက်အလက်များမှတဆင့် လေ့လာသူများဖြစ်ကြပြီး အရာဝတ္ထုများမည်သို့မည်ပုံရှိသည်ကို မှတ်မိနိုင်ပါသည်။**

**၂။ အကြားအာရုံဖြင့် လေ့လာမှုအားကောင်းသူများသည် နားထောင်ခြင်းမှတဆင့် လေ့လာသူများဖြစ်ကြပြီး အသံများနှင့်စကားသံများကို မှတ်မိကြပါသည်။**

**၃။ အထိအတွေ့အာရုံဖြင့် လေ့လာမှုအားကောင်းသူများသည် အကြောင်းအရာများကို လက်တွေ့လုပ်ကိုင်ခြင်းမှတဆင့် လေ့လာသူများဖြစ်ကြပြီး လုပ်ဆောင်ချက်များနှင့် လှုပ်ရှားမှုများကို မှတ်မိကြပါသည်။**

**သင်ယူခြင်းပုံစံ၏စစ်တမ်းမေးခွန်းများ**

၁။ သင်ယူမှုနည်းလမ်းအမျိုးမျိုးနှင့်ပတ်သက်ပြီး အချက်အလက် (၁၅)ခုကို အောက်တွင်ပေးထားသည်။ အချက်အလက်တိုင်းကို လေ့လာပြီး သင်မည်မျှသဘောတူသည်ကို ဆုံးဖြတ်ပါ။
အချက်အလက်တစ်ခုခြင်းစီတွင် အမှတ်ပေးရန် ၁ မှ ၅ ထိရှိသည်။ သင့်အနေဖြင့် လုံးဝသဘောတူပါက (၅)မှတ်ပေးပါ။ သင်လုံးဝသဘောမတူပါက (၁)မှတ်ပေးပါ။ သင့်အနေဖြင့်သဘောတူသည်လည်းမဟုတ် သဘောမတူသည်လည်းမဟုတ် ဖြစ်နေပါက (၃)မှတ်ပေးပါ။

၂။ သင်၏ရမှတ်များပေါင်းရန် အဓိကအချက်ကို အသုံးပြုပါ။

| | သဘောမတူပါ | | | | သဘောတူသည် |
|---|---|---|---|---|---|
| ၁။ ကျွန်ုပ်သည် သီချင်းနားထောင်ရင်း အလုပ်လုပ်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၂။ ကျွန်ုပ်သည် တစ်စုံတစ်ယောက်ကို ကြည့်ပြီးအတုခိုးလေ့ကျင့်ပါက သင်ယူရအလွယ်ကူဆုံးဖြစ်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၃။ လက်ရေးဖြင့်အရင်ချရေးပြီးမှ စာလုံးပေါင်းမှန်အောင် ပေါင်းနိုင်သည် | ၁ | ၂ | ၃ | ၄ | ၅ |
| ၄။ ဖတ်စာအုပ်၏စာမျက်နှာများသည် မည်သည့်ပုံစံရှိသည်ကို အလွတ်မှတ်မိသည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၅။ ကျွန်ုပ်၏လုပ်ဆောင်ချက်များအပေါ် ဆရာမှမှတ်ချက် ရေးပေးသည်ကို နှစ်သက်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆။ ဖတ်စာအုပ်နှင့် မှတ်စုတိုများကိုဖတ်လျှင် သင်ယူရအလွယ်ဆုံး ဖြစ်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၇။ စကားပြောလျှင် လက်ဟန်ခြေဟန်ဖြင့် မကြာခဏပြောလေ့ရှိသည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၈။ ကျွန်ုပ်သည် အကြောင်းအရာများမှာ ပုံနှင့်တကွဆိုလျှင် ပိုသဘော ပေါက်လွယ်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၉။ ကျွန်ုပ်သည် သီချင်းစာသားများကို အလွတ်မှတ်မိသည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၀။ စာလုံးပေါင်းများပေါင်းရာတွင်လည်း ထိုစာလုံးကိုပါ မျက်စိထဲမြင်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၁။ ကျွန်ုပ်၏ လုပ်ဆောင်ချက်အကြောင်းကို ဆရာကပြောလျှင် သဘောကျသည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၂။ ကျွန်ုပ်သည်နားထောင်ပြီး မေးခွန်းမေးမှသာ သင်ယူရ အလွယ်ကူဆုံး ဖြစ်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၃။ ကျွန်ုပ်သည် အားကစားကို ကြည့်ရသည်ထက် ကိုယ်တိုင်ကစားရ ခြင်းကို ပိုမိုနှစ်သက်သည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၄။ ကျွန်ုပ်သည် လက်တွေ့ကွင်းဆင်းရသည့် လှုပ်ရှားမှုမျိုးကို နှစ်သက်ပါသည်။ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၅။ ကျွန်ုပ်သည် စာလုံးပေါင်းလျှင် စကားလုံးများကို ခေါင်းထဲ၌ ရွတ်ဆိုသည်။ | ၁ | ၂ | ၃ | ၄ | ၅ |

| အမြင်အာရုံ | | အထိအတွေ့အာရုံ | | အကြားအာရုံ | |
|---|---|---|---|---|---|
| မေးခွန်း ၄ | .......... | မေးခွန်း ၂ | .......... | မေးခွန်း ၁ | .......... |
| မေးခွန်း ၅ | .......... | မေးခွန်း ၃ | .......... | မေးခွန်း ၉ | .......... |
| မေးခွန်း ၆ | .......... | မေးခွန်း ၇ | .......... | မေးခွန်း ၁၁ | .......... |
| မေးခွန်း ၈ | .......... | မေးခွန်း ၁၃ | .......... | မေးခွန်း ၁၂ | .......... |
| မေးခွန်း ၁၀ | .......... | မေးခွန်း ၁၄ | .......... | မေးခွန်း ၁၅ | .......... |
| စုစုပေါင်း | .......... | စုစုပေါင်း | .......... | စုစုပေါင်း | .......... |

သင်သည်မည်သည့်စတိုင်ကို ပို၍နှစ်သက်သနည်း။

စုစုပေါင်းမတူညီသော အချက်သုံးချက်ရှိပါသည်။ အမြင်အာရုံ၊ အကြားအာရုံနှင့် ထိတွေ့အာရုံစသည်တို့ ဖြစ်ပါသည်။ သင်ပိုပြီးသဘောကျသည့် သင်ယူမှုနည်းလမ်းဖြင့်သာ အမှတ်အမြင့်ဆုံးရရှိအောင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။
လူအများသည် တစ်ချို့သောဘာသာရပ်များအတွက် နည်းလမ်းသုံးမျိုးစလုံးကို အသုံးပြုခြင်းဖြင့်သင်ယူသည်။ လူအများစုတွင် သင်ယူသည့်နည်းလမ်း တစ်ခု(သို့မဟုတ်) နှစ်ခုရှိခြင်းအားဖြင့် အခြားသောသူများထက် ပို၍အားသာပါသည်။

၃။ သင်ကြားသည့် နည်းစနစ်သည် လူ၏အာရုံခံစနစ်နှင့် ဆက်နွယ်သည်။ ထိုစကားလုံးများကို အာရုံခံစနစ်များဖြင့် တွဲပေးပါ။

| | |
|---|---|
| ၁။ အမြင်အာရုံ | ကြားခြင်း |
| ၂။ အကြားအာရုံ | ထိတွေ့ခြင်း |
| ၃။ အထိအတွေ့အာရုံ | မြင်ခြင်း |

၄။ မည်သည့်သင်ကြားသည့် နည်းစနစ်သည် - အမြင်အာရုံ၊ အကြားအာရုံ (သို့မဟုတ်) အထိအတွေ့အာရုံ - အများဆုံး အသုံးဝင်ရန်အတွက်

- လျှင်မြန်စွာ ဖတ်နိုင်ခြင်း
- လျှင်မြန်စွာ ရေးနိုင်ခြင်း
- တစ်ချို့သောသူများ၏ နာမည်ကိုသတိရခြင်း
- မျက်နှာကိုမှတ်မိသည် သို့သော်နာမည်ကို မသိပါ
- မှတ်သားထားသော လင်္ကာကဗျာများ၏ အသံထွက်ကို ပြန်၍မှတ်မိခြင်း။
- စကားလုံးကို ကောင်းစွာပေါင်းနိုင်ခြင်း

## အမှုအရာအားဖြင့် လေ့လာသင်ယူခြင်းနည်းလမ်း

၅။ သင်ယူသည့်နည်းလမ်း ဖော်ပြချက်များကိုဖတ်၍ ပြန်လည်သုံးသပ်ပါ။

**အမြင်အားဖြင့်လေ့လာသူ**

အမြင်အားဖြင့် လေ့လာမှုအားကောင်းသူများသည် အမြင်အာရုံမှရရှိသော သတင်းအချက်အလက်များမှတဆင့် လေ့လာသူများဖြစ်ကြပြီး အရာဝတ္ထုများ မည်သို့မည်ပုံရှိသည်ကို မှတ်မိနိုင်ပါသည်။

- ပုံစံကားချပ်များ၊ Mind-maps များ၊ တဆင့်ပြီးတဆင့်လုပ်ဆောင်သောပုံကားချပ်၊ စာရင်းဇယားများ။
- Bullet point များထိုးထားသည့် အချက်အလက်များ။
- ဆက်နွယ်မှုများကို ခြယ်မှုန်းပြသရန် အရောင်ကဒ်များ(သို့) သင်္ကေတများကို အသုံးပြုခြင်း။
- သရုပ်ပြခြင်းနှင့် ကြည့်ရှုလေ့လာခြင်း။
- ပုံစကားချပ်များနှင့် ရုပ်ပုံများအသုံးပြုထားသည့် တင်ပြချက်များအား ကြည့်ရှုခြင်း။

**အကြားအားဖြင့်လေ့လာသူ**

အကြားအားဖြင့်လေ့လာမှုအားကောင်းသူများသည် နားထောင်ခြင်းမှတဆင့် လေ့လာသူများဖြစ်ကြပြီး သံစဉ်များနှင့် အသံများကိုမှတ်မိကြပါသည်။

- ဆွေးနွေးခြင်း - မေးခွန်းများမေး၊ဖြေပြုလုပ်ခြင်း
- မိမိဘာသာပြန်လည်ညွှန်ကြားချက်ပေးခြင်း - မိမိဖတ်နေသော စကားလုံးများကိုစိတ်ထဲတွင် မိမိဘာသာကြားခြင်း။
- အဓိကအချက်များကို မိမိဘာသာ အကြိမ်ကြိမ်ရွတ်ဆိုခြင်းဖြင့် အလွတ်မှတ်မိခြင်း။
- ဆရာက သင်ခန်းစာပို့ချပြီး ကျောင်းသားမှမေးခွန်းမေးစဉ်တွင် ရှင်းပြခြင်း။
- ကျောင်းသားများက အခြားသူများ၏မေးခွန်းများကို မိမိ၏ကိုယ်ပိုင်စကားလုံးဖြင့် ပြန်လည်ရှင်းပြစေခြင်း။

**အထိအတွေ့အာရုံဖြင့်လေ့လာသူ**

အထိအတွေ့အာရုံဖြင့် လေ့လာအားကောင်းသူများသည် အကြောင်းအရာများကို လက်တွေ့လုပ်ကိုင်ခြင်းမှတဆင့် လေ့လာသူများဖြစ်ကြပြီး လုပ်ဆောင်ချက်များနှင့် လှုပ်ရှားမှုများကို မှတ်မိကြပါသည်။

- စူးစမ်းရှာဖွေခြင်း၊ စမ်းသပ်ခြင်းနှင့် အကြောင်းအရာများကို စမ်းသပ်လုပ်ကိုင် ကြည့်ခြင်း။
- သင့်အနီးတဝိုက်တွင် လုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများနှင့် လေ့ကျင့်ခန်းစာအုပ်များကို ဖြန့်ကျက်ထားခြင်း -ထသွားထလာဖြင့် လှုပ်ရှားလုပ်ကိုင်ခြင်း။
- အရာဝတ္ထုများကိုရွှေ့ပြောင်း၍ အုပ်စုခွဲခြင်း၊ စုစည်းခြင်း (ဥပမာ-မှတ်စုတိုမှတ်သည့်ကဒ်ထူပိုင်းလေးများ)
- လက်တွေ့ဘဝသင်ယူမှု (ဥပမာ-ဖြစ်စဉ်အကြောင်းအရာကိုလေ့လာခြင်း၊ ကွင်းဆင်းလေ့လာခြင်း)
- ကျောင်းသားများသည် အခြားသောကျောင်းသားများအား ရှင်းပြရာတွင် ကားချပ်များအသုံးပြု၍သော်လည်းကောင်း(သို့မဟုတ်) ပြသခြင်းအာဖြင့်သော်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။

နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက် ဤစာကြောင်းများဖြည့်စွက်ပါ။

၁။ သင်ယူလေ့လာရာတွင် လူတိုင်းမတူညီပါ။ ထို့ကြောင့် ကျောင်းသားတစ်ဦးချင်းစီ လုပ်ဆောင်ရန်
၂။ ထို့ကြောင့် ကျောင်းသားများသင်ယူရာတွင် မတူညီသည့်နည်းလမ်းများဖြင့် သင်ယူသည်။
ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်။

## VAK – သင်ကြားပို့ချခြင်းနှင့် သင်ယူလေ့လာခြင်းအတွက် မည်သို့အဓိပ္ပါယ်ဖွင့်ဆိုထားသနည်း။

- သင်တန်းသားများအနေဖြင့် သင်ခန်းစာသင်ယူရာတွင် မိမိအားသာသော သင်ယူသည့်နည်းလမ်းများကို အသုံးပြုခြင်းဖြင့် များစွာအထောက်အကူပြုမည်ဖြစ်သည်။ (ဥပမာ - ပြန်လည်စိစစ်သည့်အချိန်)
- ဆရာများအနေဖြင့် စာသင်ရာတွင် မိမိသင်တန်းသားများ အားလုံးအညီအမျှရရှိစေရန် သင်ကြားသည့် နည်းလမ်းသုံးခုစလုံးကို အသုံးပြုသင့်သည်။
- ဆရာအနေဖြင့် ကျောင်းသားများသင်ယူလေ့လာရာတွင် အားနည်းသည့်နည်းစနစ်အပိုင်းကို ဖွံ့ဖြိုးတိုးတက်ရန် ကူညီပေးရမည်။ သို့မှသာ ကျောင်းသားများ သင်ခန်းစာလေ့လာသင်ယူရာတွင် နည်းပညာများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

**ဖြစ်စဉ်အကြောင်းအရာကိုလေ့လာသင်ယူခြင်း– အမြင်အားဖြင့်လေ့လာသူ**

လှမင်း၏အဆင့်သည် အမြဲ C+ ဖြစ်ပါသည်။ သူ၏VAKရမှတ်တွင် သူ၏အားသာချက်မှာ အမြင်အားဖြင့် လေ့လာသင်ယူခြင်းဖြစ်သည်။ သူသင်ကြားနေရသော ဘာသာရပ်လေးရပ်ထဲရှိ တစ်ဘာသာကို အမြင်အားဖြင့် လေ့လာသင်ယူခြင်းနည်းလမ်းသို့ ပြောင်းလဲအသုံးပြုလေ့လာမည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။ သို့မှသာ ထိုကဲ့သို့ပြောင်းလဲလေ့လာမှုအားဖြင့် မည်သို့ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ အမြင်အားဖြင့်လေ့လာသင်ယူမှုကို အသုံးပြုထားသော ဘာသာရပ်တွင် ပထမဆုံး A ရရှိမှုအပေါ် သူအလွန်ပင် သဘောကျနှစ်ခြိုက်ခဲ့ပါသည်။ ယခုနှစ်တွင်မူ သူ၏ဘာသာရပ်အားလုံးကို နည်းပညာအသစ်ဖြင့် အသုံးပြုမည်ဖြစ်သည်။ သူ၏သင်ကြားပို့ချသောမှတ်စုစာအုပ်မှာ ပန်းချီဖိုင်တွဲနှင့် တူပါသည်။

၆။ အတန်းထဲတွင် အဖွဲ့လိုက်လေ့လာသင်ယူသည့် နည်းလမ်းတစ်ခုခြင်းစီအတွက် အသုံးဝင်သည့်လှုပ်ရှားမှု အစီအစဉ်များကို စာရင်းပြုလုပ်ပါ။တစ်ဖွဲ့ချင်းစီသည် မတူညီသော သင်ယူလေ့လာသည့် နည်းလမ်းများကို ရွေးချယ်ပါ။ မိမိကိုယ်ပိုင်အတွေးအခေါ်နှင့် သင်ခန်းစာတစ်ခန်းတွင် ပါဝင်သောသတင်းအချက်အလက်များကို အသုံးပြုပြီး ပိုစတာရေးဆွဲပါ။

၇။ သင်၏ပိုစတာကို နံရံတွင်ကပ်ထားပါ။ တစ်ခြားသောအဖွဲ့၏ ပိုစတာကိုလည်းကြည့်ပါ။ တစ်ခြားအဖွဲ့၏ ပိုစတာတွင် သတင်းအချက်အလက်များနှင့် အတွေးခေါ်များကိုပေါင်းထည့်ပါ။ အကောင်းဆုံးအတွေးအခေါ် အချက်အလက်များကို မှတ်စုပြုလုပ်ပါ။

## ၄။ တက်ကြွမှုမရှိခြင်း(သို့မဟုတ်)တက်ကြွခြင်း။ သင်ယူလေ့လာခြင်းကို ယုံကြည်သည့်အကြောင်း

တက်ကြွသောကျောင်းသားများ – သည်လေ့လာသင်ယူရာတွင် မိမိကိုယ်ကိုထိန်းချုပ်သည်။ သူတို့သည် သင်ခန်းစာနှင့်ပတ်သက်၍ နားလည်ရန်နှင့် ပိုမိုရှာဖွေလေ့လာချင်သောသူများဖြစ်သည်။ သူတို့သည် စဉ်းစားရသည့်အကြောင်းအရာများနှင့် အကြောင်းအရာတစ်ခု၏ အနှစ်သာရကို သိရှိအောင်ပြုလုပ်ရခြင်းကို နှစ်သက်သည်။ သူတို့သည် မေးခွန်းများမေးတတ်သည်။

တက်ကြွမှုမရှိသောကျောင်းသားများ – သည်လေ့လာသင်ယူရာတွင် သင်ခန်းစာ၌ စိတ်ပါဝင်စားမှုမရှိဖြစ်ပြီး မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းမရှိဘဲ စိတ်အပြင်ရောက်နေသည်ဟု ခံစားရပါသည်။ သူတို့၏ခံစားချက်မှာ ဆရာသင်ကြားမှု မည်မျှကောင်းသည့်အပေါ် မူတည်ခြင်းနှင့် ၄င်းတို့မည်မျှတော်သည့်အပေါ် မူတည်သည်။ သူတို့သည်တစ်ခါတစ်ရံ စာသင်ခန်းထဲတွင် တိတ်ဆိတ်စွာနေတတ်သည်။

၁။ အတန်းထဲရှိ ထောင့်လေးထောင့်သည် သဘောတူသည်၊ လုံးဝသဘောတူသည်၊ သဘောမတူပါနှင့် လုံးဝသဘောမတူပါစသည်တို့ကို ကိုယ်စားပြုထားပါသည်။

- ကျောင်းသားရေးထားသောအချက်အလက်ကို ဆရာကဖတ်ရမည်ဖြစ်သည်။ ထို့နောက်သဘောတူသည်၊ မတူသည်ကို ဆုံးဖြတ်ပါ။
- အခန်းထဲ၌ သင်၏ထင်မြင်ချက်ကို ကိုယ်စားပြုသော အချက်အလက်ရှိသည့်ထောင့်သို့သွားပါ။ အဘယ်ကြောင့် ဤသို့ထင်မြင်ယူဆရသည်ကိုရှင်းပြပါ။
- ကျောင်းသားများလေ့လာသင်ယူရာတွင် တက်ကြွမှုရှိသည်၊ မရှိသည်ကို စဉ်းစား၍ အဖွဲ့လိုက်ဆုံးဖြတ်ပါ။

သင်ယူလေ့လာမှုဖြစ်စဉ်တွင် အကျိုးသက်ရောက်မှု မည်မျှရှိသည်ကို ကျောင်းသားများ မည်သို့ယုံကြည်သနည်း။

သင်သည်မည်သည့် ကျောင်းသားအမျိုးအစား ဖြစ်သနည်း။

# ၅။ စူးစမ်းလေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

## လက်တွေ့အသုံးပြုရန်တာဝန်များ– စူးစမ်းလေ့လာခြင်း ၂

၁။စာသင်နေသော အတန်းထဲတွင် အတွေ့အကြုံများသောဆရာထံတွင် ၄၅မိနစ်မှ ၁နာရီအချိန်ပေး၍ လေ့လာပါ။ အတန်းထဲ၌လေ့လာနေစဉ် ဆရာ၏လုပ်ဆောင်မှုနှင့် ကျောင်းသား၏လုပ်ဆောင်မှုအားလုံးကို စာရင်းပြုစု၍ ရေးမှတ်ထားပါ။

| ဆရာ | ကျောင်းသား |
|---|---|
| - ခေါင်းစဉ်ကိုတင်ပြခြင်း<br>- ဖတ်စာအုပ်မှ လေ့ကျင့်ခန်းများပေးခြင်း။<br>- လေ့ကျင့်ခန်းမှ ဥပမာပေးပါ | - နားထောင်ပါ။<br>- အဖွဲ့ငယ်လေးဖြင့် အလုပ်လုပ်ပါ။ |

၂။ အတန်းပြီးသွားသောအခါ စာသင်ကြားပို့ချရာတွင် နည်းလမ်းများဖြစ်သော ညွှန်ကြားချက်ပေးခြင်း၊ စူးစမ်းရှာဖွေခြင်း(သို့မဟုတ်) အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများတွင် မည်သည့် ချဉ်းကပ်နည်းကို ပို၍အသုံးပြုထားသည်ကို ဆုံးဖြတ်ပါ။ ကျောင်းသားများ တက်ကြွစွာလုပ်ဆောင်ခြင်း (သို့မဟုတ်) တက်ကြွမှုမရှိဘဲ လုပ်ဆောင်နေပါသလား။ အတန်းထဲတွင် သင်၏ထင်မြင်ယူဆချက်ကို ထောက်ပံ့ပေးမည့် ဥပမာတစ်ချို့ကိုစဉ်းစားပါ။

သင်၏စူးစမ်းလေ့လာခြင်းကို ဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်း

၁။ ဤသင်ခန်းစာ၌ လေ့လာသင်ယူသည့် နည်းစနစ်များအားလုံးကို ကျွန်ုပ်တို့အသုံးပြုထားပါသလား။ တစ်ခုချင်းစီတွင် ဥပမာပေးပါ။

၁။ အမြင်အာရုံ ၂။ အကြားအာရုံ ၃။ အထိအတွေ့အာရုံ

၂။ ဤသင်ခန်းစာ၌ သင်ကြားပို့ချရာတွင် ချဉ်းကပ်နည်းအားလုံးကို ကျွန်ုပ်တို့အသုံးပြုထားပါသလား။ တစ်ခုချင်းစီတွင် ဥပမာပေးပါ။

၁။ ညွှန်ကြားချက်ပေးခြင်း ၂။ စူးစမ်းရှာဖွေခြင်း ၃။ အပြန်အလှန်ပူးပေါင်းလုပ်ဆောင်ခြင်း

**အကျဉ်းချုပ်– ကျွန်ုပ်တို့မည်သို့လေ့လာသနည်း**

- ကျွန်ုပ်တို့သည် နည်းလမ်းပေါင်းမြောက်များစွာဖြင့် လေ့လာသင်ယူပါသည်။
- သင်ကြားမှုနည်းလမ်းတစ်ခုတည်းသည် အရာအားလုံးကို လေ့လာသင်ယူရန် ကိုက်ညီမှုမရှိနိုင်ပါ။
- အချို့သောသင်ကြားမှုနည်းလမ်းများသည် စွမ်းရည်အချို့အတွက်ကိုက်ညီမှုရှိပါသည်။
- လူတိုင်းတွင် ဦးစားပေးမှုနှင့် သင်ယူလေ့လာသည့် နည်းလမ်းများမှာ မတူညီဘဲ ကွဲပြားမှုရှိကြပါသည်။
- နားလည်ခြင်းသည် လူတိုင်းအတွက် သင်ယူလေ့လာရာတွင် မိမိဘဝ၏အခြေအနေ၊ အတွေ့အကြုံနှင့် ရရှိသောဗဟုသုတအပေါ် မူတည်၍ ချိတ်ဆက်နေသည်။
- နားလည်ခြင်းသည် သင်မည်သည့်အရာကို လေ့လာသင်ယူသည့် အကြောင်းစဉ်းစားရခြင်းမှ လာခြင်းဖြစ်သည်။
- သင်ခန်းစာကိုလေ့လာသင်ယူရာ၌ လေ့ကျင့်ခြင်းသည် သင်၏အရည်အချင်းကို တိုးတက်အောင် ကူညီပေးခြင်းဖြစ်သည်။
- အပြန်အလှန်ပူးပေါင်းလုပ်ဆောင်ခြင်း ချဉ်းကပ်နည်းကို သင်ကြားရေး၌အသုံးပြုခြင်းသည် ရှေ့ကရှိနှင့်ပြီးသော ချဉ်းကပ်နည်းများနေရာ၌ အစားထိုးမည်မဟုတ်ဘဲ ချဉ်းကပ်နည်းတစ်ခုချင်းစီအတွက် အသုံးဝင်သောရှုထောင့်မှ ထည့်သွင်းပေးမည်သာဖြစ်ပါသည်။
- ဆရာသည် အရည်အသွေးပြည့်မီသော သင်ခန်းစာကိုပို့ချနိုင်ရန် ဤအကြောင်းအရာအားလုံးနှင့် အတူတကွလုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၆။ အကဲဖြတ်စစ်ဆေးခြင်းတာဝန်များ

**အောက်တွင်ဖော်ပြထားသော မေးခွန်းများဖြေကြားရာတွင် အချက်အလက်များအား အကျဉ်းချုံး၍ ဥပမာနှင့်တကွ ဖြေကြားပါ။**

၁။ ကျွန်ုပ်တို့သည် မတူညီသောနည်းလမ်းများဖြင့် လေ့လာသင်ယူကြပါသည်။ ကျွန်ုပ်တို့လေ့လာသင်ယူသော နည်းလမ်း (၃)မျိုး၏ အမည်ကိုဖော်ပြပါ။

၂။ သင်ခန်းစာအားလုံးသင်ယူရန်သင့်လျော်သည့် နည်းလမ်းတစ်ခုတည်းမရှိပါ။ သင်ကိုယ်တိုင် သင်ကြားမည့် ဘာသာရပ်တွင် လေ့လာသင်ယူရာ၌ အသုံးဝင်သောနည်းလမ်း ၂ ခုကို နာမည်နှင့်တကွဖော်ပြပါ။


၃။ အချို့သောလေ့လာသင်ယူသည့်နည်းလမ်းများသည် အချို့သောကျွမ်းကျင်မှု အမျိုးအစားများထက် ပိုမိုသင့်တော်ကောင်းမွန်ပါသည်။ ဘာသာရပ်ကို လက်တွေ့လေ့လာသင်ယူရာတွင် မည်သည့်နည်းလမ်းက အကောင်းဆုံးဖြစ်သနည်း။

၄။ လူတစ်ဦးနှင့်တစ်ဦးတွင် မတူညီသောသင်ယူမှုပုံစံနှင့် ရွေးချယ်မှုများရှိပါသည်။ ဆရာတစ်ယောက်အနေဖြင့် သူသိရှိသောသင်ကြားမှုပုံစံအသိပညာကို သင်ယူမှုတွင်အထောက်အကူပြုရန် မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။

၅။ နားလည်ခြင်းသည် လူတို့၏ကိုယ်ပိုင်ဘဝအခြေအနေ၊ အတွေ့အကြုံနှင့် ဗဟုသုတရှိသည့်အပေါ်၌ ချိတ်ဆက်မှုရှိသည်။ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့မည်သို့လုပ်ဆောင်သနည်း။

၆။ နားလည်ခြင်းသည် သင်မည်သည့်အရာကို လေ့လာသင်ယူခဲ့သည်အကြောင်း စဉ်းစားခြင်းမှလာခြင်းဖြစ်သည်။ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့ မည်သို့လုပ်ဆောင်သနည်း။

၇။ သင်ခန်းစာကိုလေ့လာသင်ယူရာ၌ လေ့ကျင့်ခြင်းသည် သင်၏အရည်အချင်းတိုးတက်အောင် ကူညီပေးသည်။ သင်၏ဘဝအတွေ့အကြုံဖြင့် ဥပမာပေးခြင်း (သို့မဟုတ်) သင်၏အရည်အသွေးဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပေးသောကျောင်းမှ ဥပမာပေးခြင်းတို့ဖြစ်ပါသည်။



**ထပ်မံရှာဖွေလေ့လာသင့်သည့်အရာများ**

သင်ယူလေ့လာခြင်းနှင့်ပတ်သက်သည့် သီအိုရီအကြောင်းကို ပိုမိုရှာဖွေပါ။

၁။ ဖတ်စာအုပ်၏နောက်တွင် ထပ်ဆောင်းပေးထားသောစာအား ဖတ်ပါ။ အခြားသောလေ့လာသင်ယူသည့် နည်းစနစ်ကိုကြည့်ပါ။ VAK ပုံစံနည်းစနစ်ကို ချဲ့ထားသည့်အပြင် လေ့လာသင်ယူသည့် နည်းစနစ်ပုံစံများစွာ ရှိပါသည်။

၂။ သင့်၌အင်တာနက်သုံးရန်ရှိပါက

၁) အွန်လိုင်းပေါ်တွင် VAK ပုံစံနှင့်တူညီသော စစ်တမ်းမေးခွန်းလွှာများကို ကြိုးစားပြီးဖြေပါ။
**http://www.vark-learn.com/english/page.asp?p=questionnaire**

၂) သင်ယူလေ့လာသည့် နည်းစနစ်မဟာဗျူဟာအတွက် အထောက်အကူပေးမည့်စာရွက်များအား ရှာဖွေလေ့လာပါ။ **http://www.vark-learn.com/english/page.asp?p=helpsheets**

# သင်ခန်းစာ (၃)

## စာသင်ခန်းတွင်း တန်းတူညီမျှမှု

| ဤသင်ခန်းစာအပြီးတွင် သင်သည် | တန်းတူညီမျှမှု၏ အဓိကသဘောတရားများနှင့်အတူ ၄င်းတို့သည်သင်ကြားခြင်းနှင့် သင်ယူခြင်းကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိနိုင်မည်ကို ရှင်းပြနိုင်ပါမည်။ သင်ယူမှုကို အဓိကလှုံ့ဆော်ပေးသည့်အရာများကို ခွဲခြားဖော်ထုတ်နိုင်ပြီး မိမိ၏ သင်ကြားပို့ချမှုတွင် မည်ကဲ့သို့ အသုံးချမည်ကို ရှင်းပြနိုင်ပါမည်။ |
|---|---|

## ၁။ ပညာရေးနယ်ပယ်တွင် တန်းတူညီမျှခြင်းဆိုသည်မှာ အဘယ်နည်း။

သင်ကြားမှုနှင့်သင်ယူမှုတွင် တန်းတူညီမျှခြင်း၏ သဘောသဘာဝမှာ မည်သည့်ကျောင်းသားမှ အခွင့်အရေး ဆုံးရှုံးမှုမရှိစေဘဲ အခြားကျောင်းသားများနည်းတူရရှိရန်ဖြစ်သည်။ စစ်ပွဲများ၊ ရွှေ့ပြောင်းခံရခြင်း၊ ဆင်းရဲနွမ်းပါးမှု၊ ခန္ဓာကိုယ် (သို့) သင်ကြားနိုင်စွမ်းချို့ယွင်းနေခြင်းနှင့် အခြားအကြောင်းများကြောင့် ကမ္ဘာပေါ်တွင် လူသားတို့၏ အခွင့်အရေးဆုံးရှုံးမှုများ ရှိနေပါသည်။

ဆရာတစ်ယောက်အနေနှင့် လူတိုင်း၌ဖြစ်ပေါ်တတ်သော အကြောင်းအရာကိစ္စများအပေါ် ပြောင်းလဲနိုင်စွမ်း မရှိပါ။ သို့သော်ကျွန်ုပ်တို့သည် မိမိ၏စာသင်ခန်းအတွင်းတွင် ကျောင်းသားအားလုံးကို တန်းတူညီမျှစွာ ဆက်ဆံသင်ကြားနိုင်စွမ်းရှိပါသည်။ မိမိတို့ကျောင်းတွင် ကျောင်းစည်းကမ်းများနှင့်ပတ်သက်ပြီး လူတိုင်းအတွက် တရားမျှတမှုကို ပေးစွမ်းနိုင်ရန် တန်းတူအခွင့်အရေးရရှိရေးကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်ပါသည်။

### တန်းတူညီမျှခြင်းနှင့် လိုအပ်ချက်များ

၁။ ဤတွင်ကျောင်းသားခြောက်တွဲ ရှိပါသည်။ တစ်တွဲချင်းစီရှိ ကျောင်းသားများသည် မတူညီကြပါ။ အဖွဲ့တွင် ဆွေးနွေးပါ။

- တစ်တွဲချင်းစီရှိ လူများကိုမျှတစွာဆက်ဆံလိုပါက ၄င်းတို့အားတန်းတူဆက်ဆံခြင်း (သို့) ကွဲပြားစွာ ဆက်ဆံခြင်းနှင့် မည်ကဲ့သို့ ဆက်ဆံမည့်အကြောင်း စဉ်းစားပါ။
- ဆရာတစ်ဦးအနေဖြင့် ဘာသာရပ်၊ ခေါင်းစဉ်၊ မာတိကာ၊ သင်ထောက်ကူပစ္စည်းများ ပြောင်းလဲရန် လိုအပ်ပါသလား။
- ဆရာတစ်ဦးအနေဖြင့် သင်ကြားမှု နည်းဗျူဟာများကို ပြောင်းလဲရန် လိုအပ်ပါသလား။
- ဆရာတစ်ဦးအနေဖြင့်ပြုမူရာတွင် တစ်ခုတည်း (သို့) အခြားသောအပြုအမူများကို ပြုလုပ်ရန် လိုအပ်ပါသလား။

၁။ မိန်းကလေး ၊ ယောကျာ်းလေး
၂။ အမြင်အားဖြင့်လေ့လာသူ၊ အကြားအာရုံအားဖြင့်လေ့လာသူ
၃။ လျင်မြန်စွာလေ့လာနိုင်သူ၊ နှေးကွေးစွာလေ့လာနိုင်သူ
၄။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ
၅။ မိဘမဲ့ ၊ မိဘရှိ
၆။ ကောင်းစွာမမြင်နိုင်ခြင်း၊ ကောင်းစွာမြင်ခြင်း

၂။ အတန်းထဲတွင် မျှတခြင်းဆိုသည်မှာ ကျောင်းသားများအားလုံးကို မျှတလုပ်ဆောင်ပေးခြင်းကို ဆိုလိုပါသည်။ လူတိုင်းအပေါ် မျှတခြင်းဟုဆိုရာ၌ လူအားလုံးကို တိကျသောနည်းလမ်းတစ်ခုထဲဖြင့် အမြဲဆက်ဆံရမည်ဟု မဆိုလိုပါ။ အကယ်၍ကျောင်းသားများ၏ လိုအပ်ချက်သည် တူညီမှုမရှိပါက ဆရာအနေဖြင့် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်အား မည်သို့ကူညီရမည်အကြောင်း စဉ်းစားရန်လိုပါသည်။ မျှတစွာစာသင်ကြားပို့ချခြင်းနှင့် သင်ယူလေ့လာခြင်းတို့အကြောင်း လုပ်ဆောင်ရန်စဉ်းစားရာတွင် အချို့သောအဓိကစကားလုံးများကို ပေးထားပါသည်။ အဖွဲ့ထဲတွင် စာရွက်အပိုင်းအားအသုံးပြုပြီး စကားလုံးအဓိပ္ပာယ်နှင့် ဥပမာစာကြောင်းတွဲပေးပါ။

| | အဓိပ္ပါယ် | ဥပမာ |
|---|---|---|
| ခံစားပိုင်ခွင့် | | |
| တန်းတူညီမျှခြင်း | | |
| အမျိုးအစား | | |
| ပါဝင်ခြင်း | | |
| ပိုင်းခြားသိမြင်ခြင်း | | |

၃။ သင်သည်အစီစဉ်တကျ ပြုလုပ်ထားသောကဒ်များကို သဘောတူပါက ဥပမာများသည် သင်၏ကျောင်း (သို့) သင်၏အဖွဲ့ အစည်းပေါ်တွင် မည်သို့ဖြစ်ပေါ်စေသည်ကို ဆွေးနွေးပါ။ ရရှိလာသောရလဒ်များကို ပြန်လည်အစီရင်ခံတင်ပြပါ။ သင်ကိုယ်တိုင်စကားလုံးအဓိပ္ပါယ်နှင့် ဥပမာများကို မှတ်တမ်းတင်သိမ်းဆည်းထားခြင်းနှင့် ဥပမာများကို သင်ရိုးတလျှောက် ပေါင်းထည့်ခြင်းဖြင့် အသစ်တစ်ခုကို စဉ်းစားပါ။

## ၂။ ဖြစ်စဉ်အကြောင်းအရာကို နမူနာယူလေ့လာခြင်း – ပါဝင်သည့်အချက်

၁။ အောက်တွင်ပေးထားသော မြန်မာပုံပြင်များကို ကျောင်းသားများနှင့် ဆရာသည် နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက်ဖတ်ပါ။ ပုံပြင်တစ်ခုကိုရွေးချယ်၍ ဆွေးနွေးပါ။

၁) ကျောင်းသားနှင့် ဆရာအတွက် မျှတမှုရှိစေရန် လုပ်ဆောင်ချက်များထည့်သွင်းရာ၌ မြင့်တက်အောင်လုပ်ဆောင်သည့် အခြေအနေမှာအဘယ်နည်း။

၂) ဆရာတစ်ဦးအနေဖြင့် အခြေအနေတိုးတက်စေရန် မည်သို့လုပ်ဆောင်မည်နည်း။

၂။ အောက်တွင်ပေးထားသော နည်းဗျူဟာတစ်ခုကို အသုံးပြုပြီး ပြန်လည်အစီရင်ခံပါ။

၁) လှုပ်ရှားဆောင်ရွက်ခြင်း။ ဆရာနှင့်ကျောင်းသားအကြား ဖြစ်စဉ်အကြောင်းအရာကို နမူနာယူလေ့လာရာ၌ နှစ်ဦးနှစ်ဖက်တွေးခေါ်မှုများ တိုးတက်လာစေရန် အဖွဲ့လိုက်လှုပ်ရှားဆောင်ရွက်မှုကို အသုံးပြု၍ဖော်ပြရန်ဖြစ်သည်။

၂) သင်၏ဖြစ်စဉ်အကြောင်းအရာအကျဉ်းချုပ်ကို အတန်းထဲ၌တင်ဆက်ပါ။

**က။ ကျောင်းသား**

ကျွန်မသည် ညီမအငယ်(၂) ယောက်ကို စောင့်ရှောက်ရပါသည်။ တစ်ယောက်မှာ မသန်စွမ်းဖြစ်သောကြောင့် သူ့အား များစွာကူညီပေးရန် လိုအပ်ပါသည်။ ထို့ကြောင့်ကျွန်မသည် အိမ်စာကိုပြီးအောင်အမြဲမလုပ်နိုင်ခဲ့ပါ။ ဆရာမကလည်းကျမကိုအကူအညီ မပေးပါ။

**ခ။ ကျောင်းသား**

ကျနော်သည် အတန်းထဲတွင် အရမ်းပျင်းပါသည်။ ဆရာမသည် စာသင်ရာတွင် အရမ်းနှေးပြီး ကျွန်တော့်အာ အဖြေတစ်ခါမျှမပြောခိုင်းပါ။ သူသည်စာမရသော ကျောင်းသားများကိုသာ အမြဲ မေးပြီး၊ သူတို့အဖြေမသိရှိပါက သူတို့အား အရှက်ရစေပါသည်။

**ဂ။ ဆရာ**

ကျောင်းသားများသည် တက်ကြွစွာလုပ်ကိုင်လိုစိတ် မရှိပါ။ ထို့ပြင်သူတို့၏အနာဂတ်အရေးကိုလည်း မမြင်နိုင်ကျပါ။ ကျောင်းသို့လာတက်သော်လည်း သင်ခန်းစာကိုမူ အနည်းငယ်သာစိတ်ဝင်စားမှု ရှိပါသည်။ သူတို့သည် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကိုသာ စိတ်ဝင်စားပါသည်။

**ဃ။ ဆရာ**

တစ်ချို့သောကျောင်းသားများသည် မြန်မာစကား နားမလည်ပါ။ အထူးသဖြင့် တိုင်းရင်းသားကျေးရွာဒေသများတွင် ကြီးပြင်းလာသောသူများဖြစ်သည်။ ထို့ကြောင့် ဆရာမှ သင်ခန်းစာများကို အကြိမ်ကြိမ် ပြန်၍ရှင်းပြရပါမည်။ ကျောင်းသားများ အနေဖြင့်လည်း ဆရာပြောသော အရာများကို နားထောင်ပြီး ပို၍ကြိုးစားရန် လိုအပ်ပါသည်။

၅။ ကျောင်းသား
ကျွန်ုပ်သည် ကျောင်းသားသစ် ဖြစ်ပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်စကားနားမလည်သောကြောင့် ဆရာ၏အပြစ်ပေးခြင်းကို ခံရပါသည်။ ကျွန်ုပ်သည် မြန်မာစကားပြောသောကြောင့် ဆရာမှ ကျောင်းကို ၅ ပတ်ပတ်ပြေးခိုင်းပါသည်။

၆။ ကျောင်းသား
ကျွန်ုပ်၏မိဘများသည် ကျောင်းဝတ်စုံဖိုး မတတ်နိုင်သောကြောင့် စိတ်ပူနေကြပါသည်။ ကျွန်ုပ်တွင် ကျောင်းဝတ်စုံတစ်စုံသာရှိပါသည်။ ကျွန်ုပ်တို့သည် မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို မသိပါ။

၇။ ကျောင်းသား
အတန်းထဲတွင် ကျွန်ုပ်တစ်ဦးတည်းသာ မွတ်စလင်ကျောင်းသားဖြစ်ပါသည်။ကျွန်ုပ်လည်းထိုကျောင်းသို့ သွားရောက်တက်ချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းကောင်းသောကြောင့်ဖြစ်ပါသည်။ သို့သော်ကျွန်ုပ်သည် အပြင်လူအဖြစ်ခံစားရပါသည်။

ဆရာသည်အတန်းထဲရှိ ကျောင်းသားတစ်ဦးချင်းစီ၏
လိုအပ်ချက်ကို စဉ်းစားပြီး
ဖန်တီးပေးရမည်ပါမည်

# ၃။ ကျောင်းသားတိုင်းကိုလှုံ့ဆော်အားပေးခြင်း

**အဓိကစကားလုံးများ**

**Entitlement** (n): ခံစားပိုင်ခွင့်
**Equality** (n): တူညီခြင်း
**Diversity** (n): မတူကွဲပြားမှု
**Inclusion** (n): ထည့်သွင်းခြင်း၊ ပါဝင်ခြင်း
**Differentiation** (v): (နှစ်ခု သို့မဟုတ် အရာများ သို့မဟုတ် လူ) တို့အကြား မတူညီမှုများကို ရှာဖွေတွေ့ရှိသည်
**Motivation** (n): တစ်စုံတစ်ခုအား ပြုလုပ်လိုသည့် စိတ်ဆန္ဒ
**Motivate** (v): တစ်စုံတစ်ခုအား ပြုလုပ်လိုသည့် စိတ်ဆန္ဒကို လှုံ့ဆော်အားပေးခြင်
**De-motivate** (v): တစ်စုံတစ်ခုအား ပြုလုပ်လိုသည့် စိတ်ဆန္ဒကို အားမပေးခြင်း
**Motivator** (n): တစ်စုံတစ်ခုအား ပြုလုပ်လိုသည့် စိတ်ဆန္ဒကို လှုံ့ဆော်ပေးသော အရင်းအမြစ်

သင်ယူမှုလမ်းကြောင်း ဖြောင့်ဖြူးနိုင်စေရန်အတွက် ကျောင်းသားများ၏ စိတ်ဆန္ဒကိုလှုံ့ဆော်အားပေးရန် လိုအပ်ပါသည်။ လေ့ကျင့်မှုသည် သင်ယူလေ့လာရာတွင်အရေးကြီးကြောင်း သင်ခန်းစာ(၂)တွင် ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ကျောင်းသားများ၏ စိတ်ဆန္ဒကိုလှုံ့ဆော်အားပေးမှုမရှိလျှင် သူတို့၏အတတ်ပညာများကို တည်ဆောက်ရန်လိုအပ်သည့် လက်တွေ့လေ့ကျင့်မှုအားလုံးကို လုပ်ကိုင်ချင်စိတ်ရှိချင်မှ ရှိပေတော့မည်။ အချို့ကျောင်းသားများက သင်ယူလိုစိတ်ထက်သန်ပြီး အချို့မှာစိတ်ဝင်စားမှုလျော့နည်းနေခြင်းသည် အဘယ်ကြောင့်နည်း။ ဆရာမှ ကျောင်းသားသင်ယူလိုစိတ်ရှိလာအောင် အားပေးကူညီရန် မည်သည့်အရာများ လုပ်ဆောင်သနည်း။ ကျွန်ုပ်တို့၏ကျောင်းသားအားလုံး အောင်မြင်မှုဆီသို့ လျှောက်လှမ်းရာတွင် တူညီမျှတသောအခွင့်အရေးရှိစေရန် အလို့ငှာ ကျွန်ုပ်တို့က သူတို့အားလုံးကို စိတ်ဆန္ဒပြင်းပြစေလိုပါသည်။

## သင်ယူလေ့လာခြင်း အကြောင်းအရင်းများ

၁။ ကျောင်းသားများသည် အဘယ်ကြောင့်လေ့လာသင်ယူချင်သည့် အကြောင်းပြချက်များကို အောက်တွင် ဖော်ပြထားပါသည်။ အောက်တွင်ပေးထားသော အကြောင်းအရာများကို သင်၏စိတ်ခံစားမှုအပေါ် မူတည်၍ ၁ မှ ၉ အထိ အစဉ်လိုက်ရွေးချယ်၍ စီထည့်ပါ။

. . . . . အဘယ်ကြောင့်ဆိုသော် အနာဂတ်တွင် ကျွန်ုပ်အတွက်အသုံးဝင်မည်ဖြစ်သည်။
. . . . . အဘယ်ကြောင့်ဆိုသော် သင်ခန်းစာခေါင်းစဉ်၊ ဘာသာရပ်များကို ကျွန်ုပ်စိတ်ဝင်စားသည်။
. . . . . အဘယ်ကြောင့်ဆိုသော် သင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများသည် ပျော်ရွှင်စရာကောင်းသည်။
. . . . . အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်လေ့လာသင်ယူခြင်းမရှိပါက ဒုက္ခနှင့်ရင်ဆိုင်ရမည် ဖြစ်သည်။
. . . . . ဆရာ၊ ဆရာမထံမှ ထောက်ခံချက်လိုချင်သောကြောင့် ဖြစ်သည်။
. . . . . အတန်းဖော်များထံမှ ထောက်ခံချက် လိုချင်သောကြောင့်ဖြစ်သည်။
. . . . . စာမေးပွဲရလဒ်ကောင်းရချင်သောကြောင့်ဖြစ်သည်။
. . . . . မိဘများထံမှ ထောက်ခံချက်လိုချင်သောကြောင့်ဖြစ်သည်။
. . . . . အဘယ်ကြောင့်ဆိုသော် အတန်းထဲတွင် အောင်မြင်မှုရရှိသောအခါ ကျွန်ုပ်သည် ပျော်ရွှင်မှုကို ခံစားရသောကြောင့် ဖြစ်သည်။

၂။ နှစ်ယောက်တစ်တွဲ ဆွေးနွေး၍ သင်၏အဖြေတွင် မည်သည့်အပိုင်းက တူညီသည်၊ မတူသည်ကို ကြည့်ပါ။ ပြီးလျှင်အတန်းထဲ၌ ပြန်၍တင်ဆက်ပါ။ ရရှိလာသောအဖြေများသည် သင်၏အတွေ့အကြုံပေါ် မူတည်သောကြောင့် အဖြေများကို မှန်သည် (သို့မဟုတ်)မှားသည်ဟုမဆိုနိုင်ပါ။ ယေဘုယျအားဖြင့် သုတေသန ရှာဖွေတွေ့ရှိချက်အရ ကျောင်းသားများကို လှုပ်ရှားလှုံ့ဆော်ရာတွင် အချက်နှစ်ချက်သည် အခြားသောလှုပ်ရှား လှုံ့ဆော်မှုထက်ပို၍သာသည်။ ၎င်းမှာ အောင်မြင်မှုရရှိသည်ဟုခံစားရခြင်းနှင့် သင်ခန်းစာထဲတွင် စိတ်ပါဝင်စားခြင်းတို့ဖြစ်ပါသည်။

## အောင်မြင်သော တွန်းအားပေးလှုံ့ဆော်မှု

ဤတွင်ကျောင်းသားနှစ်ယောက်သည် အတူတကွစတင်လုပ်ဆောင်ကြသည်။ ကျောင်းသား (က)တွင် အောင်မြင်မှုစက်ဝန်းရှိခြင်းသည် ဆရာ၊ဆရာမ၏ ချီးကျူးမှုနှင့် သူ၊သူမသည် တော်သောကျောင်းသား ဖြစ်သည်ဟု ထင်မြင်သောကြောင့်ဖြစ်ပါသည်။
ကျောင်းသား (က) သည်သူ၏အောင်မြင်မှုအပေါ် တက်ကြွမှုဖြစ်နေသည်။ ကျောင်းသား (ခ)တွင် ရှုံးနိမ့်သောစက်ဝန်းရှိရခြင်းမှာလည်း ဆရာမ၏ ချီးမွမ်းမှုအားနည်းခြင်းနှင့် ညံ့သောကျောင်းသားဟု ထင်မြင်ယူဆမှုကြောင့် ဖြစ်ပါသည်။ ကျောင်းသား(ခ)သည်သူ၏ ကျရှုံးမှုကြောင့် စိတ်ဓာတ်တက်ကြွခြင်း မရှိတော့ပါ။

ကျောင်းသား (က)

အတန်းထဲတွင်လုပ်ဆောင်ရန်တာဝန်များကို ဆရာမှပြသထားပါသည်။
ကျောင်းသား (က) သည်အမှတ်ကောင်းကောင်း ရပါသည်။
ဆရာမသည် ကျောင်းသားကို ချီးမွမ်းပါသည်
ကျောင်းသားသည် မိမိကိုယ်မိမိခံစားမှု ကောင်းပါသည်။
ကျောင်းသားသည် မိမိ၏အမှတ်ကောင်းအောင် ဆက်၍ကြိုးစားပါသည်။
ကျောင်းသားကတော်သည်ဟု ဆရာမကထင်သည်။
ကျောင်းသားက ကွန်ပ်ဒီအရာကို နှစ်သက်သည်၊ နားလည်သည်။
ကျောင်းသားသည် တက်ကြွစွာပါဝင်ခြင်းနှင့် ကြိုးစားသည်။

ကျောင်းသား (ခ)

အတန်းထဲရှိ လုပ်ဆောင်ရန်တာဝန်များကို ဆရာမှပြသထားပါသည်။
ကျောင်းသား (ခ) သည် ရမှတ်နည်းပါသည်။
ဆရာက ကျောင်းသား၏ လုပ်ဆောင်ချက်မှာ သိပ်၍မကောင်းကြောင်း ပြောပါသည်။
ကျောင်းသားသည် မိမိကိုယ်ကို မိမိခံစားမှု မကောင်းပါ။
ကျောင်းသား၏ အမှတ်မှာတက်မလာဘဲ ဆက်၍နည်းနေပါသည်။
ကျောင်းသားကညံ့သည်ဟု ဆရာကထင်သည်။
ကျောင်းသားက သင်ခန်းစာကို ငါဘယ်တော့မှ နားလည်မှာမဟုတ်ဘူးဟုထင်သည်။
ကျောင်းသားက တက်ကြွမှုမရှိခြင်းနှင့် ဆက်၍မကြိုးစားတော့ပါ။

၃။ ဆရာသည်ကျောင်းသား (ခ)အားအောင်မြင်မှုရရှိစေရန်နှင့် တက်ကြွစွာပါဝင်လှုပ်ရှားမှု တိုးတက်လာစေရန် မည်သို့ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်နည်း။ ဆရာသည် ကျောင်းသား၏ကျရှုံးမှုစက်ဝန်းကို ချိုးဖျက်၍ အောင်မြင်မှုရရှိအောင်ကူညီပေးနိုင်သည်။

| | |
|---|---|
| ခြေလှမ်းငယ် | -ကြီးမားသောလုပ်ငန်းတာဝန်ကိုခွဲ၍ ခြေလှမ်းငယ်လေးဖြင့် အစပြုသောကြောင့် ကျောင်းသားအများစုသည် အောင်မြင်မှုတစ်စုံတစ်ခုကို ရရှိနိုင်သည်။ ဤဥပမာသည် ခြားနားမှုကို ပြသခြင်းဖြစ်သည်။ |
| စောလျင်စွာဝေဖန်အကြံပြုချက်- | ကျောင်းသားများ၏ လုပ်ဆောင်မှုကို အခန်းတွင်း လှည့်လည်ကြည့်ရှုပါ။ ပထမဦးဆုံးအနေဖြင့် အတန်းထဲတွင် ကျောင်းသားများသည် စာလေ့လာရာ၌ ဖြည်းဖြည်းချင်းသာလုပ်ဆောင်နိုင်သော ကျောင်းသားများ၏ လုပ်ဆောင်မှုအားကြည့်၍ ဆရာ၏ သင်ခန်းစာပေါ်ထင်မြင်ချက်ကိုပေးပါ။ |
| ပိုမိုကူညီခြင်း | - အားနည်းသောကျောင်းသားများကို အဖွဲ့ဖွဲ့၍ သူတို့ကိုပိုမိုကူညီပါ။ |
| ချီးမွမ်းခြင်း | - ကောင်းသောအရာကို ချီးမွမ်းပါ။ အသေးစိတ်အနေဖြင့် - လုံ့လ၊ စနစ်ကျသော၊ အတွေးအခေါ်ကောင်းသော၊ တိကျမှန်ကန်သော၊ လျင်မြန်ခြင်း (etc.) |
| အကြံပြုခြင်း | - နောက်ထပ်ပြုလုပ်မည့် ခြေလှမ်းများကိုအသေးစိတ် အကြံပြုချက်များ ပေးခြင်းဖြင့်ကျောင်းသားများအတွက် ရည်မှန်းချက် တစ်စုံတစ်ခုကို ထားရှိနိုင်မည် ဖြစ်သည်။ |
| ရလဒ် | - ဆရာကကျောင်းသားများသည် အနည်းငယ်သာလုပ်ဆောင်၍ အကူအညီများစွာ လိုအပ်သည်ဟုထင်သည်။ ကျောင်းသားက ကျွန်ုပ်ဤသင်ခန်းစာကို လုပ်ဆောင်နိုင်ခြင်းနှင့် ဆက်လက်ကြိုးစားမည်ဟုထင်သည်။ |

ယခုစာမျက်နှာ၌ ရှိသောဖြစ်စဉ်အကြောင်းအရာ (case study) ကိုကြည့်ပါ။ ပြီးနောက် ဆရာ၊ဆရာမမှ ကျောင်းသားအား အောင်မြင်အောင်ကူညီနိုင်မည့် နည်းလမ်းများကို စဉ်းစားပါ။

၁) အဖွဲ့လိုက်ဆွေးနွေးပါ။ နံရံကပ်ပိုစတာ၊ ဇယားကွက်၊ ကာတွန်း (သို့) ပြောင်းလဲမှုကို ပြသရန်ရေးဆွဲထားသော အရာများတို့ကိုပြုလုပ်ရပါမည်။

၂) သင်၏နံရံကပ်ပိုစတာ၊ ဇယားကွက်၊ ကာတွန်း၊ အတန်းထဲ၌ ရေးဆွဲခြင်းတို့ကို ပြသရန်နှင့် ပြောင်းလဲမှုများကို ရှင်းပြပါ။

၃) လက်တွေ့ကျသော ပြန်လည်သုံးသပ်နိုင်သည့် စာရင်းကို ပြုလုပ်ပြီး ထိုတစ်ချက်ချင်းစီမှ သင်အမြဲလုပ်ဆောင်ရမည့်အရာများကို ကောင်းစွာလေ့ကျင့်မှုပြုလုပ်ရန်နှင့် သင့်ကို သတိပေးရန် အချက်တိုင်းတွင် စကားလုံးတစ်လုံး (သို့) နှစ်လုံးကို အသုံးပြုရန်နှင့် သင်စာသင်ကြားချိန်နှင့် အစီအစဉ်ရေးဆွဲချိန်တွင် ပြန်လည်အသုံးပြုရန်သတိရပါ။

မှတ်သားရန်

ထက်မြက်သောကျောင်းသားများနှင့် ညံ့သောကျောင်းသားများသည် သင်ခန်းစာကိုလေ့လာသင်ယူရာ၌ မအားမလပ်သည်အထိ လုပ်ဆောင်ရန်လိုအပ်ပါသည်။ အတန်းတစ်တန်းလုံးသည် တိုးတက်မှုအနှေးဆုံး မဖြစ်သင့်ပေ။ ကျောင်းသားအားလုံး တက်ကြွစွာပါဝင်လာကြောင်း ပိုင်းခြားသိမြင်ရမည်ဖြစ်ပါသည်။ တော်သောကျောင်းသားများအတွက်ရေးဆွဲရာတွင် ဥပမာ- ပို၍ခက်သောတာဝန်များပေးခြင်း၊ သင်ခန်းစာ၏ရည်ရွယ်ချက်ကိုလေ့လာရာတွင် ခက်ခဲအောင်လုပ်ဆောင်ခြင်း၊ သင်ခန်းစာနှင့်ပတ်သက်သော လှုပ်ရှားမှုများကိုတိုး၍ပေးခြင်း။

## သင်ခန်းစာအပေါ် စိတ်ဝင်စားအောင်ပြုလုပ်ခြင်း

၄။ အတန်းထဲတွင်-

၁) ဆွေးနွေးပါ - ယနေ့သင်ခန်းစာတွင် မည်သည့်အပိုင်းက စိတ်ဝင်စားမှု အကောင်းဆုံးဖြစ်သနည်း။


၂) မည်သည့်အရာက စိတ်ဝင်စားအောင် လုပ်ဆောင်ပေးသနည်း။


၃) စိတ်ကူးပုံဖော်ထားသော မြေပုံကိုရေးဆွဲပါ။
ပြီးနောက် မည်သည့်အကြောင်းအရာက စိတ်ဝင်စားအောင်ပြုလုပ်နေသည်ကို ဖော်ပြပါ။

၄) သင်ခန်းစာရေးဆွဲခြင်းနှင့် သင်ကြားပို့ချသောအချိန်တို့တွင်အသုံးပြုနိုင်ရန် ကောင်းစွာလေ့ကျင့်နိုင်သည့် စာရင်းတစ်ခုပြုလုပ်ပါ။

ဆရာသည် ကျောင်းသားများအားလုံး တက်ကြွစွာပါဝင်လာရန် -

- ကျောင်းသားများအားလုံးသည် အောင်မြင်မှုအတွေ့အကြုံရရှိရန် စီစဉ်ပါ။
- သင်ခန်းစာကို လေ့လာသင်ယူရာတွင် စိတ်ဝင်စားအောင်လုပ်ဆောင်ခြင်းနှင့် တစ်ကယ့်လက်တွေ့ဘဝအတွက် အသုံးပြုနိုင်ရန်ချိတ်ဆက်ပေးခြင်း၊ လေ့ကျင့်ခန်းများကို အပြောင်းအလဲပြုလုပ်ခြင်းနှင့် တက်ကြွလာစေရန် လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။



၅။ ကျောင်းသားများအားလုံး တက်ကြွမှုရှိစွာလုပ်ဆောင်ခြင်းနှင့် စိတ်ပါဝင်စားလာအောင် လေ့လာသင်ယူရာတွင် သင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှုကို (၁၀)မိနစ်စာ အကျဉ်းချုံးရေးဆွဲပါ။


၁) သင်ကြားသည့်ဘာသာရပ်တူညီမှုရှိသည့်အဖွဲ့တွင် ၃-၆ ယောက်အတူတကွ လုပ်ဆောင်ခြင်း။ သင်သင်ကြားမည့် ခေါင်းစဉ်ငယ်တစ်ခုကို ဆုံးဖြတ်၍ သင်မည့်ကျောင်းသား၏အဆင့် (သို့မဟုတ်) အတန်းကိုဆုံးဖြတ်ပါ။

၂) သင်ခန်းစာလေ့ကျင့်ခန်းများကိုရေးဆွဲ၍ ခေါင်းစဉ်မိတ်ဆက်ပါ။ အခန်း(၈)၌ သင်ပြုလုပ်ထားသော စာရင်းကို အသုံးပြုပါ။

- လေ့ကျင့်ခန်းနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို စိတ်ဝင်စားအောင်ပြုလုပ်ပါ။
- တစ်ချို့သောအပိုင်းတွင် ကျောင်းသားအားလုံး အောင်မြင်မှုရရှိရန်အတွက် အစီအစဉ်ရေးဆွဲရမည်။


၃) သင်ယူလေ့လာမှုနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို အတန်းထဲတွင်သင်ကြားပေးခြင်း

၄) ဝေဖန်အကြံပြုချက် - စိတ်ဓါတ်လှုံ့ဆော်ပေးသည့် စာရင်းကိုကြည့်ပါ။ သင်ခန်းစာနှင့် ပတ်သက်သော လှုပ်ရှားမှုများမှ အချက်မည်မျှရရှိသနည်း။



## ARCSကို အသုံးပြုခြင်း

အတန်းထဲတွင် ကျောင်းသားများ တက်ကြွစွာပါဝင်လာမည့် သီအိုရီမြောက်များစွာ ရှိပါသည်။ ဆရာအတွက် Keller's ARCS၏သီအိုရီမှာ များစွာအသုံးဝင်ပါသည်။ ပုံစံငယ်ထဲတွင် Kellerကို ကျောင်းသားများ အာရုံစူးစိုက်မှုရှိလာရန် မတူညီသည့်နည်းလမ်းဖြင့်ပေးရမည်။ အောက်ပါအချက်များနှင့် ဆက်စပ်မှုရှိခြင်း- သင်ခန်းစာများအား သင်ယူလေ့လာရာတွင် ကျောင်းသားများနှင့် ဆက်စပ်မှုရှိရမည်။ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မိမိတို့သည် သင်ခန်းစာလေ့လာရာတွင် မှန်ကန်သောအရာများကို လေ့လာသင်ယူရသည်ဟု မိမိကိုယ်ကိုယုံကြည်မှုရှိရမည်။ နောက်ဆုံးတွင် ကျောင်းသားများ ကျေနပ်မှုရှိရန် လိုအပ်ပါသည်။ ကျောင်းသားများက မိမိတို့လေ့လာလုပ်ဆောင်ရာ၌ မှန်ကန်သောအရာကို လုပ်ဆောင်နိုင်သည်ဟု ကျေနပ်မှုရှိရန် လိုအပ်ပါသည်။




ဤအရာအားလုံးကျောင်းသားများထံသို့ သင်ခန်းစာ၏ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) သင်ခန်းစာ၏တစ်ခုကဲ့သို့ ပေးနိုင်ပါသည်။ မည်သည့်အချိန်တုန်းက သို့မဟုတ် မည်သည့်အစီအစဉ်နှင့်ပေးခဲ့ခြင်းအတွက် ကိစ္စမရှိပါ။ အရေးကြီးသောအချက်မှာ- ဆရာ၏သင်ထောက်ကူပစ္စည်းနှင့် သင်ခန်းစာပို့ချသည့် နည်းဗျူဟာများသည် အရေးကြီးသော အစိတ်အပိုင်းတစ်ပိုင်းတွင် ပါဝင်သည်။

| အာရုံစူးစိုက်ခြင်း | ဆက်စပ်ပတ်သက်မှု | စိတ်ချယုံကြည်မှု | ကျေနပ်အားရခြင်း |
|---|---|---|---|
| အံ့အားသင့်စေသောအရာ နှင့် အကြောင်းအရာ အသစ်များကို ထောက်ပံ့ပေးခြင်း- အတန်းထဲ၌ ကွဲပြားသော တစ်စုံတစ်ခုကို လုပ်ဆောင်ပေးခြင်း (သို့မဟုတ်) သင်ခန်းစာ သင်ယူချိန်တွင် လုပ်ဆောင်ပေးခြင်း | ကျောင်းသား၏ လိုအပ်ချက်နှင့် သင်ခန်းစာ၏ ဦးတည် ချက်များကို တွဲပေးခြင်းနှင့် မည်သည့်အရာကို သူ (သို့မဟုတ်) သူမ လေ့လာသင်ယူရန် လိုအပ်သနည်း။ | ကျောင်းသားများ မည်သည့်အရာကို လေ့လာ သင်ယူရန်လိုအပ်ခြင်းနှင့် သင်ခန်းစာပြီးဆုံးသွားသော အခါ ၎င်းတို့ကိုမည်ကဲ့သို့ အကဲဖြတ်မည်ဆိုသည်ကို ပြောပြပါ။ | ကျောင်းသားများ၏ အတွေ့အကြုံအားဖြင့် လေ့လာသင်ယူရာ၌ သူတို့၏စိတ်ထဲတွင် ပျော်ရွှင်မှုရရှိရန် အားပေးခြင်းနှင့် ထောက်ပံ့မှုများ ပြုလုပ်ရန်။ |
| ကျောင်းသားများ လေ့လာသင်ယူရာတွင် မေးခွန်းများမေးခြင်း (သို့မဟုတ်) ပြဿနာများကို ဖြေရှင်းခြင်း စသည်တို့ကိုပေးခြင်း | သင်ယူလေ့လာရာတွင် သင်ခန်းစာ ရည်ရွယ်ချက်ကို ကျောင်းသား၏ လိုအပ်ချက်နှင့် တွဲပေးခြင်း | လေ့လာသင်ယူရာတွင် အောင်မြင်မှုရရှိရန် စိန်ခေါ်မှုများနှင့် လေးနက်သော အခွင့်အရေးများ ရရှိရန်စီစဉ်ပေးရမည်။ | အကောင်းမြင်တတ်သော သဘောထားများ ခိုင်မာ လာစေရန်နှင့် စိတ်ဓာတ် တက်ကြွစေသော ဝေဖန်အကြံပြုချက်များ ထောက်ပံ့ပေးခြင်း |
| သင်ကြားမှုဆိုင်ရာနည်းဗျူ ဟာများ အသုံးပြုခြင်းဖြင့် ကျောင်းသားများ၏ မတူညီသော လိုအပ်ချက်များသို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခြင်း | နားလည်လွယ်သော သင်ခန်းစာတင်ဆက် ခြင်း၊ ကျောင်းသားများ၏ အတွေ့အကြုံ၊ တန်ဖိုးထားမှုများနှင့် ဆက်စပ်မှုရှိခြင်းကို ဖော်ပြပါ။ | လေ့လာသင်ယူရာတွင် ရရှိသောအောင်မြင်မှုနှင့် ကျောင်းသားတစ်ဦးချင်းစီ၏ လိုလားနှင့်စွမ်းရည်တို့ကို ချိတ်ဆက်ပေးခြင်း | အောင်မြင်မှုရရှိရန် အပြောင်းအလဲမရှိသော စံနှုန်းများနှင့် အကျိုးဆက်များအား ထိန်းသိမ်း တည်ဆောက်ရန် |

## ၄။ စူးစမ်းလေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လက်တွေ့လုပ်ဆောင်ရန်တာဝန်များ– စူးစမ်းလေ့လာခြင်း ၃

၁။ အတွေ့အကြုံရှိသော ဆရာ၏အတန်းသို့ သွားရောက်လေ့လာပါ။ မိနစ်(၄၅-၆၀)ခန့် လေ့လာသင့်ပါသည်။ အတန်းထဲ၌လေ့လာနေစဉ် ဆရာ၏လုပ်ဆောင်မှုမှန်သမျှတွင် ကောင်းသောအရာများကို မှတ်သားခြင်းနှင့် သင်ခန်းစာကိုစိတ်ဝင်စားအောင်ပြုလုပ်ခြင်း စသည်တို့ကို မှတ်စုရေး၍မှတ်သားထားပါ။

**အကျဉ်းချုပ်– အတန်းထဲတွင် မျှတခြင်း**

- ပညာရေးနယ်ပယ်တွင် မျှတခြင်း၏ အဓိပ္ပါယ်မှာ - အတန်းထဲရှိ ကျောင်းသားအားလုံးကို မျှတစွာ ဆက်ဆံခြင်း
- လူအားလုံးကိုမျှတစွာဆက်ဆံရန်အတွက် ကျွန်ုပ်တို့သည် ၎င်းတို့တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ခြားနားမှုကို စဉ်းစားရန်လိုအပ်ပါသည်။
- ခြားနားမှုသည်အဆိုးမဟုတ်ပါ။
- ဆရာကောင်းတစ်ယောက်သည် ကျောင်းသားအားလုံး စိတ်ဓာတ်တက်ကြွမှု တိုးလာအောင် လုပ်ဆောင်နိုင်သည်။
- ဆရာကောင်းတစ်ယောက်သည် ကျောင်းသားအားလုံး အောင်မြင်စွာသင်ယူနိုင်မှုကို ခံစားစေရန် လုပ်ဆောင်သည်။
- ဆရာကောင်းတစ်ယောက်သည် လေ့လာသင်ယူရာတွင် စိတ်ဝင်စားအောင်ပြုလုပ်နိုင်ခြင်းနှင့် လက်တွေ့ဘဝနှင့် ချိတ်ဆက်ပေးသည်။
- ဆရာကောင်းတစ်ယောက်သည် သင်ခန်းစာများကို တက်တက်ကြွကြွနှင့် ပုံစံအမျိုးမျိုးနည်းလမ်း အမျိုးမျိုးဖြင့် ပို့ချသည်။

### ထပ်မံလေ့လာဖတ်ရှုနိုင်ရန်

ဖတ်ရန်။ ။အတန်းထဲတွင် တန်းတူညီမျှရှိမှုအကြောင်းကို ထပ်မံဖတ်ရှုရမည့်ဖတ်စာနှင့် သုသေသနတွင် ဖတ်ပါ။

# ၅။ အကဲဖြတ်ခြင်းတာဝန်များ

**ပိုင်းခြားသိမြင်လာခြင်း**

အောက်တွင်ပေးထားသောဇယားရှိ ပိုင်းခြားသိမြင်ခြင်းကို အထောက်အကူပေးသော သင်ကြားရေး မဟာဗျူဟာနည်းလမ်းအကြောင်းကို ဖတ်ရှုပါ။

- ဤသင်ခန်းစာနှင့်ပတ်သက်၍ အကြောင်းအရာများဖြစ်ပေါ်လာပါက ကော်လံ(၂)တွင် အမှတ်အသား ပြုလုပ်ပါ။
- အကယ်၍၎င်းအကြောင်းအရာများဖြစ်ပေါ်လာပါက သင်ခန်းစာ၏ဥပမာကို ကော်လံ(၃)တွင် ရေးချပါ။

| သင်ကြားရေးဆိုင်ရာနည်းဗျူဟာ | ✓ | ဥပမာ |
|---|---|---|
| **၁။ သင်ခန်းစာအားလေ့လာသင်ယူရာ၌ ရှင်းလင်းသောရည်ရွယ်ချက်ရှိခြင်း** သင်ကြားလေ့လာခြင်းနှင့်ပတ်သက်သည့် လှုပ်ရှားမှုအားလုံးသည်ကျောင်းသားများ သင်ယူလေ့လာရာတွင် အထောက်အကူပြုရမည်။ သင်၏ သင်ခန်းစာအားလုံး၌ လေ့လာသင်ယူခြင်း၏ရည်ရွယ်ချက် ရှင်းလင်းရပါမည်။ သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ကျောင်းသားများသိရှိကြောင်း သေချာစေပါ။ သို့မှသာ ၎င်းတို့ထံမှ သင်မည်သည့်အရာအားမျှော်လင့်သည်ကို ၎င်းတို့သိရှိမည် ဖြစ်သည်။ | ✓ | လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်များကို သင်ခန်းစာအစတွင် ဖော်ပြထားပါသည်။ |
| **၂။ မတူညီသောလေ့လာသင်ယူသည့်နည်းကို အသုံးပြုခြင်း** ကျောင်းသားများသင်ယူလေ့လာရာတွင် အထောက်အကူဖြစ်စေရန် သင်ခန်းစာတစ်ခုချင်းစီတိုင်းတွင် သင်ယူလေ့လာခြင်းနှင့်ပတ်သက်သည့် နည်းဗျူဟာအမျိုးမျိုးရှိသည်ကို သေချာစေပါ။ အမြင်အားဖြင့်လေ့လာခြင်း၊ အကြားအားဖြင့်လေ့လာခြင်း၊ အထိအတွေ့အားဖြင့်လေ့လာခြင်း။ | | |
| **၃။နှစ်ယောက်တစ်တွဲနှင့် အဖွဲ့လိုက်အသုံးပြုခြင်း** ကျောင်းသားများသည် အချင်းချင်းထံမှ ပြန်လည်လေ့လာသင်ယူပါသည်။ ကျောင်းသားအားလုံးသည် မိမိတို့၏တွေးခေါ်မှုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သည်။ | | |
| **၄။ လုပ်ဆောင်ချက်အမျိုးမျိုးရှိခြင်း** သင်ခန်းစာသင်ကြားနေချိန်အတွင်း သင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ပြောင်းလဲခြင်း- ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် ကျောင်းသားများ၏ သင်ခန်းစာအပေါ် စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။ | | |
| **၅။သင်ခန်းစာနှင့်ပတ်သက်သောလှုပ်ရှားမှုများကို တဆင့်ပြီးတဆင့်အသုံးပြုခြင်း** အဖွဲ့ခွဲ၍လှုပ်ရှားမှုများကို လုပ်ဆောင်ပြုနိုင်သည်။ ဥပမာအားဖြင့် - သင်ခန်းစာလေ့လာရာ၌ လုပ်ဆောင်ရန်တာဝန်များခွဲခြား၍ ခြေလှမ်းငယ်ဖြင့် စတင်လုပ်ဆောင်ခြင်း၊ (သို့မဟုတ်) ကျောင်းသားများ၏ခက်ခဲမှုအတွက် သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း (ဥပမာ-ဘာသာစကားလေ့ကျင့်ရန်အတွက် စာရွက်ကဒ်ကလေးများ၊ သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းလှုပ်ရှား ဆောင်ရွက်မှုများ) | | |

| | | |
|---|---|---|
| **၆။ သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ပိုမိုစီစဉ်ထားခြင်း** -သင်ခန်းစာ၏ရည်ရွယ်ချက်ကို အလယ်အလတ်စွမ်းရည်အတွက် စီစဉ်ပေးပါ။ သို့သော် ထက်မြက်သောကျောင်းသားများအတွက် လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ထပ်မံဖြည့်စွက်ထားကြောင်း သေချာစေပါ။ မည်သည့်အရာကငှင်းတို့ကို စိန်ခေါ်သနည်း။ သို့သော် ၎င်းတို့ကို အောင်မြင်အောင်လုပ်ဆောင်နိုင်သည်။ | | |
| **၇။စောင့်ကြည့်မှတ်သားခြင်း**<br>အတန်းထဲတွင် လိုက်လံကြည့်ရှုခြင်းဖြင့် ကျောင်းသားများသင်ခန်းစာအား မည်သို့လုပ်ဆောင်နေသည်ကို သိရှိရန်လိုအပ်ပါသည် အဖွဲ့လိုက်လုပ်ဆောင်မှုကို နားထောင်ပါ။ ကျောင်းသားများ မည်မျှနားလည်သည်ကို စစ်ဆေးပါ။ တစ်ဦးခြင်းစီ၏ လုပ်ဆောင်မှုအပေါ်ကြည့်ပါ။ ၎င်းတို့၏အောင်မြင်မှုကို ချီးမွမ်းခြင်းနှင့် အကြံဉာဏ်ပေးပါ။ | | |
| **၈။ကျောင်းသားအားလုံးအောင်မြင်မှုရရှိခြင်း**<br>လူတိုင်းသည် တစ်စုံတစ်ခုတွင် အောင်မြင်သောအခွင့်အရေးရရှိရန်နှင့် သွက်လက်မှုမရှိသောကျောင်းသား ဖြစ်စေကာမူ အောင်မြင်သော အခွင့်အရေး ရရှိရန် သေချာစေပါ။ ခြေလှမ်းငယ်ကို အသုံးပြုရန်- အဖွဲ့သားများအားလုံး ပါဝင်သော အဖွဲ့လိုက်လုပ်ဆောင်ခြင်းမှ ရရှိသောအောင်မြင်မှုကို ချီးမွမ်းပါ။ | | |
| **၉။အကြံဉာဏ်ပေးခြင်း**<br>မည်သည့်အပိုင်းတွင် ကျောင်းသားများအား တိုးတက်စေချင်သနည်း။ ၎င်းတို့ လုပ်ဆောင်ရန် လိုအပ်သောအရာများကို အသေးစိတ်အကြံဉာဏ်ပေးရမည် ဖြစ်သည်။ | | |
| **၁၀။ကျောင်းသားများ၏ အောင်မြင်မှုနှင့် လုံ့လကိုချီးမွမ်းခြင်း**<br>စစ်မှန်သောချီးမွမ်းခြင်းဖြစ်ရန်နှင့် အလုပ်နှင့်ပတ်သက်၍ ကောင်းသောအရာများ (သို့မဟုတ်) အမူအကျင့်များကို တိကျစွာပြောဆိုခြင်း။ ဥပမာ- လုံ့လ၊ အတွေးအခေါ်ကောင်း၊အမူအကျင့်ကိုတိုးတက်အောင်လုပ်ဆောင်ခြင်း၊ အသေးစိတ်လုပ်ဆောင်ပါ။ | | |
| **၁၁။ ညီမျှခြင်းနှင့်ပါဝင်ခြင်း**<br>လူအားလုံးအပေါ်မျှတခြင်းအကြောင်းစဉ်းစားလျှင်- လိင်၊ လူမျိုး၊ ဘာသာ၊ ဓလေ့၊ သင်ယူလေ့လာမှုလုပ်နိုင်စွမ်း (သို့မဟုတ်) စွမ်းရည်လျော့နည်းခြင်း၊ မိခင်ဘာသာစကား၊ ဘာသာစကားကိုလမ်းညွှန်ပေးသူ၊ အိမ်၏အခြေအနေ | | |

# သင်ခန်းစာ (၄)


## သင်ယူခြင်းအတွက် သင်ကြားခြင်း

**သင်ခန်းစာအပြီးတွင် သင်သည်**

အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်စေမည့် အချို့သောနည်းလမ်းများကို ရှင်းလင်းတင်ပြနိုင်မည်ဖြစ်သည်။ Bloom's taxonomy ကိုအသုံးပြု၍ သင်ခန်းစာ၏ ရည်ရွယ်ချက်များအား ရေးသားနိုင်မည်ဖြစ်သည်။ လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်ကိုရေးပါ။

### က။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် လှုပ်ရှားဆောင်ရွက်မှုများ

ကျွန်ုပ်တို့၏ ကျောင်းသားများအား မည်သည့်အရာတို့ကို သင်ယူတတ်မြောက်စေလိုပါသနည်း။ လေ့လာသင်ယူခြင်းဆိုသည်မှာ အလွတ်ကျက်မှတ်ခြင်းနှင့် ထပ်ခါတလဲလဲ ရွတ်ဆိုကျက်မှတ်ခြင်းသာမဟုတ်ပါ။ ကျောင်းသားများ ကိုယ်တိုင်တွေးခေါ်စဉ်စား၍ လုပ်ကိုင်တတ်စေရန်လည်း လိုအပ်ပါသည်။ သင်ခန်းစာကိုစတင်သင်ကြားရန် စီစဉ်ရာတွင် သင်ခန်းစာ၏ရည်ရွယ်ချက်သည် ရှင်းလင်းမှုရှိရမည်။ ထို့အပြင် သင်သည် ဘာသာရပ်တစ်ခုလုံးအတွက်ဖြစ်စေ၊ သင်ခန်းစာတစ်ခုအတွက်ဖြစ်စေ (သို့မဟုတ်) ထိုသင်ခန်းစာ၏ လှုပ်ရှားဆောင်ရွက်မှုတစ်ခုစာအတွက်ဖြစ်စေ ပြင်ဆင်ရာတွင် သင်ခန်းစာ၏ရည်ရွယ်ချက်အား ရှင်းလင်းစွာသိရှိခြင်းကို အဓိကထားရမည့်အရာဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သင်မည်သို့ လုပ်ဆောင်နေသည်ကို သိရှိရန် အထောက်အကူပြုပါသည်။




သင်ခန်းစာရည်ရွယ်ချက်များမှာ ကျောင်းသားများအတွက် မည်သည့်သင်ခန်းစာကို လေ့လာသင်ယူမည်၊ မည်ကဲ့သို့လေ့လာသင်ယူမည်၊ မည်သည့်အဆင့်ထိ ၎င်းတို့ပြီးမြောက်စေရန် မျှော်လင့်ထားကြောင်း ရေးသားဖော်ပြထားခြင်းဖြစ်သည်။ သင်ခန်းစာရည်ရွယ်ချက်များသည် ဆရာအတွက် ရေးသားထားခြင်းမဟုတ်ပါ။ သို့သော် ၎င်းတို့မှာဆရာက ကျောင်းသားများ မည်သည့်ဦးတည်ရာသို့ သွားနေသည်၊ မည်သည့်အရာများကို လုပ်ဆောင်နေသည်၊ ဆရာမှ ကျောင်းသားအားပန်းတိုင်သို့ရောက်ရှိစေရန် မည်သို့ကူညီပေးမည် အစရှိသည်တို့ကို သိရှိစေရန် လမ်းညွှန်ချက်တစ်ခု၊ ပံ့ပိုးမှုတစ်ခုအနေဖြင့် ဆရာ၏အခန်းကဏ္ဍကို အထောက်အကူပြုပါသည်။

**ဥပမာ ၁**

ကျောင်းသားများမှ ကမ္ဘာကြီးပူနွေးလာမှုအတွက် ဖြစ်နိုင်ခြေရှိသည့်အကြောင်းရင်း (၃)ချက်ကိုဖော်ပြလာနိုင်မည်။ ဤသို့ရိုးရှင်းသော ရည်ရွယ်ချက်ကိုပေးခြင်းဖြင့် ဆရာသည် ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များအား ထောက်ပံ့ပေးရန် လိုအပ်ကြောင်းသိမြင်လာမည် (သို့မဟုတ်) ကျောင်းသားများရှာဖွေရမည့် အချက်အလက်များကို မှန်ကန်စွာလမ်းညွှန်ပေးခြင်းဖြင့် ၎င်းတို့ကိုယ်တိုင် သတင်းအချက်အလက်များကိုရယူနိုင်မည်ဖြစ်သည်။ လေ့လာရှာဖွေမှုပြီးဆုံးသွားသည့်အခါတွင် ကျောင်းသားများမှ ကမ္ဘာကြီးပူနွေးလာမှုအတွက် ဖြစ်နိုင်ခြေရှိသော ရိုးရှင်းသည့်အကြောင်းရင်း (၃)ချက်ကို ချင့်ချိန်သုံးသပ်မှုပြုလုပ်ရန် ဆရာထံသို့တင်ပြလာနိုင်မည်ဖြစ်သည်။

**ဥပမာ ၂**

**ကျောင်းသားများသည် ပါကစ္စတန်မြောက်ပိုင်းရှိ ဂီးလ်ဂစ်မြို့နယ်တွင် မြေအောက်ရေစုပ်ပိုက်လုံးတစ်လုံးကို တပ်ဆင်ရန် ရန်ပုံငွေအဆိုပြုလွှာတစ်စောင်ကို ရေးသားနိုင်ပါမည်။ အဆိုပြုလွှာတွင် အချိန်သတ်မှတ်ချက်၊ အသုံးပြုမည့်ပစ္စည်းများအတွက် ကုန်ကျငွေ၊ ခရီးစရိတ်၊ ဒေသခံအလုပ်သမားနှင့် စစ်တမ်း**(Survey) **အချက်အလက်ကောက်ယူသူ အင်ဂျင်နီယာတို့အတွက် ကုန်ကျငွေအပြည့်အစုံကိုပါ တင်ပြရမည်ဖြစ်သည်။**

ဤရည်ရွယ်ချက်မှာ အနည်းငယ်ရှုပ်ထွေးသည်။ ဆရာသည် ကျောင်းသားအား သုတေသန အထောက်အကူ ပစ္စည်းများကို မှန်ကန်စွာ ညွှန်ကြားပေးရမည့်အပြင် သုတေသနနှင့်အဆိုပြုလွှာကို ဖန်တီးနေသည့် အချိန်ကာလ တစ်လျှောက်လုံး ဦးဆောင်လမ်းညွှန်မှုပေးရမည်ဖြစ်သည်။ ကျောင်းသားများသည် ပြည့်စုံသောအဆိုပြုလွှာ စာစဉ်ကို ဆရာ့အားစစ်ဆေးအကဲဖြတ်ရန် တင်ဆက်မည်ဖြစ်သည်။ အဆိုပြုလွှာ၏ရည်ရွယ်ချက်များ ရေးသားရာတွင် ပထမဦးစွာ စာသင်ကာလတစ်ခု၏သင်ရိုးအတိုင်း သင်ကြားရမည့်ခေါင်းစဉ်အားလုံးကို ဆရာမှ ပြန်လည်သုံးသပ်ရပါမည်။ ဤခေါင်းစဉ်များသည် စာသင်ကာလအဆုံးတွင် ကျောင်းသားများရောက်ရှိရမည့် ရည်ရွယ်ချက်ပန်းတိုင်များအတွက် အခြေခံတည်ဆောက်ခြင်းဖြစ်သည်။ ထိုပန်းတိုင်များသို့ ကျောင်းသားများ ရောက်ရှိစေရန် ဆရာမှကျောင်းသားများလုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ဖန်တီးပေးရမည်။ ထိုလုပ်ငန်းအဆင့်ဆင့်မှာ သင်ခန်းစာရည်ရွယ်ချက်များပင် ဖြစ်ပါသည်။

ဆိုလိုသည်မှာ အောက်ပါမေးခွန်းကို ဆရာမှာမိမိကိုယ်မိမိပြန်မေးရပါမည်။

> ကျွန်ုပ်သည်ကျောင်းသားများအား သင်ခန်းစာ (သို့မဟုတ်) လေ့ကျင့်ခန်း လှုပ်ရှားဆောင်ရွက်မှု၏ ရလဒ်အဖြစ် မည်သည့်အရာကို လုပ်ကိုင်တတ်မြောက်သွားစေချင်သနည်း။

သင်ခန်းစာ၏လေ့လာသင်ယူချက်အားလုံးတွင် အပိုင်း(၃)ပိုင်းရှိပါသည်။ လုပ်ဆောင်ချက်မှာ ကျောင်းသားများ မည်သည့်အရာပြုလုပ်သည်ကို ပြောပြသည့်လုပ်ဆောင်ချက်၊ အကြောင်းအရာအခြေအနေသည်- ကျောင်းသားများ မိမိလုပ်ဆောင်ရမည့်အရာကို အာရုံစူးစိုက်၍ပြုလုပ်ရန် ပြောပြသည့်အချက်နှင့် စံသတ်မှတ်ချက်သည် ကျောင်းသားများတင်ဆက်မှုအစီအစဉ်တွင် မည်မျှကောင်းမွန်စွာဆောင်ရွက်ရမည်ကိုပြောသည့် စံချိန်စံညွှန်းတို့ ဖြစ်ပါသည်။

အကြောင်းအရာအခြေအနေ- ကျောင်းသားလုပ်ဆောင်ရမည့် အဓိကအချက်

လုပ်ဆောင်ချက်- ကျောင်းသားမှ မည်သည်ကိုလုပ်ဆောင်ရမည်

**ဥပမာ (၁)။**

ကျောင်းသားက <u>ကမ္ဘာကြီးပူနွေးလာမှု</u>အတွက် <u>ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်း(၃)ရပ်</u>ကို <u>စာရင်း</u>ပြုစုနိုင်ပါမည်။

စံချိန်စံညွှန်း- ကျောင်းသားမှ လုပ်ဆောင်ချက်ကို မည်မျှကောင်းမွန် အောင်ဆောင်ရွက်ရမည်။

အကြောင်းအရာအခြေအနေ- ကျောင်းသားလုပ်ဆောင်ရမည့် အဓိကအချက်

လုပ်ဆောင်ချက်- ကျောင်းသားမှ မည်သည်ကိုလုပ်ဆောင်ရမည်

**ဥပမာ (၂)။**

ပါကစ္စတန်မြောက်ပိုင်းရှိ <u>ဂီးလ်ဂစ်မြို့နယ်</u>တွင် မြေအောက်ရေစုပ်ပိုက်လုံးတစ်ခုကိုတပ်ဆင်မည့် ရန်ပုံငွေ<u>အဆိုပြုလွှာတစ်စောင်</u>ကို ကျောင်းသားမှရေးသားနိုင်ပါမည်။ အဆိုပြုလွှာတွင်ပါဝင်သင့်သည့်အချက်များမှာ- အချိန်သတ်မှတ်ချက်၊ အသုံးပြုမည့်ပစ္စည်းများအတွက် ကုန်ကျငွေ၊ ခရီးစရိတ်၊ ဒေသခံအလုပ်သမားဌားရမ်းစရိတ်နှင့် စစ်တမ်းအချက်အလက်ကောက်ယူသူ အင်ဂျင်နီယာတို့အတွက် <u>ကုန်ကျငွေအပြည့်အစုံကို</u> တင်ပြအစီရင်ခံရမည်။

စံချိန်စံညွှန်း- ကျောင်းသားများ လုပ်ဆောင်ချက်ကို မည်မျှကောင်းမွန် အောင်ဆောင်ရွက်ရမည်။

အသုံးဝင်ဆုံးသောရည်ရွယ်ချက်တစ်ခုမှာ ကျောင်းသားများအား မိမိတို့လုပ်ဆောင်ရမည့်နည်းလမ်းများကို ကိုယ်တိုင်ကိုယ်ကျဆုံးဖြတ်စေခြင်းပင်ဖြစ်ပါသည်။ စကားလုံးအုပ်စုများရှာဖွေခြင်း၏ ရည်ရွယ်ချက်များကို ရေးသားခြင်းမှာ ကျောင်းသားများ မည်သည့်အရာအား တိကျစွာလုပ်ဆောင်ရမည်ကို ပြောခြင်းဖြစ်သည်။ မည်သို့ဆိုစေကာမူ ကျောင်းသားများရှုပ်ထွေးမှုမဖြစ်စေပါ။ ဥပမာ အောက်ပါစကားစုများကို သုံးသပ်ပါ။ ဘယ်ဘက်တွင် ဖော်ပြထားသောစကားလုံးများသည် ကျောင်းသားများအားစိတ်ရှုပ်ထွေးစေနိုင်ပါသည်။ ထိုအခါ ၎င်းတို့မှ မိမိတို့ဘာကို သိရှိဖို့လိုအပ်သနည်း ဆိုသောမေးခွန်းကို မေးကောင်းပေးပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ ဘယ်ဘက်ခြမ်းရှိစကားလုံးများမှာ ကျောင်းသားများ မည်သည်ကိုလုပ်ဆောင်ရမည်အား သိရှိရန်လိုအပ်သည့်အရာဖြစ်ပါသည်။ စာစီစာကုံးရေးပါ။

| အဓိပ္ပါယ်များစွာဖွင့်ဆိုနိုင်သော စကားလုံးများ | အဓိပ္ပါယ်ကျစ်လစ်သောစကားလုံးများ |
|---|---|
| • သိရှိရန်<br>• သိနားလည်ရန်<br>• အမှန်တကယ်သိနားလည်ရန်<br>• အသိအမှတ်ပြုရန်<br>• အမှန်တကယ် အသိအမှတ်ပြုရန်<br>• ရည်ရွယ်ချက်ကိုဆုပ်ကိုင်နိုင်ရန်<br>• ပျော်ရွှင်ရန်<br>• ယုံကြည်ရန် | • ရေးရန်<br>• အလွတ်ရွတ်ဆိုရန်<br>• ဖော်ထုတ်ရန်<br>• အမျိုးအစားခွဲရန်<br>• ဖြေရှင်းရန်<br>• တည်ဆောက်ရန်<br>• ဆောက်လုပ်ရန်<br>• နှိုင်းယှဉ်ရန် |

## အကဲဖြတ်စစ်ဆေးရန်တာဝန်များ

အဖွဲ့အနေဖြင့် အောက်ပါသင်ခန်းစာရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်ပြီး ရည်ရွယ်ချက်တိုင်းရှိ လုပ်ဆောင်ချက်၊ အကြောင်းအရာအခြေအနေနှင့် စံချိန်စံညွှန်းတို့ကို မျဉ်းသားပါ။ အကယ်၍ ရည်ရွယ်ချက်တွင် လုပ်ဆောင်ချက်၊ အကြောင်းအရာအခြေအနေနှင့် စံချိန်စံညွှန်းတို့ကို မတွေ့ရှိပါက ရည်ရွယ်ချက်အသစ်ပြန်ရေးပါ။

- အခြေခံအရောင်များနှင့် အခြေခံမဟုတ်သည့် အရောင်များအားလုံးကို စာရင်းပြုစုနိုင်ပါမည်။
- CPR ကို မှန်ကန်စွာ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သရုပ်ပြနိုင်ပါမည်။
- မေးခွန်းတွဲတစ်စုံကို တုံ့ပြန်ဖြေကြားနိုင်ပါမည်။
- ဝယ်ယူသူများအား မည်ကဲ့သို့အကြံပြုရမည်ကို နားလည်သဘောပေါက်ပါ။
- ဟွာဝေး (Huawei) လက်ကိုင်ဖုန်းအသစ်၏ ဝိသေသလက္ခဏာ (၃)ခုကို အကျဉ်းချုပ်နိုင်ပါမည်။

## သင်ခန်းစာနယ်ပယ်များနှင့်သိရှိမှုနယ်ပယ်

၁၉၅၀ခုနှစ်တွင် B.S Bloom မှ သင်ခန်းစာ၏ရည်ရွယ်ချက်များအား လေ့လာသင်ယူသည့် အသုံးဝင်ဆုံးသော နည်းလမ်းတစ်ခုကို ဖော်ထုတ်ခဲ့သည်။ ဤသည်မှာ ကျွန်ုပ်တို့သင်ယူသည့်အရာကို အပြည့်အဝနားလည်ရန်အတွက် ကျွမ်းကျင်မှုအဆင့်ဆင့်ဖြင့် တည်ဆောက်ထားခြင်းနှင့် ပြင်ပလောကတွင်လည်း အသုံးချနိုင်သည်။
၄င်းနည်းလမ်းမှာ ယနေ့အချိန်ထိ ဆရာများအား သင်ခန်းစာရည်ရွယ်ချက်များ တွေးခေါ်ရာ၌ ကူညီပေးခြင်းနှင့် ၄င်းနည်းလမ်းကို မည်သို့အသုံးပြု၍ ကျောင်းသားများ၏ အရည်အချင်းများတိုးတက်လာရန် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ချမှတ်ပေးနိုင်ရန်အတွက်လည်း အထောက်အကူပြုသည်။
သိရှိမှုနယ်ပယ်အတွင်း၌ အဆင့်(၆)ဆင့်ရှိသည်ကို ၁၉၅၆ ခုနှစ်တွင် B.S Bloom မှ ဖော်ထုတ်ခဲ့ပါသည်။ အနိမ့်ဆုံးအဆင့်ဖြစ်သည့် အချက်အလက်များကို ရိုးစင်းစွာပြန်လည်တွေးတောခြင်းနှင့် ပြန်လည်မှတ်မိခြင်းမှ အစပြုပြီး၊ ပိုမိုရှုပ်ထွေးပြီး လက်ဆုပ်လက်ကိုင်မပြနိုင်သည့် တွေးခေါ်မှုဆိုင်ရာအဆင့်များကိုဖြတ်ကျော်ပြီး၊ အကဲဖြတ်ခြင်းဟုသတ်မှတ်ထားသည့် အမြင့်ဆုံးအဆင့်သို့ရောက်ရှိပါသည်။

| | |
|---|---|
| အကဲဖြတ်မှု | အကဲဖြတ်မှုသည် ပေးထားသည့်ရည်ရွယ်ချက်တစ်ခုအတွက် အသုံးချသည့်အရာဝတ္ထု၏တန်ဖိုးအား အကဲဖြတ်နိုင်စွမ်းနှင့် သက်ဆိုင်သည်။ |
| ပေါင်းစည်းမှု | ပေါင်းစည်းမှုဆိုသည်မှာ အသစ်တစ်ခုတည်ဆောက်ရန်အတွက် အစိတ်အပိုင်းများကို ပေါင်းစပ်နိုင်သည့်စွမ်းရည်ကိုဆိုလိုသည်။ |
| ခွဲခြမ်းစိတ်ဖြာမှု | ခွဲခြမ်းစိတ်ဖြာမှုဆိုသည်မှာ အရာဝတ္ထုတစ်ခု၏ ဖွဲ့စည်းတည်ဆောက်ပုံကို နားလည်နိုင်စေရန်အတွက် ၄င်းတွင်ပါဝင်သည့် အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းဖြစ်သည်။ |
| လက်တွေ့အသုံးချမှု | လက်တွေ့အသုံးချမှုဆိုသည်မှာ သင်ယူပြီးသည့်အကြောင်းအရာများအား တိကျသေချာသည့်အခြေအနေသစ်များတွင် အသုံးချနိုင်သည့် စွမ်းရည်ဖြစ်သည်။ |
| နားလည်သဘောပေါက်မှု | နားလည်သဘောပေါက်မှုဆိုသည်မှာ အကြောင်းအရာ၏အဓိပ္ပါယ်ကို ဆုပ်ကိုင်မှတ်သားထားနိုင်သည့်စွမ်းရည်ကို ဆိုလိုသည်။ |
| အသိပညာ | အသိပညာဆိုသည်မှာ ယခင်ကလေ့လာခဲ့သည့် အကြောင်းအရာများကို ပြန်ပြောင်းမှတ်မိခြင်းဟု အဓိပ္ပါယ်ရသည်။ |

Bloom's taxonomy မှာသင်ကြားခြင်းနှင့် သင်ယူခြင်းတွင်လွန်စွာအရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဆရာများ မိမိတို့၏သင်ခန်းစာများကို ကောင်းမွန်စွာပြင်ဆင်နိုင်ရန် အကူအညီဖြစ်စေပြီး ကျောင်းသားများသင်ယူရာတွင် ၎င်းတို့လုပ်ဆောင်ရမည့်အရာကို ပိုမိုနားလည်လာစေပါသည်။ သို့သော် taxonomy နှင့်ပတ်သက်ပြီး ဝေဖန်ချက်များစွာလည်း တစ်ဖက်တွင်ရှိပါသေးသည်။ အဓိကဝေဖန်ချက်မှာ လူတို့သည် ထိုဖော်ပြချက်ကဲ့သို့ ဖွဲ့စည်းတည်ဆောက်ပုံဖြင့် စနစ်တကျသင်ယူသည်မဟုတ်၊ ထို့ကြောင့် တစ်ဆင့်နှင့်တစ်ဆင့်ကြားတွင် အမှန်တကယ်ဆက်နွယ်မှုမရှိဆိုသည့် ဝေဖန်ချက်ပင်ဖြစ်သည်။ ဤအချက်သည် အငြင်းပွားဖွယ်ရာကိစ္စတစ်ရပ်ဖြစ်သော်လည်း တစ်ဖက်တွင် ဤ taxonomy မှာ သင်ယူမှုကိုစုစည်းရာတွင် ဆရာအားအထောက်အပံ့ပြုသည့် အသုံးဝင်သောကိရိယာတစ်ခု ဖြစ်နေပါသေးသည်။

Taxonomy သည် ဆရာမှ ကျောင်းသားများအား တစ်စုံတစ်ခုဖန်တီးလုပ်ဆောင်ရန် သင်ကြားရာ၌ နားလည်သဘောပေါက်ရန် အထောက်အကူဖြစ်စေသည်။ ဥပမာ- ပထမဦးဆုံးသင်ယူရမည့်အရာများစွာ ရှိနေသည်။ ကျောင်းသားများအား အသိပညာဗဟုသုတကိုပေး၍ ၎င်းတို့သည် မည်သည့်အရာအား ဖန်တီးလုပ်ဆောင်ရမည်ကို နားလည်ရမည် ဖြစ်သည်။ ထို့နောက်ကျောင်းသားများအား လေ့ကျင့်ရန်အချိန် ပေးခြင်းနှင့် မည်သည့်အရာကမှန်ကန်ကြောင်းနှင့် မည်သည့်အရာကမှားကြောင်း ၎င်းတို့ကိုယ်တိုင်တွေ့မြင်စေပြီး မှားယွင်းနေသည့်အချက်များအား မည်ကဲ့သို့ပြင်ဆင်ရမည်ကို ဆုံးဖြတ်ချက်ချ၍ ပြန်ပြင်စေပါ။ ဤသို့အားလုံးပြီးဆုံးသွားသည့်အခါမှသာလျှင် ကျောင်းသားများတစ်စုံတစ်ခုကို ဖန်တီးပြုလုပ်နိုင်မည် ဖြစ်သည်။

နယ်ပယ်အတွင်းရှိ အဆင့်တိုင်းသည် ရှုပ်ထွေးအဆင့်အမျိုးမျိုးတွင် တည်ရှိနေပြီး ဆရာအားတွေးခေါ်စဉ်းစား ရာတွင် ပို၍အစီအစဉ်တကျရှိအောင် အထောက်အကူပြုပါသည်။ ဥပမာ-

- အသိပညာ။ ။ သစ်တောပြုန်းတီးမှုကြောင့် ၎င်းတို့၏အသက်ရှင်ရပ်တည်ရန်အတွက် အန္တရာယ်ရှိနေသည့် အရှေ့တောင်အာရှရှိ တိရိစ္ဆာန် (၃)မျိုး၏နာမည်ကို ဖော်ပြပါ။
- နားလည်သဘောပေါက်နိုင်ခြင်း။ ။ သစ်တောပြုန်းတီးမှုအပေါ် အခြေပြုပြီး အသက်ရှင်ရပ်တည်မှု (survival) ၏အဓိပ္ပါယ်ကို ရှင်းပြပါ။
- လက်တွေ့အသုံးချမှု ။ ။ အန္တရာယ်ရှိနေသည့် မျိုးစိတ်တစ်ခုကို ရွေးချယ်၍ ၎င်းအန္တရာယ်မှာ မည်သို့ ခြိမ်းခြောက်နေကြောင်း ရှင်းပြပါ။
- ခွဲခြမ်းစိတ်ဖြာခြင်း ။ ။ ထိုင်းနိုင်ငံတွင် ဆင်များအဘယ့်ကြောင့် အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း အဓိက အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာပါ။
- ပေါင်းစည်းခြင်း ။ ။ထိုင်းနိုင်ငံတွင် ဆင်မျိုးစိတ်များကိုထိန်းသိမ်းရန် လက်ရှိကြိုးပမ်းနေမှုနှင့် ပတ်သက်ပြီး မည်မျှအောင်မြင်မှုရှိသည်ကို ဆုံးဖြတ်ပါ။
- အကဲဖြတ်မှု ။ ။ ထိုင်းနိုင်ငံရှိဆင်များအား အကာအကွယ်ပေးရန် အဆိုပြုလွှာတစ်စောင်တင်ပြပါ။

## Bloom၏ အသိပညာဆိုင်ရာ ရည်ရွယ်ချက်များ တည်ဆောက်ပုံ

အောက်ပါပေးထားသော ဇယားကိုကြည့်ပါ။

ဇယားကွက် (၁)တွင် တွေးခေါ်မှုအဆင့်များကို ပြသထားပါသည်။
ဇယားကွက် (၂)တွင် ထိုအဆင့်၌ လိုအပ်သောကျွမ်းကျင်မှုအပိုင်းကို ဥပမာနှင့်တကွ ပြသထားပါသည်။
ဇယားကွက် (၃)တွင် ဥပမာမေးခွန်းများကိုပြသခြင်းနှင့် ထိုအဆင့်၌ ကျွမ်းကျင်မှုများတိုးတက်စေရန် လုပ်ဆောင်ရမည့် ဆရာ၏တာဝန်များကို ဖော်ပြထားပါသည်။
မှတ်ချက်။ ။ ဇယားတွင်ပေးထားသော စကားလုံးများနှင့် ဥပမာများအားလုံးကို လေ့လာရန်မလိုအပ်ပါ။ အရေးကြီးဆုံးအချက်မှာ အဓိကစကားလုံးနှင့် ကျွမ်းကျင်မှုဆိုင်ရာအဆင့်များအား သင်နားလည်ရမည်ဖြစ်သည်။

ကျွမ်းကျင်မှု မြင့်မားသော အဆင့် ↕ ကျွမ်းကျင်မှု နိမ့်သော အဆင့်

| | လိုအပ်သောကျွမ်းကျင်မှုများ | မေးခွန်းများနှင့်တာဝန်များ |
|---|---|---|
| အကဲဖြတ်ခြင်း | သုံးသပ်ခြင်းနှင့်ဝေဖန်ပိုင်းခြားခြင်း၊ ဥပမာ<br>- အတွေးအခေါ်များ နှိုင်းယှဉ်ခြင်း<br>- အထောက်အထား စစ်ဆေးခြင်း<br>- အကြောင်းပြချက်ခိုင်လုံသော ငြင်းဆိုမှုများအပေါ်မူတည်ပြီး ရွေးချယ်မှုပြုလုပ်ခြင်း | သင်မည်သို့ထင်သနည်း။ မည်မျှ+ နာမဝိသေသန၊ ဥပမာ-မည်မျှ ထိရောက်မှု ရှိသနည်း။အဘယ်ကြောင့်နည်း။ ဆွေးနွေးခြင်း၊ သုံးသပ်သည်၊ အကဲဖြတ်သည်၊ ဆုံးဖြတ်သည်၊ ချိန်ညှိသည်၊ အကြံပြုထောက်ခံသည်၊ ဝေဖန်ဆုံးဖြတ်သည်၊ ဦးစားပေးသည်၊ စစ်ဆေးသည်။ |
| ပေါင်းစည်းမှု | အသိပညာကို ဖန်တီးအသုံးပြုခြင်း၊ ဥပမာ-<br>- မတူညီသောဒေသများမှအသိပညာဗဟုသုတများကို အတူတကွစုစည်းခြင်း<br>- ပြဿနာ ဖြေရှင်းခြင်း<br>- နိဂုံးချုပ်သုံးသပ်ချက် ရေးဆွဲခြင်း<br>- ကြိုတင်မှန်းဆခြင်း အတွေးအခေါ်သစ်များရှိရန် | သင်လုပ်နိုင်ပါသလား။ သင်မည်သို့ထင်ပါသနည်း။ မည်သည့်အရာဖြစ်ပေါ်လာမည်နည်း။ အကယ်၍ . . . . . . အဘယ့်ကြောင့်နည်း။ အစီအစဉ်ရေးဆွဲခြင်း၊ ကြိုတင်ခန့်မှန်းသည်၊ ဖန်တီးသည်၊ ဒီဇိုင်းရေးဆွဲသည်၊ စိတ်ကူးသည်၊ သေချာစွာစီစဉ်သည်၊ ဖြေရှင်းသည်။ |
| ခွဲခြမ်းစိတ်ဖြာမှု | ပြဿနာများကိုဖြေရှင်းရာတွင် အသုံးပြုနိုင်သောပုံစံများအား တွေ့ရှိရမည်ဖြစ်သည်။ ဥပမာ-<br>- ဖြစ်ပွားစေသည့်အရာနှင့်သက်ရောက်မှု<br>- သင်ယူလေ့လာသည့်အဖွဲ့အစည်း<br>- အကျိုးသက်ရောက်မှုများကို သိရှိခြင်း | အဘယ့်ကြောင့်နည်း။ ဘာကြောင့်နည်း။ (အောက်ဖော်ပြပါအချက်များ၊ ဖြစ်နိုင်ခြေများနှင့်သက်ဆိုင်သည်။) အသေးစိတ်လေ့လာဆန်းစစ်သည်၊ ခွဲခြားသည်၊ စစ်ဆေးမေးမြန်းသည်၊ နှိုင်းယှဉ်သည်၊ ခြားနားချက်များကို ဖော်ပြသောနှိုင်းယှဉ်ချက်။ |
| လက်တွေ့ အသုံးချမှု | အခြေအနေပေါ် လေ့လာသင်ယူမှုများကို ပြန်လည်အသုံးပြုခြင်း။ ဥပမာ-<br>- နည်းဗျူဟာ၊ ယူဆချက်များ(သို့မဟုတ်) သီအိုရီများကို မတူညီသော ဥပမာများဖြင့် အသုံးပြုခြင်း | မည်သို့လုပ်ဆောင်မည်နည်း။ တင်ဆက်ခြင်း၊ တွက်ချက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း၊ ရုပ်ပုံများဖြင့်ဖော်ပြခြင်း၊ လက်တွေ့အသုံးပြုခြင်း၊ ရွေးချယ်ခြင်း စသည်တို့ကို အသုံးပြုခြင်း။ |
| နားလည်သဘော ပေါက်မှု | သတင်းအချက်အလက်များကိုနားလည်သဘောပေါက်ခြင်း။ ဥပမာ-<br>- အဓိပ္ပါယ်ကိုနားလည်ခြင်း<br>- အချက်အလက်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း<br>- နည်းဗျူဟာများကို နားလည်ခြင်း | မည်သို့လုပ်ဆောင်မည်နည်း။ မည်သည့်နေရာ။ မည်သည့်အချိန်။ မည်သူ့ကို။ မည်သည့်အရာ။ (နားလည်မှုကိုပြသခြင်း) မိမိကိုယ်ပိုင်စကားလုံးဖြင့် ရှင်းပြခြင်း၊ ဖော်ထုတ်ခြင်း၊ အမျိုးအစားသတ်မှတ်ခြင်း၊ အကျဉ်းချုပ်ခြင်း၊ အဓိပ္ပါယ်ကောက်နုတ်ဖွင့်ဆိုခြင်း |
| အသိပညာ ဗဟုသုတ | သတင်းအချက်အလက်အသေးစိတ်ကို သိရှိရန်။ ဥပမာ-<br>- ရက်စွဲမှတ်မိခြင်း၊ အရေးကြီးသည့်ဖြစ်ရပ်၊ နေရာများအား မှတ်မိခြင်း<br>- အဓိကအတွေးအခေါ်ကို သိရှိရန်<br>- အရေးပါသည့် အကြောင်းအရာများကို သိရှိရန် | မည်သို့လုပ်ဆောင်မည်နည်း။ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သူနှင့်လုပ်ဆောင်မည်နည်း။ (အချက်အလက်များ) ဖော်ပြသည်၊ အနက်ဖွင့်သည်၊ စာရင်းပြုစုသည်၊ ရှာဖွေသည်၊ အတည်တကျပြောဆိုရေးသားသည်။ အမည်တပ်သည်။ |

## ခ။ လေ့လာသင်ယူမှုဆိုင်ရာ

ကျောင်းသားများ မိမိ၏ကမ္ဘာလောကဝန်းကျင်တွင် လိုက်လျောညီထွေစွာ ဝင်ဆံ့နိုင်ရန်အတွက် မြင့်မားသောလေ့လာသင်ယူမှုအဆင့်ရောက်အောင် အရည်အသွေးမြှင့်တင်ရန်လိုအပ်ပါသည်။ လူအများသည် အတွေ့အကြုံအပေါ် စဉ်စားတွေးခေါ်ခြင်း၊ အကြောင်းအရာတစ်ခုနှင့်တစ်ခုကြား ဆက်စပ်မှုရှိခြင်းနှင့် ကမ္ဘာလောက၏ လှုပ်ရှားလည်ပတ်မှုသဘောတရားအပေါ် တွေးခေါ်၍ "အမိပ္ပာယ်ဖွင့်ဆိုချက်များ" ဖွင့်ဆိုကြသည်။ ဆရာတစ်ယောက်အနေဖြင့် စီစဉ်ရေးဆွဲသော သင်ခန်းစာနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များ၊ လှုပ်ရှားမှုများနှင့် လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ထိုအရာတို့ကို ပြုလုပ်နိုင်ရန် ကူညီပေးသင့်သည်။

တစ်ချို့သောကျောင်းများနှင့် အတန်းထဲတွင် သင်ယူလေ့လာမှုမှာ အသိပညာနှင့် နားလည်သဘောပေါက်ရုံ အဆင့်၌သာ ရှိနေဆဲဖြစ်သည်။ ဆရာများအနေဖြင့် မိမိ၏ကျောင်းသားများ လေ့လာသင်ယူမှုမြင့်မားသည့် အဆင့်သို့ရောက်ရှိနိုင်အောင် ပိုမိုခက်ခဲသောတာဝန်များလုပ်ဆောင်ခိုင်းခြင်းဖြင့် ကူညီပေးနိုင်ပါသည်။

- အရည်အသွေးနိမ့်ခြင်းအပေါ်၌ လုပ်ငန်းတာဝန်များတည်ဆောက်ပေးခြင်း
- ကျောင်းသားများ သိရှိထားသည့်အရာအပေါ်တွင် အခြေခံ၍ လုပ်ငန်းတာဝန်များတည်ဆောက်ပေးခြင်း

ဤသို့လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများသည် သင်ယူမှုအသစ်များကို မိမိတို့သင်ယူပြီးသည့် သင်ခန်းစာများနှင့် ဆက်စပ်လာနိုင်မည်ဖြစ်ပြီး သေချာသဘောပေါက်နားလည်သွားမည်ဖြစ်ပါသည်။ မြင့်မားသောသင်ယူမှုအဆင့်မှာ အထူးသဖြင့် အတန်းကြီးကျောင်းသူကျောင်းသားများအတွက်သာ အသုံးဝင်သည်သာမက ကလေးငယ်များပင်လျှင် ကစားခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် တွေးခေါ်ခြင်းမှတစ်ဆင့် မိမိတို့၏လောကပတ်ဝန်းကျင်အကြောင်းကို သိရှိသဘောပေါက်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် သင်ရိုးနှင့်သင်ခန်းစာရေးဆွဲခြင်းကို ကြည့်ရှုပြီး သင်ယူလေ့လာခြင်း၏ ရည်ရွယ်ချက်ရေးဆွဲခြင်းကို အတွင်းကျကျလေ့လာရပါမည်။ ယခုအချိန်တွင်မူ သင်ယူလေ့လာမှုအတွက် လုပ်ငန်းတာဝန်များနှင့် လှုပ်ရှားဆောင်ရွက်များအပေါ်တွင် အဓိကထားလေ့လာမည်ဖြစ်သည်။

### ရောနှောခြင်းနှင့်တွဲပေးခြင်း

၁။ ရော၍တွဲပေးပါ။ အဖွဲ့လိုက်လုပ်ဆောင်ရန်။ တစ်ဖွဲ့ချင်းစီတွင် ကဒ်တစ်စုံစီရှိသည်။ (Bloom's levels) ကဒ်အကြီး၆ကဒ်နှင့် ကဒ်အသေးတစ်စုံ (သင်ယူလေ့လာလုပ်ဆောင်ချက်များ)။ ကဒ်အသေးများကို ရောလိုက်ပါ။ ပြီးလျှင် သူတို့အဖွဲ့ထဲ၌ ကဒ်များကိုဝေပေးပါ။

၁) အဖွဲ့များသည် (Bloom's levels) ကဒ်အကြီးကို အစီအစဉ်တကျ မှန်ကန်စွာစီရန်။

၂) အဖွဲ့ဝင်များသည် အလှည့်ကျ ကဒ်အသေးကိုယူရန်။ ကဒ်တွင်ပေးထားသော လုပ်ငန်းတာဝန်များကို အဖွဲ့လိုက် ဆွေးနွေးရန်နှင့် သင်ယူလေ့လာခြင်း၏အဆင့်ကို သတ်မှတ်ရမည်ဖြစ်သည်။ ကဒ်ကိုအားလုံးသဘောတူသည့်အဆင့်တွင်ထည့်ပါ။


၃) သင်လုပ်ဆောင်ပြီးသွားသောအခါ တစ်ခြားအဖွဲ့များ မည်သို့လုပ်ဆောင်သည်ကို ကြည့်ပါ။

၄) သင်၏အဖွဲ့နှင့် တစ်ခြားသောအဖွဲ့၏ ရလဒ်မတူညီမှုများကို မှတ်သားထားပါ။ ပြီးနောက် ၎င်းတို့အား ဤအဆင့်၌ ဤတာဝန်များ အဘယ်ကြောင့်ထည့်သည်ကိုမေးပါ။

၅) ပြီးလျှင် အဘယ်ကြောင့် သင်သဘောတူသည်၊ မတူသည်ကိုစဉ်းစားပါ။ သင့်အဖွဲ့၏အဖြေမှ ရလဒ်များကို သင်ပြောင်းလဲမှုပြုလုပ်ချင်ပါသလား။

၂။ ပြန်လည်ဆန်းစစ်ပါ။ ရောနှောခြင်းနှင့်တွဲပေးခြင်း လုပ်ဆောင်ချက်ကို စဉ်းစားပါ။ ၄င်းတွင်တာဝန် (၅) ခု ရှိပါသည်။ (အထက်ပါ နံပါတ် ၁-၅)

(၁) လုပ်ဆောင်ချက်တစ်ခုစီသည် မည်သည့်စဉ်းစားတွေးခေါ်မှု အဆင့်ကို ထောက်ပံ့ပေးသနည်း။
(၂) အတန်းထဲတွင် ဆွေးနွေးပါ။
(၃) သင်ကိုယ်တိုင်လုပ်ဆောင်သည့် အလုပ်ကိုမှတ်သားထားပါ။ သင်မည်သို့ကောင်းအောင် လုပ်ဆောင်နိုင်ခဲ့သနည်း။



# ၈။ သင်ယူလေ့လာမှုအတွက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များရေးသားခြင်း

## ကိုယ်တိုင်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များအား ရေးသားခြင်း။

၁။Bloom၏ တည်ဆောက်ပုံတွင် အဆင့်တစ်ဆင့်ခြင်းစီ၏ လုပ်ဆောင်ရမည့်တာဝန်များကိုရေးပါ။ Bloom၏ ဉာဏကော်လံရှိ အသိပညာဆိုင်ရာ ရည်ရွယ်ချက်များမှ မေးခွန်းများ (သို့မဟုတ်) လုပ်ဆောင်ရမည့် တာဝန်နှင့်ဆိုင်သည့် စကားလုံးများအသုံးပြုပါ။

၁) သင်ကိုယ်တိုင်သင်ကြားနေသည့် ကျောင်းသားများအတွက် ဘာသာရပ်၊ခေါင်းစဉ်နှင့် အတန်း (သို့မဟုတ်) အရည်အချင်းတူညီသော ကျောင်းသားများအတွက် လုပ်ဆောင်ရမည့် တာဝန်များအားရေးပါ။
(သို့မဟုတ် သင်ကိုယ်တိုင်သင်ကြားမည့်ကျောင်းသား)

၂) သင်လုပ်ဆောင်ပြီးသောအချိန်တွင် လုပ်ဆောင်ချက်များကို လုပ်ဖော်ဆောင်ဖက်များနှင့်ဖလှယ်၍ လုပ်ဆောင်ချက်တစ်ခုခြင်းစီကို ပြန်လည်သုံးသပ်ပါ။ အချင်းချင်းဝေဖန်အကြံပြုချက်များပေးပါ။ သင်၏လုပ်ဖော်ဆောင်ဖက်ကိုပြောပါ။ မည်သည့်အပိုင်းကကောင်းသည်နှင့် မည်သည့်အပိုင်းအား တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်သည့်အကြောင်းပြောပါ။

- ကျွမ်းကျင်မှုအဆင့်တစ်ခုချင်းစီတိုင်းအတွက် တာဝန်တစ်ခုစီရှိခြင်း။
- လုပ်ဆောင်ရန်တာဝန်များအားလုံးသည် သင်၏လုပ်ဖော်ဆောင်ဖက် သင်ကြားမည့်ဘာသာရပ်နှင့် ဆက်စပ်မှုရှိရန်လိုအပ်သည်။
- ကျောင်းသားများ၏အရည်အချင်း၊အဆင့်နှင့် လုပ်ဆောင်ရမည့်တာဝန်များ၏ အဆင့်နှင့်တူညီရန် လိုအပ်ပါသည်။
- လုပ်ဆောင်ရမည့်တာဝန်များကို ရှင်းလင်းစွာရေးသားထားခြင်းနှင့် အားလုံးကိုသင်နားလည်ရန် လိုအပ်ပါသည်။

၃) အကယ်၍သင်သည် သင်လုပ်ဆောင်ရမည့်တာဝန်များကို တိုးတက်လိုလျှင် ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။

၄) သင်လုပ်ဆောင်ရမည့်တာဝန်များတွင် တစ်ချို့သောဥပမာများကိုထည့်၍ နံရံတွင်ကပ်ထားပါ။ တစ်ခြားသောသင်တန်းသားများ လုပ်ဆောင်ရမည့်တာဝန်များကိုကြည့်ပါ။

**မှတ်ချက်**

အမြင့်ဆုံးကျွမ်းကျင်မှုအဆင့်များတွင် အနိမ့်ဆုံးအပိုင်းလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းမှု၏ အောင်မြင်မှုများကို သုံးသပ်မှုပြုလုပ်နိုင်ရန် အတွက် ၎င်းနှင့်သက်ဆိုင်သည့် စီမံကိန်းများအား ဥပမာနှင့် တကွ စာရင်းပြုစုဖော်ပြနိုင်မှသာလျှင် ၎င်း၏အောင်မြင်မှုကို အကဲဖြတ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။

အဆင့်မြင့်မားသောအရာများကို လုပ်ဆောင်ရာတွင် ခက်ခဲရန် မလိုအပ်ပါ။ သို့သော် ကျောင်းသားများမှ ၎င်းတို့ကိုဆောင်ရွက် ရန်အတွက် နားလည်မှုနှင့်တွေးခေါ်မှုလိုအပ်သည်။



## ဃ။ သင်ယူလေ့လာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များ

### ရောနှောခြင်းနှင့် ယှဉ်တွဲပေးခြင်း

၁။ သင်ယူလေ့လာရာ၌ လုပ်ဆောင်ရမည့်တာဝန်များကို ခွဲခြမ်းစိတ်ဖြာမှုအဆင့် (သို့မဟုတ်) ၎င်း၏အထက်တွင် ပေးထားသော အကြောင်းအရာများကို အသုံးပြုနိုင်သည်။ ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်တာဝန် ပြီးမြောက်ရန်အတွက် လုပ်ဆောင်နိုင်သည့်အရာများနှင့် ပတ်သက်သည့် စဉ်စား၍ဆက်စပ်တွေးခေါ်မှုများကို ပြုလုပ်စေပါ။ နည်းဗျူဟာဖိုင် “ဆ”ကိုကြည့်ပါ။ အဖွဲ့လိုက် လုပ်ဆောင်ရန် နည်းဗျူဟာများမှ ဦးနှောက်ကိုအသုံးပြု၍ စဉ်းစားတွေးခေါ်၍ရရှိလာသောနည်းပညာများမှ သတင်းများ ဖြစ်သည်။

စဉ်းစားတွေးခေါ်မှုနည်းလမ်းအတွက် အဖွဲ့လိုက်လုပ်ဆောင်မှု နည်းဗျူဟာများ

၂။ အကယ်၍သင်သည် သင်ကြားမည့် (သို့မဟုတ်) မူလတန်း (သို့မဟုတ်) အလယ်တန်းကိုသင်ကြားနေသည် (သို့မဟုတ်) သင်ကြားမည်ဟု အစီအစဉ်ရှိပါက အခန်း(၄)အတွက် ထပ်ဆောင်းပေးထားသော ဖတ်စာများကိုဖတ်ပါ။

**အကြောင်းအရာတစ်ခုနှင့်စပ်လျဉ်း၍ ဆက်စပ်တွေးခေါ်စဉ်းစားခြင်း**

- အတွေးအခေါ်များအားလုံး ကျိုးကြောင်းညီညွတ်သည်
- အရေအတွက်၊ အရည်အသွေးမဟုတ်
- ဝေဖန်ပိုင်းခြားမှုမရှိခြင်း
- တီထွင်ဖန်တီးမှုများကို အားပေးခြင်း

## င။ မေးခွန်းများ အသုံးပြုခြင်း

၁။ အောက်တွင်ပေးထားသော မေးခွန်းများကိုဖြေဆိုရန်အတွက် မည်သည့်စဉ်းစားတွေးခေါ်မှုအဆင့် လိုအပ်သနည်း။ အဖွဲ့လိုက်ဆွေးနွေးပါ (သို့မဟုတ်) အတန်းထဲ၌ ဆွေးနွေးပါ။

က။ သူမ၏မိန့်ခွန်းတွင် မည်သည့်အချက်သည်အဓိကဖြစ်သနည်း။

ခ။ စစ်တမ်းကောက်ချက်၏ရလဒ်အကြောင်းကိုသင်မည်သို့ထင်သနည်း။

ဂ။ ရေကိုစုပ်ယူရာတွင် စက္ကူဘီး ကိုကျွန်ုပ်တို့ အသုံးပြုနိုင်သလား

ဃ။ ဤဇယားကွက်သည် မည်သည့်အရာကို ဖော်ပြသနည်း။

င။ ဤပြဿနာကိုဖြေရှင်းရာတွင် မည်သည့်ဖြေရှင်းနည်းက အကောင်းဆုံးဖြစ်သနည်း

စ။ အဘယ်ကြောင့် မိုးရွာသနည်း။

ဆ။ ကမ္ဘာကြီးပူနွေးလာရခြင်း၏ အကြောင်းမှာအဘယ်နည်း။

ဇ။ ဘတ်(စ်)ကားမှတ်တိုင် ဘယ်နားမှာရှိပါသလဲ။

ပေးထားသောစာပိုဒ်အကြောင်းအရာကို ဖတ်ပါ။ ထို့နောက်အောက်တွင် ပေးထားသောမေးခွန်းများကို တိုတိုနှင့်လိုရင်းသာ ဖြေဆိုပါ။

၁။ Bloom ၏ဖွဲ့စည်းတည်ဆောက်ပုံတွင် ဆွေးနွေးရန်မေးခွန်းများဖြစ်သော Q1 နှင့် Q2သည်မည်သည့် အဆင့်အတွက် ဖြစ်သနည်း။

၂။ ဖွဲ့စည်းတည်ဆောက်ပုံ၌ရှိသော အဆင့်လေးဆင့်အတွက်မေးခွန်းများကို စာပိုဒ်အပေါ်အခြေခံ၍ရေးပါ။ မတူညီသောမေးခွန်းများနှင့် ပတ်သက်သောအကြံဉာဏ်များကို နည်းဗျူဟာဖိုင် "ဂ"တွင် အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများကို တွေ့ရှိနိုင်သည်။

**အန္တရာယ်ကျရောက်နေသောသစ်တော**

ကမ္ဘာတစ်ဝန်းရှိလူများသည် သစ်ထုတ်လုပ်မှု အများအပြားပြုလုပ်နေကြသည်။ ဥပမာ-အင်ဒိုနီးရှားတွင်(၁၉၅၀) ခုနှစ်အချိန်ကတည်းကသစ်တော (၄၅)ရာခိုင်နှုန်းဆုံးရှုံးခြင်းနှင့် လက်ရှိအချိန်တွင် ဧရိယာ(၂)မီလျံ အကျယ်အဝန်းရှိသော သစ်များကို နှစ်စဉ်ခုတ်ယူလျက်ရှိသည်။ လူအများသည် သစ်တောများမခုတ်မီ သေချာစွာစဉ်းစားခြင်းမရှိပါ။သစ်ကိုရောင်းချပါက ငွေကြေးရရှိမည်အကြောင်းသာ သူတို့စဉ်းစားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သစ်အကြောင်းကို သေချာစွာစဉ်းစားပါက သစ်များသည် အရေးကြီးကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာအားလုံးသည် သစ်တောမှရရှိခြင်းဖြစ်ပါသည်။

သစ်တောသည် တိရိစ္ဆာန်အမျိုးမျိုး၊ သစ်ပင်များနှင့် မှိုတို့၏အိမ်ဖြစ်သလို၊ ကျွန်ုပ်တို့လည်း သူတို့အား စားသုံးနိုင်သည်။ တစ်ချို့သောအပင်များသည် ဆေးဝါးပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ ပျားရည်ကိုလည်း သစ်တောထဲတွင် ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဤအရာများအားလုံးကို စုဆောင်းသိမ်းဆည်းနိုင်သည်။ (သို့မဟုတ်) ကျွန်ုပ်တို့သည် ကုန်သွယ်မှုရောင်းဝယ်ဖောက်ကားခြင်း(သို့မဟုတ်) ရောင်းချခြင်းအားဖြင့် ကျွန်ုပ်တို့လိုအပ်သော ဆန်(သို့မဟုတ်) အဝတ်အစားများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ပို၍အရေးကြီးသောအရာတစ်ခုမှာ သစ်တောသည်ကမ္ဘာမြေကြီး၏ ဂေဟစနစ်ကိုထိန်းသိမ်းရာတွင် လွန်စွာ အရေးပါသည်။ သစ်ပင်သည် ကျွန်ုပ်တို့အသက်ရှုရန်အတွက် အရေးကြီးဆုံးအပိုင်းဖြစ်သော လိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်လွှတ်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို အစာချက်ရန်အတွက်ယူသည်။ သစ်ပင်သည် ကျွန်ုပ်တို့အသုံးပြုသော ရေ၌လည်း အရေးပါသည်။ သစ်တောထဲ၌ရှိသော စမ်းချောင်းများသည် အမြဲတမ်းသန့်ရှင်းခြင်းနှင့် အေးမြသည်။ သစ်တောများဆုံးရှုံးသွားသောအခါ စမ်းချောင်းများလည်းခမ်းခြောက်သွားကုန်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ကိုနေဒဏ်မှ ကာကွယ်ပေးသည့် သစ်ပင်များမရှိသောကြောင့်ဖြစ်သည်။

သစ်တောသည် ကောင်းမွန်သောမြေဆီလွှာဖြစ်စေရန် ထိန်းသိမ်းရာ၌ များစွာအထောက်အကူပြုသည်။ သစ်ပင်မှကြွေသွားသောသစ်ရွက်များသည် မြေဆီလွှာသစ်ကို ပြုလုပ်ခြင်းနှင့် သစ်ပင်၏အမြစ်များသည် မြေဆီလွှာကို ထိန်းသိမ်းထားပေးသည်။ သစ်တောမရှိပါက မြေဆီလွှာများသည် မိုးရွာသွန်းမှုကြောင့် ရေတိုက်စားခြင်းခံရမည်ဖြစ်သည်။ မြေဆီလွှာမရှိပါက မြေကြီးသည် မိုးရေကိုကြာရှည်စွာ ထိန်းသိမ်းနိုင်ခြင်းမရှိပါ။ ထို့ကြောင့် မိုးရေသည် လျှင်မြန်စွာစီးဆင်းသွားခြင်းနှင့် ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ တစ်ချို့သောနေရာတွင် ရေကိုလုံလောက်စွာမရရှိခြင်းနှင့် တစ်ချို့သောနေရာတွင် ရေများပိုလျှံနေမည်ဖြစ်သည်။

လွန်ခဲ့သောအချိန်များတွင် သစ်ပင်များမြောက်များစွာရှိသည်။ ယခုအချိန်တွင် ခေတ်သစ်သိပ္ပံပညာကိုအသုံးချ၍ သစ်ထုတ်လုပ်မှုများကို အရင်အချိန်ထက် လျှင်မြန်စွာထုတ်လုပ်သည်။ လူများသည် သစ်ပင်များကိုမကြာခဏ ခုတ်၍ ပြန်လည်စိုက်ပျိုးခြင်းမရှိပါ။ ယခုအချိန်တွင် မြေဧရိယာမြောက်များစွာ၌ သစ်ပင်များမရှိဘဲ ဖြုန်းတီးကုန်သည်။

**ဆွေးနွေးရန်။ ။ မေးခွန်း၁–သစ်ထုတ်လုပ်မှုများ ပိုတိုးလာပါက မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သနည်း။**

**မေးခွန်း၂–သစ်ထုတ်လုပ်ရာ၌ ထိန်းချုပ်မှုရှိသင့်ကြောင်း သင်ထင်ပါသလား အဘယ်ကြောင့်နည်း။**

## အချိန်စောင့်ဆိုင်းခြင်းကိုအသုံးပြု၍ မေးခွန်းများကိုမေးခြင်း

ဤလေ့ကျင့်ခန်းသည် အတန်းအသင့်လျင်မြန်စွာ သွားရန်လိုအပ်ပါသည်။ အကယ်၍ မေးခွန်း၏ အဖြေကိုသင်မသိရှိပါက ပြောပါ။ ဤသင်ခန်းစာ၏ဦးတည်ချက်မှာ မေးခွန်းများကို လေ့ကျင့်မေးရန်ဖြစ်သည်။ အဖြေများ ပြန်လည်ဖြေကြားရန်မဟုတ်ပါ။ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက နည်းဗျူဟာဖိုင်"ခ" ကိုဖတ်ပါ။ အဘယ်ကြောင့် မေးခွန်းမေးသနည်း။

၁) စက်ဝိုင်းပုံသဏ္ဍာန်ရပ်ပါ။ သင်တန်းသားများ စက်ဝိုင်းအလည်သို့ အလှည့်ကျသွားပါပြီးလျှင် အန္တရာယ်ကျရောက်နေသော သစ်တောနှင့်ပတ်သက်သည့် မေးခွန်းများထဲမှ တစ်ခုကိုမေးပါ။

၂) သင်တန်းသားမှ တစ်စုံတစ်ဦးကိုဖြေကြားရန် မရွေးချယ်မီ အချိန်(၃စက္ကန့်) စောင့်ဆိုင်းခြင်းကို အသုံးပြုသည်။

၃) ရွေးချယ်ထားသော သင်တန်းသားက မေးခွန်းများဖြေကြားရာတွင် လိုရင်းကိုသာ (တိုတိုတုတ်တုတ်) ဖြေကြားသည်။

၄) တဖန် ဤသင်တန်းသားပင် စက်ဝိုင်း၏အလည်သို့သွား၍ သူ၏မေးခွန်းတစ်ခုကိုမေးခြင်းနှင့် ဆက်လက်ပြီး လူတိုင်းမေးခွန်းများမေးလာအောင် လုပ်ဆောင်ရန်ဖြစ်သည်။

၄။ နည်းဗျူဟာဖိုင် "ခ"မှ နည်းပညာသုံးခုကိုရွေးချယ်၍ အဘယ်ကြောင့်မေးခွန်းမေးသနည်း။ သင့်အနေဖြင့် အသုံးဝင်သည်ဟု သင်ထင်ပါသလား။ အချက်တစ်ချက်ချင်းစီအတွက် စာကြောင်းတစ်ကြောင်းရေးပြီး အဘယ်ကြောင့်ဆိုသည်ကို ရေးပါ။

# ခ။ စူးစမ်းလေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

## လက်တွေ့လုပ်ဆောင်ရန်တာဝန်များ–စူးစမ်းလေ့လာခြင်း ၄

အတွေ့အကြုံများသော ဝါရင့်ဆရာ၏အတန်းသို့ (၄၅မိနစ်- ၁နာရီ) ခန့်သွားရောက်လေ့လာပါ။ ဝါရင့်ဆရာအတန်းသို့ သင်သွားရောက်မလေ့လာမီ အောက်တွင်ဖော်ပြထားသောဇယားကိုလုပ်ဆောင်ပါ။ အတန်းထဲတွင်လေ့လာနေစဉ် သင်၏ဇယားကွက်တွင် လေ့ကျင့်ခန်းလှုပ်ရှားမှုတစ်ခုချင်းစီတိုင်းအတွက် အချိန်မည်မျှအသုံးပြုသည်ကို မှတ်သားထားရန်၊ ဆရာကမည်သည့်အရာကို လုပ်ဆောင်သနည်း၊ ကျောင်းသားကမည်သည့်အရာကို လုပ်ဆောင်သနည်း၊ လိုအပ်သောစဉ်းစားတွေးခေါ်မှုအဆင့်ကို မှတ်သားရန်ဖြစ်သည်။

| အချိန် | ဆရာမှလုပ်ဆောင်သောအရာများ | ကျောင်းသားမှလုပ်ဆောင်သော အရာများ | စဉ်းစားတွေးခေါ်မှုအဆင့် |
|---|---|---|---|
| | | | |
| | | | |

၂။ အတန်းပြီးဆုံးသွားသောအခါ သင်၏ဇယားကွက်တွင်ပါရှိသော အချက်အလက်များကို ကြည့်၍ သင်ခန်းစာအား ပြန်လည်စိစစ်ပါ။

| အချိန် | ဆရာမှလုပ်ဆောင်သောအရာများ | ကျောင်းသားမှလုပ်ဆောင်သော အရာများ | စဉ်းစားတွေးခေါ်မှုအဆင့် |
|---|---|---|---|
| ၁၀မိနစ် | - ခေါင်းစဉ်တင်ပြခြင်း | - နားထောင်၍ မေးခွန်းများကို ဖြေပါ | - အသိပညာဗဟုသုတ |
| ၂၀မိနစ် | - ဖတ်စာအုပ်မှ လုပ်ဆောင်ရမည့်တာဝန်များကိုပေးခြင်း | - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါ | - အသိပညာ၊ သဘောပေါက် နားလည်မှု |

## ပြန်လည်သုံးသပ်ခြင်း

၃။ ပြန်လည်သုံးသပ်ပါ။ ဤလုပ်ဆောင်မှုသည် သင့်အားသင်ခန်းစာအကြောင်းကို မည်သို့ပြောပြသနည်း။ သင်လေ့လာစူးစမ်းခဲ့သောအရာပေါ် မူတည်၍ ဆုံးဖြတ်ချက်တစ်ခု(သို့မဟုတ်)နှစ်ခုပြုလုပ်ပါ။ ဥပမာ-

- ဆရာသည် သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းများကို ပုံမှန်ပြောင်းလဲမှုပြုလုပ်ပါသလား။ (အချိန်ပြဇယားကွက်)
- ဆရာသည် ကျောင်းသားများလေ့လာသင်ကြားရာ၌ မည်သို့ကူညီထောက်ပံ့ပေးသနည်း။ (ဆရာလုပ်ဆောင်ရန် ဇယားကွက်)
- ကျောင်းသားများ တက်ကြွစွာပါဝင်ပါသလား။ (ကျောင်းသားများလုပ်ဆောင်ရန် ဇယားကွက်)
- စဉ်းစားတွေးခေါ်ရာ၌ မြင့်မားသောတွေးခေါ်မှုအဆင့်ကို အသုံးပြုပါသလား။ (စဉ်းစားတွေးခေါ်မှု အဆင့်ပြဇယားကွက်)

အတန်းထဲတွင် သင်စူးစမ်းလေ့လာခဲ့သော အကြောင်းအရာများကို ဆွေးနွေးပါ။

**အကျဉ်းချုပ်– သင်ယူခြင်းအတွက်လေ့လာခြင်း**

- သင်ယူလေ့လာခြင်းတွင် ဘာသာရပ်နှင့်ပတ်သက်သော အသိပညာဗဟုသုတ၊ အတွေးအခေါ်ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခြင်းတို့ ပါဝင်ပါသည်။
- စဉ်းစားတွေးခေါ်ခြင်းသည် လေ့လာသင်ယူရာ၌ ဗဟုသုတအသစ်များအား တွေ့ရှိခြင်းနှင့် ၄င်းတို့အား နားလည် သဘောပေါက်မှုအတွက် များစွာအထောက်အကူပြုပါသည်။
- သင်ယူလေ့လာခြင်း၏ ရည်ရွယ်ချက်တွင် ကျွန်ုပ်တို့သည် ကျောင်းသားများအား သင်ယူလေ့လာမှု၏ ရလဒ် အနေဖြင့် မည်သည်တို့ကိုတတ်မြောက်အောင် လုပ်ဆောင်စေလိုသနည်း။
- အဆင့်မြင့်လေ့လာသင်ယူရာ၌ လုပ်ဆောင်ရသောတာဝန်များသည် ကျောင်းသားများအား မိမိတို့သင်ယူသည့် အရာများကို လက်တွေ့အသုံးချရန်အတွက် ကူညီပေးသည်။
- သင်ခန်းစာ၏ ရည်ရွယ်ချက်အောင်မြင်စေရန် သင်ခန်းစာနှင့်ပတ်သက်သော လှုပ်ရှားမှုများအား စီစဉ်ရာတွင် အမျိုးမျိုးကွဲပြားနိုင်သည်။ သို့သော် အဘယ်ကြောင့် လုပ်ဆောင်သည်ကို သတိရပါ။ ကျောင်းသားများ တစ်စုံတစ်ခုကို သင်ယူလေ့လာနိုင်မည်လား။
- မေးခွန်းများမေးခြင်းသည် လူတို့ကိုတွေးခေါ်ရန် ပြုလုပ်ပေးသည်။
- ကျောင်းသားများ၏မတူညီသော တွေးခေါ်မှုအဆင့်တိုင်းတွင် မေးခွန်းများအသုံးပြုနိုင်သည်။
- ဆရာမှ အချို့သောမေးခွန်းများကို အဆင့်မြင့်ရေးဆွဲခြင်းဖြင့် မတူညီသောတွေးခေါ်မှုအဆင့်၌ တွေးခေါ် တတ်ရန် ကျောင်းသားများကိုအားပေးရာရောက်ပါသည်။

## ဆ။ အကဲဖြတ်လေ့လာရန်တာဝန်များ

၁။ သင်ရေးထားသော ၄(ဂ) သင်ယူလေ့လာမှုတာဝန်များရေးသားခြင်း သင်ယူလေ့လာရာ၌လုပ်ဆောင်ရမည့် တာဝန်များအား ပြန်လည်သုံးသပ်ပါ။ သင်၏ဘာသာရပ်အတွက် ကောင်းမွန်စွာလုပ်ဆောင်ရမည့်တာဝန်များ ဖြစ်သည်ဟု သင်ထင်ပါသလား။ သင်တန်းပို့ချသူအနေဖြင့် ပြန်လည်သုံးသပ်နိုင်ရန်ရေးချခြင်းနှင့် တိုးတက်ကောင်းမွန်စေရန် မည်သည့်ပြောင်းလဲမှုကိုမဆို လုပ်ဆောင်ပါ။ ၄(ဂ)သင်ယူလေ့လာမှုတာဝန်များရေးသားခြင်း

၂။ တာဝန်နှစ်ခုကို ရွေးချယ်ရာတွင် မတူညီသည့်အဆင့်တွင်ရှိသော စဉ်းစားတွေးခေါ်ခြင်းနှင့် ကျောင်းသားများ မည်သည့်အရာကိုပြီးမြောက်အောင် ဆောင်ရွက်ရမည်ကိုရှင်းပြပါ။ မေးခွန်း ၄(ဂ) သင်ယူလေ့လာမှုတာဝန်များရေးသားခြင်းကိုအခြေခံ၍ ဥပမာနှစ်ခုကိုကြည့်ပါ။

**နားလည်နိုင်စွမ်းရှိခြင်း**

**မာတိကာတွင်ဖော်ပြထားသော ပေးဆပ်ခြင်း၏အဓိပ္ပါယ်မှာ အဘယ်နည်း။ (၅ မိနစ်)**

၁။ ကျောင်းသားများမှ ရှင်းလင်းချက်များရေးသား၍ မိမိအဖော်၏ရလဒ်နှင့် နှိုင်းယှဉ်ကာ ဤရှင်းလင်းချက်အပေါ် သဘောတူညီမှုရှိပါသည်။
၂။ ဆရာသည်ကျောင်းသားများကို အတန်းထဲတွင် အချိန်စောင့်စားခြင်းအား အသုံးပြုရန် ပြောသည်။
၃။ အကျဉ်းချုပ်ဆွေးနွေးခြင်းနှင့် သဘောတူညီမှုရှိရန် ဖြစ်သည်။
၄။ သဘောတူညီမှုရရှိထားသည့် ရှင်းပြချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

**စိစစ်လုပ်ဆောင်ခြင်း**

**ထိုင်းနိုင်ငံ၌ရှိသောဆင်များအန္တရာယ်ရှိခြင်း၏ အဓိကအကြောင်းရင်းကို စိစစ်လုပ်ဆောင်ပါ။ (၂၅ မိနစ်)**

၁။ အသက်ရှင်ကျန်ရစ်သော သတ္တဝါမျိုးစိတ် ခြိမ်းခြောက်ခံနေရသည့်အကြောင်းမှာ အဘယ်ကြောင့်ဖြစ်သည်ကို အတန်းထဲ၌စဉ်းစားခိုင်းပါ။
၂။ ကျောင်းသား (သို့မဟုတ်) ဆရာမှ မိမိ၏ထင်မြင်ယူဆချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။
၃။ ဆရာက မည်သည့်အပိုင်းတွင် ဆင်ပြန်လည်အသုံးပြုရန်နှင့် မလိုအပ်သောအချက်များကို ပယ်ဖျက်ရန်ပြောပါသည်။
၄။ ဆရာက- ဆင်နှင့်ပတ်သက်သော ကျွန်ုပ်တို့စာရင်းပြုစုထားခြင်းမရှိသော အခက်အခဲပြဿနာများ ရှိပါသလား။ စသည့်မေးခွန်းမေးခြင်းနှင့် ဤအကြောင်းအရာများကို ထပ်ပေါင်းထည့်ပါ။
၅။ အန္တရာယ်ဖြစ်စေသော စာရင်းကို အတန်းထဲ၌ သဘောတူညီမှုရှိခြင်း (အကယ်၍ ကျောင်းသားများသည် အင်တာနက်ကို အသုံးပြုရန်လက်ခံပါက အင်တာနက်တွင် စစ်ဆေးမှုများ ပြုလုပ်နိုင်သည်။
၆။ ဆရာမှရရှိထားသောစာရင်းအား သေချာစေပြီးသည်နှင့် အချက်အလက်များထပ်မံပေါင်းထည့်နိုင်သည်။
၇။ အဖွဲ့များသည် အမြင့်ဆုံးအဆင့်မှ အနိမ့်ဆုံးအဆင့်သို့ ခြိမ်းခြောက်ခံရသည့် စာရင်းများကို အစဉ်လိုက် ရေးချပါ။
၈။ ကျောင်းသားတစ်ဦးချင်းစီမှ မိမိရရှိထားသော စိစစ်လေ့လာခြင်းများကို ရေးသည်။

# သင်ခန်းစာ (၅)

## အစီအစဉ်ရေးဆွဲခြင်း

**ဤသင်ခန်းစာ ပြီးဆုံးသွားသောအခါ သင်တန်းသားများသည်**

- သင်ရိုးအစီအစဉ်ရေးဆွဲနိုင်ပါသည်။
- သင်ကြားပို့ချခြင်းနှင့် သင်ယူလေ့လာခြင်းကို ရေးဆွဲရာတွင် လေ့လာသူ တစ်ဦးချင်းစီ၏ လိုအပ်ချက်ရောက်ရှိအောင် ရေးဆွဲတတ်မည်ဖြစ်သည်။
- သင့်လျော်သော သင်ထောက်ကူပစ္စည်းနှင့် သင်ကြားမှုနည်းဗျူဟာ၊ သင်ခန်းစာနှင့် ပတ်သက်သောလှုပ်ရှားမှုများ ချိတ်ဆက်ပေးခြင်းနှင့် ကျောင်းသားများအား တက်ကြွစွာပါဝင်လာအောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။
- ထိရောက်သော သင်ကြားပို့ချမှုရရှိရန် ပြန်လည်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း များကို သင်ကိုယ်တိုင်ပြုလုပ်တတ်မည်ဖြစ်ပါသည်။

## က။ သင်ရိုးရေးဆွဲခြင်း

ဤသင်ရိုးတွင် ကျွန်ုပ်တို့မည်ကဲ့သို့လေ့လာသင်ယူသည်ကို ကြည့်ပါ။ ကျွန်ုပ်တို့၏ အတွေ့အကြုံ၊ မတူညီသော လုပ်ဆောင်မှုများကို အဖွဲ့လိုက်လေ့ကျင့်ခြင်းနှင့် သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းလှုပ်ရှားမှုများကို လုပ်ဆောင်ရန်အတွက် သင်ကြားမှုနည်းဗျူဟာကိုလည်း ကြည့်ရန်လိုပါသည်။ အထက်တွင်ဖော်ပြထားသော လုပ်ဆောင်မှုများအား သင်ခန်းစာရေးဆွဲခြင်းနှင့် သင်ခန်းစာပို့ချခြင်းတို့တွင် ကျွန်ုပ်တို့ ထည့်သွင်းရေးဆွဲမည်ဖြစ်သည်။ အစီအစဉ်ရေးဆွဲခြင်းသည် ပညာရေးစနစ်တလျှောက်လုံးပါဝင်နေသည်။

**သင်ယူလေ့လာခြင်း၏ ရည်မှန်းချက်များ**

**သင်ရိုးဖွဲ့စည်းမှု**
- ပညာသင်ကြားခြင်းဆိုသည်မှာ အဘယ်နည်း။
- မည်သည့်ကျွမ်းကျင်မှုများ တိုးတက်လာသနည်း။

**သင်ရိုးမာတိကာ**
- သင်ခန်းစာနှင့်ပတ်သက်သော ညွှန်ကြားချက်
- သင်ရိုးမာတိကာ
- အကဲဖြတ်စစ်ဆေးရန်မှုများနှင့် နည်းဗျူဟာများ

**သင်ရိုးရေးဆွဲခြင်း**
- ညွှန်ကြားချက်များကို အားလပ်သောအချိန်တွင်လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခြင်း
- သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်းလိုအပ်ခြင်း

**သင်ခန်းစာရေးဆွဲခြင်း**
- သင်ခန်းစာတစ်ခုခြင်းစီအတွက် အသေးစိတ်အစီအစဉ်ရေးဆွဲခြင်း
- သင်ယူလေ့လာသည့်ရည်ရွယ်ချက်များ - မာတိကာ၊ နည်းဗျူဟာများ၊ အချိန်၊ စစ်ဆေးအကဲဖြတ်ခြင်းများ

## သင်ရိုးဖွဲ့စည်းမှု

လေ့လာသင်ယူခြင်းမှတဆင့် မည်သည့်သင်ခန်းစာကိုလေ့လာရမည်၊ မည်သည့်ကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်တို့ဖြစ်ပါသည်။ သင်ရိုးဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးနှင့်ပတ်သက်သော တက္ကသိုလ် (သို့မဟုတ်) သင်ခန်းစာသင်ကြားပေးသည့် စာသင်ခန်းများမှ ရေးဆွဲပေးသည်။

ယခုခေတ်တွင် ကမ္ဘာတစ်ဝန်းရှိဒေသများ၌ ကျောင်း၏သင်ရိုးများကို အစိုးရမှဆုံးဖြတ်ပေးခြင်း၊ အကြောင်းမှာ တစ်ခါတစ်ရံသတင်းအချက်အလက်များကို ထိန်းချုပ်ထားရန်နှင့် တစ်ခါတစ်ရံတွင် ကျောင်းသားများ သင်ယူလေ့လာသည့်အရာအပေါ် တန်းတူညီမျှမှုရှိရန်အတွက်ဖြစ်ပါသည်။

တိုင်းပြည်၌ရှိသောသင်ရိုးများသည် လူတိုင်းအား တူညီသောသင်ခန်းစာများကို လေ့လာသင်ယူရန် အခွင့်အရေးများ ပေးထားပါသည်။ တစ်ခါတစ်ရံတွင် အဓိကသင်ရိုးနှင့်အတူ ထပ်မံရွေးချယ်နိုင်သော ဘာသာရပ် (သို့မဟုတ်) အဆင့်တို့ပါရှိသည်။

**အဓိကစကားလုံးများ**

**သင်ရိုးညွှန်းတမ်း** - သည်သင်ခန်းစာလေ့လာရန် အဓိကအချက်များကို ရေးဆွဲထားခြင်းဖြစ်သည်။ သင်ရိုးညွှန်းတမ်းသည် သင်ရိုးဖွဲ့စည်းမှုမှ အချက်အလက်များရွေးချယ်ပြီး လေ့လာရန်အစီအစဉ်များ ပြုလုပ်ထားပါသည်။ သင်ရိုးအားလေ့လာသင်ယူရာ၌ ရည်ရွယ်ချက်၊ ခေါင်းစဉ်နှင့် အဆင့်ကိုဖော်ပြထားပါသည်။ သင်ရိုးညွှန်းတမ်းသည် ဆရာအား မည်သို့သင်ကြားရမည်ဟု လမ်းညွှန်ထားခြင်းမရှိပါ။
**သင်ရိုးရေးဆွဲခြင်း** - သည်သင်ရိုးတစ်ခုလုံး၏ ညွှန်ကြားချက်များကို ရေးဆွဲရခြင်းဖြစ်သည်။ ဆရာမှ တိုးတက်အောင်စီစဉ်လုပ်ဆောင်ရခြင်းဖြစ်သည်။ ဆရာအနေဖြင့် မိမိ၌ရှိသောအချိန်ပေါ် မူတည်၍ သင်ရိုးကိုမည်သို့ရေးဆွဲသည်ကို ဖော်ပြထားပါသည်။
**သင်ခန်းစာရေးဆွဲခြင်း** - သည်သင်ခန်းစာတစ်ခုခြင်းစီ၏ အသေးစိတ်ကိုရေးဆွဲရခြင်းဖြစ်သည်။ သင်ခန်းစာများ ကို ဆရာမှ စီစဉ်ရေးဆွဲ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သင်ခန်းစာရေးဆွဲရာတွင် သင်ခန်းစာကို လေ့လာသင် ယူရခြင်း၏ရည်ရွယ်ချက်၊ မာတိကာ၊ သင်ကြားပို့ချခြင်းနှင့် သင်ခန်းစာနှင့်ပတ်သက်သော လေ့ကျင့်ခန်းလှုပ်ရှား မှုများ၊ အချိန်နှင့် စစ်ဆေးအကဲဖြတ်ခြင်း စသည်တို့ပါဝင်ပါသည်။
**သင်ယူလေ့လာခြင်းရည်ရွယ်ချက်** - သင်ယူလေ့လာခြင်း၏ ရလဒ်အနေဖြင့် ကျောင်းသားများ တတ်မြောက် သွားမည့်အရာကို ဆိုလိုပါသည်။ သင်ယူလေ့လာခြင်း၏ ရည်ရွယ်ချက်များကို အစီအစဉ်ရေးဆွဲချမှတ်သည့် အဆင့်တစ်ခုစီတိုင်းတွင် ထည့်သွင်းရေးသားသည်။ ဆရာသည် မိမိသင်ခန်းစာ၏ရည်ရွယ်ချက်ကို ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် တစ်ခါတစ်ရံ ကျောင်းသားတစ်ဦးချင်းစီအတွက်သော်လည်းကောင်း (သို့မဟုတ်) ကျောင်းသားအဖွဲ့လိုက်အတွက်သော်လည်းကောင်း အမြဲလုပ်ဆောင်ရပါသည်။

## သင်ရိုးနှင့် သင်ရိုးမာတိကာ

၁။ မြန်မာနိုင်ငံ၏ သင်ရိုးနှင့်သင်ရိုးမာတိကာကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန်မည်သူ၌ တာဝန်ရှိသနည်း။

က။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း (အခြေခံပညာရေး)။
ခ။ ဘုန်းတော်ကြီးစာသင်ကျောင်းများ။
ဂ။ ရပ်ရွာလူမှုဝန်းကျင်အခြေပြု ပညာရေးအစီအစဉ်များ။
ဃ။ တက္ကသိုလ်များ။

ဤအခြေအနေတွင် ကျောင်းသားများအတွက် မည်သည့်အရာကအားနည်းချက်နှင့် အားသာချက်ဖြစ်ခဲ့သနည်း။

၂။ အတန်းထဲ၌ ဆွေးနွေးမှုကို အကျဉ်းချုပ်ပါ။ အရေးကြီးသောအချက်များကို အကျဉ်းချုပ်မှတ်စုရေးပါ။

| | အားသာချက် | အားနည်းချက် |
|---|---|---|
| အခြေခံ | | |
| ဘုန်းတော်ကြီးစာသင်ကျောင်းနှင့် လူမှုအဖွဲ့အစည်း | | |
| တက္ကသိုလ်များ | | |

**ဆရာများအတွက်စိန်ခေါ်ချက်**

ကျောင်းများတွင်သင်ရိုးများကို စီမံကိန်းရေးဆွဲရာ၌ ကန့်သတ်မှုများရှိခြင်းနှင့် သင်ရိုးများသည် သင်ရိုးစာအုပ်မှ ကြိုတင်၍ပြဌာန်းထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဆရာများသည် သင်ရိုး၌ထည့်သွင်းပေးထားသော သင်ခန်းစာများကိုသာသင်ကြားရပြီး သင်ရိုး၌ထည့်သွင်းထားခြင်းမရှိသော သင်ခန်းစာများကို သင်ကြားခြင်း မပြုရပေ။ ဤသို့ဖြင့် ဆရာများသည် ကျောင်းသားများအား တက်ကြွစွာသင်ကြားမည့်နည်းလမ်းများ စဉ်းစားခြင်းအား မကြာခဏရပ်ထားရသည်။ ထိုအတွက်ကြောင့် စာသင်ကြားခြင်းမှာ ငြီးငွေ့စရာဖြစ်လာပါသည်။ ယနေ့တွင် မြန်မာနိုင်ငံရှိဆရာများအတွက်စိန်ခေါ်မှုများမှာ ရိုးရာသင်ကြားရေးနည်းလမ်းများကို အသုံးပြုနေစဉ်တွင် တက်ကြွစွာသင်ကြားရေးနည်းလမ်းကို အကောင်အထည်ဖော်စတင်ပြီး ကျောင်းသား၊သူများနှင့် ချိတ်ဆက်ကာ တွန်းအားပေးလှုံ့ဆော်ရန်ဖြစ်ပါသည်။

မှတ်သားရန်- လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်များသည် သင်ကြားပို့ချခြင်းမှ အစပြုပါသည်။ ကျောင်းသားများလေ့လာသင်ယူရာမှ ရရှိသောရလဒ်များကို မည်ကဲ့သို့ ပြန်လည်လုပ်ဆောင်သနည်း။

## ခ။ သင်ရိုးညွှန်းတမ်းအားဖွံ့ဖြိုးတိုးတက်စေရန် ရေးဆွဲခြင်း

### အဆင့်(၁)- ညွှန်ကြားချက်များ

သင်သည်ဤသင်ခန်းစာ၏ လေ့ကျင့်ခန်းလုပ်ရှားမှုကိုစီစဉ်ရာတွင် သင်ရိုး၏အဓိကအချက်အလက်များနှင့် သင်ထောက်ကူများကို သတ်မှတ်ထားသောအချိန်နှင့် ကိုက်ညီခြင်းဖြင့် လေ့လာသင်ယူရာ၌ အမျိုးမျိုးသော မတူညီသည့် လေ့လာသင်ယူခြင်းနည်းလမ်းများကို စီစဉ်ရေးဆွဲရမည်ဖြစ်ပါသည်။ ပထမဆုံးခြေလှမ်းသည် သင်တန်းအကြောင်းအရာများကိုခြုံငုံပြီး လိုအပ်သောသင်ထောက်ကူများကို သတ်မှတ်ထားသော အချိန်အတိုင်းအတာအတွင်းရှိ အစီအစဉ်အကြမ်းဖျဉ်းကို ဖန်တီးပါ။ နောက်ပိုင်းတွင် သင်၏အစီအစဉ်ကို ပိုမိုအသေးစိတ်လုပ်ဆောင်လိုပါက ပြောင်းလဲမှုများပြုလုပ်နိုင်ပါသည်။

ဤမာတိကာစာရင်းမှာ ပတ်ဝန်းကျင်နှင့် ပတ်သက်သော သင်ရိုးစာအုပ်အတွက်ဖြစ်ပါသည်။

### ပတ်ဝန်းကျင်နှင့်ကျွန်ုပ်


| | စာမျက်နှာ |
|---|---|
| မိတ်ဆက်ခြင်း | ၂ |
| ဖြုန်းတီးခြင်း | ၃ |
| သက်ရှိများနှင့် ပတ်ဝန်းကျင်တို့၏ဆက်သွယ်မှု၊ အပင်နှင့်တိရိစ္ဆာန် ကွဲပြားခြားနားမှုနှင့်အရင်းအမြစ်များ | ၈ |
| ရေ | ၁၁ |
| သစ်တောများ | ၁၉ |
| စွမ်းရည် | ၂၃ |
| ရာသီဥတုပြောင်းလဲခြင်း | ၂၈ |
| ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူနှင့်ပတ်ဝန်းကျင် နေထိုင်မှုအခြေအနေ | ၃၇ |


က။အဖွဲ့များသည် သင်ခန်းစာနှင့်ပတ်သက်သော ခေါင်းစဉ်ကို တစ်ပတ်လျှင်နှစ်နာရီ သင်ကြားရန် အတွက် ရေးဆွဲရာတွင် ရက်သတ္တပတ်နှစ်ဆယ်အတွက် ရေးရပါမည်။ ဖြစ်နိုင်ပါက ကဒ်ထူစာရွက်အကြီးကို အသုံးပြုပါ။

ပါဝင်သည့်အရာ- အနည်းဆုံး ကွင်းဆင်းလေ့လာခြင်း တစ်ခု၊ စီမံကိန်းလုပ်ဆောင်ရန်တစ်ခု၊ ပြန်လည် သုံးသပ်ခြင်းနှင့် ပြန်လည်လေ့ကျင့်ရန်အတွက် အချိန်တစ်ခုထားရှိခြင်းနှင့် စစ်ဆေးအကဲဖြတ်ရန်အတွက် အချိန်တစ်ခုထားရှိရမည်ဖြစ်သည်။

ခ။သင်လုပ်ဆောင်မည့် အစီအစဉ်ကိုပြသပါ။ ထိုနောက်အတန်းထဲရှိ တစ်ဦးချင်းစီလုပ်ဆောင် ထားသော အစီအစဉ်များအား လိုက်လံကြည့်ရှုပါ။

ဂ။ အတန်းထဲရှိအစီအစဉ်များတွင် မည်သည့်အပိုင်းက အဖြေများအလားတူရှိခြင်းနှင့် ကွဲပြားမှုရှိခြင်းများကို ဆွေးနွေးပါ။

ဃ။သင်ရိုး၏အဓိကအချက်အလက်များတွင် မည်သည့်သင်ရိုး၏အချက်အလက်က အကောင်းဆုံး ဖြစ်ခြင်းနှင့် အဘယ်ကြောင့်ဖြစ်သည်ကို မှတ်စုစာအုပ် ရေးပါ။

## အဆင့်(၂)– သင်ရိုးရေးဆွဲခြင်း

၂။ သင်ရိုး၏အဓိကအချက်အလက်များကို ရေးဆွဲပြီးသောအခါ သင်ရိုးအားပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် အစီအစဉ်ကိုနောက်တစ်ဆင့်တွင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သင်ရိုးရေးဆွဲရာတွင် အချက်အလက်များအား ပိုမိုအသေးစိတ်ရေးဆွဲရပါမည်။ သင်၏ဘာသာရပ်သည် ခေါင်းစဉ်ပေါ်အခြေခံ၍ သော်လည်းကောင်း(သို့မဟုတ်) ကျွမ်းကျင်မှုပေါ် အခြေခံ၍သော်လည်းကောင်း(သို့မဟုတ်) နှစ်ခုစလုံးနှင့် ရောနှော၍ သော်လည်းကောင်း စဉ်းစားတွေးခေါ်ရန်လိုအပ်သောအကြောင်းမှာ -

- ကျောင်းသား၏ လေ့လာသင်ယူရခြင်းရည်ရွယ်ချက်
- သင်ခန်းစာ၏ရည်ရွယ်ချက်ကိုပို့ချရာတွင် ကျောင်းသားများတက်ကြွစွာပါဝင်မည့် သင်ကြားခြင်းစနစ်နှင့် လေ့လာသင်ယူရမည့် နည်းဗျူဟာများကို အသုံးပြုရမည်ဖြစ်ပါသည်။
- သင်ကြားမှုနည်းစနစ်နှင့် လေ့လာသင်ယူရမည့်နည်းဗျူဟာများသည် အသင့်ရှိထားသော အကြောင်းအရင်းများပေါ် မူတည်ပြီးအသုံးပြုနိုင်ပါသည်။

သင်ရိုးရေးဆွဲရာတွင် ပညာသင်နှစ်ဝက်အထိပြီးအောင် အနည်းဆုံးရေးဆွဲရမည်။

သင်ရိုးကို ခေတ်နှင့်လျော်ညီစွာတိုးတက်လာအောင်ရေးဆွဲရာတွင် သင်သည်သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာ(သို့မဟုတ်) သင်ရိုးဖတ်စာအုပ်ကို အသုံးပြုရန်လိုအပ်ပါသည်။ အကယ်၍သင်သည် တစ်စုံတစ်ခုသော သင်ရိုးကို အသုံးပြုထားပါက ဆက်လက်၍အသုံးပြုပါ။ သင်သည်အလုပ်လုပ်နေစဉ်အတွင်း (သို့မဟုတ်) အလုပ်လုပ်ရန် ကြံစည်ထားသောနေရာ၌ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာမရှိသောအခြေအနေတွင် သင်ရိုးဖတ်စာအုပ်ကို သင်၏ဘာသာရပ်နှင့် အတန်းအတွက် အဓိကအသုံးပြုပါ။

သင်ရိုးကိုခေတ်နှင့်လျှော်စွာ တိုးတက်အောင်ရေးဆွဲရာတွင် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာ၊ သင်ရိုးဖတ်စာအုပ်ကိုအသုံးပြု၍ ပထမသုံးပတ်အတွက် သင်ရိုးကိုရေးဆွဲပါ။ ရေးဆွဲထားသော အစီအစဉ်များသည် အတန်းသစ်အတွက်ဖြစ်ပါသည်။ (သင်သည် ဤကျောင်းသားများကို အရင်ကတည်းက တစ်ခါမျှမတွေ့ဘူးပါ။) တစ်ဦးချင်းလုပ်ဆောင်ခြင်း (သို့မဟုတ်) နှစ်ယောက်တစ်တွဲလုပ်ဆောင်ခြင်း (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်ခြင်း တို့ကို ပြုလုပ်ပါ။ နောက်စာမျက်နှာ၌ရှိသာ ပုံစံကိုကြည့်၍အသုံးပြုပါ။ ခေါင်းစဉ်အားလုံးကို အသုံးပြုပါ။

<table>
<tr><th colspan="4">သင်ရိုးကိုအစီအစဉ်ရေးဆွဲခြင်းပုံစံ</th></tr>
<tr><td colspan="2">ဆရာ-<br>ဘာသာရပ်-<br>အတန်း-</td><td colspan="2">သင်ခန်းစာနံပါတ်-<br>သင်ရိုးတွင်အသုံးပြုမည့်အချိန်-<br>သင်ခန်းစာအချိန်-</td></tr>
<tr><td colspan="2">ရည်ရွယ်ချက်-</td><td colspan="2">သင်ကြားရမည့်အဓိကအကြောင်းအရာ-</td></tr>
<tr><td>နေ့စွဲ</td><td>သင်ယူလေ့လာသည့် ရည်ရွယ်ချက်</td><td>လှုပ်ရှားမှု</td><td>သင်ထောက်ကူ</td></tr>
<tr><td>အပတ်စဉ် (၁)</td><td>ကျောင်းသားများသည်</td><td>သင်မည်သည့်အရာကို လုပ်ဆောင်မည်နည်း။<br>ကျောင်းသားများမည်သည့် အရာကို လုပ်ဆောင်မည်နည်း။</td><td>မည်သည့်သင်ထောက်ကူ၊ အခြေခံအကြောင်းအရာ များသင်လိုအပ်သနည်း။</td></tr>
<tr><td>အပတ်စဉ် (၂)</td><td></td><td></td><td></td></tr>
<tr><td>အပတ်စဉ် (၃)</td><td></td><td></td><td></td></tr>
<tr><td colspan="4">စစ်ဆေးအကဲဖြတ်ခြင်း-</td></tr>
</table>

**ဝေဖန်အကြံပြုချက်**

၃။ သင်သည်ဝေဖန်အကြံပြုချက်များကို အကယ်၍ တစ်ဦးခြင်း(သို့မဟုတ်)နှစ်ယောက်လုပ်ဆောင်ပါက သင်လုပ်ဆောင်ရမည့်အလုပ်ကို အခြားသောကျောင်းသားများအား ပေးခြင်း (သို့မဟုတ်) နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခိုင်းပါ။ အချင်းချင်းလုပ်ဆောင်မှုများအပေါ် ဝေဖန်အကြံပြုချက်များပေးပါ။

အကယ်၍ သင်သည် အဖွဲ့လိုက်လုပ်ဆောင်ပါက သင်၏လုပ်ဆောင်မှုအား ပြန်လည်တင်ပြသည့်နည်းလမ်း ရွေးချယ်၍ အတန်းတစ်တန်းလုံးအား မေးခွန်းမေးခြင်းနှင့် ထင်မြင်ချက်များဖော်ပြခြင်းကို လုပ်ဆောင်ခိုင်းပါ။ ဝေဖန်အကြံပြုချက်များရရှိပြီးသောအခါ သင်ရေးဆွဲထားသောအစီအစဉ် မည်သည့်အပိုင်းကိုမဆို ပိုမိုကောင်းမွန်အောင် ပြောင်းလဲချင်ပါက ပြောင်းလဲနိုင်ပါသည်။

## ဂ။ လေ့လာသင်ယူရာတွင် ရည်ရွယ်ချက်များရေးသားခြင်း

၁။ ဆရာများက မည်သည့်အရာများသင်ကြားမည်ကိုစတင်၍ စဉ်းစားတွေးတောလေ့ရှိသည်။ ဆရာသည်သင်ခန်းစာ၏ ရည်ရွယ်ချက်ကိုရေးချခြင်းဖြင့် ကျောင်းသားများကို မည်သည့်အရာအား လေ့လာ သင်ယူစေရန် စဉ်းစားရာတွင် များစွာအထောက်အကူပြုပါသည်။ ထို့ပြင်ဆရာသည်ကျောင်းသားများအား မည်သည့်အရာကို လေ့လာသင်ယူစေရန် သိရှိခြင်း၊ ကျောင်းသားများအား သင်ခန်းစာ မည်သို့သင်ကြားမည်ကိုပါ စဉ်းစားလုပ်ဆောင်နိုင်ပါသည်။

အောက်တွင်ပေးထားသော သင်ခန်းစာ၏ရည်ရွယ်ချက်များအား ကြည့်ပါ။ မည်သည့်အပိုင်းသည် ကျောင်းသားများ၏ လေ့လာသင်ယူခြင်းကို ဦးတည်ချက်ထားသနည်း။



၂။ Bloom ၏ပညာရေးရည်ရွယ်ချက်ကို ပြန်စဉ်းစားပါ။
သင်ခန်းစာ၏ ရည်ရွယ်ချက်တစ်ခုခြင်းစီတိုင်းအတွက် မည်သည့်စဉ်းစားတွေးခေါ်မှု အဆင့်လိုအပ်သနည်း။
၃။ သင်ခန်းစာ၏ မတူညီသည့်ရည်ရွယ်ချက်များကြောင့် ဆရာမှဘာသာရပ်များအား မည်သို့သင်ကြား ရမည်နည်း။

## သင်ခန်းစာ၏ရည်ရွယ်ချက် ကောင်းမွန်အောင်မည်သို့ပြုလုပ်မည်နည်း။

၄။ အောက်တွင်ပေးထားသော သင်ခန်းစာ၏ လေ့လာသင်ယူရမည့်ရည်ရွယ်ချက် ခုနစ်ချက်ကိုဖတ်၍ မေးခွန်းများကို နှစ်ယောက်တစ်တွဲ ဖြေပါ။
၁) သင်ခန်းစာ၏ ရည်ရွယ်ချက်များသည် မည်သည့်ဘာသာရပ်အတွက် ရေးသားသနည်း။
၂) သင်ခန်းစာကိုလေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်များသည် မည်မျှကောင်းသနည်း။ ထိရောက်မှုနည်းသောအပိုင်းတွင် မည်သည့်အရာက မှားယွင်းစေသနည်း။

**အတန်းပြီးဆုံးသွားသောအချိန်တွင်...**
၁။ ကျောင်းသားများ ကွန်ပျူတာ အသုံးပြုနိုင်မည်ဖြစ်သည်။
၂။ အပိုင်းကိန်းများကို ကျောင်းသားများ လွယ်ကူစွာမြှောက်တတ်မည်ဖြစ်ပါသည်။
၃။ ကျောင်းသားများ အင်္ဂလိပ်စာလေ့လာရာတွင် မေးခွန်း(၈)ခုမေးခြင်းနှင့် အဖြေများကိုရိုးရှင်းစွာ ဖြေကြားနိုင်မည်ဖြစ်ပါသည်။
၄။ ကျောင်းသားများ အင်္ဂလိပ်စာနှင့်ပတ်သက်သော ပစ္စုပန်ကာလပြပုံစံကို သိရှိသွားမည် ဖြစ်ပါသည်။
၅။ အချက်အလက်ရှာဖွေခြင်း၊ ဖွင့်ခြင်း၊ ပြောင်းလဲခြင်းနှင့် စာရွက်စာတမ်းများသိမ်းဆည်းခြင်းတို့ကို ကျောင်းသားများလုပ်ဆောင်နိုင်မည်။
၆။ ကျောင်းသားများ ကိန်းဂဏန်းတွက်ချက်ခြင်းများအား နားလည်သဘောပေါက်မည်ဖြစ်ပါသည်။
၇။ ကျောင်းသားများ ပန်းပွင့်ပုံကိုရေးဆွဲတတ်ခြင်း၊ ပန်းပွင့်၏အစိတ်အပိုင်းများအား နာမည်ရေးထိုးခြင်းနှင့် ၎င်းတို့၏လုပ်ဆောင်များချက်များ ဖော်ပြရေးသားခြင်းတို့ လုပ်ဆောင်နိုင်ပါမည်။

| | |
|---|---|
| **S** | **တိကျသေချာသော**<br>ရှင်းလင်းခြင်းနှင့် တိကျပြတ်သားသေချာသော |
| **M** | **တိုင်းတာနိုင်သော**<br>လေ့လာမှုဖြင့်သက်သေပြနိုင်သည်- ကျောင်းသားများ လုပ်ဆောင်နိုင်မည် |
| **A** | **လုပ်ဆောင်နိုင်သော**<br>ဖြစ်နိုင်သော |
| **R** | **လက်တွေ့ဖြစ်သော**<br>ကျောင်းသား၏စတင်လုပ်ဆောင်ခြင်းနှင့် အချိန်အတိုင်းအတာတွင်ပတ်သက်ဆက်နွယ်ရာ၌ ဆုံးဖြတ်မှုခိုင်မာခြင်း |
| **T** | **အချိန်**<br>အချိန်ကိုရေးဆွဲသည်-အတန်းပြီးဆုံးသွားသောအချိန်၊ သင်ခန်းစာပြီးဆုံးသွားသောအချိန်တွင် ကျောင်းသားများသည်. . . . . |

Measurable ၏အဓိပ္ပါယ်မှာ လေ့လာသင်ယူမှု၏ရလဒ်သည် သိသာထင်မြင်ခြင်းဖြစ်သည်။ ထို့ကြောင့်လေ့လာသင်ယူရခြင်း၏ ရည်ရွယ်ချက်ကို လုပ်ဆောင်မှုပြကြိယာဖြင့် ရေးသားဖော်ပြထားပါသည်။ ဥပမာ - စရိုက်ကိုဖော်ပြသည်။ ရှင်းလင်းပြသည်။ ခံစားချက်ကိုပြသသည်။

Verbs တွင်သိသည်၊ နားလည်သည်တို့ကိုမသုံးပါ။ ၎င်းတို့သည် သေချာမှုမရှိ(အသေးစိတ်ဖော်ပြထားခြင်းမရှိ)၊ တိုင်းတာရန်လည်း အလွန်ခက်ခဲပါသည်။ ကျွန်ုပ်တို့မသိရှိဘဲတစ်စုံတစ်ဦးက သိရှိနားလည်ပါက အသုံးပြုခြင်း (သို့မဟုတ်) ပြန်လည်တင်ဆက်ပြသနိုင်ပါသည်။

လေ့လာသင်ယူသည့်ရည်ရွယ်ချက်ရေးသားခြင်းသည် လေ့ကျင့်ရန်အတွက်ကောင်းသည်။

ဆရာအများစုသည်အစပြုရန်ခက်ခဲသည်ဟု တွေ့ရှိသည်။ သို့သော်အချိန်ကိုအသုံးပြုပြီးကတည်းက သင့်အားမည်သည့်အရာကိုသင်မည်၊ မည်သည့်အတွက်ကြောင့် မည်သို့သင်မည်ကိုစဉ်းစားရန် အထောက်အကူဖြစ်စေပါသည်။ ထိုခေါင်းစဉ်မှ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက အခန်း ၅ အတွက် နောက်ဆက်တွဲဖတ်ရန်- သင်ယူလေ့လာမှုရည်ရွယ်ချက်များကိုကြည့်ပါ။

## အကဲဖြတ်ခြင်းတာဝန်များ

အဖွဲ့လိုက်ရည်ရွယ်ချက်ခုနစ်ခုကို တဖန်ပြန်လည်ဆန်းစစ်ကြည့်ခြင်းနှင့် ၎င်းတို့စနစ်တကျ SMART ဖြစ်၊မဖြစ်အားဆုံးဖြတ်ပါ။

## လေ့လာသင်ယူခြင်း၏ရည်ရွယ်ချက်တွင် သင့်လျော်သောကြိယာကိုအသုံးပြုခြင်း

ကြိယာကိုသိရှိခြင်းဖြင့် ၎င်းနှင့်သက်ဆိုင်သောနေရာ၌ အသုံးပြုနိုင်ပါသည်။ မှတ်ချက်အနေဖြင့် တစ်ချို့သော-ကြိယာများသည် မိမိအသုံးပြုသည့်စာကြောင်းပေါ်မူတည်၍ Bloom’s taxonomy ၏အဆင့်တစ်ဆင့်ထက်ပိုမိုအသုံးပြုနိုင်သည်။

| အသိပညာ | နားလည်သဘောပေါက် | လက်တွေ့လုပ်ဆောင်ခြင်း | ခွဲခြမ်းစိတ်ဖြာမှု | ပေါင်းစပ်မှု | ပြန်လည်သုံးသပ်ခြင်း |
|---|---|---|---|---|---|
| - စီစဉ်သည်<br>-အဓိပ္ပါယ်ဖွင့်ဆိုသည်<br>- ပုံတူကူးသည်<br>- အညွှန်း<br>- စာရင်း<br>- မှတ်ဉာဏ်<br>- နာမည်<br>- အစီအစဉ်၊ အမိန့်ပေးသည်<br>- မှတ်မိသည်<br>- ပတ်သက်သည်<br>- ပြန်လည်ဆင့်ခေါ်သည်<br>- ပြန်လည်ပြောဆိုသည်<br>- ထပ်မံထုတ်လုပ်သည် | - မျိုးတူသည်<br>- ဖော်ပြသည်<br>- ဆွေးနွေးသည်<br>- ရှင်းပြသည်<br>- ဖော်ပြသည်<br>- ဖော်ထုတ်သည်<br>- ထောက်ပြသည်<br>- ရှာသည်<br>- မှတ်မိသည်<br>- အစီရင်ခံသည်<br>- ပိုမိုရှင်းလင်းသည်<br>- ပြန်လည်ဆန်းစစ်ခြင်း<br>- ရွေးချယ်သည်<br>- ဘာသာပြန်သည် | -ကျင့်သုံးသည်<br>- ရွေးချယ်သည်<br>- ထင်ရှားစေသည်<br>- ပြဇာတ်ရေးဆရာ<br>- အလုပ်ခန့်သည်<br>- ရုပ်ပုံဖြင့်ဖော်ပြသည်<br>- အဓိပ္ပာယ်ကောက်သည်<br>- လုပ်ဆောင်သည်<br>- လက်တွေ့လုပ်ဆောင်သည်<br>- အစီအစဉ်ရေးဆွဲသည်<br>- ပုံကြမ်းရေးသည်<br>- ဖြေရှင်းသည်<br>- အသုံးပြုသည် | - စိစစ်သည်<br>- တန်ဖိုးဖြတ်သည်<br>- တွက်ချက်သည်<br>- အမျိုးအစားခွဲခြားသတ်မှတ်ခြင်း<br>- နှိုင်းယှဉ်သည်<br>- ခြားနားချက်များ<br>- အပြစ်ရှာခြင်း<br>- ကွာခြားမှုရှိသည်<br>- ထူးခြားမှုကိုဖြစ်စေသည်<br>- ခွဲခြားသည်<br>- စုံစမ်းမေးမြန်းသည်<br>- လက်တွေ့စမ်းသပ်မှု<br>- မေးခွန်းအရည်အသွေးကိုစမ်းသပ်ခြင်း | - စီစဉ်သည်<br>- စုဝေးသည်<br>- ရှာဖွေရရှိသည်<br>- စာပေရေးသားစပ်ဆိုသည်<br>- ဆောက်လုပ်သည်<br>- ဖန်တီးသည်<br>- ဒီဇိုင်းရေးဆွဲသည်<br>- ရေးသည်<br>- ပုံသေနည်းတွင်ဖော်ပြသည်<br>- စီမံသည်<br>- စနစ်ကျသည်<br>- စုစည်းသည်<br>- အစီအစဉ်ရေးဆွဲသည်<br>- အသင့်ပြင်ဆင်သည်။<br>- လျာထားသည်<br>- စုစည်းမှု | - တန်ဖိုးဖြတ်သည်<br>- အငြင်းအခုန်ဖြစ်သည်<br>- အကဲဖြတ်သည်<br>- ချည်နှောင်သည်<br>- ရွေးချယ်သည်<br>- နှိုင်းယှဉ်သည်<br>- ကာကွယ်သည်<br>-ကုန်ကျစရိတ်<br>- တရားသူကြီး<br>- ကြိုတင်၍ပြောသည်<br>- အခြေခံနှုန်းထား<br>- ရမှတ်<br>- ရွေးချယ်သည်<br>- ဝိုင်းဝန်းကူညီမှု<br>- တန်ဖိုးရှိသည်<br>- အကဲဖြတ်သည် |

**သင်ရိုးစီမံကိန်းကို စနစ်တကျရေးဆွဲခြင်း**

၅။ လွန်ခဲ့သောသုံးပတ်က တိုးတက်အောင်လုပ်ဆောင်ခဲ့သော သင်ရိုးစီမံကိန်းကိုပြန်ကြည့်ပါ။ သင်ယူလေ့လာခြင်း၏ရည်ရွယ်ချက်ကို ပြန်လည်စစ်ဆေးခြင်းနှင့် မည်ကဲ့သို့တိုးတက်အောင် လုပ်ဆောင်နိုင်မည်ကိုကြည့်ပါ။

၁) ကိုယ်တိုင်ရှာဖွေရွေးချယ်သင်ယူနည်း။
ကျောင်းသားများ သင်ခန်းစာကိုလေ့လာသင်ယူပြီးစီးပါက ပြန်လည်အသုံးပြုနိုင်သည်အထိ ရည်ရွယ်ထားပါသလား။ အသေးစိတ် လုပ်ဆောင်ထားပါသလား။
လေ့လာသင်ယူရာတွင် အောင်မြင်မှုရရှိကြောင်း သင်မည်ကဲ့သို့သိရှိနိုင်သည်ကို ဖော်ပြထားပါသလား။

၂) သင်ခန်းစာ၏ ရည်ရွယ်ချက်ကိုတိုးတက်အောင် ပြုပြင်ပြောင်းလဲချင်သည်ဟု သင်စဉ်းစားမိပါက လုပ်ဆောင်ပါ။

၃) အဖွဲ့တစ်ဖွဲ့ခြင်းစီမှရရှိသော ဝေဖန်အကြံပြုချက်များကို တစ်ခြားသောအဖွဲ့နှင့်လဲလှယ် လုပ်ဆောင်ခိုင်းပါ။

၄) သင်ခန်းစာ၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကောင်းသောဥပမာများကို မိမိကိုယ်ပိုင်ဖြစ်အောင် သိမ်းဆည်းထားပါ။

## ဃ။ သင်ခန်းစာရေးဆွဲခြင်း

သင်ခန်းစာရေးဆွဲခြင်းဆိုသည်မှာ သင်ခန်းစာ၏ရည်ရွယ်ချက်နှင့် သင်ကြားမည့်နည်းဗျူဟာကို အသေးစိတ်ရေးဆွဲခြင်းဖြစ်ပါသည်။ သင်ခန်းစာပြင်ဆင်ရာတွင် သင့်အားများစွာအထောက်အကူပြုပါသည်။ သင်ခန်းစာသင်ကြားရာတွင်လည်း များစွာအထောက်အကူဖြစ်ပါသည်- သင်သည် မိမိကိုယ်ကိုသိခြင်း၊ အဘယ်ကြောင့် ကျောင်းသားများလုပ်ဆောင်သည်ကိုသိခြင်း၊ မည်သည့်သင်ထောက်ကူပစ္စည်းများ လိုအပ်သည်ကိုသိရှိသည်သာမက မည်သို့အသုံးပြုရမည်ကိုသိခြင်းနှင့် အချိန်ကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။ လက်ရှိသင်ခန်းစာအားသင်ကြားပြီးချိန်တွင် နောက်သင်ခန်းစာတစ်ခုကို ပြင်ဆင်ရာ၌ ကောင်းသောတွေးခေါ်ယူဆချက်များဖြင့် သင်ပြင်ဆင်နိုင်ပါသည်။ ဆိုလိုသည်မှာ လက်ရှိသင်ခန်းစာကို အတန်းထဲတွင်သင်ကြားမှုအား ပြန်လည်သုံးသပ်၍ နောက်သင်ခန်းစာတစ်ခုကို ပြင်ဆင်နိုင်ခြင်းဖြစ်ပါသည်။

**ဆွေးနွေးခြင်း**

၁။ ဆရာသည် သင်ခန်းစာကိုအသေးစိတ်ရေးဆွဲရန် အဘယ်ကြောင့်လိုအပ်ပါသနည်း။

၂။ သင်ရိုးညွှန်းတမ်းကို အဘယ်ကြောင့်အသုံးမပြုသနည်း။

၃။ ဆရာသည် သူတို့၏အတန်းကို ပြင်ဆင်မှုမရှိပါက မည်သည့်အကြောင်းအရာများ ဖြစ်ပေါ်လာနိုင်သနည်း။

> သင်ခန်းစာ၏အစီအစဉ်သည် သင်ခန်းစာ၏ရည်ရွယ်ချက်ဖြင့်စတင်၍ အစပြုပါသည်။
> သင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင့်အားသင်ထောက်ကူပစ္စည်းများဖြင့်
> မည်သို့သင်ကြားရမည်ကို စဉ်းစားတွေးတောစေသည်။

## သင်ကြားပို့ချမှုဆိုင်ရာနည်းနာများ

သင်ကြားပို့ချမှုဆိုင်ရာနည်းနာများသည် ဆရာမှကျောင်းသားကို ပန်းတိုင်ရောက်အောင် အထောက်အကူပြုရာတွင် ဘက်ပေါင်းစုံမှချဉ်းကပ်နည်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ မဟာဗျူဟာများမှာ-

**တိုက်ရိုက်ညွှန်ကြားမှု**
အကြိမ်ကြိမ်လုပ်ဆောင်ခြင်းနှင့် လေ့ကျင့်မှု၊
အသေးစားသင်ကြားပို့ချမှု
ခြုံငုံသုံးသပ်မှုပုံစံ၊ သရုပ်ပြခြင်း
နှိုင်းယှဉ်ခြင်းနှင့် ကွဲပြားမှုစာစဉ်များ
ဖတ်ရှုရန်လမ်းညွှန်မှုများ

**အပြန်အလှည့်ပူးပေါင်းခြင်းညွှန်ကြားမှု**
စဉ်းစား၍အဖြေရှာခြင်း၊ ပြဿနာကို ဖြေရှင်းခြင်း
တွေ့ဆုံမေးမြန်းခြင်း၊ စကားရည်လုခြင်း
ဆွေးနွေးခြင်း၊ နည်းပြသင်ကြားခြင်း၊ လှုပ်ရှားမှုများ
အချင်းချင်းလေ့ကျင့်ပေးခြင်း

**သွယ်ဝိုက်ညွှန်ကြားမှု**
ပြဿနာကိုဖြေရှင်းခြင်း
ကိုယ်တိုင်လေ့လာခြင်း၊ အယူအဆကို ပုံသွင်းခြင်း၊
ကြိုးစားလုပ်ဆောင်ခြင်း၊ ဖြစ်ရပ်လေ့လာချက်၊ ဆွေးနွေးချက်

**သီးခြားလွတ်လပ်စွာလေ့လာခြင်း**
မေးခွန်းများ တင်ပြခြင်း၊ ကိုယ်တိုင်လေ့လာခြင်း
ကိုယ်တိုင်လျှောက်လှမ်းခြင်း၊ စီမံကိန်းများ၊ အစီရင်ခံစာများ
သင်ကြားရေးလုပ်ရှားမှုအစီအစဉ်အုပ်စု

**ကိုယ်တိုင်တွေ့ကြုံလေ့လာသင်ယူခြင်း**
ကွင်းဆင်းလေ့လာခြင်း၊
ပုံစံတူလေ့ကျင့်ရန်ဖန်တီးပေးထားခြင်း၊ လှုပ်ရှားမှုများ
ကစားနည်းများ၊ စစ်တမ်းကောက်ယူမှုများ

သင်ကြားပို့ချမှုဆိုင်ရာနည်းလမ်းများဆိုသည်မှာ ဆရာကကျောင်းသားကို သင်ခန်းစာရည်ရွယ်ချက်များအတိုင်း အောင်မြင်စေရန် အထောက်အကူပြုရာတွင် အသုံးပြုသည့်အရာများကို ဆိုလိုပါသည်။
၎င်းတို့သည်သင်ယူလှုပ်ရှားမှု၏ သဘောသဘာဝဖြစ်ပြီး သင်ကြားပို့ချမှုဆိုင်ရာနည်းလမ်းအမျိုးမျိုးကို သင်၏သင်ခန်းစာများတွင် ထည့်သွင်းပေးရပါမည်။

**တိုက်ရိုက်ပို့ချမှု**
ဤနည်းလမ်းသည် ဆရာဗဟိုပြုဖြစ်ပြီး လက်ချာပို့ချခြင်း၊ မေးခွန်းများမေးခြင်း၊ လေ့ကျင့်ခန်းများ၊ ထပ်ခါထပ်ခါ လုပ်ဆောင်ခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် သရုပ်ပြခြင်းနည်းများ ပါဝင်ပါသည်။ ၎င်းနည်းကို သတင်းအချက်အလက်များပေးခြင်း (သို့မဟုတ်) အဆင့်ဆင့်ပြုလုပ်ရသော ကျွမ်းကျင်မှုများနှင့် လုပ်ငန်းများ၊ ဗဟုသုတ တည်ဆောက်ခြင်းတွင် ကျောင်းသားများပါဝင်စေသည့် သရုပ်ဖော်လှုပ်ရှားမှု များတွင် အသုံးပြုပါသည်။

**သွယ်ဝိုက်ပို့ချမှု**
သွယ်ဝိုက်ပို့ချမှုနည်းလမ်းနှင့် ပတ်သက်သည့် ဥပမာများမှာ ဆွေးနွေးမှု၊ သဘောတရားဖြစ်တည်မှုရရှိမှု၊ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ဖြစ်စဉ်လေ့လာခြင်းနှင့် မိမိကိုယ်တိုင်လေ့လာခြင်းတို့ဖြစ်ပါသည်။ ဤနည်းလမ်းသည် အဓိကအားဖြင့် ကျောင်းသားဗဟိုပြုသော်လည်း တိုက်ရိုက်ပို့ချမှုနှင့် သွယ်ဝိုက်ပို့ချမှု နည်းလမ်း နှစ်ခုစလုံးကိုအတူတကွအပြန်အလှန် ဖြည့်စွက်အသုံးပြုနိုင်ပါသည်။ဤနည်းလမ်းသည် သင်ယူသူ၏ စိတ်ဝင်စားမှုနှင့် သိလိုစိတ်ပြင်းပြမှုတို့ကိုအသုံးချပြီး ၎င်းတို့ကိုသမားရိုးကျမဟုတ်သော ဆန်းသစ်တီထွင်ခြင်းနှင့် ပြဿနာများဖြေရှင်းရာတွင် အားပေးကူညီပါသည်။

ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ဆရာ၏အခန်းကဏ္ဍမှာ ပံ့ပိုးဆောင်ရွက်ပေးသူ၊ ထောက်ပံ့ကူညီသူနှင့် ကျောင်းသားများအားသင်ယူမှုကို ဖြစ်မြောက်စေရန် စီစဉ်ပေးပြီး ပါဝင်လှုပ်ရှားနိုင်စေရန် အခွင့်အလမ်းများ ဖန်တီးကာဝေဖန် အကြံပြုချက်များကိုလည်း ပေးနိုင်သည့်အရင်းအမြစ်တစ်ခု၏ အခန်းကဏ္ဍအဖြစ် ပြောင်းလဲ သွားပါသည်။

**အပြန်အလှန်အဆက်အသွယ်ပြုပို့ချမှု**

ဤနည်းလမ်းသည် အခြားသူများ၏ အတွေးအခေါ်များ၊ အတွေ့အကြုံများ၊ အမြင်များနှင့်ဗဟုသုတများကို ပြန်လည်ဆွေးနွေးရန် အခွင့်အလမ်းများနှင့် သမရိုးကျမဟုတ်သည့် တွေးခေါ်စဉ်းစားခြင်း၊ ခံစားခြင်း နည်းလမ်းများကို ဖြစ်ပေါ်စေသည့်ဆွေးနွေးပွဲများနှင့် ကျောင်းသားများအကြား မျှဝေခြင်းများအပေါ် များစွာအခြေခံပါသည်။ ဤနည်းလမ်းသည် အတန်းတွင်းဆွေးနွေးပွဲများ၊ အုပ်စုငယ်များဖွဲ့ကာဆွေးနွေးခြင်း၊ ကျောင်းလုပ်ငန်းစီမံကိန်းများ (သို့မဟုတ်) ကျောင်းသားများက အိမ်စာများကို အတူတကွလုပ်ဆောင်ခြင်း အစရှိသည့်နည်းများသာပါဝင်ပါသည်။ ဤနည်းလမ်းသည်စူးစမ်းမှုများ၊ နားထောင်ခြင်း၊ လူမှုဆက်ဆံရေးနှင့် ကြားဝင်ဆုံးဖြတ်ခြင်းကဲ့သို့သော အတတ်ပညာများနှင့် စွမ်းရည်များကိုဆရာရော ကျောင်းသားကပါ ပြန်လည်စစ်ထုတ်ရန် လိုအပ်ပါသည်။

**အတွေ့အကြုံမှသင်ယူမှု**

အတွေ့အကြုံမှ သင်ယူမှုသည် ချိုင့်ဆင်ခြင်မှု၊ ကျောင်းသားဗဟိုပြုမှုနှင့် လှုပ်ရှားမှုကိုဗဟိုပြုခြင်းတို့ကို ဦးစားပေးပါသည်။ ကျောင်းသားများမှလှုပ်ရှားမှုတစ်ခုတွင် ပါဝင်လုပ်ဆောင်ပြီး၊ လေ့လာမှုကိုရှင်းလင်းစေရန် ဝေဖန်ပိုင်းခြား၍ ပြန်လည်ကြည့်ရှုကာ၊ ပြန်လည်သုံးသပ်ချက်မှအမြင်များရရှိလာသည့်နောက်၊ လေ့လာမှုကို အခြေအနေအသစ်များတွင် အသုံးပြုလာနိုင်ပါသည်။ ဤနည်းလမ်းတွင် အတွေ့အကြုံများပါဝင်ခြင်း၊ မျှဝေခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့ ပါဝင်ပါသည့် စက်ဝန်းအဖြစ်ကြည့်မြင်နိုင်ပါသည်။ အတွေ့အကြုံမှ သင်ယူမှု၏ အဓိကအချက်မှာ သင်ယူခြင်းဖြစ်စဉ်ပေါ်တွင် အခြေခံခြင်းဖြစ်ပြီး ရလဒ်ပေါ်တွင် အခြေခံခြင်း မဟုတ်ပါ။

**အမှီအခိုကင်းသည့်လေ့လာမှု**

ဤနည်းလမ်းသည် သင်ယူသူတစ်ဦးချင်းစီ၏ ပင်ကိုယ်စွမ်းရည်၊ မိမိဘာသာပြန်လည်အားထားမှုနှင့် မိမိဘာသာတိုးတက်စေမှုတို့၏ ဖွံ့ဖြိုးမှုကိုထိန်းသိမ်းရန် စီစဉ်သတ်မှတ်ထားသည့် သင်ကြားပို့ချခြင်း နည်းလမ်း အမျိုးမျိုးကို ရည်ညွှန်းပါသည်။အဓိကအချက်မှာ ဆရာ၏ညွှန်ကြားချက်မှတဆင့် စီစဉ်ထားသော မိမိဘာသာ လေ့လာမှုသာဖြစ်ပါသည်။

**သင်ကြားပို့ချခြင်းဆိုင်ရာ နည်းလမ်းများနှင့် သိရှိမှုနယ်ပယ်**

သင်ကြားပို့ချခြင်းဆိုင်ရာ နည်းလမ်းများကို သိရှိမှုနယ်ပယ်နှင့် ပတ်သက်၍ အောက်ပါအတိုင်းမှတ်ယူရန် လိုအပ်ပါသည်။ ဥပမာ-

| | |
|---|---|
| **အကဲဖြတ်မှု** | ကျောင်းလုပ်ငန်းစီမံကိန်းများ၊ ပြဿနာဖြေရှင်းသည့် ဖြစ်စဉ်လေ့လာခြင်း၊ လူတွေ့မေးမြန်းခြင်း |
| **ပေါင်းစည်းမှု** | လေ့လာရန်၊ ဖြစ်စဉ်လေ့လာခြင်း၊ ကျောင်းလုပ်ငန်းစီမံကိန်းများ |
| **ခွဲခြမ်းစိတ်ဖြာမှု** | ဖြစ်စဉ်လေ့လာခြင်း၊ ဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ မေးခွန်းများ |
| **လက်တွေ့အသုံးချမှု** | တင်ဆက်မှုများ၊ ကျောင်းလုပ်ငန်းစီမံကိန်းများ၊ လှုပ်ရှားသည့် လေ့ကျင့်ခန်းများ၊ ဂိမ်းများ |
| **နားလည်သဘောပေါက်မှု** | ဆွေးနွေးခြင်း၊ တင်ဆက်ခြင်း၊ မေးခွန်းများ၊ တင်ပြမှုနှင့် ဂိမ်းများ |
| **အသိပညာ** | သင်ကြားပို့ချခြင်း၊ ဥပမာများ၊ ရုပ်ပုံဖြင့်တင်ဆက်မှုများ၊ ညွှန်ကြားချက်များကို ဖတ်ခြင်း |

## သင်ခန်းစာ၏နမူနာပြစ်စဉ်များ

| သုံးသပ်ချက် | ခြုံငုံမှု | ထည့်သွင်းခြင်း | စနစ်တကျ လုပ်ဆောင်ခြင်း | ကြိုးစားမှု ရလဒ်များ | အကဲဖြတ်ခြင်း |
|---|---|---|---|---|---|
| ပြီးခဲ့သော သင်ခန်းစာအား ပြန်လည် သုံးသပ်ချက် | လာမည့်သင်ခန်းစာကို ခြုံငုံခြင်း | သတင်းအချက်အလက်များ၊ ကျွမ်းကျင်မှု၊ တွေးခေါ်မှု | ကျောင်းသားများ လေ့လာသင်ယူခြင်း၊ တိုးတက်ကျွမ်းကျင်လာအောင် လုပ်ဆောင်ပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း | အသုံးပြုခြင်း၊ လေ့လာသင်ယူခြင်းနှင့် ကျွမ်းကျင်မှုများကို တင်ဆက်ပြသခြင်း | ကျောင်းသားက မည်သည့်အရာများ သင်ယူလိုသည်ကို ဆုံးဖြတ်ခြင်း |

**သင်ခန်းစာတွင်ရှိသောအဆင့်များသည် ကျောင်းသားများလေ့လာရန်အတွက် ဦးတည်ထားခြင်းဖြစ်သည်။ ၄င်းတွင်သင်ခန်းစာနှင့်ပတ်သက်သော လုပ်ဆောင်ရန်အဆင့်များကို အသေးစိတ်ဖော်ပြထားပါသည်။**

**နောက်ဆုံးသင်ခန်းစာအပေါ်ပြန်လည်သုံးသပ်ခြင်း** - ကျွန်ုပ်တို့နောက်ဆုံးလေ့လာခဲ့သော အကြောင်းအရာနှင့်လေ့ကျင့်မှုများ ဤအချက်ကိုအသုံးပြု၍ ကျောင်းသားများအားပြန်လည်သတိပေးခြင်း၊ ကျောင်းသားများ၏ သင်ခန်းစာအပေါ်နားလည်ခြင်းနှင့် အသိပညာဗဟုသုတကို မေးခွန်းများမေးခြင်းဖြင့် စစ်ဆေးခြင်းတို့ပြုလုပ်ပါ။

**သင်ခန်းစာကိုခြုံငုံတင်ပြခြင်း** - 'ဒီနေ့တွင်ကျွန်ုပ်တို့. . . . . . .' ဤအပိုင်းကိုအသုံးပြုခြင်းဖြင့် သင်ခန်းစာခေါင်းစဉ်ကို နိဒါန်းပျိုးခြင်းနှင့် ကျောင်းသားများအား သင်ခန်းစာ၏ရည်ရွယ်ချက်ကို ပြောစေခြင်းတို့ ပြုလုပ်နိုင်ပါသည်။

**ထည့်သွင်းခြင်း** - ဆရာကသင်ထောက်ကူပစ္စည်းသစ်နှင့် မိတ်ဆက်ပေးခြင်း (သို့မဟုတ်) သင်ကြားပို့ချခြင်း၊ လေ့လာသင်ယူခြင်း၏အချက်များ။

**စနစ်တကျလုပ်ဆောင်ခြင်း** - ကျောင်းသားများသင်ခန်းစာလေ့လာရာတွင် လေ့ကျင့်ခန်းများကို မတူညီသောလှုပ်ရှားမှုများဖြင့် လေ့ကျင့်ခြင်း၊ ထိန်းချုပ်မှုများစွာရှိခြင်းမှ (နှင့်အသိပညာဗဟုသုတပေါ် အခြေခံခြင်း)။ ထိန်းချုပ်မှုအနည်းငယ်သာရှိခြင်း(နှင့်လက်တွေ့လုပ်ဆောင်ခြင်း)။

**ကြိုးစားမှုရလဒ်** - ကျောင်းသားများမှ အသိပညာဗဟုသုတအသစ်များ၊ နားလည်သဘောပေါက်ခြင်းနှင့် ကျွမ်းကျင်မှုများအားအသုံးပြုခြင်းဖြင့် မိမိ၏အဆင့်ကိုမြင့်တက်အောင် လုပ်ဆောင်နိုင်သည်။

**အကဲဖြတ်စစ်ဆေးခြင်း** - စစ်ဆေးအကဲဖြတ်ခြင်း၏တိုးတက်မှုနှင့် ဝေဖန်အကြံပြုခြင်း၏ တိုးတက်မှုတို့ ဖြစ်ပါသည်။

## လေ့လာသင်ယူခြင်း၏ အဆင့်တစ်ခုချင်းစီတိုင်းတွင် မည်သည့်လှုပ်ရှားမှုများကို အသုံးပြုရန်အထောက်အကူဖြစ်သနည်း

၂။ ဤဇယားကို အတန်းထဲတွင် ဖြည့်စွက်ပါ။

၁) ဤသင်ရိုး၌သင်လေ့လာရရှိခဲ့သော စဉ်းစားတွေးခေါ်မှုအားလုံးကို ဆရာ၏ဇယားကွက်နှင့် ကျောင်းသား၏ဇယားကွက်တွင် သင်ခန်းစာလုပ်ဆောင်ရန်အဆင့်များဖြစ်သော ထည့်သွင်း သင်ကြားမည့်အရာများ၊ လုပ်ဆောင်ရန်အဆင့်ဆင့်နှင့် ကြိုးစားမှုရလဒ်များကိုအသုံးပြုရမည် ဖြစ်သည်။

၂) စာသင်ခန်းထဲတွင် လုပ်ဆောင်ရမည့်တာဝန်များကို အကောင်းဆုံးလေ့ကျင့်နိုင်ရန် ဇယားပြုလုပ်ပါ။

၃) သင်၏ကိုယ်ပိုင်ဇယားကို လုပ်ဆောင်ပါ။

| သင်ခန်းစာတွင် လုပ်ဆောင်ရမည့် အဆင့် | ဆရာမှ မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။ | ကျောင်းသားများမှ မည်သည့် အရာကိုလုပ်ဆောင်ရမည်နည်း။ |
|---|---|---|
| ထည့်သွင်းခြင်း | | |
| စနစ်တကျလုပ်ဆောင်ခြင်း | | |
| ကြိုးစားမှုရလဒ် | | |

## သင်ခန်းစာရေးဆွဲခြင်း

၃။ သင်၏သင်ရိုးတွင်ပါရှိသော သင်ခန်းစာခေါင်းစဉ်တစ်ခုအား အချိန်(၃၀)မိနစ်ဖြင့်သင်ကြားမည့် သင်ခန်းစာတစ်ခုကို အသေးစိတ်ရေးဆွဲပါ။ နောက်စာမျက်နှာတွင်ပါရှိသည့် သင်ခန်းစာရေးဆွဲခြင်းပုံစံကို အသုံးပြုပါ။ ပြီးလျှင်ဤအကြောင်းအရာ (သို့မဟုတ် ဤအပိုင်းကို) အတန်းထဲတွင်သင်ကြားပါ။

က) လေ့လာသင်ကြားရခြင်း၏ရည်ရွယ်ချက်

- သင်ရိုးတွင်ပါရှိသော သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ပြန်လည်၍ဖတ်ပါ။ တစ်စုံတစ်ခုကို သင်ပြောင်းလဲချင်ပါသလား။
- ကျောင်းသားအားလုံးအတွက် သင်ခန်းစာ၏ရည်ရွယ်ချက်ကို ရေးပါ။
- တော်သောကျောင်းသားများအတွက် သင်ခန်းစာ၏ရည်ရွယ်ချက်ကို သာမန်ထက်ပိုသော အကြောင်းအရာများရေးစေပါ။

ခ) ဤသင်ခန်းစာအတွက် မည်သည့်သင်ထောက်ကူပစ္စည်းများ သင်လိုအပ်သနည်း။

ဂ) သင်ခန်းစာတွင်လုပ်ဆောင်ရမည့် အပိုင်းတစ်ခုချင်းစီအတွက် မည်သည့်လေ့ကျင့်ခန်း လှုပ်ရှားမှုများ ရေးဆွဲထားသနည်း။ ဆရာမှ မည်သည့်အပိုင်းကို လုပ်ဆောင်ရမည်နည်း။ ကျောင်းသားများမှ မည်သည့်အပိုင်းကို လုပ်ဆောင်ရမည်နည်း။

ဃ) သင်ခန်းစာ၏ လေ့ကျင့်ခန်းလုပ်ဆောင်မှုများသည် အချိန်မည်မျှကြာသနည်း။ သင်ခန်းစာရေးဆွဲခြင်း၌ အချိန်ဇယားကို တစ်ပါတည်းထည့်သွင်းရေးဆွဲပါ။

င) ဤသင်ခန်းစာတွင် ကျောင်းသားများအား မည်သို့စစ်ဆေးအကဲဖြတ်ရမည်ကို အကြံဉာဏ်ထုတ်၍ ၄င်းတို့ကိုစစ်ဆေးအကဲဖြတ်ခြင်းရေးဆွဲသည့် အစီအစဉ်ထဲသို့ထည့်သွင်းပါ။

၄။ သင်၏သင်ခန်းစာကို အဖွဲ့(သို့မဟုတ်) အတန်းထဲတွင်သင်ကြားပါ။ သင်၏သင်ကြားမှုအား စစ်ဆေး အကဲဖြတ်ခြင်းကို လမ်းညွှန်ပြသထားသည့် အခြေခံပေါ်မူတည်၍ သင်တန်းဦးဆောင်သူမှ စစ်ဆေးသွားပါမည်။

## ဝေဖန်အကြံပြုချက်

၅။ သင်ခန်းစာကို အတန်းထဲတွင်ဆွေးနွေးခြင်း

က) သင်ခန်းစာ၏ အားသာချက်မှာ မည်သည့်အပိုင်းဖြစ်သနည်း။

ခ) သင်ခန်းစာ၏ အားနည်းချက်မှာ မည်သည့်အပိုင်းဖြစ်သနည်း။

ဂ) မည်သည့်အပိုင်းကို တိုးတက်အောင် လုပ်ဆောင်ရမည်နည်း။

## သင်ခန်းစာကိုပြန်လည်သုံးသပ်ခြင်း

၆။ သင်ကိုယ်ပိုင်သင်ခန်းစာတစ်ခုရေးဆွဲ၍ သင်ခန်းစာထဲတွင် ဆွေးနွေးခြင်းနှင့် သင်တန်းပို့ချသူဆရာထံမှ ရရှိသောဝေဖန်အကြံပြုချက်များကို ပြန်လည်စဉ်းစားပါ။
သင်ခန်းစာရေးဆွဲခြင်းပုံစံပေါ်၌ရှိသော ပြန်လည်သုံးသပ်ခြင်း ဇယားကွက်တွင် မှတ်ချက်များရေးပါ။

<table>
<tr><th colspan="4">သင်ခန်းစာရေးဆွဲခြင်း</th></tr>
<tr><td>ဆရာ -<br>နေ့စွဲ -</td><td>ကျောင်းသားများ-</td><td>ဘာသာရပ်</td><td>ခေါင်းစဉ်</td></tr>
<tr><td colspan="4">ရည်ရွယ်ချက်များ-<br><br>ထပ်မံလုပ်ဆောင်ရမည့်- တစ်ချို့သောကျောင်းသားများသည် --------- လုပ်ဆောင်နိုင်မည် ဖြစ်သည်။<br>ရည်ရွယ်ချက်များ-</td></tr>
<tr><td colspan="4">သင်ထောက်ကူပစ္စည်းများ-</td></tr>
</table>

<table>
<tr><th>အချိန်</th><th>ဆရာလုပ်ဆောင်ရန်</th><th>ကျောင်းသားများလုပ်ဆောင်ရန်</th></tr>
<tr><td>ထည့်သွင်းရန်</td><td></td><td></td></tr>
<tr><td>လုပ်ဆောင်ရန်အဆင့်ဆင့်</td><td></td><td></td></tr>
<tr><td>ရလဒ်</td><td></td><td></td></tr>
<tr><td>စစ်ဆေးအကဲဖြတ်ခြင်း</td><td colspan="2"></td></tr>
<tr><td>ပြန်လည်သုံးသပ်ခြင်း</td><td colspan="2"></td></tr>
</table>

## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

| သင်တန်းဦးဆောင်သူ၏ သင်ကြားပို့ချခြင်းကို အကဲဖြတ်သည့်ဇယား | | |
|---|---|---|
| သင်ခန်းစာ၏ အဆင့်များ | ဆရာမှမည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။ | ကျောင်းသားများသည် မည်သည့် အရာကိုလုပ်ဆောင်ရမည်နည်း |
| အချက်အလက်များ ဖြည့်သွင်းခြင်း | - ယခင်ကသင်ခန်းစာကို ပြန်လည်ဆန်းစစ်ခြင်း<br>- သင်ခန်းစာ၏ရည်ရွယ်ချက်ကို မိတ်ဆက်ပေးခြင်း<br>- ကျောင်းသားများမည်သည့်အရာအား သိရှိသည်ကို ရှာဖွေပါ<br>- သင်ခန်းစာအဟောင်းများကိုပြန်လည်စိစစ်ပါ<br>- သင်ခန်းစာအသစ်နှင့် မိတ်ဆက်ပေးရန်<br>- မေးခွန်းများမေးရန်<br>- ကျောင်းသားများ၏ မေးခွန်းများဖြေကြားရန်<br>- ဆရာလမ်းညွှန်စာအုပ်ကိုအသုံးပြုခြင်း(သို့မဟုတ်) ပြင်ဆင်ခြင်း (အကယ်၍ ဆက်စပ်မှုရှိသော်)<br>- ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးအကဲဖြတ်ခြင်း | - အမေး၊အဖြေများပြုလုပ်ခြင်း<br>- နှစ်ယောက်တစ်တွဲ(သို့မဟုတ်) အဖွဲ့ဖြင့်လုပ်ဆောင်ခြင်း<br>- ကျောင်းသားများမှ သင်ပုန်းရှိရာသို့သွား၍ ၎င်းတို့ ထင်မြင်ယူဆချက်များ ဖော်ပြရန်<br>- သင်ခန်းစာ လေ့ကျင့်ခန်း လှုပ်ရှားမှုများအား အတန်းထဲ၌ ပြုလုပ်ရန် |
| လုပ်ဆောင်ရန် အဆင့် | - ဖတ်စာအုပ်လေ့ကျင့်ခန်းများကိုလုပ်ဆောင်ခြင်း (သို့မဟုတ်)တစ်ခြားသောလေ့ကျင့်ခန်း လှုပ်ရှားမှုများကို ပေးခြင်း<br>- လေ့လာသင်ယူရာ၌ မတူညီသည့်နည်းလမ်းများကို အသုံးပြုခြင်း<br>- သင်ကြားပို့ချခြင်းတွင် မတူညီသည့်နည်းဗျူဟာများ အသုံးပြုခြင်း<br>- အတန်းထဲသို့လှည့်လည်၍ ကျောင်းသားများ၏ လုပ်ဆောင်မှုကို စစ်ဆေးခြင်း<br>- ကျောင်းသားများ အကူအညီလိုအပ်ပါက ကူညီပေးရန်<br>- ခက်ခဲသောမေးခွန်းများကို (လေ့ကျင့်ခန်းလှုပ်ရှား မှုများကိုထပ်၍ပေးခြင်း) လေ့ကျင့်ခန်းစော ပြီးသောကျောင်းသားများထံသို့ပေးခြင်း<br>- အမေး၊အဖြေများ ပြုလုပ်ခြင်း | - နားလည်မှုကိုပေါင်းစည်းခြင်း<br>- တစ်ဦးတည်းလုပ်ဆောင်ခြင်း၊ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့ငယ်<br>- မတူညီသည့် လေ့လာမှုနည်း ဗျူဟာကိုအသုံးပြုခြင်း<br>- အမေး၊ အဖြေများပြုလုပ်ခြင်း |
| ရလာဒ် | - သင်ခန်းစာမှလေ့ကျင့်ခန်းများကို ပြန်လည်စစ်ဆေးခြင်း<br>- ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း<br>- သဘောထားများ ထပ်မံထည့်သွင်းခြင်း၊ ခက်ခဲသော အတွေးအခေါ် ယူဆချက်များကို နိဒါန်းပျိုးခြင်း<br>- အိမ်စာပေးခြင်း | - အမေး၊ အဖြေများပြုလုပ်ခြင်း<br>- သင်ခန်းစာနားလည်ခြင်းကို တင်ဆက်ပြသခြင်း<br>- မိမိ၏လုပ်ဆောင်မှုကို ပြန်လည်စစ်ဆေးခြင်း |

**အကျဉ်းချုပ် – လေ့လာသင်ယူခြင်းအတွက်အစီအစဉ်ရေးဆွဲခြင်း**

- မိမိ၏သင်ရိုးကိုအစီအစဉ်ရေးဆွဲပါ - သင်ရိုး၏အချက်အလက်နှင့် သင်ရိုးအစီအစဉ်ရေးဆွဲခြင်း
- သင်ခန်းစာတစ်ခုခြင်းစီတိုင်းကိုအစီအစဉ်ရေးဆွဲခြင်း - သင်ခန်းစာ၏ရည်ရွယ်ချက်၊ သင်ကြားပို့ချခြင်းနှင့် လေ့လာသင်ယူသည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများ၊ လိုအပ်သောသင်ထောက်ကူပစ္စည်းများ
- သင်ခန်းစာ၏လုပ်ဆောင်မှုအဆင့်များကိုရေးဆွဲခြင်း- သင်ခန်းစာ၌ပါဝင်သောအချက်အလက်များ ဖြည့်သွင်းခြင်း၊ အဆင့်ဆင့်လုပ်ဆောင်မှုများနှင့် ရလဒ်
- တော်သောကျောင်းသားများနှင့် အားနည်းသောကျောင်းသားများကို စိစစ်၍ ၎င်းတို့အတွက်အထောက်အကူ ဖြစ်စေမည့်သင်ခန်းစာများ ရေးဆွဲခြင်း
- လေ့လာသင်ယူရာ၌ လေ့ကျင့်ခန်းလှုပ်ရှားမှုအမျိုးမျိုးကို အစီအစဉ်ရေးဆွဲခြင်း (ကျောင်းသားများ၏ တက်ကြွမှုနှင့် စိတ်ဝင်စားမှုကိုထိန်းသိမ်းခြင်း)
- သင်ခန်းစာတစ်ခုခြင်းစီကို ပြန်လည်သုံးသပ်ခြင်း- မည်သည့်အပိုင်းကို အကောင်းဆုံးလုပ်ဆောင်နိုင်ခြင်းနှင့် မည်သည့်အပိုင်းအားလုပ်ဆောင်မှုအားနည်းသနည်း။
- သင်၏ပြန်လည်သုံးသပ်ခြင်းကို အသုံးပြုပြီး နောက်သင်ခန်းစာ၌ အထောက်အကူဖြစ်စေမည့် အစီအစဉ် ရေးဆွဲပါ။

**သုတေသနကိုတိုး၍ ပြုလုပ်ခြင်းနှင့် လေ့ကျင့်ခန်းလှုပ်ရှားမှုများ ထပ်မံလုပ်ဆောင်ခြင်း**

၁။ သင်ခန်းစာ(၅)မှ **သင်ယူလေ့လာမှုရည်ရွယ်ချက် အကျဉ်းချုပ်ရေးသားခြင်း** နှင့် **စာသင်ခန်းတွင်းသင်ယူ လေ့လာခြင်း** စာစဉ်များကို ထပ်ဆောင်း၍ဖတ်ပါ။

၂။ ထပ်တိုး၍လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများ - **INEE သင်ကြားမှုနှင့် သင်ယူမှုစံနှုန်းများ**ကိုဖတ်ပါ။ ဤလုပ်ဆောင်မှုသည်သင်၏ကျောင်းတွင် အောင်မြင်မှုမည်မျှရရှိသနည်း။ ၎င်းသည် ဤသင်ခန်းစာကို ထပ်ဆောင်း၍ဖတ်ရန်စာစဉ်ထဲတွင် ရှိပါသည်။

က။ လေးခုအနက် တစ်ခု (သို့မဟုတ်)တစ်ခုထက်ပို၍ ရွေးချယ်ပါ။ (ဥပမာ- အဆင့်၊စံနှုန်း၊ ၃=လမ်းညွှန်မှု)

ခ။ သိသာထင်ရှားသော ကော်လံ (ဇယား)ကိုကြည့်ပါ။ သင်သည်စကေး (၁-၄)ကိုအသုံးပြုခြင်းဖြင့် မည်မျှအောင်မြင်မှုစံနှုန်းရှိသည်ဟု သင်ထင်ပါသနည်း။ ၁=ကိစ္စမရှိပါ၊ ၂=တစ်ခါတစ်ရံ၊ ၃=ပုံမှန်၊ ၄= အချိန်တိုင်း

ဂ။ သင်၏ပြန်လည်သုံးသပ်ခြင်းကို အထောက်အကူပြုမည့် ဥပမာပေးပါ။

ဃ။ သင်၏ရမှတ်နှင့် ဖြစ်ရပ်ကိုအခြေခံ၍ သင်၏ထင်မြင်ချက် အားလုံးကိုပေးပါ။

# သင်ခန်းစာ (၆)

## တိုးတက်မှုဖြစ်စဉ်၊ ဝေဖန်အကြံပြုချက်နှင့် စစ်ဆေးအကဲဖြတ်ခြင်း

**ဤသင်ခန်းစာအပြီးတွင် သင်သည်**

- တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်နည်းအမျိုးမျိုးအား ခွဲခြားဖော်ထုတ်နိုင်ပါမည်။
- သင်ခန်းစာအစ၌ စစ်ဆေးအကဲဖြတ်ခြင်းပါဝင်သည်သာမက ထိုအကဲဖြတ်နည်းများကို အခြေအနေအမျိုးမျိုးတွင် အသုံးပြုပုံကိုလည်း ရှင်းပြနိုင်ပါမည်။
- ဝေဖန်အကြံပြုချက်များပေးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြသနိုင်ပြီး ရှင်းပြနိုင်မည်။
- တိုးတက်မှုဖြစ်စဉ်၊ စစ်ဆေးအကဲဖြတ်မှုတို့နှင့်ပတ်သက်သော မှတ်တမ်းများ ထိန်းသိမ်းရာ၌ လိုအပ်ချက်များကို ရှင်းပြနိုင်ပါမည်။

## က။ စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ အဘယ်နည်း။

**အဓိကစကားလုံးများ**

Test (n) = လူတစ်ယောက်၏တတ်ကျွမ်းမှု (သို့မဟုတ်) တတ်သိနားလည်မှုကိုမေးခွန်းတိုများ (သို့မဟုတ်) ပုစ္ဆာလေ့ကျင့်ခန်းများဖြင့် အစမ်းစစ်ဆေးမှု

Peers(n) = တူညီမှုရှိသောသူများ

Constructive (adj) = အထောက်အကူဖြစ်သော၊ အသုံးဝင်သော။

Exam (n) = လူတစ်ယောက်၏တတ်ကျွမ်းမှု (သို့မဟုတ်) တတ်သိနားလည်မှုကို မေးခွန်းရှည်များ (သို့မဟုတ်) ပုစ္ဆာလေ့ကျင့်ခန်းများဖြင့် ထုံးတမ်းစဉ်လာအရပြုလုပ်သည့် စာမေးပွဲစစ်ဆေးမှု

တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် နည်းလမ်း(၃)မျိုးရှိပါသည်။ ၎င်းတို့မှာ- ပို့ချမည့်ဘာသာရပ်ကို သင်ခန်းစာအစတွင် စစ်ဆေးခြင်း၊ သင်ခန်းစာလုပ်ဆောင်နေစဉ်အတွင်းစစ်ဆေးခြင်းနှင့် သင်ခန်းစာအဆုံးတွင် စစ်ဆေးခြင်းတို့ဖြစ်ပါသည်။

ကျောင်းသားများအား သင်ခန်းစာအစ၌ စစ်ဆေးခြင်းသည် သင်ခန်းစာနှင့်ပတ်သက်၍ မည်မျှသိသည်(သို့မဟုတ်) နားလည်သည်ကို ဆရာအားသိစေခြင်းဖြစ်သည်။ ဆရာသည် ကျောင်းသားများ သင်ခန်းစာအပေါ် မည်မျှနားလည်သိရှိသည်ကို သိခြင်းဖြင့် သင်ခန်းစာရေးဆွဲရာ၌ များစွာအထောက်အကူပြုပါသည်။ ကျောင်းသားများကို သင်ခန်းစာလုပ်ဆောင်နေစဉ်အတွင်း စစ်ဆေးအကဲဖြတ်ခြင်းဖြင့် သင်ခန်းစာအပေါ် ၎င်းတို့ မည်မျှလေ့လာရရှိခြင်းနှင့် မည်သည့်အပိုင်းအားတိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်သည်ကို သိရှိစေပါသည်။ သင်ရိုးအဆုံးတွင် လုပ်ဆောင်သော စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ သင်ခန်းစာရည်ရွယ်ချက်နှင့် ပတ်သက်၍ မည်မျှအောင်မြင်မှုသို့ ရောက်ရှိသည်၊ မရောက်ရှိသည်ကို ပြသပါသည်။

သင်ခန်းစာ၏ ရည်ရွယ်ချက်သည် ကျောင်းသားများအား မည်သို့လုပ်ဆောင်ရမည်ကို ပြောပြခြင်းဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားမှုတစ်လျှောက်တွင် ကျောင်းသားများ မည်မျှရရှိသည်ကိုဖော်ပြပါသည်။ သင်ခန်းစာ၏ရည်ရွယ်ချက်သည် ရှင်းလင်းမှုရှိပြီးအသေးစိတ်ပါက ကျောင်းသားများ သင်ခန်းစာသင်ယူရာတွင် မိမိတို့မည်မျှတတ်မြောက်သည်ကို သိရှိစေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်းနည်းဗျူဟာများ

၁။ အောက်တွင်ဖော်ပြထားသော ကျောင်းခန်းတွင်းလှုပ်ရှားမှု (activities) များတွင် မည်သည့်လှုပ်ရှားမှုကို စစ်ဆေးအကဲဖြတ်ခြင်း၌ အသုံးပြုနိုင်သနည်း။

(က) မေးခွန်းများ (ခ) အစမ်းစစ်ဆေးမှုများ (ဂ) လက်တွေ့လုပ်ဆောင်မှု
(ဃ) စာစီစာကုံးများ (င) စောင့်ကြည့်လေ့လာမှု (စ) လေ့ကျင့်ခန်းလှုပ်ရှားမှုများ
(ဆ) စာမေးပွဲများ (ဇ) ကျောင်းသားများဆွေးနွေးတင်ပြခြင်း

၂။ သင်ခန်းစာ၏ရည်ရွယ်ချက်(၈)ခုကို အောက်တွင်ဖော်ပြထားပါသည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍အထက်တွင်ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်း နည်းဗျူဟာတစ်ခု (သို့မဟုတ်) နှစ်ခုနှင့် အကိုက်ညီဆုံးဖြစ်သည်ကို နှစ်ယောက်တစ်တွဲဆွေးနွေးပြီးဆုံးဖြတ်ပါ။

(က) ရိုးရှင်းသော အင်္ဂလိပ်စာမေးခွန်းများဖြင့် ကျောင်းသားများမှ မိမိကိုယ်ကို ပြန်၍မေးခြင်းနှင့် ဖြေခြင်းများပြုလုပ်သင့်ပါသည်။
(ခ) သမိုင်းတွင်အရေးကြီးသော နေ့ရက်များကို ကျောင်းသားများ ပြန်လည်မှတ်မိနိုင်ပါမည်။
(ဂ) ရိုးရှင်းသောအိတ်ကပ်ပါသည့် ဘေးလွယ်အိတ်ကို ကျောင်းသားများတွေ့မြင်နိုင်မည်ဖြစ်သည်။
(ဃ)နှစ်နားညီသောထောင့်မှန်တြိဂံတွင် အဘယ်ကြောင့် ၆၀ ဒီဂရီရှိသည်ကို ကျောင်းသားများမှ ရှင်းပြနိုင်သည်။
(င) ကျောင်းသားများမှ ကမ္ဘာ့ခေါင်းဆောင်(၃)ဦး၏ အားသာချက်နှင့် အားနည်းချက်များကို ပိုင်းခြားနိုင်သည်။
(စ) ကျောင်းသားများမှ စစ်တမ်းကောက်ယူလှုပ်ရှားမှုများအား ဖော်ပြခြင်းနှင့် ရလဒ်များကို ရှင်းပြနိုင်သည်။
(ဆ) ကျောင်းသားများ ရှေးဦးသူနာပြုစုနည်းကို တတ်ကျွမ်းမည်ဖြစ်ပါသည်။
(ဇ) ကျောင်းသားများ သစ်ပင်စိုက်ပျိုးနိုင်ပါမည်။

၃။ နှစ်ယောက်တစ်တွဲဖြင့် စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ဆောင်ရာတွင် မည်သည့်စစ်ဆေးအကဲဖြတ်ခြင်းအား အသုံးပြုရန်သင့်တော်သည်ကို ဆွေးနွေးရန်။
(က) သင်ရိုးအစတွင် စစ်ဆေးလုပ်ဆောင်ခြင်း (ခ) သင်ရိုးအလယ်၌ စစ်ဆေးလုပ်ဆောင်ခြင်း
(ဂ) သင်ရိုးအဆုံးတွင် စစ်ဆေးလုပ်ဆောင်ခြင်း

## ခ။ သင်ခန်းစာအစတွင်စစ်ဆေးခြင်း– ကနဦးစစ်ဆေးမှု

သင်သည် ကျောင်းသားသစ်များနှင့်စတွေ့သည့်အခါတွင် သူတို့အကြောင်းကို သိရှိရန်လိုအပ်ပါသည်။ သို့မှသာလျှင် သူတို့တွင်ရှိနေနိုင်သည့်အခက်အခဲများကို သိရှိပြီး၊ သင့်ကျောင်းသားအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် သင်ပြင်ဆင်နိုင်ပါမည်။ ကနဦးစစ်ဆေးမှုနည်းလမ်းသည် ၎င်းလိုအပ်ချက်များကို သုံးသပ်နိုင်ရန်အတွက် အသုံးဝင်သောနည်းတစ်နည်း ဖြစ်ပါသည်။ ပထမဆုံးအဆင့်ဖြစ်သည့် သင်ကြားမှု စက်ဝန်းကို စစ်ဆေးရန်လိုအပ်ပါသည်။

ပို့ချမှုအစပိုင်းတွင် ဆရာကအောက်ပါတို့ကိုသုံးသပ်ရန် လိုအပ်ပါသည်။

- ပို့ချမည့် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ မည်မျှတတ်သိ၊ နားလည်၊ တတ်ကျွမ်းပြီးဖြစ်သည်
- ကျောင်းသားများ အရေး၊ အဖတ်နှင့်လေ့လာခြင်းအလေ့အထတို့တွင် မည်မျှတတ်ကျွမ်းပြီးဖြစ်သည်
- သူတို့၏ ပုဂ္ဂိုလ်ရေးနှင့်သက်ဆိုင်သော အခြားလိုအပ်ချက်များရှိ၊ မရှိ။ (သင်ခန်းစာ- ၃ တွင်ကြည့်ပါ)

မည်သို့ပင်ဖြစ်စေကာမူ သင်သည် ကျောင်းသားများ၏အရည်အချင်းကိုသိရှိရန် မေးခွန်းများအမြောက်အမြား စစ်ဆေးဖြေဆိုစေခြင်းနှင့် ၎င်းတို့နှင့်သိရှိရင်းနှီးကျွမ်းဝင်လိုခြင်းကို တစ်ချိန်ထဲတွင် ပြုလုပ်လိုမည်မဟုတ်။ ပထမတစ်ပတ်အတွင်း ပုံစံကောင်းတစ်ခုကို တည်ဆောက်ရန်အတွက် မတူညီသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းသည် ကောင်းသောအလေ့အကျင့်တစ်ခု ဖြစ်သည်။

စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ဆောင်ရာတွင် သမရိုးကျမေးခွန်းများဖြင့် စစ်ဆေးခြင်းနှင့် သမားရိုးကျမေးခွန်းများ မဟုတ်သောမေးခွန်းများဖြစ်သည့် ဆွေးနွေးလုပ်ဆောင်ခြင်းတို့ကို ပေါင်းစပ်၍အသုံးပြုရာတွင် အကောင်းဆုံး ဖြစ်ပါသည်။ ကျောင်းသားများအား မိမိကိုယ်ကိုပြန်လည်စစ်ဆေးရန် လုပ်ဆောင်စေခြင်းသည်လည်း အသုံးဝင်သည့် သတင်းအချက်အလက်များ ပေးစွမ်းနိုင်ပါသည်။

### သင်ခန်းစာအစတွင်စစ်ဆေးခြင်း၏သာဓကဖြစ်စဉ်များ

၁။ အဖွဲ့လိုက်အောက်တွင်ပေးထားသော သာဓကဖြစ်စဉ်တစ်ခုကိုဖတ်ပါ။
(က) သာဓကဖြစ်စဉ်ရှိ ပထမဆုံးအပိုင်းကိုဖတ်ပါ။ (က-၁၊ ခ-၁ (သို့မဟုတ်) ဂ-၁) ထို့နောက် မေးခွန်းများကို ဆွေးနွေးပါ။
(ခ) သင်၏ထင်မြင်ယူဆချက်ကို ရေးချပါ။ ပြီးလျှင်အတန်းသို့ ပြန်လည်တင်ပြပါ။
(ဂ) ဒုတိယအပိုင်းကိုဖတ်ပါ။ (က-၂၊ ခ-၂ (သို့မဟုတ်) ဂ-၂) ထို့နောက်မေးခွန်းများကိုဆွေးနွေးပါ။
(ဃ) သင်၏ထင်မြင်ယူဆချက်ကို ရေးပါ။ ပြီးလျှင် အတန်းထဲတွင်ပြန်လည်ဆွေးနွေးပါ။

**သာဓကဖြစ်စဉ်လေ့လာခြင်း (က)**

သင်္ချာဆရာတစ်ယောက်သည် ထပ်တူညီမျှခြင်းများ (simultaneous equations)အကြောင်းကိုစတင်၍ သင်ကြားမည် ဖြစ်သည်။ သူမသည် ကျောင်းသားအားလုံးထပ်တူညီမျှခြင်းများကို မကိုင်တွယ်မီတွင် အစဉ်လိုက် ညီမျှခြင်းများ (linear equations) ကို အရင်ပိုင်နိုင်အောင် လေ့လာမှသာလျှင် ထပ်တူညီမျှခြင်း၏ ပြဿနာဖြေရှင်းနိုင်မည်ဟု ကြိုတင်သိရှိသည်။ **သင်ခန်းစာအစတွင် ကနဦးစစ်ဆေးမှုများကို သူမမည်သို့လုပ်ဆောင်ရမည်နည်း။**

**သာဓကဖြစ်စဉ်လေ့လာခြင်း (ခ)**

ပထမတန်းပြဆရာမသည် သုံးပတ်အကြာတွင် မိမိအတန်းထဲမှ ကလေး(၃)ယောက်အတွက် စတင်ပူပန်ရတော့သည်။ သန်းနိုင်သည် ပိန်လှီနေပြီး အားအင်မရှိပါ။ စိုးစိုးမှာ အလွန်သွက်လက်ပြီး ဆရာမဂရုစိုက်မှုခံချင်သူ။ ကျော်ကျော်ကို စာမေးပါက နေးကွေးစွာဖြေဆိုပြီး သူ့ကမ္ဘာလေးထဲတွင်သာ သူ့ဘာသာနေသည်။ ထိုကလေးများ၏ လိုအပ်ချက်ကို ဆရာမကသိလိုပါသည်။ **သင်ခန်းစာအစတွင် ကနဦးစစ်ဆေးမှုများကို သူမမည်သို့လုပ်ဆောင်မည်နည်း။**

## ၈။ သင်ရိုးသင်ကြားနေစဉ်အချိန်အတွင်း– သင်ယူခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်း

ဆရာများသည် ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ရာတွင် များသောအားဖြင့် စာမေးပွဲပြုလုပ်ခြင်းဖြင့် စစ်ဆေးလေ့ရှိပါသည်။ သို့သော်စာမေးပွဲများသည် ကျောင်းသားများအား မည်သည့်အရာကမှန်သည် (သို့မဟုတ်) မှားသည် စသည်တို့ကိုသာသိရှိစေပါသည်။ ကျောင်းသားများ မည်သည့်အရာအား တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်သည့်အပိုင်းကို ပြသခြင်းမရှိပါ။ သင်ခန်းစာသင်ကြားနေစဉ်အချိန်အတွင်း စစ်ဆေးအကဲဖြတ်ခြင်းများသည် ကျောင်းသားများအား ဝေဖန်အကြံပြုခြင်းဖြင့် သင်ယူလေ့လာရာ၌ အကူအညီပေးခြင်း၊ အမှားများကိုပြင်ဆင်ပေးခြင်းဖြင့် တိုးတက်အောင်လုပ်ဆောင်ပေးပါသည်။ ဤသည်မှာ လေ့လာသင်ယူခြင်းအတွက် စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) ပုံသွင်းစစ်ဆေးအကဲဖြတ်ခြင်းတို့ ဖြစ်ပါသည်။ တစ်ခြားသောစစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများတွင် မည်သည့်စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများတိုးတက်အောင် လုပ်ဆောင်ပေးနိုင်သည်ကို ကြည့်ပါ။

### မိမိကိုယ်ကိုပြန်လည်စစ်ဆေးအကဲဖြတ်ခြင်း– ကျွန်ုပ်၏လုပ်ဆောင်မှုအခြေအနေမည်ကဲ့သို့ရှိသနည်း

၁။ အောက်တွင်ဖော်ပြထားသော ဇယားတွင် သင်ခန်းစာ (၄) စီစဉ်ရေးဆွဲခြင်းအတွက် သင်ခန်းစာနှစ်ခု၏ ရည်ရွယ်ချက်ပါရှိပါသည်။

- က) သင်၏သင်ခန်းစာအပေါ် နားလည်မှုကို စဉ်းစားခြင်းနှင့် ဤအပိုင်းနှစ်ပိုင်းကို လေ့ကျင့်ပါ။ သင်မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ မည်သည့်အပိုင်းကို ပိုမိုလေ့လာသင်ယူခြင်းနှင့် လေ့ကျင့်ခြင်းတို့ကို သင်လုပ်ဆောင်မည်နည်း။
- ခ) ဖော်ပြထားသောဇယားတွင် သင်လုပ်ဆောင်နိုင်သည့်အပိုင်းနှင့် သင်တိုးတက်ရန် လိုအပ်သည့်အပိုင်းကို ဖြည့်စွက်ရေးသားပါ။

| သင်တန်းသားများ၏ လေ့လာသင်ယူရန်ရည်ရွယ်ချက် | လုပ်ဆောင်နိုင်သည့် အရာများ | တိုးတက်ရန် လိုအပ်သည့်အရာများ |
|---|---|---|
| သင်ရိုး၏အဓိကအချက်အလက်များကို အစီအစဉ်ရေးဆွဲခြင်း<br>- သတ်မှတ်ထားသောအချိန်နှင့် သင်ထောက်ကူပစ္စည်းများကို အသုံးပြုနိုင်ခြင်း<br>- မတူညီသော သင်ယူလေ့လာသည့် နည်းလမ်းများကို အစီအစဉ်ရေးဆွဲခြင်း | | |
| သင်ခန်းစာရေးဆွဲရာတွင်<br>- သင်ခန်းစာ၏ရည်ရွယ်ချက်များ အသေးစိတ်နှင့် မှန်ကန်စွာတည်ရှိခြင်း၊ ရှင်းလင်းမှုရှိခြင်း<br>- သင်ခန်းစာ၏အဆင့်တိုင်းအတွက် လုပ်ဆောင်နိုင်ခြင်း<br>- အဖွဲ့အတွင်းရှိ သင်တန်းသားများ၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ခြင်း<br>- ကျောင်းသားများသင်ယူလေ့လာရန်အတွက် သင့်တော်သော သင်ကြားခြင်းနည်းအမျိုးမျိုးနှင့် လေ့လာသင်ကြားမှုနည်းဗျူဟာများ အသုံးပြုခြင်း | | |

ပြန်လည်စဉ်းစားတွေးတောခြင်းသည် မိမိကိုယ်ကိုပြန်လည်စစ်ဆေး အကဲဖြတ်သောနည်းတစ်မျိုးပင် ဖြစ်ပါသည်။ မိမိကိုယ်ကို ပြန်လည်စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မည်သည့်အပိုင်းက ကောင်းသည်၊ မည်သည့်အပိုင်းအား တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်သည်ကို စဉ်းစားရန်အထောက်အကူပြုပါသည်။ တိုးတက်ရန်လိုအပ်သောအပိုင်းကို ဆရာနှင့်ဆွေးနွေးနိုင်ပါသည်။ ဆွေးနွေးပြီးနောက် တိုးတက်ရန်လိုအပ်သည့် အရာများကို ကျောင်းသားမှ ရည်မှန်းချက်ထားလုပ်ဆောင်နိုင်ပါသည်။

ကိုယ်ပိုင်ရည်မှန်းချက်များ

- ကျောင်းသားအား မည်သည့်အပိုင်းအား တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်သည်ကို အထောက်အကူပြုပါသည်။
- ဆရာမှ ကျောင်းသားများ၏ တစ်ဦးချင်းစီလိုအပ်ချက်ကို သိရှိရန်အထောက်အကူပြုပါသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း– ကျွန်ုပ်တို့၏လုပ်ဆောင်မှုအခြေအနေမှာမည်သို့ရှိသနည်း

ကျောင်းသားအချင်းချင်း ထင်မြင်သုံးသပ်ချက်ကို အပြန်အလှန်ပေးခြင်းသည် အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံးအတွက် ကောင်းသောလုပ်ဆောင်မှုကို နားလည်စေရန်အထောက်အကူပြုပါသည်။ ကျောင်းသား(က) နှင့် ကျောင်းသား(ခ)တို့မှ အချင်းချင်းလုပ်ဆောင်မှုများအား ဝေဖန်အကြံပြုထားသောအချက်များကို စဉ်းစားပါ။

- ကျောင်းသား(က)သည် ကျောင်းသား(ခ)အား မည်သည့်အပိုင်းကကောင်းသည် (သို့မဟုတ်) မည်သည့်အပိုင်းကို တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်သည်ဟုပြောသောအချိန်တွင် ကျောင်းသား(က)သည် ကောင်းသောအပိုင်းကို လေ့လာတွေ့ရှိခြင်းနှင့် တစ်စုံတစ်ဦးအား ပြန်လည်ရှင်းပြသည်။ တစ်စုံတစ်ဦးအား ပြန်လည်ရှင်းပြခြင်းသည် မိမိကိုယ်ပိုင်နားလည်မှုအတွက် ကောင်းသောနည်းလမ်းပင် ဖြစ်ပါသည်။
- ကျောင်းသားနှစ်ယောက်စလုံးသည် အခြားသူ၏လုပ်ဆောင်မှုကို ဥပမာအနေဖြင့်တွေ့ရှိခြင်းနှင့်၄င်းတို့လုပ်ဆောင်ပြီးသောအရာနှင့် တစ်ခြားသူလုပ်ဆောင်ပြီးသောအရာများကို နှိုင်းယှဉ်နိုင်ပါသည်။ ကျောင်းသား(က)နှင့် ကျောင်းသား(ခ) တို့တွင် မတူညီသောအားသာချက်ရှိပါသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေ့လာသင်ယူနိုင်ပါသည်။


ကျောင်းသားများအနေဖြင့် တစ်ဦးခြင်းစီ၏ လုပ်ဆောင်မှုများအပေါ် အထောက်အကူဖြစ်စေသည့် ဝေဖန်အကြံပြုချက်များကိုသာ ပေးသင့်သည်။ နောင်လာမည့်အပိုင်းဖြစ်သော အထောက်အကူဖြစ်စေသည့် ဝေဖန်အကြံပြုချက်များသည် အချင်းချင်းဝေဖန်အကြံပြုရာတွင် များစွာအသုံးဝင်သည်သာမက အထောက်အကူဖြစ်စေခြင်းနှင့် ဆရာအတွက်လည်း ထိုနည်းတူပင်ဖြစ်ပါသည်။

## ဝေဖန်အကြံပြုချက်– သင့်အခြေအနေမည်သို့ရှိသနည်း

ဆရာမှကျောင်းသား၏ လုပ်ဆောင်ချက်ကို အကောင်းဘက်မှ သုံးသပ်ချက်ပေးခြင်းအား ဝေဖန်အကြံပြုခြင်းဟု ခေါ်ပါသည်။ ဆရာထံမှကျောင်းသားများသည် အကောင်းဘက်မှပုံမှန်သုံးသပ်ပေးမှုကို ရရှိခြင်းဖြင့် ၎င်းတို့၏ တိုးတက်မှုနှုန်းကို သူတို့ဘာသာလေ့လာနိုင်ပါသည်။ အကောင်းဘက်မှသုံးသပ်ခြင်းဆိုသည်မှာ ကျောင်းသားအား တိုးတက်စေရန် အထောက်အကူပြုသည့် ဝေဖန်အကြံပြုပေးခြင်းဖြစ်သည်။ အထောက်အကူဖြစ်စေသည့် အကောင်းဆုံး ဝေဖန်အကြံပြုချက်

- ကျောင်းသား၏ လုပ်ဆောင်ချက်မှ ကောင်းသောအချက်များကို နမူနာထုတ်နှုတ်ပြခြင်း
- ကျောင်းသားအား ပိုမိုကြိုးစားရန်လိုအပ်သော နေရာများကို အတိအကျထောက်ပြအကြံပြုခြင်း
- ပိုမိုတိုးတက်စေရန် မည်သည့်အရာများလုပ်ဆောင်ရမည်ကို စဉ်းစားကြရာတွင် ကျောင်းသားကိုလည်း ပါဝင်စဉ်းစားစေခြင်း

**ဝေဖန်အကြံပြုခြင်း၏ လုပ်ဆောင်မှုလမ်းကြောင်း**




ဝေဖန်အကြံပြုမှုဖြစ်စဉ်သည် ကျောင်းသားများတိုးတက်စေရန် လုပ်ဆောင်ရမည့်အရာများကို ညွှန်ပြသော်လည်း အဆိုးဘက်မှ ဝေဖန်လျှင် စာသင်လိုစိတ်နည်းလာမည် ဖြစ်သောကြောင့် မည်သည့်အခါမှ အဆိုးဘက်မှပြောဆိုဝေဖန်ခြင်း မပြုသင့်ပါ။

## အကောင်းဆုံးဝေဖန်အကြံပြုချက်များပေးခြင်း

၂။ တွဲဖက်အသစ်တစ်ဦးနှင့် နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပါ။

က။ ဇယား၌ ဝေဖန်အကြံပြုချက်များကို ကြည့်ပါ။ ကော်လံ ၂တွင် အထောက်အကူဖြစ်သည့် ဝေဖန်အကြံပြုချက်များကို အမှန်ခြစ်၍ အထောက်အကူမပြုသည့် အချက်များကို အမှားခြစ်ပါ။

ခ။ ကော်လံ(၃)တွင် ဝေဖန်အကြံပြုချက်များသည် အဘယ်ကြောင့်အထောက်အကူဖြစ်သည် (သို့မဟုတ်) မဖြစ်သည်ကိုရှင်းပြပါ။

ဂ။ ဤလေ့ကျင့်ခန်းကို သင်လုပ်ဆောင်ပြီးသောအခါ သင်၏အဖြေအား အခြားသောစုံတွဲနှင့် လဲလှယ်ခြင်းဖြင့် တစ်ယောက်ခြင်းစီအတွက် အထောက်အကူဖြစ်စေမည့် ဝေဖန်အကြံပြုချက်များ ပေးပါ။

ဃ။ သင်၏ဆွေးနွေးချက်များအား ပြန်လည်အစီရင်ခံတင်ပြပါ။

| ဝေဖန်အကြံပြုချက် | ✓ or X | ရှင်းလင်းချက် |
|---|---|---|
| ၁။ အဲဒါမမှန်ဘူး။ နောက်တစ်ကြိမ်ထပ်လုပ်ပါ။ | | |
| ၂။ ဒီလပိုင်းမှာတော့ နင်ကောင်းကောင်းလုပ်နိုင်တယ်။ | | |
| ၃။ နင်အရင်တစ်ခါနည်းတူ အမှားထပ်လုပ်ပြန်ပြီ။ နောက်တစ်ခါမဖြစ်စေနဲ့။ | | |
| ၄။ အိုဆိုးလိုက်တာ။ အချက်အလက်တွေကို နင်နေရာမှားထည့်ထားတယ်။ | | |
| ၅။ မဟုတ်ဘူး။ အဲဒါမှားနေတယ်။ သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ ငါတို့ပြီးဆုံးအောင်လုပ်ဖို့လိုတယ်။ နောက်တစ်ကြိမ် ထပ်လုပ်လိုက်၊ မြန်မြန်လေး။ | | |

| | | |
|---|---|---|
| ၆။ ကောင်းကောင်းကြီးကို လုပ်ဆောင်ပြီးသွားပြီ။ | | |
| ၇။ ကောင်းတယ်။ အဓိကအချက်အလက်အားလုံးကို ပါဝင်အောင်ရေးနိုင်တယ်။ ဒါပေမဲ့ စာစီစာကုံးရဲ့ တည်ဆောက်ပုံက အနည်းငယ်ရှုပ်ထွေးနေတယ်။ အဲဒါကို ဘယ်လိုပြင်ရင်ကောင်းမလဲ။ | | |

## အမှတ်ပေးခြင်းနည်းစနစ်

ပုံစံတကျစစ်ဆေးခြင်းသည် သင်ယူမှုဖြစ်စဉ်၏ တစိတ်တဒေသဖြစ်သည်။ သင်ခန်းစာရည်ရွယ်ချက်များကို အောင်မြင်ရန်တိုင်းတာခြင်း တစ်မျိုးလည်းဖြစ်ပါသည်။ ဆရာမှ စစ်ဆေးအကဲဖြတ်မှုတစ်ခုကို အောင်မြင်မှု တိုင်းတာရာတွင် အသုံးပြုရန်ရည်ရွယ်ပါက အဓိကစနစ်နှစ်မျိုးထဲမှ တစ်မျိုးကိုအသုံးပြု၍ ထိုစစ်ဆေးမှုအတွက် အမှတ်ပေးပါမည်။

**၁။ ဆင့်ချိုးအမှတ်ပေးစနစ်**

ဤနည်းစနစ်အား အသုံးပြုရာတွင် ကျောင်းသားများလုပ်ဆောင်ရန် လိုအပ်သည့်အချက်များကို ရှင်းလင်းစွာသိရှိပြီး (သင်ယူလေ့လာခြင်း၏ရည်ရွယ်ချက်)နှင့် တစ်ချို့သောကျွမ်းကျင်မှုများ ပါဝင်ပါသည်။ ဥပမာ - တင်ဆက်ပြသမှုများ၊ စီမံကိန်းအစီရင်ခံစာများ (သို့မဟုတ်) လက်တွေ့အသုံးချကျွမ်းကျင်မှုများ စသည့်စီစဉ်ဆောင်ရွက်မှုတို့ဖြစ်ပါသည်။ ပထမအကြိမ်စာမေးပွဲမအောင်မြင်သော ကျောင်းသားများအား မိမိတို့၏အခြေအနေကို မည်ကဲ့သို့တိုးတက်အောင် လုပ်ဆောင်ရမည်ကို ဆရာမှအသေးစိတ် ဝေဖန်အကြံပြုချက်ပေးခြင်းနှင့် အပြောင်းအလဲပြုလုပ်ရန် အချိန်ပေးရမည် ဖြစ်သည်။ စာပြန်လုပ်ချိန်တွင် ကျောင်းသားများက အကြံပြုချက်ကို ပြန်လည်ကိုးကားကြည့်ရှုနိုင်ရန် စာဖြင့်ရေးသား၍ ဝေဖန်အကြံပြုခြင်းနည်းလမ်းသာ အကောင်းဆုံးဖြစ်သည်။

ပိုမိုလုပ်ဆောင်ရန်လိုအပ်သည် → အောင်မြင်သည်-လုပ်ဆောင်နိုင်သည်

**၂။ အဆင့်လိုက်အမှတ်ပေးစနစ်–** ၁ဝမှတ်၊ အမှတ် ၂ဝ၊ အမှတ် ၁ဝဝ အစရှိသဖြင့် (သို့မဟုတ်) A±, B±, C± အစရှိသဖြင့်ကိန်းဂဏန်းဖြင့် အမှတ်ပေးစနစ်

အောင်မှတ်ကိုသတ်မှတ်ခြင်းသည် ဘာသာရပ်အပေါ်နှင့် စစ်ဆေးသည့်မေးခွန်းပုံစံအပေါ် မူတည်ပါသည်။ မှား၊မှန် ဖြေဆိုရမည့် မေးခွန်းမျိုးတွင် ကိန်းဂဏန်းဖြင့် အမှတ်ပေးစနစ်သည် များစွာအသုံးပြုနိုင်သလို အခြားပုံစံများအတွက်လည်း သုံးနိုင်ပါသည်။ ဥပမာ- အမှတ်(၂ဝ)စာ အတန်းလုပ်ငန်းတစ်ခုတွင် (၅) မှတ်သည် သုတေသနအတွက်၊ (၅)မှတ်မှာမူ ပြန်လည်အစီရင်ခံခြင်းအတွက်၊ နောက်(၅)မှတ်ကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကျန်(၅)မှတ်အား တင်ပြဆွေးနွေးခြင်းအတွက် သတ်မှတ်နိုင်ပါသည်။ အက္ခရာစာလုံးဖြင့် အမှတ်ပေးစနစ်မျိုးတွင်မူ စာစီစာကုံးများ (သို့မဟုတ်) တီထွင်မှုများ စသည်ဖြင့် အတိအကျအမှတ်ပေး၍ မရသောအခြေအနေတို့တွင် သုံးလေ့ရှိပါသည်။ အက္ခရာစာလုံးဖြင့် အမှတ်ပေးစနစ်တွင် များသောအားဖြင့် စာလုံး (၃)လုံးမှ(၅)လုံးအထိ သတ်မှတ်လေ့ရှိသည်။

**E -** ကျရှုံး → **D -** ကျရှုံး → **C -** အောင်သည် → **B -** အောင်သည် → **A -** အောင်သည်

**၃။ ဆွေးနွေးခြင်း –**

က။ ကျောင်းတစ်ကျောင်းတွင် အဖြေမှန်ရွေးချယ်ခြင်း၏ စာမေးပွဲအောင်မှတ်မှာ (၇ဝ%) နှင့် စာစီစာကုံးရေးခြင်း၏ အောင်မှတ်မှာ (၄ဝ%) ဖြစ်ပါသည်။ ဤအမှတ်ပေးစနစ်ကို သင်မည်သို့ထင်ပါသနည်း။

ခ။ ဆင့်ချိုးအမှတ်ပေးစနစ်ကို အဆင့်လိုက်အမှတ်ပေးစနစ်နှင့် နှိုင်းယှဉ်ပါ။ စနစ်နှစ်ခုစလုံးတွင်ရှိသော အားသာချက်နှင့် အားနည်းချက်မှာ မည်သို့နည်း။ မည်သည့်နည်းဗျူဟာကို သင်ပိုမိုနှစ်သက်သနည်း။

## မှတ်တမ်းများထိန်းသိမ်းခြင်း

၄။ ပြန်လည်သုံးသပ်ခြင်း- အဘယ်ကြောင့် ကျောင်းသား၏ စစ်ဆေးအကဲဖြတ်ခြင်းမှတ်တမ်းကို ထိန်းသိမ်းသင့်သနည်း။ အကြောင်းပြချက် ၂-၃ ခုကိုရေးချပါ။ ပြီးလျှင်သင်၏တွဲဖက်နှင့် ပြန်လည်ဝေမျှပါ။

၅။ အဖွဲ့ငယ်အတွင်း စစ်ဆေးအကဲဖြတ်ခြင်းရလဒ်ကို ထိန်းသိမ်းသည့်ပုံစံငယ်ကို အတန်းအတွက်ရေးဆွဲပါ။ ဖြစ်နိုင်လျှင် ကွန်ပျူတာကိုအသုံးပြု၍ စကားလုံးများကို စနစ်တကျလုပ်ဆောင်ခြင်း (သို့မဟုတ်) စာရင်းအချက်အလက်တို့ကို ဇယား၊ စာတိုင်တို့တွင် အလွယ်တကူဖြည့်သွင်း၊ တွက်ချက်ပြင်ဆင်ပြောင်းရွှေ့ပေးနိုင်သောကွန်ပျူတာဆော့ဖ်ဝဲလ်များ အသုံးပြုနိုင်ပါသည်။

- က။ မည်သည့်သတင်းအချက်အလက်များ ရှိသင့်သနည်း။ စာရင်းပြုစုပါ။ ရိုးရှင်းစွာပြုလုပ်ခြင်းဖြင့် လိုအပ်သောအချက်အလက်များအား လွယ်ကူစွာသင်တွေ့ရှိနိုင်ပါသည်။
- ခ။ အခြားသောအဖွဲ့များနှင့်လဲလှယ်၍ ၎င်းတို့လုပ်ဆောင်မှုများကို ကြည့်ပါ။ ဝေဖန်အကြံပြုချက်များပေးပါ။
- ဂ။ သင်၏ဒီဇိုင်းအား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်လိုသည်များရှိပါသလား။
- ဃ။ သင်၏ဒီဇိုင်းကို အတန်းထဲတွင်သော်လည်းကောင်း (သို့မဟုတ်) အုပ်စုများတွင်ဆွေးနွေးနိုင်ပါသည်။
- င။ သင်အဖွဲ့မှ နောက်ဆုံးပြုလုပ်ထားသောဒီဇိုင်းကို မှတ်တမ်းတင်သိမ်းဆည်းထားပါ။

**စစ်ဆေးအကဲဖြတ်သည့် တာဝန်များကိုဒီဇိုင်းရေးဆွဲခြင်း**

၆။ အဖွဲ့တွင် စာရွက်အပိုင်းအသုံးပြု၍ ရိုးရှင်းသောစစ်ဆေးအကဲဖြတ်မှု ပုံစံတစ်ခုရေးဆွဲပါ။ စာရွက်ပိုင်းများကို အသုံးပြုရန်အတွက် တွေးခေါ်ယူဆချက်များကို နည်းဗျူဟာဖိုင်- Charts and Organiser ကိုကြည့်ပါ။
ရွေးချယ်နိုင်သည့်အခွင့်အရေးများ -

က။ သင်၏ဘာသာရပ်အတွင်း စစ်ဆေးအကဲဖြတ်ခြင်း
ခ။ အင်္ဂလိပ်စကားပြောအတွက် ဆောင်ရွက်ခြင်း။ ဥပမာ- အစားအစာမှာယူခြင်း
ဂ။ စကားလုံးများကို အဓိပ္ပါယ်နှင့်တွဲပေးခြင်း
ဃ။ မေးခွန်းများဖြေဆိုခြင်း၊ အဘယ်ကြောင့် ခွေးသည်နို့တိုက်သတ္တဝါဖြစ်သနည်း။

၇။ သင်တို့အဖွဲ့ရေးဆွဲသော စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ လေ့ကျင့်ခန်းလှုပ်ရှားမှုကို အခြားသောအဖွဲ့နှင့် စစ်ဆေးပါ။ အဖွဲ့တိုင်းအား စစ်ဆေးအကဲဖြတ်ခြင်း လေ့ကျင့်ခန်းလှုပ်ရှားမှုတစ်ခု ပေးဝေပြီး အခြားအဖွဲ့မှပေးသော စစ်ဆေးအကဲဖြတ်ခြင်း လေ့ကျင့်ခန်းလှုပ်ရှားမှုကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်။ သင်၏ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာ လေ့ကျင့်ခန်းလှုပ်ရှားမှုကို စစ်ဆေးပြီးသောအခါ ပြန်လည်သုံးသပ်ခြင်းနှင့် တိုးတက်အောင် မည်သို့လုပ်ဆောင် ရမည်ကိုကြည့်ပါ။

## ဃ။ သင်ရိုးပြီးချိန်– သင်ရိုးအပြီးတွင် စစ်ဆေးအကဲဖြတ်ခြင်း

နောက်ဆုံးသင်ခန်းစာအပြီး (သို့မဟုတ်) ခြုံငုံစစ်ဆေးမှုသည် သင်ခန်းစာအားလုံးပို့ချပြီးသည့်အခါ ကျောင်းသားက မည်မျှသင်ယူခဲ့သည်ကို တိုင်းတာသည်။ ဆရာသည်ကျောင်းသားအားလုံးအတွက် မျှတမှုဖြစ်စေရန် သင်သည် သင်ခန်းစာ ရည်ရွယ်ချက်များအောင်မြင်သည်၊ မအောင်မြင်သည်ကိုဖော်ပြသော စစ်ဆေးအကဲဖြတ်ခြင်းပုံစံအမျိုးမျိုးကို ရောနှောအသုံးပြုသင့်ပါသည်။
အချို့ကျောင်းများတွင် ကျောင်းသားများ၏ တစ်နှစ်တာလုပ်ဆောင်မှုများကိုလည်း သင်ခန်းစာအဆုံးစစ်ဆေးမှုတွင် ထည့်သွင်းတွက်ချက်ပါသည်။ ၎င်းကိုစဉ်ဆက်မပြတ်အကဲဖြတ်ခြင်း (continuous assessment) ဟုခေါ်ပါသည်။ ထိုအလေ့အကျင့်မှာ ကောင်းသောအလေ့အကျင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျောင်းသား၏အောင်မြင်မှုရလဒ် သည် (၃)နာရီသာ ဖြေရသောစာမေးပွဲအပေါ်တွင် မူတည်မနေဘဲ သူလုပ်ခဲ့သော ကျောင်းလုပ်ငန်းအားလုံးအပေါ်တွင် မူတည်သည်။ အချို့ကျောင်းများတွင် ကျောင်းသားများ တစ်နှစ်ပတ်လုံးလုပ်ဆောင်ခဲ့သော အတန်းလုပ်ငန်းများကို စုစုပေါင်းအမှတ်၏ ၆၀ ရာခိုင်နှုန်း သတ်မှတ်ပြီး နှစ်ကုန်မှဖြေရသော စာမေးပွဲများကို ၄၀ ရာခိုင်နှုန်းသာ သတ်မှတ်ပါသည်။

**စာမေးပွဲများ**

အကယ်၍စာမေးပွဲများကို စစ်ဆေးအကဲဖြတ်မှုနည်းလမ်းအဖြစ် ကျောင်းတွင်အသုံးပြုပါက ဆရာသည် ကျောင်းသားများအား နောက်ဆုံးစာမေးပွဲမဖြေမီ လေ့ကျင့်ပေးရန်လိုအပ်ပါသည်။ စာမေးပွဲကောင်းစွာဖြေဆိုနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများမှာ

**ညွှန်ကြားချက်များဖတ်တတ်ခြင်း**။ ။ မေးခွန်းကိုသေချာမဖတ်တတ်ပါက စာမေးပွဲတွင်အမှားများလုပ်ရန် လွယ်ကူသည်။
**မှတ်ဉာဏ်**။ ။ ဘာသာရပ်အလိုက်မူတည်ပြီး ကျောင်းသားမှ အချက်အလက်များ၊ ဥပမာများနှင့် သင်္ချာတွက်ခြင်းကဲ့သို့ ကိစ္စရပ်များကို မည်သို့လုပ်ဆောင်ရမည်တို့ကို မှတ်မိရန်လိုကောင်းလိုပေမည်။ အကျဉ်းချုပ်ခြင်း၊ မှတ်စုအကျဉ်းချုံးရေးမှတ်ခြင်း (သို့မဟုတ်) ဆက်စပ်တွေးခေါ်ပုံဖော်ခြင်းများ အစရှိသည့် စာအပြန်အလှန်ဆွေးနွေးခြင်း နည်းနာများကို မကြာခဏသင်ကြား ပေးရန် လိုအပ်ပါသည်။
**ရင်းနှီးကျွမ်းဝင်မှု**။ ။ ကျောင်းသားများသည် စာမေးပွဲမေးခွန်းပုံစံနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိသင့်ပါသည်။ကျောင်းသားများအား စာစီစာကုံးတစ်ပုဒ် မည်သို့ရေးရမည်ကို လက်တွေ့လေ့ကျင့်ပေးခြင်းမရှိဘဲသော်လည်းကောင်း၊ ဖြစ်စဉ်လေ့လာခြင်း (case study) ကိုလက်တွေ့လေ့လာခိုင်းခြင်းမရှိဘဲ စာမေးပွဲတွင်မေးခြင်းသည် မျှတမှုမရှိပါ။
**အချိန်စီမံခြင်း**။ ။ အချိန်ကိုစီမံခန့်ခွဲခြင်းသည်လည်း လေ့ကျင့်ပေးရန်လိုအပ်သော တတ်ကျွမ်းမှုတစ်ခုဖြစ်ပါသည်။ ကျောင်းသားများသည် စာမေးပွဲခန်းထဲတွင် ပြင်ပ၌သင်ယူလေ့လာသည်ထက် ပိုမိုလျင်မြန်စွာ ဖြေဆိုနိုင်ရပါမည်။ ကျောင်းသားများအား စာမေးပွဲဖြေရန် ကြိုတင်ပြင်ဆင်ပေးရာတွင် အထက်ပါပေးထားသော အရည်အချင်းများရရှိရန် မေးခွန်းဟောင်းများလေ့လာစေခြင်းဖြင့် လေ့ကျင့်ပေးနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်သည့် စည်းမျဉ်းများ

၁။ ဘာသာရပ်အုပ်စုများတွင် သင်၏ဘာသာရပ်အတွက် သင်ရိုး၏နောက်ဆုံးခြုံငုံစစ်ဆေးခြင်းကို လုပ်ဆောင်ရန် ထောက်ခံချက် ပြုလုပ်ပါ။

က။ သင်၏ဘာသာရပ်အတွက် မတူညီသော မည်သည့်နည်းဗျူဟာကို အသုံးပြုသင့်သနည်း။

ခ။ သင်သည်နောက်ဆုံးခြုံငုံထားသော ရလဒ်ကိုပေးရန် မတူညီသည့်နည်းလမ်းမှ ရရှိသောရလဒ်ကို မည်သို့ပေါင်းစပ်မည်နည်း။

## စကားလုံးစစ်ဆေးခြင်း

၂။ ဤစကားလုံးများ၏ အဓိပ္ပါယ်များကို အကျဉ်းချုံးရေးပါ။

က။ ကနဦးစစ်ဆေးခြင်း

ခ။ ပုံစံတကျစစ်ဆေးခြင်း(သို့မဟုတ်) သင်ခန်းစာသင်ရိုး တဝက်တွင် စစ်ဆေးအကဲဖြတ်ခြင်း

ဂ။ သင်ခန်းစာသင်ရိုးပြီးဆုံးသွားချိန်တွင်စစ်ဆေးအကဲဖြတ်ခြင်း

ဃ။ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း

င။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း

စ။ စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်ခြင်း

## င။ အကျဉ်းချုပ် – စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဤသင်ခန်းစာမှ အဓိကလေ့လာသင်ယူသည့်အချက်များကို အကျဉ်းချုပ်ပြုလုပ်ပါ။ သင်နားလည် သဘောပေါက်ဆုံးနည်းလမ်းဖြင့်ပြုလုပ်ပါ။

အခြားသောသင်ခန်းစာများကဲ့သို့ လုပ်ဆောင်ရန်စာရင်းလည်းဖြစ်ကောင်းဖြစ်နိုင်သည်။

အချက် ၁။

အချက် ၂။

(သို့မဟုတ်) အဓိကအချက်ကိုဖော်ပြသော ဇယားကွက် (သို့မဟုတ်) ပုံစံကားချပ်ဖြစ်ရပါမည်။

# သင်ခန်းစာ (၇)

## သင်ထောက်ကူပစ္စည်းများ

| ဤသင်ခန်းစာ ပြီးဆုံးသွားချိန်တွင် သင်တန်းသားများသည် | သင်၏ဘာသာရပ်နှင့်ပတ်သက်၍ ရရှိနိုင်သောသင်ထောက်ကူပစ္စည်းများကို ရေးဆွဲ သိမြင်လာခြင်း။<br>ဘာသာရပ်နှင့်ပတ်သက်သည့် သင်ထောက်ကူပစ္စည်းများ ဖန်တီးမှုများကို အကန့်အသတ်ဖြင့် အသုံးပြုတတ်ခြင်း။ |
|---|---|

### က။ သင်ထောက်ကူပစ္စည်းများအား သုတေသနပြုလုပ်ရန်စီမံကိန်းလုပ်ဆောင်ခြင်း

- **Resources (n) =**စာသင်ကြားရာတွင် အထောက်အကူပြုသည့် ပစ္စည်းများ။
- **Materials (n) =**သင်ခန်းစာစာအုပ်များ၊ မြေပုံများ၊ ဒီဗီဒီများ၊ စာကြည့်တိုက်မှစာအုပ်များ၊ စာရေးကိရိယာများ အစရှိသည့်သင်ထောက်ကူပစ္စည်းများ။
- **Equipment (n) =**ကျောက်သင်ပုန်း၊ မိတ္တူကူးစက်၊ ကွန်ပျူတာများ။





သင်ကြားရေးတွင် ကျောင်းသားများစိတ်ဝင်စားအောင်လုပ်ဆောင်ရာ၌ သင်ထောက်ကူပစ္စည်းများကို အစီအစဉ်တကျ အသုံးပြုရန် စီစဉ်ရမည်ဖြစ်ပါသည်။ များသောအားဖြင့်ကျောင်းတွင် သင်ထောက်ကူပစ္စည်းအနည်းငယ်သာရှိခြင်းနှင့် သင်ကြားရေး၌အထောက်အကူဖြစ်စေမည့် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် ငွေကြေးအနည်းငယ်သာရှိသည်။ ဆိုလိုသည်မှာ ဆရာသည်၎င်းတို့ရရှိထားသော သင်ထောက်ကူပစ္စည်းနှင့်သာ လုပ်ဆောင်ရမည်ဖြစ်သည်။

လူ(၄)ယောက် (သို့မဟုတ်) လူ(၆)ယောက်တစ်ဖွဲ့ဖွဲ့၍ သင်ထောက်ကူပစ္စည်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှာဖွေပါ။ အဖွဲ့သားများသည် မတူညီသည့်အပိုင်းများဖြစ်သော နေရာ၊ ကိရိယာများ၊ သင်ထောက်ကူပစ္စည်း၊ စာကြည့်တိုက်၊ လူနှင့် ကွန်ပျူတာ စသည်တို့ကို ဦးတည်ချက်ထားရမည်ဖြစ်သည်။
ဤသင်ထောက်ကူပစ္စည်းများကို သုတေသနပြု၍ စီမံကိန်းရေးဆွဲရာတွင် အဆင့်(၄)ဆင့်ရှိပါသည်။ ၎င်းအဆင့်များကို အကျဉ်းချုပ်ဖော်ပြ ထားပါသည်။

၁။ သတင်းအချက်အလက်များစုစည်းခြင်း
၂။သတင်းအချက်အလက်များအကျဉ်းချုံးရေးသားခြင်း
၃။ သတင်းအချက်အလက်များကိုစိစစ်ခြင်း
၄။ ရှာဖွေတွေ့ရှိချက်များကိုပြန်လည်တင်ပြခြင်း

## သတင်းအချက်အလက်များကို စုစည်းခြင်း

၁။ ယခင်ကသင်အလုပ်လုပ်ခဲ့ဖူးသော ကျောင်းမှရရှိသော အတွေ့အကြုံများအကြောင်း စဉ်းစားပါ။ ဖတ်စာအုပ်ကို လူဘယ်နှစ်ယောက် ဝေမျှဖတ်ရှုဖူးသနည်း။ ကျောင်းသားများ ကွန်ပျူတာအသုံးပြုနိုင်ခြင်း ရှိပါသလား။ အကြိမ်မည်မျှနည်း။

က။ စုဆောင်းထားသော အချက်အလက်များကို ဇယားပြုလုပ်၍ အသုံးပြုနိုင်ပါသည်။

ခ။ ဆရာ၊ ဆရာမအား ၎င်းတို့ကျောင်း၌ရှိသော သင်ထောက်ကူပစ္စည်းအကြောင်းပြောပါ။

သင်အနေဖြင့် စာသင်ကြားခြင်း မပြုလုပ်ရသေးပါက သင်သည် သင်ကြားမည်ဟု အစီအစဉ်ရေးဆွဲထားသော အတန်းနှင့်ဘာသာရပ်ကို သင်ကြားခဲ့ဖူးသောဆရာနှင့် စကားပြော၍ မေးမြန်းကြည့်ပါ။ နောက်စာမျက်နှာတွင် ဥပမာပေးထားသော ဇယားကွက်ရှိပါသည်။

| သင်ထောက်ကူပစ္စည်းများ | အသေးစိတ်အချက်အလက်များ | မှတ်ချက် |
|---|---|---|
| | ကျောင်းစာသင်ခန်း | |
| စားပွဲခုံများနှင့် ထိုင်ခုံများ | လုံးဝမရှိပါ။ | |
| | ပြောင်းရွှေ့၍ မရသောစားပွဲခုံနှင့် ထိုင်ခုံ | |
| | ပြောင်းရွှေ့၍ ရသောစားပွဲခုံနှင့် ထိုင်ခုံ | |
| ကျောက်သင်ပုန်းများ | အဖြူရောင်၊အမည်းရောင်ရှိသောကျောက်သင်ပုန်း | |
| | ကျောင်းသားများအသုံးပြုခွင့်ရှိပါသလား။ | |
| နံရံပေါ်တွင် ပြသထားခြင်း | လုံးဝမရှိပါ။ | |
| | မြေပုံများနှင့် ပိုစတာများ | |
| | ကျောင်းသား၏ လုပ်ဆောင်ချက် | |
| လျှပ်စစ်ပစ္စည်း | လုံးဝမရှိပါ။ | |
| | တစ်ခါတစ်ရံသာ အသုံးပြုနိုင်ပါသည်။ | |
| | အသုံးပြုရသည်မှာ အဆင်ပြေချောမွေ့ပါသည် | |
| | ကိရိယာများ | |
| အကြား၊ အမြင်ဆိုင်ရာ | ကျောင်းသားများ အခွေနားထောင်ခွင့်ရှိပါသလား။ | |
| | ကျောင်းသားများ ရုပ်ရှင်ကြည့်ခွင့်ရှိပါသလား။ | |
| ကွန်ပျူတာများ | အရေအတွက်မည်မျှရှိပါသလဲ။ | |
| | ကျောင်းသားများ အသုံးပြုခွင့်ရှိပါသလား။ | |
| | အင်တာနက်ရှိပါသလား။ | |
| | သတင်းမီဒီယာနှင့်ပတ်သက်သည့် လေ့လာသင်ယူနိုင်သော သင်ထောက်ကူပစ္စည်းများရှိပါသလား။ | |
| ဘာသာရပ်အသေးစိတ် လုပ်ဆောင်ချက် | ဥပမာ-သိပ္ပံခန်းများအတွက်သိပ္ပံနှင့် ပတ်သက်သည့် ကိရိယာများ၊ငယ်ရွယ်သော ကျောင်းသားများအတွက် အရုပ်များစသဖြင့် | |
| | ရုပ်ဝတ္ထုပစ္စည်းများ | |
| သင်ရိုးဖတ်စာအုပ်များ | ဆရာကိုင်တစ်အုပ်သာရှိသည်။ | |
| | ကျောင်းသားများ ဖတ်စာအုပ်ကို ဝေမျှဖတ်ရသည်။ | |
| | ကျောင်းသားတိုင်း ဖတ်စာအုပ်ကိုယ်စီရှိကြသည်။ | |
| အပိုဆောင်းပစ္စည်းများ | ဥပမာ-အင်္ဂလိပ်စာအတန်းအတွက် အင်္ဂလိပ်ဘာသာဖြင့် နားထောင်နိုင်သည့် သင်ထောက်ကူများရှိပါသလား။ | |
| စာရေးကိရိယာ | ဆရာ၌စာရေးကိရိယာများ လုံလောက်စွာရှိပါသလား။ | |
| | ကျောင်းသား၌ စာရေးကိရိယာများလုံလောက်စွာရှိပါသလား။ | |
| | စာကြည့်တိုက် | |
| စာအုပ်များ | စာအုပ်ပမာဏ မည်မျှရှိသနည်း။ | |
| | ကျောင်းသားများ စာကြည့်တိုက်မှ စာအုပ်များကို ငှားယူပါသလား။ | |
| | အသုံးဝင်သော စာအုပ်များဖြစ်ပါသလား။ | |
| ကိုးကားစရာများ | စွယ်စုံကျမ်းများ၊ အဘိဓာန်များနှင့် မြေပုံစာအုပ်များ | |
| | လူအင်အား | |
| | အခြားသော ဆရာများ | |
| | ကျောင်းသားများသည် လူသားအရင်းအမြစ်များအဖြစ် | |
| | ဒေသအဖွဲ့အစည်းမှလာသောသူများ | |

အတန်းအတွက် ဤဇယားကွက်၌ပါရှိသောအချက်များကို ထပ်မံပေါင်းထည့်ခြင်း (သို့မဟုတ်) ပြင်ဆင်ညှိနှိုင်းခြင်းဖြင့် ဖော်ပြနိုင်ပါသည်။ သင်ထောက်ကူပစ္စည်းများကို မည်သို့အသုံးပြုသည့်အကြောင်း မေးခွန်းတစ်ခု (သို့မဟုတ်)နှစ်ခု မေးခြင်းဖြင့် ရှာဖွေရရှိနိုင်ပါသည်။ တစ်ချို့သော ဥပမာများကို ဤဇယားကွက်တွင် ပေးထားခြင်းနှင့် သင်ကိုယ်တိုင် မေးခွန်းတစ်ခု (သို့မဟုတ်) နှစ်ခုဖြင့် မိမိကိုယ်ကိုယ်ပြန်လည်မေးပါ။
အသုံးပြုနိုင်သည့် အခြားသောအချက်အလက်များကို ဇယားကွက်၏ မှတ်ချက်(မှတ်စု) ရေးရန်နေရာ၌ရေးပါ။

## အချက်အလက်များအား အကျဉ်းချုံးခြင်း

၂။သင်၏တွေ့ရှိချက်များဖြင့် သင့်စိတ်ကူးပုံဖော်ထားသော မြေပုံပြုလုပ်ပါ။ ခေါင်းစဉ်တစ်ခုချင်းစီတွင် အနည်းဆုံးအချက်နှစ်ချက် - သုံးချက်ရှိရမည်ဖြစ်ပါသည်။
အောက်တွင် ဥပမာတစ်ခု (ရုပ်ဝတ္ထုများအတွက်) ပေးထားပါသည်။




## အချက်အလက်များကို စိစစ်ခြင်း

၃။
က။ သင်၏အကျဉ်းချုံးရှိ အဓိကကျသောအချက်များအပေါ်တွင် ဆုံးဖြတ်ပါ။
ခ။ အတန်းနှင့်ဘာသာရပ်အတွက် သင်ထောက်ကူပစ္စည်းများ မည်မျှကောင်းသည်ကို ဆုံးဖြတ်ပါ။
ဂ။ ကျောင်းတွင်ရင်ဆိုင်ရမည့် အကြီးမားဆုံးသော သင်ထောက်ကူအခက်အခဲမှာ မည်သည့်အရာဖြစ်သည်ကို ဆုံးဖြတ်ပါ။

## ရှာဖွေတွေ့ရှိချက်ကို ပြန်လည်တင်ပြခြင်း

၄။ တင်ဆက်မှုအကျဉ်းချုံးကို စီစဉ်ရေးဆွဲပါ။ သင်ရှာဖွေတွေ့ရှိသမျှအားလုံးကို ပြောရန်အချိန်မဟုတ်ပါ။ ထို့ကြောင့် သင်သည် သတင်းအချက်အလက်များအား ဂရုတစိုက်ရွေးချယ်ရမည်။
က။ သင်စိတ်ကူးပုံဖော်ထားသော မြေပုံ (mind - map)ကို ပြပါ။
ခ။ အဓိကအချက်များအား အကျဉ်းချုံးပါ။
ဂ။ ဤကျောင်းတွင် သင်၏ဘာသာရပ်အတွက် သင်ထောက်ကူပစ္စည်း မည်မျှကောင်းသည်ကို သုံးသပ်ပါ။
ဃ။ သင်ထောက်ကူပစ္စည်းနှင့်ပတ်သက်သော ကြီးမားသည့်အခက်အခဲမှာ မည်သည့်အရာဖြစ်သည်ကို ရှင်းပြပါ။

#### ပြန်လည်သုံးသပ်ခြင်း

၅။ အဖွဲ့လိုက် အတန်းထဲတွင်ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းပြုလုပ်ပါ။ ဤသုတေသနလေ့ကျင့်ခန်းလှုပ်ရှားမှုမှ မည်သည့်အရာကို သင်လေ့လာသင်ယူမည်နည်း။

## ခ။ ကန့်သတ်မှုရှိသော သင်ထောက်ကူပစ္စည်းများကို အကျိုးရှိစွာအသုံးပြုခြင်း

#### သင်ထောက်ကူပစ္စည်းများကို သုတေသနပြုခြင်း

ဤသင်ခန်းစာတွင် သင်သည်အကန့်အသတ်ရှိသော သင်ထောက်ကူပစ္စည်းများအား မည်ကဲ့သို့ အကောင်းဆုံးအသုံးချနိုင်မည့် မတူညီသည့် နည်းလမ်းများကို စူးစမ်းရှာဖွေနိုင်သည်။ သင်တန်းဦးဆောင်သူအနေဖြင့် အတန်းထဲတွင် မတူညီသည့်နေရာ ထောင့်လေးခုတွင် မတူညီသော လေ့ကျင့်ခန်းလှုပ်ရှားမှုလေးခုကိုပေးပါ။ လေ့ကျင့်ခန်းလှုပ်ရှားမှုခေါင်းစဉ်မှာ သင်ထောက်ကူပစ္စည်းများကို သုတေသနပြု၍ အသုံးပြုခြင်းဖြစ်ပါသည်။



၁။ အဖွဲ့ (၄)ဖွဲ့ခွဲ၍ လုပ်ဆောင်ပါ။ အဖွဲ့တစ်ဖွဲ့စီမှ လေ့ကျင့်ခန်းလှုပ်ရှားမှု (၄)ခုအနက် တစ်ခုချင်းစီကို စတင်လုပ်ဆောင်ပါ။ အဖွဲ့တိုင်းမှ လေ့ကျင့်ခန်းလှုပ်ရှားမှုတစ်ခုစီကို ၁၀မိနစ်အတွင်း ပြီးစီးအောင်လုပ်ဆောင်ပါ။ ထို့နောက် အသစ်ကိုစတင်လုပ်ဆောင်ပါ။

၂။ အတန်းထဲတွင်ပြန်လည် အစီရင်ခံတင်ဆက်ပါ။ ဤသင်ကြားမှုနည်းဗျူဟာ၌ အားသာချက်နှင့် အားနည်းချက်ကို ဆွေးနွေးပါ။

# ၇။ သင်ရိုးဖတ်စာအုပ်ကို အကျိုးရှိရှိအသုံးပြုခြင်း

## နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်

အဖွဲ့ (၃)ဖွဲ့ (သို့မဟုတ်) (၄)ဖွဲ့ဖြင့် လုပ်ဆောင်ပါ။ တစ်ဖွဲ့ခြင်းစီတွင် ဘာသာရပ်တစ်ခုမှ မတူညီသည့် ဖတ်စာအုပ် နှစ်အုပ်မှ အနည်းဆုံးမိတ္တူတစ်စုံစီ ရှိရပါမည်။ ဖတ်စာအုပ်နှစ်အုပ်မှ နည်းလမ်းများကို နှိုင်းယှဉ်ခြင်း၊ မေးခွန်းများအကြောင်း စဉ်းစားခြင်းနှင့် သင့်အဖွဲ့၏ထင်မြင်ယူဆချက်ကို အတန်းထဲတွင် ဆွေးနွေး၍ ပြန်လည်တင်ပြခြင်း။

- မည်သည့်နည်းလမ်းမှာ တစ်ခုနှင့်တစ်ခု တူညီမှုရှိသနည်း။
- မည်သည့်နည်းလမ်းမှာ တစ်ခုနှင့်တစ်ခု ကွဲပြားစွာ တည်ရှိသနည်း။
- တစ်ခုခြင်းစီမှ မည်သည့်အရာကို သင်နှစ်သက်သနည်း။
- တစ်ခုခြင်းစီမှ မည်သည့်အရာကို သင်မနှစ်သက်သနည်း။
- မည်သည့်အပိုင်းကို စိတ်အားထက်သန်အောင် ၊ စိတ်ဝင်စားအောင် လုပ်ဆောင်သနည်း။ အဘယ်ကြောင့်နည်း။
- သင်ယူလေ့လာခြင်းတွင် အကောင်းဆုံးသင်ထောက်ကူပစ္စည်းမှာ မည်သည့်အရာဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၂။ ပြဿနာဖြေရှင်းရာတွင် သာဓကဖြစ်စဉ်မှ သင်ယူလေ့လာရမည်ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော အခြေအနေကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါ။ ဆရာများအသုံးပြုရန်အတွက် တက်ကြွစွာသင်ကြားသည့် နည်းလမ်းအချို့နှင့် တက်ကြွစွာလေ့လာသင်ယူနိုင်သည့် နည်းလမ်းများကို ဖော်ပြအကြံပေးပါ။

က။ ကျောင်းစာသင်ခန်း တစ်ခန်းလုံးတွင် ကျွန်ုပ်၏ပထဝီ စာအုပ် တစ်အုပ်သာရှိသည်။ ထို့ကြောင့်ကျွန်ုပ်မှ ကျယ်လောင်စွာဖတ်၍ ကျန်ကျောင်းသားများက ၎င်းတို့၏မှတ်စုတွင် ရေးချပြီး လေ့လာသင်ယူပါသည်။

ခ။ ကျောင်းသားများအတွက် အင်္ဂလိပ်ဖတ်စာအုပ်မှာ လွန်စွာခက်ခဲပါသည်။ ထို့ကြောင့်ကျောင်းသားများအား အိမ်စာပေး၍ ဖတ်ခိုင်းစေခြင်းဖြင့် စကားလုံးများကို အဘိဓာန်တွင် ၎င်းတို့ကြည့်ရှုနိုင်သည်။

ဂ။ ကျောင်းသားများ အတန်းထဲတွင် ၉ တန်းသမိုင်းဖတ်စာအုပ်၌ ရှိသောသင်ခန်းစာကို ကိုယ်တိုင်ဖတ်ပါသည်။ ထို့နောက် သင်ခန်းစာအဆုံးတွင် မေးခွန်းများ၏ အဖြေ ရေးသားပါသည်။ ပြီးလျှင် ကျွန်ုပ်သည် ၎င်းတို့အားအမှတ်ခြစ် ပေးပါသည်။

ဃ။ ကျွန်ုပ်တွင် အင်္ဂလိပ်သင်ရိုးစာအုပ်ရှိပါသည်။ သို့သော် အသံဖိုင်အပိုင်းမရှိပါ။ ဆရာကိုင် စာအုပ်တွင်သာအသံဖိုင် ပါရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နားထောင်ခြင်း လေ့ကျင့်ခန်းများကို မလုပ်ရပါ။

င။ ကျောင်းတွင် ကျွန်ုပ်၏သိပ္ပံစာအုပ်တစ်အုပ်သာ ရှိပါသည်။ ကျွန်ုပ်သည် အတွေ့အကြုံများသော ဝါရင့်ဆရာ တစ်ဦးဖြစ်ပါသည်။ ၎င်းစာအုပ်သည် ကျွန်ုပ်အတွက် သင့်တော် ကောင်းမွန်သဖြင့် ကျောင်းသားများအတွက်လည်း သင့်တော်ကောင်းမွန်ပါသည်။

စ။ ကျွန်ုပ်သည် တက်ကြွသောသင်ကြားရေးနည်းဗျူဟာကို အသုံးပြုသည်ဟုထင်သည်။ ကျောင်းသားများ သင်ခန်းစာဖတ်ပြီးသောအချိန်တွင် သင်ခန်းစာကို ၎င်းတို့ မည်မျှနားလည်သည်ကိုသိရှိရန် မေးခွန်းမေးခြင်းဖြင့် စစ်ဆေးပါသည်။

ဆ။ ၆ တန်း သိပ္ပံစာအုပ်တွင် သင်ခန်းစာ အကြောင်းအရာကို ရုပ်ပုံနှင့်တကွဆွဲပြထားပါသည်။ သို့သော် မေးခွန်းမေးထားခြင်းမရှိပါ။ ကျွန်ုပ်သည် ကျောင်းသားများမည်မျှမှတ်မိသည်ကို သိရှိရန်အတွက် စာမေးပွဲတွင် ၎င်းသင်ခန်းစာနှင့် ပတ်သက်၍ မေးခွန်းထုတ်ပါသည်။

ဇ။ ကျောင်းသားများအား လက်ပုံစံကိုမည်သို့ ဆွဲရမည်ကို သင်ကြားရန် ကျွန်ုပ်မှ ကျောက်သင်ပုန်းပေါ်တွင် လက်ပုံစံဆွဲပြပြီး ကျောင်းသားများမှ ကျွန်ုပ်ဆွဲထားသော ပုံကိုကြည့်၍ ကူးဆွဲပါသည်။

## ဃ။ ကိုယ်တိုင်လေ့လာသင်ယူနိုင်သည့် လေ့ကျင့်ခန်းများ ပြုလုပ်ပါ။

### တက်ကြွစွာ လေ့လာသင်ယူခြင်း

၁။ စာသင်ကြားရန်အတွက် မည်သည့်ဖတ်စာအုပ်ကို အသုံးပြုမည် (သို့မဟုတ်) အသုံးပြုရန် စီစဉ်ရေးဆွဲထားသည့် ဖတ်စာအုပ်အကြောင်းကို စဉ်းစားပါ။ မြန်မာနိုင်ငံ (သို့မဟုတ်) တခြားသောနိုင်ငံမှ လာသော ဖတ်စာအုပ်ဖြစ်ရမည်။

ဆွေးနွေးရန်-

- ဤဖတ်စာအုပ်တွင် တက်ကြွစွာလေ့လာသင်ယူနိုင်ရန်အတွက် မြှင့်တင်လုပ်ဆောင်ပေးထား ပါသလား။
- အကယ်၍ လုပ်ဆောင်ပေးခြင်းမရှိပါက တက်ကြွစွာလေ့လာသင်ယူနိုင်ရန် မည်သို့လုပ်ဆောင်မည်နည်း။

၂။ နှစ်ယောက်တစ်တွဲ - ကန့်သတ်မှုရှိသည့် သင်ထောက်ကူပစ္စည်းများကို အကျိုးရှိစွာအသုံးချရန် တက်ကြွစွာလေ့လာသင်ယူနိုင်သည့် နည်းလမ်းကို အသုံးပြုပါ။

က။ ဖတ်စာအုပ်မှ သင်ခန်းစာခေါင်းစဉ်တစ်ခုကို ရွေးချယ်ပါ။

ခ။ သင်ခန်းစာခေါင်းစဉ်တစ်ခုကို သင်ကြားရန်အတွက် တက်ကြွစွာလေ့လာသင်ယူနိုင်သည့် ကောင်းသော နည်းဗျူဟာကိုရွေးချယ်ပါ။ ဥပမာ - မေးခွန်းမေးခြင်း ၊ အဖွဲ့လိုက် (သို့မဟုတ်) နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း ၊ သင်ခန်းစာနှင့် ပတ်သက်သောလှုပ်ရှားမှုများ(သို့မဟုတ်) သရုပ်ပြလုပ်ဆောင်ခြင်း၊ အမျိုးအစားများခွဲခြားခြင်း ၊ အစီအစဉ်တကျလုပ်ဆောင်ခြင်း ၊ စစ်တမ်းကောက်ခြင်း၊ လေ့လာရေးခရီးစဉ်၊ စီမံကိန်းလုပ်ငန်းများဖန်တီးခြင်း။ နောက်ထပ်လုပ်ဆောင်ချက်များကို Method file တွင် ကြည့်၍ လေ့ကျင့်ခန်းလှုပ်ရှားမှုများကို ရွေးချယ်ပါ။

ဂ။ သင်ခန်းစာအား ၅-၁၀ မိနစ်စာ အစီအစဉ်ရေးဆွဲပါ ၊ ၎င်းတွင် သင်ခန်းစာခေါင်းစဉ်ကို နိဒါန်းပေးခြင်း၊ ညွှန်ကြားချက်များပေးခြင်း၊ လေ့ကျင့်ခန်းလှုပ်ရှားမှုဖြင့် စတင်ခြင်း။

ဃ။ သင်၏သင်ခန်းစာကို အတန်းထဲတွင်ပို့ချပါ။

### လက်တွေ့လုပ်ဆောင်ရန် တာဝန် – သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း

၁။ တူညီသောဘာသာရပ်နှင့် အတန်းတွင်စာသင်ကြားသောသူများမှ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်ပါ။

သင်၏အတန်းတွင် စာသင်ကြားရာ၌အသုံးပြုနိုင်ရန် သင်ထောက်ကူပစ္စည်းကို ပြုလုပ်ပါ။

က။ စကားလုံးကဒ် (သို့မဟုတ်) ရုပ်ပုံကဒ်ကို မည်ကဲ့သို့သော မတူညီသည့်နည်းလမ်းအမျိုးအမျိုးဖြင့် အသုံးပြုနိုင်သည်ကို စဉ်းစားပါ။

ခ။ လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်ကို ဆုံးဖြတ်ပါ။

ဂ။ သင်ခန်းစာ၏ ရည်ရွယ်ချက်ကို သင်ကြားရန်အတွက် လေ့ကျင့်ခန်းလှုပ်ရှားမှု (သို့မဟုတ်) ဂိမ်းပြုလုပ်ပါ။ စကားလုံးကဒ် (သို့မဟုတ်) ရုပ်ပုံကဒ်ကို အသုံးပြုပါ။ အောက်ဖော်ပြချက်များတွင်အကြံဉာဏ်အချို့ပေးထားသည်။ သို့သော် ဖြစ်နိုင်လျှင် သင်၏ဘာသာရပ်အတွက် သင်ကိုယ်တိုင် ဖန်တီးတွေးခေါ်ထားသောအရာများ အသုံးပြုပါ။

- ကဒ်တွင် မြေပုံကိုရည်ညွှန်းရန်အတွက် နိုင်ငံအမည်၊ တိုင်းအမည်၊ အဓိကအထင်ကရနေရာများ စသည်တို့ကိုပြုလုပ်ပါ။
- ဘာသာစကားလေ့ကျင့်ရန် သရုပ်ပြလုပ်ဆောင်မှုများ ပြုလုပ်ပါ။ ဥပမာ -အစားအစာများမှာယူခြင်းကို လေ့ကျင့်ရန်အတွက် စားသောက်ဖွယ်စာရင်းနှင့် အစားအစာရုပ်ပုံကဒ်များ။
- စကားလုံးနှင့်အဓိပ္ပာယ်တွဲပေးရန် ကဒ်ပြုလုပ်ခြင်း

စကားလုံးကဒ်များကို တခြားသောနေရာတွင် အသုံးပြုရန်အတွက် နည်းဗျူဟာဖိုင်- ဇယားများနှင့်စီစဉ်ညွှန်ကြားသူများကိုကြည့်ပါ။

**အကျဉ်းချုပ် – သင်ထောက်ကူပစ္စည်းများ**

- သင်ထောက်ကူပစ္စည်းများ ကန့်သတ်မှုရှိပါက သင်ရရှိသောအရာနှင့် သင်ထောက်ကူပစ္စည်းကို အကျိုးရှိရှိအသုံးပြုပါ။
- သင်ထောက်ကူပစ္စည်းများကို အလုပ်တွင် မျှဝေခြင်း။
- သင်ထောက်ကူပစ္စည်းများကို အဖွဲ့လိုက်လုပ်ဆောင်ရာတွင် မျှဝေခြင်း။
- သင်ထောက်ကူပစ္စည်းများကို သုတေသနပြုလုပ်ရာ၌ အသုံးပြုခြင်း။
  သင်ထောက်ကူပစ္စည်းများသည် သင့်အနီးပတ်လည်တွင် ရှိနေသည်ကိုသတိပြုပါ- အပြင်ဘက် ၊ အခြားသူ ၊ ကျောင်း၌ရှိသော စာကြည့်တိုက်
- တက်ကြွစွာလေ့လာသင်ယူနိုင်သည့် နည်းလမ်းကို သင်ထောက်ကူပစ္စည်းအနေဖြင့် အသုံးပြုခြင်း။
- လေ့ကျင့်ခန်းလှုပ်ရှားမှုများအတွက် သင်ထောက်ကူပစ္စည်းများကို သင်ကိုယ်တိုင်ပြုလုပ်ပါ။

## ၄။ စစ်ဆေးအကဲဖြတ်ခြင်း။

၁။ နည်းဗျူဟာဖိုင် ဃ- ဇယားများနှင့်စီစဉ်ညွှန်ကြားသူများကို ဖတ်ပါ။ ဇယားကွက် (သို့မဟုတ်) စိတ်ကူးပုံဖော်ထားသောမြေပုံကို ပြုလုပ်ရေးဆွဲပါ။ ၎င်းတွင် (က) အမျိုးအစားခွဲခြင်း (ခ) အစီစဉ်တကျထားရှိခြင်းနှင့် (ဂ) စနစ်တကျလုပ်ဆောင်ချက်များ ပါဝင်သည်။

၂။ သင်၏ဘာသာရပ်ကို သင်ကြားရာတွင် ၎င်းနည်းဗျူဟာများအား အသုံးပြုနိုင်သည့်နည်းလမ်းများ ရေးချပါ။ အသေးစိတ်ဖြစ်ပါစေ။ က၊ ခ နှင့် ဂ အတွက် စဉ်းစားတွေးတောထားသော အချက်များမှ အနည်းဆုံးနှစ်ချက်စီရေးပါ။

# သင်ခန်းစာ (၈)

## အဖွဲ့လိုက်လုပ်ဆောင်မှု

**သင်တန်းသားများသည် သင်ခန်းစာ ပြီးဆုံးသွားချိန်တွင်**

အဖွဲ့လိုက်လုပ်ဆောင်ခြင်း၏ အသုံးဝင်ပုံများကို ရှင်းပြနိုင်ပါမည်။
သင်၏စာသင်ကြားခြင်း၌ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် သင်ခန်းစာ(၂)နှင့် (၃) ကိုလေ့လာရာ၌ကျောင်းသားများမှာ -

- သင်ယူလေ့လာရာ၌ နိုးကြားတက်ကြွမှုရှိပါက လေ့လာမှုအားပိုကောင်းသည်။
- တက်ကြွစွာပါဝင်လာသောအခါ သင်ယူလိုစိတ်ပိုမိုထက်သန်လာသည်။
- လက်တွေ့ဘဝနှင့်ဆက်စပ်ပြီးလေ့လာရသောအခါ လေ့လာမှုအားပိုကောင်းသည့်အပြင် သင်ယူလိုစိတ်လည်း ပိုမိုထက်သန်လာပါသည်။

ကျွန်ုပ်တို့သည် သင်ခန်းစာ (၄)တွင်ဆရာ၏ အခန်းကဏ္ဍကိုလေ့လာသောအခါ

- ဆရာကမည့်သည့်အရာကို သင်ကြားမည်။ အဘယ်ကြောင့်သင်ကြားသည်(လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်) အကြောင်းကို ရှင်းလင်းစွာသိရှိရန် လိုအပ်ပါသည်။
- ဆရာက ကျောင်းသားများမှ မိမိတို့မည်သည့်အကြောင်းအရာကို လေ့လာသင်ယူနေသည်ကိုသိရှိရန်နှင့် တွေးခေါ်တတ်ရန်အတွက် အထောက်အကူပြုသည့် လုပ်ဆောင်မှုလေ့ကျင့်ခန်းများနှင့် မေးခွန်းများကို စီစဉ်ရေးဆွဲရန် လိုအပ်ပါသည်။

ဆရာနှင့်ကျောင်းသားများ အတူတကွလုပ်ဆောင်ရပါမည်။ ဆရာသည်ကျောင်းသားများ၏ သင်ယူလေ့လာခြင်း၊ စူးစမ်းရှာဖွေခြင်းနှင့် စဉ်းစားတွေးခေါ်တတ်စေရန် သင်ခန်းစာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှုများနှင့် လုပ်ငန်းတာဝန်များကို ချမှတ်ပေးပါသည်။ စဉ်းစားတွေးခေါ်ခြင်းသည် နားလည်မှုကိုတိုးတက်အောင် လုပ်ဆောင်ပေးသည်။ လေ့လာသင်ယူရာ၌ အဖွဲ့လိုက်လုပ်ဆောင်ခြင်းသည် ကျောင်းသားများအား နိုးကြားဖျတ်လတ်စေခြင်း၊ စိတ်ဝင်စားမှုပေးခြင်းနှင့် တက်ကြွစေရန်လှုံ့ဆော်ပေးခြင်း၏နည်းလမ်းများထဲမှ တစ်ခုသောနည်းလမ်းဖြစ်ပါသည်။

## က။ အဖွဲ့လိုက်လုပ်ဆောင်မှုကိုအသုံးပြုခြင်း

**အဖွဲ့လိုက်လုပ်ဆောင်မှု၏ဥပမာများ**

၁။ ဤသင်ခန်းစာ၏ သင်ရိုး၌အသုံးပြုသော အဖွဲ့လိုက်လုပ်ဆောင်ခြင်း ဥပမာများကို သိမြင်ပြီး အဖွဲ့လိုက်လုပ်ဆောင်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များကို စိစစ်ပိုင်းခြားလာနိုင်မည်ဖြစ်သည်။
ပြန်လည်လေ့ကျင့်ခန်း- ဤသင်ရိုးတွင်မည်သည့်နည်းဗျူဟာအား အသုံးပြုခဲ့သည်ကို အတန်းထဲ၌ဆွေးနွေးပါ။ သင်ပုန်း၌ရှိသော ဇယားကွက်ကို အတူတကွဖြည့်ဆည်းပါ။

| အဖွဲ့ဖွဲ့ခြင်း | အသုံးပြုခြင်း | ဥပမာ |
|---|---|---|
| တစ်ဦးခြင်း | | |
| နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း | | |
| အဖွဲ့ငယ် (၃-၄) ယောက် | | |
| အဖွဲ့ကြီး (၅ယောက် နှင့်အထက်) | | |
| တစ်ခန်းလုံး | | |

၂။ အဖွဲ့များတွင် သင်တန်းသားများသည် ဇယားကွက်ကိုကူးရေးခြင်းနှင့် မိမိ၏ကိုယ်ပိုင်အတွေးအခေါ် ယူဆချက်ဖြင့် တဖန်ပြန်၍ဖြည့်စွက်ပါ။ အဖွဲ့တိုင်းသည် ၄င်းတို့ဇယားကွက်တွင်ပါရှိသော အကြောင်းအရာများကို အတန်းထဲတွင် ပြန်လည်တင်ဆက်ခြင်းနှင့် ၄င်းတို့စိတ်ဝင်စားသော အချက်များကိုဆွေးနွေးပါ။ အုပ်စုတစ်စုခြင်းစီ၏ အားနည်းချက်နှင့် အားသာချက်များကို မှတ်တမ်းယူ၍ ကိုယ်ပိုင်သိမ်းဆည်းထားပါ။

| အဖွဲ့ဖွဲ့ခြင်း | အသုံးပြုခြင်း | ဥပမာ |
|---|---|---|
| တစ်ဦးခြင်း | | |
| နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း | | |
| အဖွဲ့ငယ် (၃-၄)ယောက် | | |
| အဖွဲ့ကြီး (၅ယောက်နှင့်အထက်) | | |
| တစ်ခန်းလုံး | | |

## ခ။ အဖွဲ့လိုက်တာဝန်များ သတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

**ဤသင်ခန်းစာ၌ သင်သည် အဓိပ္ပါယ်ရှိပြီး အသုံးဝင်သည့်သတင်းအချက်အလက်များအား စုစည်းခြင်းနှင့် အမျိုးအစားသတ်မှတ်ခြင်းတို့ကို လေ့လာသင်ယူရမည်ဖြစ်ပါသည်။ အချက်အလက်များကို ပုံကားချပ်ရေးဆွဲ၍ ရှင်းလင်းသောနည်းလမ်းဖြင့်ပြသပါ။** Method File D: Charts and Organisers **ကိုကြည့်၍ သတင်းအချက်အလက်များကို ပိုမိုရယူနိုင်ပါသည်။**

### ကောင်းသောလေ့ကျင့်ခြင်း

၁။ အဖွဲ့လိုက်သင်ခန်းစာ လေ့ကျင့်ခန်းလှုပ်ရှားမှုများအတွက် စီစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းကို လေ့ကျင့်ရန်အတွက် အောက်ပါပေးထားသောအချက်များမှာ သင့်တော်ကောင်းမွန်ပါသည်။ အချက်များမှာ အစီအစဉ်တကျ မဟုတ်ပါ။ တစ်ဖွဲ့လျှင် သုံးဦးစီဖြင့် အစီအစဉ်တကျပြန်စီပါ။ ဤတွင်အဖြေမှန်တစ်ခုထက်မက ရှိသည်။

၁။ သင်ထောက်ကူပစ္စည်းများကိုပြင်ဆင်ခြင်း။
၂။ ဥပမာပေးခြင်း။
၃။ လေ့လာပြီးသမျှကို အနှစ်ချုပ်ရေးခြင်း။
၄။ အဓိကအချက်များကို ကျောင်းသားများက ရေးမှတ်ခြင်း။
၅။ သင်သည် ကျောင်းသားများအားသင်ယူစေလိုသော အကြောင်းအရာများကို သိရှိခြင်း။
၆။ လှုပ်ရှားမှုအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်း။
၇။ မေးခြင်း (သို့မဟုတ်) လိုအပ်၍တောင်းဆိုလာလျှင် အကြံဉာဏ်ပေးခြင်း။
၈။ ညွှန်ကြားချက်များကို တဆင့်ပြီးတဆင့် ရှင်းလင်းစွာ ပေးတတ်ခြင်း။
၉။ အဖွဲ့အားလုံးသို့ လိုက်လံကြည့်ရှုပြီး နားလည်မှုကို စစ်ဆေးခြင်း။
၁၀။ သင်ခန်းစာတွင် သင်ယူရန်လိုအပ်သော အချက်များဖြည့်စွက်ခြင်း။
၁၁။ ကျောင်းသားများကို အဖွဲ့ဖွဲ့စေခြင်း။
၁၂။ ကျောင်းသားများကို မေးခွန်းရှိ၊ မရှိမေးခြင်း။
၁၃။ အချိန်ကို လက်တွေ့ကျကျသတ်မှတ်ခြင်း။
၁၄။ အဖွဲ့အားလုံးသို့ကြည့်ရှုပြီး တိုးတက်မှုစစ်ဆေးခြင်း။
၁၅။ အဖွဲ့လိုက် ပြန်လည်အစီရင်ခံတင်ပြခြင်း။
၁၆။ အဖွဲ့လိုက် မည်ကဲ့သို့ပြန်လည်တင်ပြရမည်ကို သတ်မှတ်ပေးခြင်း။

၂။ ပေးထားသည့် အချက်အလက်များကို ၎င်းတို့၏အမျိုးအစားနေရာတွင် ထည့်ပါ။ အမျိုးအစားခေါင်းစဉ်များကို ဥပမာအနေဖြင့် အစီအစဉ်ရေးဆွဲခြင်း (သို့မဟုတ်) ကြိုတင်ပြင်ဆင်ခြင်းတို့ ဖြစ်ပါသည်။ ရုပ်ပုံကားချပ်များပြုလုပ်၍ အမျိုးအစားများနှင့် အစီအစဉ်အလိုက်ထားရှိမှုများကို ပြသပါ။

၃။ အတန်းထဲတွင် လှည့်လည်၍ တစ်ခြားသောအုပ်စုများ၏ ပုံကားချပ်ကိုကြည့်ပါ။ တစ်ခြားသောအဖွဲ့မှ ရရှိထားသောအချက်အလက်များကို ကြည့်၍ အကြံဉာဏ်ရယူကာ မိမိတို့၏ကိုယ်ပိုင်ပုံစံကားချပ်ကို တိုးတက်အောင်ပြုလုပ်ပါ။ သင့်အဖွဲ့၏ နောက်ဆုံးအတည်ပြုသတ်မှတ်ထားသော ပုံကားချပ်ကို သင်၏ ကိုယ်ပိုင်မှတ်တမ်းအဖြစ် ပြုလုပ်သိမ်းဆည်းပါ။

၄။ ဆွေးနွေးခြင်း

၁။ အစီအစဉ်တကျထားရှိ (ချိတ်ဆက်ခြင်း)လုပ်ဆောင်မှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။
၂။ အမျိုးအစားများသည် မည်သို့အထောက်အကူပြုသနည်း။

## ဂ။ အဖွဲ့များဖွဲ့ခြင်း

### နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့လိုက်

အဖွဲ့များဖွဲ့ခြင်းသည် အုပ်စုဖွဲ့လုပ်ဆောင်မှုများကို အသုံးပြုသည့် အပိုင်းတစ်ပိုင်းပင်ဖြစ်ပါသည်။ ဤတွင် နှစ်ယောက်တစ်တွဲ(သို့မဟုတ်) အဖွဲ့လိုက်ကို တချို့တွင်မတူညီသည့်နည်းလမ်းဖြင့် ပုံသွင်းနိုင်ပါသည်။

နှစ်ယောက်တစ်တွဲ လုပ်ဆောင်မှုများအတွက် လမ်းညွှန်ချက်

က။ ကျောင်းသားအား ၎င်းနှင့်အတူလုပ်ဆောင်မည့် အဖော်ကိုရွေးချယ်စေပါ။

ခ။ ကျောင်းသားအား သူနှင့်အတူ တစ်ခါမှတွဲမလုပ်ဖူးသော အဖော်နှင့်အတူ လုပ်ဆောင်စေပါ။ (သို့မဟုတ် ယနေ့ သို့မဟုတ် ဒီတပတ်)

ဂ။ ကျောင်းသားအား တစ်ယောက်ပြီးတစ်ယောက် ရွှေ့ပြောင်းအလုပ်လုပ်စေပါ။ မတူညီသောလူ(၃) ယောက်ဆီသို့စကားပြောပါ။

ဃ။ ပိရမစ်ပုံစံ - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ပြီးသောအခါ နောက်ထပ် နှစ်တွဲ(သို့မဟုတ်) ဒီထက်ပိုသော အတွဲများကို တွဲပေး၍အုပ်စုလိုက် လုပ်ဆောင်စေပါ။

အုပ်စုလိုက်လုပ်ဆောင်မှုများကိုလမ်းညွှန်ချက်

င။ ကျောင်းသားများကြိုက်နှစ်သက်သလို (၄)ယောက် (သို့မဟုတ်) (၅)ယောက်လျှင် တစ်ဖွဲ့ဖွဲ့စေပါ။

စ။ တစ်ခန်းလုံးရှိကျောင်းသားများအား နံပတ်စဉ် ၁-၂-၃၊ ၁-၂-၃ ဖြင့်ရေတွက်၍ နံပါတ်တူသော ကျောင်းသားများကို အုပ်စုဖွဲ့စေပါ။

ဆ။ ဘယ်ဘက်ခြမ်းတွင်ထိုင်နေသော ကျောင်းသားများကိုတစ်ဖွဲ့၊ အစိမ်းရောင်ဝတ်ဆင်ထားသူ များကို တစ်ဖွဲ့၊ က-ဂ စသည့်နာမည်များဖြင့်စသော ကျောင်းသားများကို တစ်ဖွဲ့စသည်ဖြင့် အုပ်စုဖွဲ့စေပါ။

ဇ။ ဆရာမှ အရည်အချင်းတူသူများအား အဖွဲ့ဖွဲ့ပေးပါ။

ဈ။ ဆရာမှ အရည်အချင်းမတူသူများအား အုပ်စုဖွဲ့ပေးပါ။

ည။ ပိရမစ်ပုံစံ-အုပ်စုငယ်နှစ်ဖွဲ့ကိုပေါင်း၍ အုပ်စုကြီးတစ်စုဖွဲ့စေပါ။

### အုပ်စုများနှင့် နှစ်ယောက်တစ်တွဲ အဖွဲ့ဖွဲ့ပုံကို လေ့ကျင့်ခြင်း

၁။ အောက်တွင်ဖော်ပြထားသော အခြေအနေတစ်ခုခြင်းစီတိုင်းအတွက် အထက်တွင်ဖော်ပြထားသော အုပ်စုများ (သို့မဟုတ်) နှစ်ယောက်တစ်တွဲအဖွဲ့ဖွဲ့ခြင်းနည်းလမ်းများမှ နှစ်ခုကိုရွေးချယ်ပါ (သို့မဟုတ်) သင့်၌ရှိသောကိုယ်ပိုင် အတွေးအခေါ်ယူဆချက်များကို အသုံးပြုပါ။ အဘယ်ကြောင့် ၎င်းနည်းလမ်းများသည် ဤအခြေအနေများ၌ အထောက်အကူပြုသည်ကို အတန်းထဲတွင် ရှင်းပြပါ။

၁။ အတန်းထဲရှိကျောင်းသားတစ်ဝက်ကျော်လောက်သည် အတန်းတွင်းဆွေးနွေးမှုများတွင် ပါဝင် ပြောဆိုခြင်းမရှိကြပါ။

၂။ အချို့သောကျောင်းသားများအတွက် သင်ခန်းစာမှာခက်ခဲနေပါသည်။

၃။ ကျောင်းသားများအား အဖွဲ့လိုက် အတူတကွလုပ်ဆောင်ခိုင်းပါက ၎င်းတို့နှင့်အမြဲအတူ လုပ်ဆောင်နေသူများဖြင့်သာ တွဲလုပ်ပါသည်။

၄။ အတန်းတွင်းဆွေးနွေးမှုတွင် ကျောင်းသား(၃)ယောက်သာ အမြဲဦးဆောင်နေသည်။

၅။ အဖွဲ့လိုက်လုပ်ဆောင်ခြင်းသည် အချိန်အရမ်းကြာမြင့်မည်ကို ဆရာကစိုးရိမ်နေသည်။

၆။ အတန်းထဲရှိ သူငယ်ချင်းအုပ်စုများကြားတွင် ကျောင်းသားတစ်ယောက် (သို့မဟုတ်) နှစ်ယောက်အမြဲလိုလို သီးသန့်ခွဲထွက်နေကြသည်။

၇။ ကျောင်းသားအချို့ ငြီးငွေ့နေကြသည်။ သူတို့အတွက် သင်ခန်းစာမှာလွယ်ကူသည်ဟုသင်ထင်သည်။

၈။ ကျောင်းသား(၄)ယောက်သည် အတန်း၏နောက်ခုံတွင် အမြဲတမ်းထိုင်ပြီး စိတ်ဝင်စားမှုလည်းမပြပေ။

၂။ အဖွဲ့လိုက်လုပ်ဆောင်ရန်အတွက် အသုံးဝင်သည့် အခြားသောအခြေအနေများကို စဉ်းစားပါ။ သင်၏ အဖော်အား ဤအကြောင်းကို ပြောပါ။

## ဃ။ သုတေသနပြုလုပ်ခြင်း–အဖွဲ့လိုက်လုပ်ဆောင်မှုများမှ ပြန်လည်အစီရင်ခံတင်ပြခြင်း

### အစီရင်ခံခြင်း၌ကျွမ်းကျင်မှုများ

၁။ နှစ်ယောက်တစ်တွဲလုပ်ဆောင်ခြင်း (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်ခြင်းများမှ ပြန်လည်တင်ပြအစီရင်ခံခြင်းသည် လေ့လာသင်ယူမှုဖြစ်စဉ်များတွင် အရေးကြီးသောအပိုင်းတစ်ပိုင်း ဖြစ်ပါသည်။ ဤသင်ရိုးတွင် သင်အစီရင်ခံတင်ပြပြီးသော အကြောင်းအရာများကိုစဉ်းစားပါ။

က။ အဘယ်ကြောင့်အသုံးဝင်သနည်း။

ခ။ သင်ပြန်လည်အစီရင်ခံတင်ပြသောအခါ မည်သည့်ကျွမ်းကျင်မှုများကို လေ့ကျင့်ပြီးစီးသနည်း။

၂။ အချင်းချင်း ပြန်လည်သင်ယူပါ။ အဖွဲ့ (၆) ဖွဲ့ဖြင့် လုပ်ဆောင်ပါ။ အဖွဲ့တိုင်း၌ အောက်တွင်ဖော်ပြထားသောကဒ် တစ်ခုစီရှိပါသည်။ သင်၏ခေါင်းစဉ်ကို သုတေသနပြုခြင်းနှင့် မည်သို့ပြန်လည်အစီရင်ခံတင်ပြမည်ကို ကြိုတင်ပြင်ဆင်ပါ။ အစီရင်ခံတင်ပြမှုကိုပြုလုပ်ခြင်းသည် လေ့ကျင့်မှုဥပမာကောင်း ဖြစ်စေပါ။

| | |
|---|---|
| သင်ခန်းစာ ၁- အဖွဲ့လိုက်လုပ်ဆောင်မှုတွင် အဘယ်ကြောင့် ပြန်လည်အစီရင်ခံတင်ဆက်ရသနည်း။<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ ထပ်မံသိရှိလိုပါက နောက်စာမျက်နှာကိုဖတ်ပါ။<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ ပြန်လည်အစီရင်ခံတင်ပြရန် အစီအစဉ်ရေးဆွဲပါ မေးခွန်းမေးသောနည်းဗျူဟာများကို အသုံးပြုပါ<br>နည်းဗျူဟာဖိုင်(ခ) ကိုကြည့်ပါ - အဘယ်ကြောင့် မေးခွန်းမေးသနည်း။ | သင်ခန်းစာ ၂ - ကောင်းမွန်သော အစီရင်ခံတင်ပြခြင်း ဆိုသည်မှာအဘယ်နည်း။<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ ထပ်မံသိရှိလိုပါက နောက်စာမျက်နှာကိုဖတ်ပါ<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ပြန်လည်အစီရင်ခံတင်ပြရန် အစီအစဉ်ရေးဆွဲပါ- ရုပ်ပုံကားချပ်ကိုအသုံးပြုပါ။<br>နည်းဗျူဟာဖိုင်(ဂ) ကိုကြည့်ပါ =ရုပ်ပုံကားချပ်ဇယားများနှင့် စီစဉ်ညွှန်ကြားခြင်း |
| သင်ခန်းစာ ၃ - နှုတ်ဖြင့်တင်ပြနည်း<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ထပ်မံသိရှိလိုပါက ရှင်းလင်းချက်များအကြောင်းကို နည်းဗျူဟာဖိုင်(က)- ဆရာမှရှင်းလင်းချက်များကို ဖတ်ပါ။<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ ပြန်လည်အစီရင်ခံတင်ပြခြင်းကိုအစီအစဉ် ရေးဆွဲပါ- နှုတ်ဖြင့်တင်ပြသည့် နည်းဗျူဟာကိုသုံးပါ။ | သင်ခန်းစာ ၄ - အမြင်ဖြင့်တင်ပြနည်း<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ထပ်မံသိရှိလိုပါက ရှင်းလင်းချက်များအကြောင်းကို နည်းဗျူဟာဖိုင်(ဃ)တွင် ရုပ်ပုံကားချပ်ဇယားများနှင့် စီစဉ်ညွှန်ကြားခြင်းအကြောင်းဖတ်ပါ။<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ ပြန်လည်အစီရင်ခံတင်ပြခြင်းကိုအစီအစဉ် ရေးဆွဲပါ- အမြင်ဖြင့်တင်ပြနည်းကိုသုံးပါ။ |
| သင်ခန်းစာ ၅ - အမူအရာလှုပ်ရှားမှုဖြင့်ပြန်လည်တင်ပြနည်း<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ပိုမိုသိရှိလိုပါက နည်းဗျူဟာဖိုင်(င) ကိုဖတ်ပါ။ အတန်းထဲတွင် လှုပ်ရှားမှုများအကြောင်းဖတ်ပါ။<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ပြန်လည်အစီရင်ခံတင်ပြခြင်းကို အစီအစဉ် ရေးဆွဲပါ။ အမူအရာလှုပ်ရှားမှုဖြင့် ပြန်လည်တင်ပြသည့် နည်းဗျူဟာကိုသုံးပါ။ | သင်ခန်းစာ ၆ - ဆရာ၏အခန်းကဏ္ဍ<br>က။ ဦးနှောက်အားဆက်စပ်စဉ်းစားတွေးခေါ်စေခြင်း<br>ခ။ပိုမိုသိရှိလိုပါက နောက်စာမျက်နှာတွင်ဖတ်ပါ။<br>ဂ။ အဓိကအချက်အလက်များကို အနှစ်ချုပ်ရေးပါ။<br>ဃ။ ပြန်လည်အစီရင်ခံတင်ပြခြင်းကို အစီအစဉ်ရေးဆွဲပါ- ဖြစ်စဉ်ဇယားကိုအသုံးပြုပါ။<br>နည်းဗျူဟာဖိုင်(ဂ)တွင် ကြည့်ပါ။ ရုပ်ပုံကားချပ် ဇယားများနှင့် စီစဉ်ညွှန်ကြားခြင်း |

## ပြန်လည်သုံးသပ်ရန်

၃။အဖွဲ့လိုက်လုပ်ဆောင်မှုများကို ပြန်လည်အစီရင်ခံတင်ပြပြီးပါသလား။ အကယ်၍မတင်ပြရသေးပါက နောက်တစ်ကြိမ်တွင် အဖွဲ့လိုက်လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းအကြောင်းစဉ်းစားပါ။ သင်သည် အခြားသောအဖွဲ့ဝင်များမှ တစ်ခါမျှတင်ဆက်မှုပြုလုပ်မှုမရှိဘဲ ရှိနေချိန်တွင် သင်သည်မကြာခဏ သင်၏ အဖွဲ့အတွက်ပြန်လည်အစီရင်ခံတင်ပြခြင်း ပြုလုပ်ပါသလား။ အကယ်၍သင်လုပ်ဆောင်ပါက နောက်တစ်ကြိမ်တွင် သင်၏အတန်းဖော်အား အစီရင်ခံတင်ပြခြင်းကို လုပ်ဆောင်ရန်အကြံပေးပါ။

**ပြန်လည်တင်ပြရာတွင်ဆရာ၏အခန်းကဏ္ဍ**

**အဖွဲ့လိုက်လုပ်ဆောင်ပြီးလျှင် အဘယ်ကြောင့်ပြန်လည်အစီရင်ခံတင်ပြရပါသနည်း။**

- အချက်အလက်နှင့်တွေးခေါ် စဉ်းစားပုံကို တစ်တန်းလုံးသိအောင် မျှဝေပေးပါသည်။
- ကျောင်းသားများမိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်မြှင့်တင်ပေးခြင်း။
- ကျောင်းသားများ စကားပြောစွမ်းရည်တိုးတက်လာအောင် လေ့ကျင့်ပေးပါသည်။
- ဆရာကနားလည်မှုကိုစစ်ဆေးနိုင်ပါသည်။
- ဆရာသည် တစ်ခန်းလုံးဆွေးနွေးမှု ပိုမိုကောင်းမွန်လာစေရန် မေးခွန်းများဖြည့်စွက်မေးမြန်းနိုင်ပါသည်။
- ဆရာမှ လိုအပ်သောအချက်အလက်များကိုလည်း ဖြည့်စွက်ပေးနိုင်ပါသည်။
- ဆရာက ကျောင်းသားများမှ မိမိတို့သင်ယူခဲ့ကြသော အကြောင်းအရာများကို သိရှိနားလည်စေရန် သင်ခန်းစာအချက်အလက်များကို အနှစ်ချုပ်နိုင်ပါသည်။
  မေးခွန်းမေးသည့် နည်းဗျူဟာအချက်အလက်များကို ပိုမိုသိရှိလိုပါက နည်းဗျူဟာဖိုင်- (အဘယ်ကြောင့်မေးခွန်းမေးသနည်း) တွင်ကြည့်ပါ။

**ကောင်းမွန်သော အစီရင်ခံတင်ပြခြင်း ဆိုသည်မှာအဘယ်နည်း။**

- အဓိကကျသောအချက်အလက်များ (သို့မဟုတ်) အဓိကငြင်းဆိုချက်များကို အနှစ်ချုပ်တင်ပြခြင်း။
- ဆွေးနွေးပွဲတွင် အယောက်စီတိုင်းပြောဆိုခဲ့သည့် အရာများအားလုံးကို မပါဝင်စေပါ။
- ကောင်းမွန်စွာစုစည်းထားခြင်း (အစီအစဉ်ကျခြင်း၊ ခေါင်းစဉ်များ (သို့မဟုတ်) အဖွဲ့များ ခွဲထားပေးခြင်း၊ ဇယားဖြင့်တင်ပြခြင်း)
- အမြင်ဖြင့်အထောက်အကူဖြစ်စေသည့်အရာများရှိခြင်း (ဥပမာ - ကျောက်သင်ပုန်း၊ သတင်းစာစက္ကူ၊ ရုပ်ပုံကားချပ်၊ သရုပ်ပြခြင်း။)
- တင်ပြသူ၏အာဘော်သာ ဖြစ်နေခြင်းမဟုတ်ဘဲ တစ်ဖွဲ့လုံး၏ သဘောထားကို ဖော်ပြနိုင်ခြင်း။
  မေးခွန်းမေးသည့် နည်းဗျူဟာဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိရန် နည်းဗျူဟာဖိုင် - ဆရာမှရှင်းပြခြင်းတွင် တွေ့ရှိနိုင်ပါသည်။

**ပြန်လည်တင်ပြရာတွင် ဆရာ၏အခန်းကဏ္ဍ**

က။ ပြန်လည်တင်ပြခြင်းအတွက် အချိန်စီမံခန့်ခွဲခြင်း

- အချိန်အကန့်အသတ်ပေးထားခြင်း (ဥပမာ- တစ်ဖွဲ့လျှင် (၂)မိနစ်သာတင်ပြခွင့်ရှိ)
- အဖွဲ့တိုင်းမှ အဓိကအချက်(၁)ချက်မှ (၃)ချက်အတွင်း တင်ပြပေးရန် (ကျောင်းသားတိုင်း၏ ဆွေးနွေးချက်များ အားလုံးတင်ပြရန် မလိုပါ။)
- ပထမအဖွဲ့မှ တင်ပြပြီးလျှင် နောက်အဖွဲ့များအား ပထမအဖွဲ့နှင့်မတူသော အချက်အလက်အသစ်များကိုသာ တင်ပြရန်ညွှန်ကြားပါ။
- အချင်းချင်းပြန်လည်သင်ပြခြင်း - အဖွဲ့များကို မတူညီသောလုပ်ဆောင်မှုများ ပေးထားခြင်းဖြင့် အဖွဲ့တိုင်း၏ တင်ပြချက်ခြားနားပါစေ။

**ပြန်လည်တင်ပြရာတွင်ဆရာ၏အခန်းကဏ္ဍ**

ခ။ ကျောင်းသားတိုင်းအားလုံးတင်ပြခွင့်ရရှိအောင်ပြုလုပ်ပါ။

- မည်သူကနှုတ်ဖြင့်တင်ပြပြီးဖြစ်သည်ကို တောက်လျှောက်မှတ်သားထားပါ။
- အဖွဲ့လိုက်တင်ပြရန် ညွှန်ကြားချက်ပေးရာတွင် မည်သည့်ကျောင်းသားကတင်ပြရမည်ကိုပါ တာဝန်ပေးပါ။
- အရင်ကမလုပ်ဖူးသောကျောင်းသား (သို့မဟုတ်) လက်ရှိမလုပ်ရသေးသောကျောင်းသားအား ရွေးချယ်ပါ။

ဂ။ သင်ယူမှုနှင့်တတ်မြောက်မှုကို အတည်ပြုခြင်း

- လိုအပ်လျှင်မေးခွန်းများထပ်မေးပါ။
- လိုအပ်လျှင် အချက်အလက်များ ထပ်ဆောင်းဖြည့်စွက်ပြောပါ။
- သင်ခန်းစာ အချက်အလက်များကို အနှစ်ချုပ်ပြပါ။

ရုပ်ပုံကားချက်များကို စီစဉ်ရာတွင် သတင်းအချက်အလက်များကို ပိုမိုသိရှိရန် Methods File ဇယားနှင့် စီစဉ်သူတွင် ကြည့်ပါ။

အတန်းထဲ၌ ဆွေးနွေးခြင်းသည် ပြန်လည်အစီရင်ခံတင်ပြခြင်း နည်းလမ်းတစ်မျိုးပင်ဖြစ်ပါသည်။
အဖွဲ့လိုက်လုပ်ဆောင်မှုသည် ကျောင်းသားများအား အတန်းထဲရှိဆွေးနွေးမှုများအတွက်
ကြိုတင်ပြင်ဆင်ပေးနိုင်ပါသည်။

## ၄။ အဖွဲ့လိုက်ဆောင်ရွက်သည့် လှုပ်ရှားမှုများရေးဆွဲခြင်း

သင်သည်(၈)တန်းသို့ သစ်တောအကြောင်း သွားရောက်သင်ကြားရပါမည်။ သင်၏သင်ထောက်ကူပစ္စည်းများမှာ သင်ခန်းစာ(၄)မှစာပိုဒ်၊ သင်ကိုယ်တိုင်နှင့်သင်၏ကျောင်းသားပင်ဖြစ်ပါသည်။ သင်၏သင်ခန်းစာရည်ရွယ်ချက်မှာ ကျောင်းသားများ -

- သစ်ထုတ်လုပ်ခြင်း အဓိကပြဿနာအကြောင်းကို ဆန်းစစ်ခြင်း
- ဤဆန်းစစ်တွေးခေါ်မှုများကို အစီအစဉ်တကျနည်းလမ်းများဖြင့် ပြန်လည်တင်ဆက်ခြင်းတို့ကို ပြုလုပ်နိုင်ရန်ဖြစ်သည်။

၁။ ကျောင်းသားများလေ့လာသင်ယူရာတွင် ရည်ရွယ်ချက်ကိုရောက်ရှိစေရန် အထောက်အကူဖြစ်စေသည့် နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့လိုက် လေ့ကျင့်ခန်းလှုပ်ရှားမှုများကို အဖွဲ့ငယ်အတွင်း၌ ဒီဇိုင်းရေးဆွဲပါ။ နည်းဗျူဟာဖိုင် ဆ - အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့် ယ= ဇယားနှင့် စီစဉ်ညွှန်ကြားသူ၏ တွေးခေါ်ယူဆချက်များကို ဖတ်ပါ။
၂။ သင်၏ လေ့ကျင့်ခန်းလှုပ်ရှားမှုများကို အတန်းထဲတွင် ပြန်လည်တင်ဆက်ပါ။
၃။ သင်ခန်းစာရည်ရွယ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သည့် လေ့ကျင့်ခန်းလှုပ်ရှားမှု အကြံဉာဏ်ကောင်းကို အတန်းထဲ၌ ဆန္ဒမဲပြုလုပ်၍ ရွေးချယ်ပါ။

**အကျဉ်းချုပ် – အဖွဲ့လိုက်လုပ်ဆောင်ခြင်း**

- အဖွဲ့လိုက်လုပ်ဆောင်ခြင်းသည် တက်ကြွမှုရှိသည်။
- ၄င်းသည် အချက်အလက်အသစ်များကို တွေးခေါ်စဉ်းစားလာပြီး အဓိပ္ပါယ်သဘောပေါက်လာစေပါသည်။
- ၄င်းသည် ဆရာမှချမှတ်ထားသော လုပ်ငန်းများပါဝင်သည့် လေ့လာရှာဖွေခြင်းပုံစံတစ်ခုဖြစ်ပါသည်။
- ၄င်းသည် တွေးတောရမည့်အချိန် (သို့မဟုတ်) ပြင်ဆင်ချိန်ပေးပါသည်။
- ကျောင်းသားများအချင်းချင်း ပြန်လည်သင်ယူကြသည်။
- ရှက်တတ်သောကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုဖွဲ့ခိုင်းသောအခါ စကားပို၍ပြောလာကြပါသည်။
- ဆရာမှ သင်ယူရမည့်အဓိကအချက်များကို အကျဉ်းချုပ်ပြ၍ ကျောင်းသားများအား သေချာသဘောပေါက်နားလည်စေသည်။

## ၈။ လက်တွေ့လုပ်ဆောင်ရန် တာဝန်များ– စူးစမ်းရှာဖွေခြင်း ၄

၁။ သင်သည်အတွေ့အကြုံရှိသော ဆရာ၏အတန်းကို ၄၅ မိနစ် မှ တစ်နာရီအထိ လေ့လာပါ။ သင်မလေ့လာမီ ဤဇယားကွက်ကို ပြုလုပ်ပါ။

| အချိန် | ဆရာ၏လုပ်ဆောင်မှု | ကျောင်းသား၏ လုပ်ဆောင်မှု | အားနည်းချက်နှင့် အားသာချက် |
|---|---|---|---|
| | | | |
| | | | |

အတန်းကိုလေ့လာနေစဉ် သင်၏ဇယားကွက်တွင် မှတ်သားမှုများ ပြုလုပ်ခြင်း

၁။ လှုပ်ရှားမှုတစ်ခုခြင်းစီတိုင်းကို အချိန်မည်မျှအသုံးပြုသနည်း။

၂။ကျောင်းသားများ မည့်သည့်အရာကို လုပ်ဆောင်သနည်း။

၃။ ဆရာမည်သို့လုပ်ဆောင်သနည်း။

၄။ သင်ခန်းစာတစ်ခုခြင်းစီ၏ အားနည်းချက်နှင့် အားသာချက်

၂။ အတန်းပြီးသွားသောအခါ သင်၏ဇယားကွက်မှ အချက်အလက်များကိုကြည့်ခြင်းဖြင့် သင်ခန်းစာကိုစိစစ်ပါ။ မည်သည့်အရာက သင်ခန်းစာကို အကောင်းဆုံးပြုလုပ်ပေးသနည်း။ သင်လေ့လာခဲ့သော သင်ခန်းစာမှ ကောင်းသောအပိုင်းနှင့် ဆိုးသောအပိုင်းအကြောင်းကို စဉ်းစားပါ။ အကောင်းဆုံးလေ့ကျင့်နိုင်မည့် ဇယားကွက်ပြုလုပ်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အတန်းထဲတွင် တစ်ချို့သောကျောင်းသားများပါဝင်လုပ်ဆောင်မှုမရှိသော အခြေအနေမှန်အကြောင်းကို စာပိုဒ်တိုတစ်ပိုဒ်ရေးပါ။ ဤအရာသည် သင်ကြားခဲ့သောအခန်း (သို့မဟုတ်) တက်ခဲ့သောအတန်း (သို့မဟုတ်) ယခု (သို့မဟုတ်) အရင်ကအကြောင်း ဖြစ်နိုင်ပါသည်။ ဤအခြေအနေများကို ဖော်ပြပါ။ ပြီးနောက်ယင်းအခြေအနေကို အထောက်အကူဖြစ်စေမည့် မတူညီသောနည်း လမ်းများဖြစ်သည့် နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက်လုပ်ဆောင်ခြင်းမှ နည်းလမ်းနှစ်ခု (သို့မဟုတ်) ယခုထက်ပိုသော နည်းလမ်းများကို ရွေးချယ်ခြင်းနှင့် အဘယ်ကြောင့် ဤနည်းလမ်းအား ရွေးချယ်သည်ကို ရှင်းပြပါ။ အရင်ဆုံး အသုံးပြုမည့်အရာနှင့် နောက်မှအသုံးပြုမည့်အရာကိုဖော်ပြပြီး အဘယ်ကြောင့်ဖြစ်သည်ကိုရှင်းပြပါ။

# သင်ခန်းစာ (၉)

## စာသင်ခန်းကိုစီမံခန့်ခွဲခြင်း


ဤသင်ခန်းစာ ပြီးဆုံး သွားချိန်တွင် သင်သည်

- စာသင်ခန်းအတွင်း စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေသများကို ရှင်းပြနိုင်မည်ဖြစ်ပါသည်။
- စာသင်ခန်းအား နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး စီမံခန့်ခွဲနိုင်ပါသည်။

### က။ စာသင်ခန်းစီမံခန့်ခွဲမှု ဆိုသည်မှာအဘယ်နည်း။

#### ခြားနားချက်များကိုရှာဖွေခြင်း

၁။ အတန်းထဲတွင် ပုံ(၂)ပုံကြား ခြားနားမှုကိုဆွေးနွေးပါ။ သင်၏ကိုယ်ပိုင်အတန်း၌ ရရှိထားသော အတွေ့အကြုံများကို ပြန်၍စဉ်းစားပါ။ မည်သည့်အရာက ကျောင်းသားများအား အကောင်းဆုံးပါဝင် လုပ်ဆောင်စေသနည်း။



စာသင်ခန်းကို ကောင်းမွန်စွာစီမံခန့်ခွဲခြင်းဖြင့် ကျောင်းသားများ သင်ခန်းစာကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ဖန်တီးပေးပါသည်။ စာသင်ခန်းကို ကောင်းမွန်စွာစီမံခန့်ခွဲခြင်း၏ အခြေခံအကြောင်းရင်းမှာ- ကျောင်းသားများ သင်ခန်းစာကိုစိတ်ဝင်စားခြင်းနှင့် တက်ကြွစွာပါဝင်လုပ်ဆောင်ရန်အတွက်ဖြစ်သည်။

ဤသင်ခန်းစာတွင် များသောအားဖြင့် လုပ်ဆောင်ရန်နည်းလမ်းများကို ဖော်ပြထားပါသည်။ ဆရာသည် သင်ကြားပို့ချရန်အတွက် သင်ခန်းစာများစိတ်ဝင်စားအောင် အမျိုးမျိုးသောလေ့ကျင့်ခန်းလှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ သင်ခန်းစာလေ့ကျင့်ခန်းများ လွယ်ကူလွန်းခြင်း (သို့မဟုတ်) လွန်စွာခက်ခဲခြင်းမရှိရန်သေချာစေခြင်း၊ ကျောင်းသားများ၏ လုပ်ဆောင်မှုမှာ မြန်သည်ဖြစ်စေ၊ နှေးသည် ဖြစ်စေ ကျောင်းချိန်အတွင်း တစုံတစ်ခုကို အချိန်ပြည့်လုပ်ဆောင်ရမည့် တာဝန်ရှိရန်သေချာစေခြင်းနှင့် လေ့လာသင်ယူရသည့်သင်ခန်းစာများမှ ဗဟုသုတရရှိစေခြင်း၊ လက်တွေ့ဘဝနှင့် ချိတ်ဆက်ပေးသည့် သင်ခန်းစာဖြစ်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။ ဆရာသည် မိမိ၏အတန်းအား အစီအစဉ်များကို ကောင်းစွာရေးဆွဲခြင်းနှင့် စနစ်တကျဖြင့် ကောင်းမွန်စွာစီမံခန့်ခွဲတတ်ရမည် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဆရာသည်ကျောင်းသားများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးမျိုးကို တည်ဆောက်ရန်လိုအပ်သည့်အပြင် အတန်းစည်းကမ်းကိုလည်း ထိန်းသိမ်းနိုင်ရပါမည်။ ၄င်းကို မည်သို့ လုပ်ဆောင်မည်နည်း။ သင်ခန်းစာ (၁)တွင်လေ့လာခဲ့သော ဆရာကောင်းတစ်ယောက်သည် အကောင်း မြင်တတ်ခြင်းနှင့် ကျောင်းသားအားလုံးအပေါ် စိတ်ဝင်စားမှုရှိသည်။ ဤအချက်တွင် ဆရာသည်အတန်းထဲ၌ ကျောင်းသားများအပေါ် မျှတခြင်းနှင့်စိတ်ရှည်ခြင်း စသည့်အမူအကျင့်ကိုဖော်ပြပါသည်။ ဆရာက ကျောင်းသားများ၏ ကောင်းမွန်စွာလုပ်ဆောင်မှုနှင့် ကြိုးစားအားထုတ်မှုအား ထုတ်ဖော်ချီးကျူးရပါမည်။ အခြားမည်သည့် ကိစ္စများကိုလုပ်ဆောင်ရန် လိုအပ်ပါသနည်း။

## ခ။ နည်းဗျူဟာများ

**စာသင်ခန်းဆိုင်ရာကျွမ်းကျင်မှုများ**

၁။ သင်တန်းဦးဆောင်သူသည် စာသင်ခန်းဆိုင်ရာကျွမ်းကျင်မှုများမှ အားနည်းချက်နှင့် အားသာချက်များကို ဖော်ပြရမည်ဖြစ်ပါသည်။ ဖော်ပြထားသော ခေါင်းစဉ်အောက်၌ ကောင်းသောလေ့ကျင့်လုပ်ဆောင်မှုများ အတွက် မှတ်စုရေးပါ။ သင်သည်လေ့ကျင့်သောအခါ ဤအချက်များကို အလိုအလျောက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

- ကျောင်းသားများထံမှအာရုံစူးစိုက်မှုရယူခြင်း- ငြိမ်သက်ပြီးမှစတင်ရန်
- အသံအနေအထား
- မျက်လုံးနှင့်ဆက်သွယ်မှု
- အတန်းထဲတွင်လှည့်လည်ကြည့်ရှုခြင်း
- ကျောက်သင်ပုန်းကိုအသုံးပြုခြင်း

၂။ အတန်းထဲတွင် ဆွေးနွေး၍ စာရင်းပြုလုပ်ပါ။

၃။ အထောက်အကူဖြစ်စေသည့် သင်ခန်းစာလှုပ်ရှားမှု(က) ကိုလုပ်ဆောင်ပါ - ဆရာ၏တင်ဆက်မှုအခန်းကဏ္ဍ

**အတန်းတွင်းစည်းမျဉ်းများ– အခြေခံစည်းမျဉ်း**

အတန်းထဲတွင် အခြေခံစည်းမျဉ်းကို ရေးဆွဲသောအခါ ကျောင်းသားများအား စည်းမျဉ်းနှင့်ပတ်သက်သော မည်သည့်တွေးခေါ်ယူဆချက်များရှိသည်ကို မေးခြင်းသည် ကောင်းသောတွေးခေါ်ယူဆမှုပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာကျောင်းသားများက အတန်းထဲတွင်လေ့လာသင်ကြားရာ၌ မည်သည့်စည်းကမ်းချက်ကို ကောင်းစွာလေ့လာသင်ကြားနိုင်ရန် ပြုလုပ်ပေးသည်ကို စဉ်းစားမည်ဖြစ်ပါသည်။ ၎င်းတို့၏တစ်ချို့သော ယူဆချက်များမှာ များစွာအထောက်အကူဖြစ်စေပါသည်။နောက်ဆုံးစာရင်းမှာ အလွန်ရှည်ရန်မလိုပါ။ တစ်ချို့သောကျောင်းသားများ၏ ယူဆချက်များလည်းပါရှိသင့်ပါသည်။ နောက်ဆုံးစည်းကမ်းချက်များကို ချမှတ်ပြီးသည်နှင့်တပြိုင်နက် ကျောင်းသားများအား စည်းကမ်းချက်များကို လိုက်နာရန်သေချာစေပါ။

၄။ မည်သည့်စည်းကမ်းချက်များကို သင်ချမှတ်ရန်လိုပါသနည်း။ ဤစာရင်း၌ပါရှိသော စည်းကမ်းချက်များကိုကြည့်ပါ။ အောက်ပါစည်းမျဉ်းများကို သင်သဘောတူသည်၊ မတူသည်ကိုဆုံးဖြတ်ပါ။ ဤစည်းမျဉ်းများ၌ သင်ကြားသူဆရာနှင့် လေ့လာသူကျောင်းသားများအတွက် မည်သည့်စည်းကမ်းချက်က အထောက်အကူဖြစ်စေသည်ကို နှစ်ယောက်တစ်တွဲ ဆုံးဖြတ်ပါ။ သင့်ကိုယ်ပိုင်စည်းမျဉ်းများကို ထပ်မံ၍ ရေးသားနိုင်ပါသည်။

- အမြဲတိတ်ဆိတ်နေရမည်။
- အတန်းထဲ၌ ဆရာစကားပြောနေစဉ် မည်သူမှစကားမပြောရ။
- အတန်းထဲတွင် အခြားသောအတန်းသားများ စကားပြောနေစဉ် စကားဝင်မပြောပါနှင့်။
- သင်စကားပြောချင်လျှင် လက်ထောင်ရမည် ဖြစ်ပါသည်။
- လက်မထောင်ပါနှင့် (လက်မထောင်ရစည်းကမ်းချက်)။ ဆရာသာလျှင် ပြောရမည့်ကျောင်းသားကို ရွေးချယ်မည်ဖြစ်ပါသည်။
- အတန်းထဲတွင် လှုပ်ရှားသွားလာမှုမပြုရ။
- အုပ်စုဖွဲ့လုပ်ဆောင်မှုအတွက် ကျောင်းသားများသည် အတန်းထဲတွင် လှုပ်ရှားသွားလာနိုင်ပါသည်။
- အတန်းထဲသို့ အစားအသောက်များ ယူမလာရ။
- ဖုန်းမယူလာရပါ။
- မေးခွန်းများမေးခွင့်မရှိပါ။
- အိမ်စာကိုအချိန်မီထပ်ပါ။
- အိမ်စာကို အပတ်စဉ်သဘောတူထားသည့်နေ့တိုင်း ထပ်ပါ။ (ဥပမာ- ကြာသပတေး)
- အတန်းတက်ချိန်မီပါစေ။

၅။ အဖွဲ့တစ်ဖွဲ့တွင် လူ(၆-၈)ယောက်ရှိသော အဖွဲ့ထဲတွင်သင်သဘောတူသောစည်းမျဉ်း (၅-၆)ချက်ကို ဆုံးဖြတ်ပါ။ အထက်တွင်ဖော်ပြထားသောစာရင်း(သို့မဟုတ်) အခြားသောစည်းမျဉ်းများလည်း ဖြစ်နိုင်ပါသည်။ အရေးကြီးဆုံးအချက်မှာ ဆရာနှင့်ကျောင်းသားများအတွက် အတန်းထဲတွင်အထောက်ကူဖြစ်သည်သာမက ကောင်းစွာလုပ်ဆောင်နိုင်ရန် ဖန်တီးပေးသောစည်းမျဉ်းဖြစ်ရမည်။ သင်၏စည်းမျဉ်းကို အတန်းထဲတွင်ဖော်ပြ၍ အဘယ်ကြောင့် ဤစည်းမျဉ်းများရေးဆွဲရသည်ကို ရှင်းပြပါ။

ကျောင်းသားများသည် မည်သည့်နေရာတွင် ထိုင်ရမည်ကိုပြသခြင်းသည် အတန်းကိုကြိုတင်ပြင်ဆင်ရန် အထောက်အကူပြုပါသည်။ ဤနည်းအားဖြင့် ၎င်းတို့နာမည်များကို သင်မှတ်မိသွားပါလိမ့်မည်။ ကျောင်းသားများ၏ နာမည်ကိုမှတ်မိခြင်းမှာ ၎င်းတို့မည်သူမည်ဝါဖြစ်သည်ကို ဆရာကသိရှိနေပြီး တစ်ယောက်ချင်းစီကိုလည်း စိတ်ဝင်စားမှုရှိသည်ဆိုသည့်အချက်ကို ၎င်းတို့နားလည်အောင်ပြသခြင်းဖြစ်သည်။ ထိုသို့ပြသခြင်းသည် ၎င်းတို့၏သင်ယူမှုကို စိတ်အားထက်သန်လာစေရန် အထောက်အကူပြုပါသည်။ ဆရာက ကျောင်းသားတစ်ဖွဲ့လုံး အကြောင်းကိုသိရှိသွားသောအခါ အခြားစီမံချက်တစ်ခုကို နောက်ထပ်ပြင်ဆင်ရာ၌ စာသင်ခန်းအတွင်း စီမံခန့်ခွဲမှုတွင် အကျိုးရှိပါလိမ့်မည်။ ဆရာအနေဖြင့် လှုပ်ရှားတက်ကြွသည့် ကျောင်းသားများကို အာရုံစိုက်ရလွယ်ကူပြီး သူတို့ကိုသာလျှင် ဦးစားပေးသင်ကြားမိသည်ကို သင်တွေ့ရှိမည်။ တဖက်မှလည်း သင်သည်ကျောင်းသားအားလုံး၏ အခြေအနေကို နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ အကယ်၍ အနေအေးသည့် ကျောင်းသားများ (သို့မဟုတ်) အလုပ်မလုပ်သော ကျောင်းသားများကို လျစ်လျူရှုလိုက်ပါက စာသင်ခန်းစီမံခန့်ခွဲမှု ပြဿနာများကြီးထွားလာစေရန် သင်အစပြုမိပြီဖြစ်သည်။

၆။ သင်သည်အတန်းကို ပြင်ဆင်ရန် အစီအစဉ်ရေးဆွဲရာ၌ တစ်ကယ့်အတန်းအတွက် လုပ်ဆောင်သလို ပြုလုပ်ပါ။ သင်အမှန်တစ်ကယ်သင်ကြားနေသော အတန်း (သို့မဟုတ်) သင်မှကျောင်းသားအဖြစ် လေ့လာခံယူနေသော အတန်းဖြစ်နိုင်ပါသည်။ ကျောက်သင်ပုန်း၊ တံခါး၊ စားပွဲခုံနှင့် ထိုင်ခုံများကို အမှတ်အသားပြုလုပ်ပါ။

- က။ ကျောင်းသားများတစ်ဦးချင်း မည်သည့်နေရာ၌ထိုင်သည်ကို မှတ်သားထားပါ။
- ခ။ သင်၏အစီအစဉ်ကို ကြည့်ပါ။ အတန်းထဲတွင် မည်သည့်နေရာက တိတ်ဆိတ်သောနေရာဖြစ်သနည်း။ အေးဆေးစွာနေတတ်သော ကျောင်းသားများသည် မည်သည့်နေရာ၌ အတူထိုင်ပါသနည်း။ မည်သည့်နေရာမှာ လူကြိုက်များသောနေရာ ဖြစ်သနည်း။ အလွယ်တကူအနှောင့်အယှက်ပေးနိုင်သော ကျောင်းသားများ မည်သည့်နေရာ၌ အတူတူထိုင်ပါသနည်း။
- ဂ။ အတန်းထဲတွင်ဆွေးနွေးပါ။ အတန်းထဲတွင် ကျောင်းသားများအားလုံးပါဝင်စေရန် သင်မည်သည့်နည်းဗျူဟာကို အသုံးပြုသနည်း။

## ဂ။ ဆုပေးဒဏ်ပေးစနစ်

၁။ ကျောင်းသားများမှ တာဝန်များလုပ်ဆောင်ရန် လိုအပ်ပါသည်။ စည်းကမ်းမရှိသော စာသင်ခန်းသည် လေ့လာသင်ယူလိုစိတ်ရှိသော ကျောင်းသားများအတွက် မျှတမှုမရှိပါ။ ဆရာက၎င်းတို့စာသင်ခန်းသည် စည်းကမ်းရှိသောအတန်းနှင့် ကြိုးစားသောအတန်းဖြစ်ကြောင်း မည်သို့သေချာစေမည်နည်း။ စာရင်းနှစ်ခုပြုလုပ်ပါ။ တစ်ခုမှာ နာခံမှုမရှိသော ကျောင်းသားများ၏အပြုအမူများ၊ နောက်တစ်ခုမှာ သင်တွေ့ဖူးခဲ့သော (သို့မဟုတ်) သင်တွေ့ကြုံခဲ့သော ဒဏ်ပေးခြင်းစနစ် စသည်တို့ဖြစ်ပါသည်။

၂။ အတန်းထဲတွင် ခေါင်းစဉ်တစ်ခုခြင်းစီတိုင်းအတွက် စာရင်းပြုလုပ်ပါ။ ဒဏ်ပေးခြင်းနှင့် ပတ်သက်သော အချက်တစ်ခုခြင်းစီကို ဆွေးနွေးပါ။ ဒဏ်ပေးခြင်းနှင့်ပတ်သက်၍ ကောင်းခြင်းနှင့်ဆိုးခြင်းအကြောင်းပြောပါ။ ကျောင်းသားများကိုဒဏ်ပေးခြင်းဖြင့် နောက်တစ်ကြိမ်တွင် အကောင်းဆုံးပြန်၍ လုပ်ဆောင်နိုင်ရန် အထောက်အကူဖြစ်စေပါသလား။

၃။ တစ်ချို့သောဆရာများ အသုံးပြုထားသော ဒဏ်ပေးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို နှစ်ယောက်တစ်တွဲကြည့်ပါ။

- က။ အပြစ်ပေးခြင်းနှင့်ပတ်သက်သည့် အချက်အလက်တိုင်းသည် ဆရာ၊ ကျောင်းသား၊ အတန်း (သို့မဟုတ်) မည်သူ့အတွက် အထောက်အကူဖြစ်သည်၊ မဖြစ်သည်အကြောင်းဆွေးနွေးပါ။
- ခ။ ဆရာတစ်ယောက်အနေဖြင့် သင်အသုံးမပြုလိုသည့် အပြစ်ပေးခြင်းနှင့်ပတ်သက်သော အချက်များတစ်စုံတစ်ရာရှိပါသလား။ အဘယ်ကြောင့်နည်း။

၄။ အတန်းထဲတွင် သင့်လျော်သောဒဏ်ပေးမှုအကြောင်း ဆွေးနွေးပါသလား။ အောက်ပါအကြောင်းအရာများကို သင်မည်သို့ထင်ပါသနည်း။

၁။ (၄၅) မိနစ်ခန့် ခြေထောက်တစ်ဖက်ထဲပေါ် ရပ်ခိုင်းခြင်း။
၂။ အိမ်သာသန့်ရှင်းရေးလုပ်စေခြင်း။
၃။ ကျောင်းသား၏အမှားကို တစ်တန်းလုံးအား ပြောကြားခြင်း။
၄။ စာသင်ချိန်တစ်ချိန်လုံး ကျောင်းသားကဖားလိုခုန်ရခြင်း။
၅။ နာကျင်စေခြင်း - တုတ်ဖြင့်ရိုက်ခြင်း၊ ဆိတ်ဆွဲခြင်း၊ နားရွက်ကိုလိမ်ဆွဲခြင်း၊ စသည်ဖြင့်
၆။ တစ်တန်းလုံးအား တိတ်ဆိတ်စွာ နေခိုင်းခြင်း။
၇။ အတန်းအပြင်တွင် မတ်တပ်ရပ်စေခြင်း။
၈။ စာကြောင်းများကိုကူးရေးခိုင်းခြင်း။
၉။ အတန်းရှေ့တွင်ထိုင်ခိုင်းထားခြင်း။
၁၀။ နေ့လည်စာစားချိန်နှင့် ကျောင်းဆင်းချိန်များတွင် မဆင်းခိုင်းဘဲ အလုပ်လုပ်ရန်နေခဲ့ခိုင်းခြင်း။
၁၁။ အိမ်စာများ ပိုမိုလုပ်ခိုင်းခြင်း။

ခန္ဓာပိုင်းဆိုင်ရာ အပြစ်ပေးခြင်းကို မည်သည့်အခါမျှ လက်ခံစရာမရှိပါ။ ခန္ဓာပိုင်းဆိုင်ရာ အပြစ်ပေးခြင်းဆိုသည်မှာ- ရိုက်ခြင်း၊ ဆိတ်ဆွဲခြင်းနှင့် ကျောင်းသားအား အချိန်ကြာမြင့်စွာ ကာယလှုပ်ရှားမှုများ ပြုလုပ်စေခြင်းဖြစ်သည်။

အရှက်ခွဲပြစ်ဒဏ်ပေးခြင်းကိုလည်း လက်မခံနိုင်ပါ။ အရှက်ခွဲပြစ်ဒဏ်ပေးခြင်းဆိုသည်မှာ ကျောင်းသားအား အထူးသဖြင့် အတန်းရှေ့တွင်အသုံးမကျသူဟုမြင်လာအောင် ပြစ်ဒဏ်ပေးခြင်းမျိုးကိုဆိုလိုပါသည်။ အရှက်ခွဲပြစ်ဒဏ်ပေးခြင်းသည် ခုခံချင်စိတ်နှင့် ဆန့်ကျင်ဖက်လုပ်ချင်စိတ်ကို ဖြစ်ပေါ်စေပါသည်။ ထိုအခါကျောင်းသားက ဆရာမည်ကဲ့သို့ တွေးထင်သည်ကို ဂရုမစိုက်တော့ရန် ဆုံးဖြတ်လိုက်လျှင် ပြဿနာပိုမိုကြီးထွားလာနိုင်ပါသည်။

အတန်းအားအနှောင့်အယှက်မပေးပဲ ဆက်လက်အလုပ်လုပ်နိုင်စေရန် (သို့မဟုတ်) ကျန်သည့်အတန်းသားများ လုပ်ပြီးသောသင်ခန်းစာကို ကျောင်းသားလိုက်မီစေရန်စီစဉ်ထားသော ပြစ်ဒဏ်ပေးမှုမျိုးသာ အထိရောက်ဆုံးဖြစ်ပါသည်။ ကျောင်းသားများက ပြစ်ဒဏ်ပေးရခြင်းအကြောင်းရင်းကို ၎င်းတို့မကြိုက်သော်လည်း နားလည်နိုင်မည်ဖြစ်သည်။ ဥပမာ- အိမ်စာမပြီးစီးသေးပါက ပြီးမြောက်အောင်လုပ်ရန် ကျောင်းလွှတ်ချိန်အပြီး ကျောင်းတွင်ဆက်နေစေခြင်း။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့အရွယ်ရောက်သောအခါ သင်သည်၎င်းတို့အား မမှတ်မိသော်လည်း သင့်အားကျေးဇူးတင်ကြောင်း ပြောကြားမည်ဖြစ်သည်။

ကောင်းမွန်သောအပြုအမူနှင့် လုပ်ဆောင်ချက်အတွက် ဒဏ်ပေးခြင်းထက် ဆုပေးခြင်းက ပိုမိုထိရောက်ကြောင်း လေ့လာတွေ့ရှိချက်အများအပြားက ဖော်ပြပါသည်။ ကိုင်တွယ်ရခက်သော ကျောင်းသားများအတွက်မူ သူတို့၏ မှန်ကန်သည့်လုပ်ဆောင်ချက်ကို သင်ရှာဖွေရမည်ဖြစ်သည်။ ၎င်းလုပ်ဆောင်ချက်မှာ အခြားသောကျောင်းသားများ၏ သာမာန်စံချိန်လောက်သာရှိသော လုပ်ဆောင်ချက်မျိုးဖြစ်စေကာမူ သင်ကချီးကျူးပေးရမည်။ အကယ်၍ ထိုကျောင်းသားအရင်ကပြုလုပ်နေကျထက် ယခုလုပ်ဆောင်ချက်မှာ ပိုမိုကောင်းမွန်မှုရှိခြင်းကို တွေ့ရလျှင်လည်း ချီးကျူးပေးပါ။ ချီးကျူးခြင်းနှင့်အားပေးခြင်းသည် ကျောင်းသားများလိုချင်သော ဂရုစိုက်မှုကိုပေးခြင်းဖြစ်သည်။ အမှန်မှာ နှောင့်ယှက်သည့် အပြုအမူမျိုးသည် အများအားဖြင့် ကျောင်းသားက မည်သို့သောဂရုစိုက်နည်းမျိုးဖြင့်မဆို ဂရုစိုက်ခံရခြင်းသည် လုံးဝဂရုမစိုက်ခြင်းထက် ပိုမိုကောင်းမွန်သည်ဟု ခံစားရသောကြောင့် မိမိဂရုစိုက်ခံလိုသည်ကို ပြသခြင်းဖြစ်ပါသည်။ အကယ်၍ သင်မှ ကျောင်းသားကို အားပေးဂရုစိုက်ပါက ပြစ်ဒဏ်ပေးခြင်းစနစ်ကို သင်အသုံးပြုရန်လုံးဝမလိုအပ်ပေ။

## ဃ။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် လေ့ကျင့်ခြင်း

### လေ့ကျင့်ရန်တာဝန်များ

ကျောင်း၌ ကိုယ်ခန္ဓာနှင့်ပတ်သက်သော အပြစ်ပေးသည့်စည်းမျဉ်းကို သင်သည် ဖြစ်နိုင်လျှင်သင်ပေးရန် (သို့မဟုတ်) သင်မည်သည့်အရာကို သင်ကြားမည်ကို ရှာဖွေပါ။

**အနှစ်ချုပ်– စာသင်ခန်းကိုစီမံခန့်ခွဲခြင်း**

- ကောင်းမွန်စွာစီမံခန့်ခွဲထားသည့် စာသင်ခန်းက ကျောင်းသားများအား အလုပ်လုပ်စေပြီး သင်ယူမှုကို အမှန်တကယ် ဖြစ်ပေါ်စေပါသည်။
- သင်ခန်းစာများအား စိတ်ဝင်စားအောင် ပြုလုပ်ခြင်းနှင့် သင်ယူလိုစိတ်ထက်သန်အောင် ပြုလုပ်ခြင်းသည် စာသင်ခန်း စီမံခန့်ခွဲမှု၏အစိတ်အပိုင်းကြီးတစ်ခု အဖြစ်ပါဝင်ပါသည်။
- ကျောင်းသားများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးရှိခြင်းသည်လည်း စာသင်ခန်းစီမံခန့်ခွဲမှု၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။
- အခြေခံစာသင်ခန်းဆိုင်ရာ ကျွမ်းကျင်မှုများသည် ဆရာတစ်ယောက်အား အတန်းကိုစီမံခန့်ခွဲရာတွင် အထောက်အကူပြုပါသည်။
- စာသင်ခန်းကို စီမံခန့်ခွဲရာတွင် အတန်းစည်းကမ်းများကလည်း ဆရာကိုအထောက်အပံ့ပေးပါသည်။
- အနေအေးသောအတန်းသားများ၊ သောင်းကျန်းသောကျောင်းသားများအပြင် စာကြိုးစားသည့် ကျောင်းသားများကိုပါ ဂရုစိုက်ပါ။ ဆရာသည် စာသင်ခန်းစီမံခန့်ခွဲမှုကို အထောက်အကူပြုသော ပြစ်ဒဏ်ပေးမှုမျိုးကိုသာ အသုံးပြုသင့်ပါသည်။
- အချို့ပြစ်ဒဏ်များသည် မည်သည့်အခြေအနေတွင်မဆို လက်ခံနိုင်ဖွယ်ရာမရှိပါ။
- ဆုပေးခြင်း၊ ချီးကျူးခြင်းနှင့် အားပေးခြင်းတို့ အပြုအမူကို ပြောင်းလဲရာတွင် ပြစ်ဒဏ်စနစ်ထက် အများအားဖြင့်ပိုမိုထိရောက်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အထက်ပါဇယားမှ အနှစ်ချုပ်အချက်တစ်ခုကို ရွေးပြီးထိုအချက်ကဘာကို ဆိုလိုသည်၊ ၄င်းကို သင်မည်သို့ အကောင်အထည်ဖော်မည်ကို စာပိုဒ်တိုတစ်ပိုဒ်ရေးပါ။ ဥပမာများလည်းပေးပါ။

# စစ်ဆေးအကဲဖြတ်ခြင်း

## သင်ရိုးအဆုံး၌ စစ်ဆေးအကဲဖြတ်ခြင်း

သင်ရိုးအဆုံး၌ စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ခန်းစာမှနောက်ဆုံးရလဒ်ကို တိုင်းတာခြင်းဖြစ်ပါသည်။ ၄င်းသည်သင်၏သင်ခန်းစာတလျှောက်လုံးတွင် စစ်ဆေးအကဲဖြတ်ခြင်း တစိတ်တပိုင်းဖြစ်ခြင်းနှင့် သင်၏ လက်တွေ့သင်ကြားမှု တစိတ်တပိုင်းကိုဖော်ပြခြင်း ဖြစ်ပါသည်။

### က။ သင်ခန်းစာတလျှောက်စစ်ဆေးအကဲဖြတ်ခြင်း

**စစ်ဆေးအကဲဖြတ်ခြင်း** - သင်ခန်းစာ၏ စစ်ဆေးအကဲဖြတ်ခြင်းတစ်လျှောက် သင်၏အသိပညာဗဟုသုတနှင့် နားလည်မှုကို ဖော်ပြပါ။

သင်ရိုးတစ်ခုလုံးသင်ကြားစဉ်အတောအတွင်း သင်ခန်းစာအပြီး စစ်ဆေးအကဲဖြတ်ခြင်းများမှာ အဆုံးသတ် စစ်ဆေးအကဲဖြတ်ခြင်း ပြုလုပ်သည့်အခါတွင် အထောက်အကူပြုနိုင်ပါသည်။

### ခ။ သင်ခန်းစာကို သင်ကြားခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

စစ်ဆေးအကဲဖြတ်ခြင်း - သင်၏သင်ကြားပို့ချမှုကို လက်တွေ့လေ့ကျင့် လုပ်ဆောင်ပြသပါ။

၁။ သင်ခန်းစာကို မိနစ်(၃၀)စာပြင်၍သင်ပါ။ ဤအရာသည် စာသင်ခန်းအတွင်း သင်ကြားမှုပုံစံ (သို့မဟုတ်) သင်၏ လေ့ကျင့်သင်ကြားမှုအတန်းတွင်ရှိသော ကျောင်းသားများအား သင်ခန်းစာကိုသင်ကြားခြင်းပေးခြင်းတို့ ဖြစ်ပါသည်။ သင် သင်ကြားနေသည့် (သို့မဟုတ်) သင်ကြားရန်အစီအစဉ်ရှိသည့် ဘာသာရပ် နှင့် အတန်းအတွက် သင်ခန်းစာကို ရေးဆွဲပါ။

၂။ စစ်ဆေးအကဲဖြတ်ခြင်းကို ကောင်းမွန်စွာလေ့ကျင့်နိုင်ရန် သဘောတူညီမှုရရှိထားသောစာရင်းကို အသုံးပြုမည် ဖြစ်သည်။ သို့မှသာသင်သည် စစ်ဆေးအကဲဖြတ်ခြင်း၏စံနှုန်းမှာ မည်မျှဖြစ်သည်ကို သိရှိမည်ဖြစ်သည်။

၃။ သင်တန်းကိုပို့ချဦးဆောင်သူသည် လုပ်ဆောင်ရမည့်စာရင်းကို အသုံးပြု၍ သင်၏သင်ခန်းစာနှင့် စစ်ဆေး အကဲဖြတ်မှုကို လေ့လာမည်ဖြစ်သည်။ သင်ရေးဆွဲသည့်သင်ခန်းစာကို သင်ကြားမှုမစတင်မီ မိတ္တူကူး၍ သင်တန်းပို့ချသူ (ဆရာ)အားပေးပါ။

၄။ သင်၏သင်ခန်းစာကို ဆင့်ချိုးအမှတ်ပေးစနစ်ဖြင့် စစ်ဆေးမည်။ သို့မှသာ သင်တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်သည့်အပိုင်းကို သိရှိပြီးထပ်မံ၍လေ့ကျင့်လုပ်ဆောင်ခြင်းနှင့် သင့်ကိုယ်သင်အဆင်သင့်ဖြစ်ပြီဟု ခံစားရသော အချိန်တွင် နောက်တစ်ကြိမ် စစ်ဆေးအကဲဖြတ်မှုကို ပြုလုပ်ပါ။



## ဤစာမျက်နှာကိုမှတ်စုမှတ်ရန်အတွက်အသုံးပြုပါ။

# လှုပ်ရှားမှုများ

## သင်ကြားခြင်းနည်းလမ်းများကိုလက်တွေ့လုပ်ဆောင်ရန် ထပ်ဆောင်းထားသောလေ့ကျင့်ခန်းများ

### က။ ဆရာ၏တင်ပြချက်

ဤလေ့ကျင့်ခန်း လုပ်ဆောင်မှုများ မလုပ်ဆောင်မီ မတ်သက်ဖိုင်ထဲတွင်ရှိသော ဆရာ၏တင်ဆက်မှုနှင့် သက်ဆိုင်သော ကောင်းသည့် လက်တွေ့လေ့ကျင့်မှု ညွှန်းတမ်းများကိုဖတ်ပါ။ ငါးမိနစ်စကားပြောရန် ပြင်ဆင်ပါ။ ဤလုပ်ဆောင်မှုကို အတန်းတစ်တန်းလုံး (သို့မဟုတ်) ငါးယောက်တစ်ဖွဲ့ ပြုလုပ်ပါ။

က။ သင်တန်းသား တစ်ဦးခြင်းစီသည် ၎င်းတို့သင်ကြားမည့် သင်ခန်းစာခေါင်းစဉ်ကို ငါးမိနစ်ပြောရန် ပြင်ဆင်ပါ။
ခ။ တစ်ဦးခြင်းစီ စကားကိုအလှည့်ကျ ပြောရပါမည်။ အုပ်စုထဲ၌ရှိသော အခြားသောကျောင်းသားများသည် နားထောင်ရ ပါမည်။ နားထောင်သူ တစ်ဦးခြင်းစီတွင် မတူညီသော အာရုံစူးစိုက်မှုအပိုင်းများရှိပါသည်။ (အောက်တွင်ပေးထားသော က-ဃ)
ဂ။ စကားပြောအပြီးတွင် တင်ဆက်သူက မည်သည့်အပိုင်းကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်း နှင့်မည်သည့်အပိုင်းကို ကောင်းစွာမလုပ်ဆောင်နိုင်သည်ကို ပြောသည်။
ဃ။ နားထောင်သူများသည် ၎င်းတို့၏အာရုံစူးစိုက်နားထောင်ရသည့်အပိုင်းအပေါ် ဝေဖန်အကြံပြုချက်များကို ပေးပါသည်။ အကောင်းဆုံးလုပ်ဆောင်နိုင်သည့်အရာတစ်ခုနှင့် တိုးတက်အောင်လုပ်ဆောင်ရန်လိုအပ်သည့် အရာတစ်ခု
င။ နားထောင်သူများသည် ပြောဆိုသူတစ်ဦးခြင်းစီအပေါ် သူတို့၏အာရုံစူးစိုက်နားထောင်မှုအပိုင်းကို ပြောင်းလဲ၍နားထောင်နိုင်သည်။ (ပထမပြောဆိုမှု မှ နားထောင်သူ (က) သည် ဒုတိယပြောဆိုမှုတွင် နားထောင်သူ (ခ) ဖြစ်လာပါသည်။ အစရှိသဖြင့်. . . . . . )

နားထောင်သူ (က) - ဆက်သွယ်ပြောဆိုမှုစွမ်းရည်ကို နားထောင်ခြင်းနှင့် ကြည့်ရှုခြင်း
နားထောင်သူ (ခ) - တင်ပြသည့်အကြောင်းအရာမှာဆက်စပ်ကောင်းမွန်မှုရှိ/မရှိ နားထောင်ခြင်းနှင့် ကြည့်ရှုခြင်း
နားထောင်သူ (ဂ) - ကျောင်းသားများ၏ ပါဝင်ခြင်းစွမ်းရည်များအတွက် နားထောင်ခြင်းနှင့် ကြည့်ရှုခြင်း
နားထောင်သူ (ဃ) - သင်သည်နားထောင်ပြီး ကြိုက်နှစ်သက်သော အကြောင်းအရာများကို မှတ်ယူပါ။ ထိုအရာသည် လုပ်ဆောင်ရန်စာရင်းတွင် လိုအပ်သည့်အချက်တစ်ခုဖြစ်နိုင်ခြင်း (သို့မဟုတ်) ဟာသကဲ့သို့ တစ်စုံတစ်ခုဖြစ်နိုင်ပါသည်။

### ခ။ မေးခွန်းများမေးခြင်း– အဖွင့်နှင့်အပိတ် မေးခွန်းများ

ဤလှုပ်ရှားမှုများမလုပ်ဆောင်မီ နည်းဗျူဟာဖိုင်၌ရှိသော အဖွင့်နှင့်အပိတ်မေးခွန်းဆိုင်ရာ လမ်းညွှန်မှုများကို ဖတ်ပါ။ မေးခွန်းများအကြား ခြားနားမှုမှာ မည်သို့နည်း။

က။ . . . . . . . . . . . . . . . . အတွက် အကြောင်းပြချက်လေးခုမှာ မည်သည်တို့ဖြစ်ပါသနည်း။

ခ။ . . . . . . . . . . . . . . . . အတွက် အဓိကအကြောင်းပြချက်မှာ မည်သည်တို့ဖြစ်ပါသနည်း။

၂။ ဤအပိတ်မေးခွန်းများကို အဖွင့်မေးခွန်းများအဖြစ်သို့ ပြုလုပ်ပါ။

| အပိတ်မေးခွန်းများ | အဖွင့်မေးခွန်းများ |
|---|---|
| ၁။ လင်းပိုင်သည် ငါးဖြစ်ပါသလား။ | ၁။ လင်းပိုင်သည် ငါးမဟုတ်ကြောင်း ကျွန်ုပ်တို့မည်သို့ သိရှိနိုင်သနည်း။ |
| ၂။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သိုလှောင်ထားပါသလား။ | |
| ၃။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကို မည်သည့်အချိန်၌ ရရှိခဲ့ပါသနည်း။ | |
| ၄။ ကျွန်ုပ်သည် ဘောလုံးကစားခြင်းကို (နှစ်သက်သည်၊ နှစ်သက်ခဲ့သည်) | |
| ၅။ မှန်(သို့မဟုတ်) မှား။ ငှက်ပျောသီးများသည် ဟင်းသီးဟင်းရွက်များဖြစ်ကြပါသည်။ | |
| ၆။ အာဆီယံတွင် နိုင်ငံပေါင်းမည်မျှရှိပါသနည်း။ | |

## ဂ။ ဇယားများနှင့် စီစဉ်သူများ

ဤလုပ်ဆောင်မှုများ မစတင်မီ မတ်သက်ဖိုင် (ဃ) ၌ရှိသော ဇယားများနှင့် စီစဉ်သူများကို ဖတ်ပါ။

၁။ ဤစာအုပ်ထဲ၌ရှိသော သင်ကြားမှုနည်းဗျူဟာများ၏ ဥပမာများကိုရှာပါ။
(က) အမျိုးအစားခွဲခြားခြင်း (ခ) အချိန်သတ်မှတ်ချက်နှင့် အစီအစဉ်တကျရှိခြင်း (ဂ) ပုံစံကားချပ်အဆင့်ဆင့်

## ဃ။ လုပ်ဆောင်မှုနည်းလမ်းများ– သရုပ်ပြခြင်း

အုပ်စုအလိုက် အောက်တွင်ဖော်ပြထားသော စာရွက်ကဒ်လေးများကို အသုံးပြုခြင်းဖြင့် သရုပ်ပြခြင်းအတွက် သင်ခန်းစာတစ်ခုကိုရေးဆွဲပါ။ အကြောင်းအရာမှာ စာသင်ကျောင်းမှ ကျောင်းသားများအား ယူနီဖောင်းဝတ်ရန် ပြုလုပ်သင့်ပါသလား ဟူသောအကြောင်းကို ဆွေးနွေးခြင်းဖြစ်သည်။ ကျောင်း၌ ယူနီဖောင်းဝတ်ခြင်းသည် မလုပ်မနေလုပ်ဆောင်ရမည့် စည်းမျဉ်းစည်းကမ်းတစ်ခု ဖြစ်သင့်ပါသလား။

| | |
|---|---|
| သင်သည်အစည်းအဝေးကို ဦးဆောင်သူသဘာပတိ ဖြစ်ပါသည်။ သင်၏အလုပ်မှာလူတိုင်းစကား ပြောခွင့် ရရန် သေချာအောင်ပြုလုပ်ရမည်ဖြစ်သည်။ | သင်သည်ကျောင်းတွင် ခေါင်းဆောင်ဆရာတစ်ဦးဖြစ်ပါသည်။ သင်သည် ကျောင်းသားအားလုံးကို ယူနီဖောင်းဝတ်စေချင်ပါသည် အဘယ်ကြောင့်ဆိုသော ဧည့်သည်များလာလည်သည့်အခါတွင် ကျောင်းကို ပိုမို၍ထည်ဝါခန့်ညားစေသောကြောင့် ဖြစ်ပါသည်။ |
| သင်သည်မိဘဖြစ်ပါသည်။ သင်သည်ငွေကြေးများ စွာရှိသူမဟုတ်ပါ။ သို့သော်သင်သည်ကျောင်းလခ၊ စာအုပ်ဖိုးများနှင့် တခြားသောလှုပ်ရှားမှုများအတွက် ပေးရန်ရှိပါသည်။ သင်သည် ယူနီဖောင်းအတွက် မပေးချင်ပါ။ | သင်သည်(၆-၇)တန်းကို စာသင်သော သမိုင်းဆရာ ဖြစ်ပါသည်။ ယူနီဖောင်းဝတ်ခြင်းသည်ကျောင်းသားများ အတွက် မိမိကျောင်းအားဂုဏ်ယူမိခြင်းနှင့် အလုပ်ကို ပို၍ ကြိုးစားစေသည်ဟု သင်ထင်ပါသည်။ |
| သင်သည်(၅)တန်းသိပ္ပံဆရာတစ်ဦးဖြစ်ပါသည်။ သင်သည်ယူနီဖောင်းကိုမနှစ်သက်ပါ အဘယ်ကြောင့်ဆိုသော် ၄င်းမှာ တစ်ဦးတစ်ယောက်ဖြစ်တည်မှုထက် လူအများအား တစ်ပုံစံတည်း တူညီစွာပြုမူအားပေး လုပ်ဆောင်ခြင်းဖြစ်သည်ဟု သင်ထင်ပါသည်။ | သင်သည် အဝတ်အစားကိုရောင်းသော ဆိုင်ပိုင်ရှင် တစ်ဦးဖြစ်ပါသည်။ သင်သည်ကျောင်း၌ယူနီဖောင်းကို ထောက်ပံ့သည့်စာချုပ်ကိုရရှိရန် မျှော်လင့်မိပါသည်။ သင်သည် ၄င်းတို့ဘက်မှ အကုန်အကျမများအောင် ကောင်းမွန်သည့် အရောင်းအဝယ်အပေးအယူတစ်ခုကို ပြုလုပ်ပေးနိုင်သည်။ |

| | |
|---|---|
| သင်သည် အသက်(၈)နှစ်ရှိသော ကျောင်းသူတစ်ဦး ဖြစ်ပါသည်။ သင်သည်ယူနီဖောင်းကိုဝတ်ချင်သောသူ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သင်ကစားသော အချိန်တွင် သက်တောင့်သက်သာ မရှိသောကြောင့် ဖြစ်ပါသည်။ ယူနီဖောင်းဝတ်ဆင်ပါက ပြေးလွှားခြင်း နှင့် ခုန်ကစားခြင်းတို့ကို လွယ်ကူပေါ့ပါးစွာ မပြုလုပ်နိုင်ပါ။ | သင်သည် အသက် (၁၄)နှစ်အရွယ်ရှိသောကျောင်းသား တစ်ဦးဖြစ်ပါသည်။ တခါတရံတွင် အခြားသော ကျောင်းသားများသည် သင့်ကိုစနောက်ကျပါသည် အဘယ်ကြောင့်ဆိုသော် သင်၏ အင်္ကျီသည် မသပ်ရပ်သောကြောင့်ဖြစ်ပါသည်။ သင်သည် ယူနီဖောင်းကို ဝတ်ချင်ပါသည် အဘယ်ကြောင့်ဆိုသော် ကျောင်းသားအားလုံးအတူတကွ ဝတ်ဆင်မည် ဖြစ်သောကြောင့် ဖြစ်ပါသည် |

## ဤစာမျက်နှာကိုမှတ်စုမှတ်ရန်အတွက်အသုံးပြုပါ။

# ဖြည့်စွက်ချက်များ

## ထပ်မံထည့်သွင်းထားသောစာစဉ်များနှင့် သုတေသနပြုလုပ်ခြင်း

## သင်ခန်းစာ (၂)။ ကျွန်ုပ်တို့မည်သို့လေ့လာသနည်း။

**အဆင့်ဆင့်သင်ယူတတ်မြောက်ခြင်း– Haward Gardner**

ပညာရေးပါရဂူများသည် ကျွန်ုပ်တို့မည်သို့သင်ယူသည်ကို အဆက်မပြတ်သုတေသနပြုလုပ်ခြင်းနှင့် ၄င်းတို့၏ သုတေသနမှ သီအိုရီများခဲ့ထွင်ပါသည်။ သင်သည်ပညာရေး ပါမောက္ခတစ်ဦးဖြစ်သူ (Haward Gardner )၊ ၄င်း၏တွေးခေါ်ယူဆချက်ဖြစ်သော အဆင့်ဆင့်သင်ယူတတ်မြောက်ခြင်းအကြောင်းကို ၁၉၈၀ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သူသည်ဉာဏ်ပညာ (၈)မျိုး ကိုထုတ်ဖော်ခဲ့ပြီး၊ ၄င်းသည်ကျွန်ုပ်တို့၏အားသာချက်များနှင့် စိတ်ဝင်စားသောအရာများကို ပြသခြင်းဖြစ်ပါသည်။ လူတိုင်းသည် ဤနယ်ပယ်များတွင် ရောထွေးမှုရှိသည်။ သို့သော်အခြားသောသူများထက် အချို့နယ်ပယ်တွင် ပို၍အားသာချက်ရှိပါသည်။ သင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများလေ့လာသင်ယူရာတွင် ကွဲပြားသောဉာဏ်ပညာကို အသုံးပြုခြင်းဖြင့် ၄င်းတို့အတွက် အထောက်အကူဖြစ်မည်ဖြစ်ပါသည်။ ဤဇယားကွက်သည် (Gardner)ဖော်ထုတ်ခဲ့သောသင်ယူတတ်မြောက်ခြင်း အကျဉ်းချုပ်ကို ပေးထားခြင်းဖြစ်ပါသည်။

| အသိဉာဏ် အမျိုးအစား | အားသာချက်များ | နှစ်သက်သော လေ့လာသင်ယူခြင်း | ဥပမာ-အလုပ်အကိုင် (အသက်မွေးဝမ်းကြောင်း) |
|---|---|---|---|
| ဘာသာစကား | ဘာသာစကားဖြင့် ဆက်သွယ်ခြင်း | စကားလုံးများ | စာရေးဆရာ၊ ဂျာနယ်လစ်၊ ရှေ့နေ၊ အုပ်ချုပ်ရေးမှူး |
| သင်္ချာနှင့်ဆိုင်သော၊ ယုတ္တိရှိစကား | တစ်ဦးနှင့်တစ်ဦးပြုမူ ဆက်ဆံသောနည်းလမ်း ယေဘုယျကို နားလည်ခြင်း | ရေတွက်ခြင်းနှင့် တွေးခေါ်မှု အတတ်ပညာ | စာရင်းကိုင်၊ ကွန်ပျူတာ ပရိုဂရမ် ရေးဆွဲသူ၊ သိပ္ပံပညာရှင် |
| အမြင်၊ နေရာ | အမြင်အားဖြင့်ရရှိသော သတင်းအချက်အလက် များကို အသုံးပြုခြင်း | ပန်းချီကားများ | ပန်းချီ၊ ဗိသုကာ၊ ဝက်ဆိုဒ် ရေးဆွဲသူ |
| လက်တွေ့ လုပ်ဆောင်မှု၊ (ကိုယ်ခန္ဓာ) | ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ | ဆောက်လုပ်သူ၊ကားမောင်းသမား၊ သွားဆရာဝန်၊ ဆရာဝန် လက်မှုပညာသည် |
| ဂီတ | ဂီတအသံအားဖြင့် ဆက်သွယ်ခြင်း | ဂီတ | ဂီတပညာရှင်၊ တေးရေးဆရာ |
| လူမှုရေးကျွမ်းကျင်မှု | တခြားသူများ၏ ခံစားမှုကို နားလည်ခြင်း | လူမှုရေးအတွေ့အကြုံ | ဆရာ၊ မန်နေဂျာ၊ လူမှုအသိုင်း အဝိုင်းတွင် အလုပ်လုပ်သူ |
| လူမှုရေးကျွမ်းကျင်မှု | ပြန်လည်သုံးသပ်ခြင်းနှင့် မိမိကိုယ်ကိုနားလည်ခြင်း | မိမိကိုယ်ကိုပြန်လည် သုံးသပ်ခြင်း | လူ့အဖွဲ့အစည်းတွင် အလုပ်လုပ် ကိုင်သူ၊ အကြံပေးပုဂ္ဂိုလ် |
| သဘာဝ | သဘာဝပတ်ဝန်းကျင်ကို နားလည်ခြင်း | သဘာဝတရားနှင့် အတွေ့အကြုံရှိသူ | လယ်သမား၊ ဥယျာဉ်မှူး၊ ပတ်ဝန်း ကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပုဂ္ဂိုလ် |

၁။ (VAK) ပညာရေး ဦးစားပေးမှုများမှာ မည်သို့နည်း။
၂။ သင်သည်မည်သည့် အသိဉာဏ်အမျိုးအစား၌ အားသာချက်ရှိသနည်း။

## သင်ခန်းစာ (၃) ။ အတန်းထဲ၌တူညီမျှမှုရှိခြင်း

**Maslow's သီအိုရီမှ  အခြေခံအကြောင်းအရင်းများ**


အာဗြဟံမာစလို၏ သီအိုရီဆိုသည်မှာ လူအများသည် မိမိတို့၏လိုအပ်ချက်သည် လှုံ့ဆော်မှုတွန်းအားတစ်ခုကို ဖြစ်ပေါ်စေသည်။ Maslow's Hierarchy ၏လိုအပ်ချက်- ပုံကားချပ်တွင် လိုအပ်ချက်များမှာ မတူညီသော အဆင့်တွင်ရှိသည်ကို ပြသထားပါသည်။ အနိမ့်ဆုံးသူ၏ လိုအပ်ချက်ကို ဦးစွာဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

အကယ်၍တစ်စုံတစ်ဦးတွင် စားစရာလုံလောက်စွာမရှိပါက ၄င်းတို့တစ်စုံတစ်ခုကို ရှာဖွေစားသောက်ရန်လိုအပ်ခြင်း (အသက်ရှင်သန်မှုအဆင့်) သည်အခြားသောသူထံမှ အသိအမှတ်ပြုမှုကို ရရှိရန်လိုအပ်ခြင်း (တန်ဖိုးထား လေးစားမှုအဆင့်) ထက်ပို၍ ပြင်းထန်မည်ဖြစ်သည်။

ကျောင်းတွင် ဘေးအန္တရာယ်လွတ်ကင်းခြင်းနှင့် လုံခြုံရေးသည် ကျောင်းသားများအတွက် ပြင်ဆင်ထားပြီးဖြစ်သည်။ ထို့ကြောင့်လူမှုရေးနှင့် တန်ဖိုးထားလေးစားခြင်း အစရှိသည့်လိုအပ်ချက်မှာ အဓိကလုပ်ဆောင်ရန်လိုအပ်သည့် တွန်းအားများ ဖြစ်လာပါသည်။

တန်ဖိုးထားလေးစားခြင်း၏ အရေးကြီးဆုံးအမျိုးအစားတစ်ခုမှာ မိမိကိုယ်ကိုတန်ဖိုးထားခြင်းဖြစ်ပြီး ၎င်းအရာမှာ အခြားသူများမှ မိမိအပေါ်တန်ဖိုးထားလေးစားမှုကို ခံရခြင်းဖြင့် မြင့်တက်လာပါသည်။ ထို့ကြောင့်အတန်းထဲတွင် အောင်မြင်အောင်လုပ်ဆောင်နိုင်သည့်အရာအတွက် ချီမွမ်းစကားပြောဆိုခြင်းသည် မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှု ဖြစ်ပေါ်စေပြီး သင်ယူလေ့လာခြင်းတွင် စိတ်ပါဝင်စားမှုကို လှုံ့ဆော်ပေးသည့် ခွန်အားတစ်ခုကိုရရှိစေပါသည်။

### Maslow's Hierarchy မှဖော်ပြသော  လိုအပ်ချက်အမျိုးအစားများ




## သင်ခန်းစာ (၃) ။ အတန်းထဲ၌တန်းတူညီမျှမှုရှိခြင်း

Bloom ၏ကျွမ်းကျင်မှုအဆင့်များကို လေ့လာသင်ယူခြင်းအဆင့်များနှင့် ဘာသာရပ်အားလုံးတွင် လက်တွေ့ လုပ်ဆောင်နိုင်ပါသည်။ (၃)နှစ်ကလေး၏ အနှစ်သက်ဆုံးမေးခွန်းမှာ (အဘယ်ကြောင့်နည်း)ဖြစ်ခြင်းနှင့် မိဘများအနေဖြင့် မကြာခဏအဖြေပေးရန် ခက်ခဲလှပါသည်။

လေ့လာသင်ယူရာတွင် ကလေး၏အသက်အရွယ်နှင့် သင့်လျော်သောအဆင့်ရှိရပါမည်။ အကယ်၍(၆)နှစ်ကလေးမှ တစ်ချို့သောအရာများသည် ရေပေါ်တွင် အဘယ်ကြောင့်ပေါ်ခြင်းနှင့် အချို့သောအရာများမှာ အဘယ်ကြောင့် နစ်မြုပ်သနည်းဟုမေးလာပါက။ သင်သည်သိပ္ပံနည်းကျ အကြောင်းအရာများကို ရှင်းပြမည်မဟုတ်ပါ။ သို့သော်ဆရာသည် ကျောင်းသားများထက်ပို၍သိခြင်းနှင့် ပို၍နားလည်ခြင်းတို့ရှိရမည်။ သို့မှသာကျောင်းသားများကို မှန်ကန်သောနည်းလမ်းဖြင့် လမ်းညွှန်နိုင်ခြင်း၊ ကျောင်းသားမှမည်သည်အရာကို သိရှိထားသည်အပေါ် အခြေခံ၍ လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။

ဤတွင် Bloom ၏ ငယ်ရွယ်သောကျောင်းသားများအတွက် အဆင့်မြင့်မားစွာ တွေးခေါ်စဉ်းစားတတ်စေရန် ပြသထားသောဥပမာနှစ်ခုရှိပါသည်။

### ၁။ အသက် (၆–ရ)ကလေးများအတွက် ရေထဲမှာပေါ်ခြင်းနှင့် ရေထဲမှာနစ်မြုပ်ခြင်း

လိုအပ်သောသင်ထောက်ကူပစ္စည်းများ

- (၅-၆)နှစ်ကျောင်းသားများအတွက် ရေတစ်ပုံး
- ကွဲပြားသောသင်ထောက်ကူပစ္စည်းများဖြင့် အရာဝတ္ထုများကိုပြုလုပ်ခြင်း (ဥပမာ-ပလက်စတစ်ရေဗူး၊ စည်သွပ်ဗူး၊ ပုလင်းအဖုံး၊ ဒင်္ဂါးများ၊ မတူညီသောအသီးများ၊ စာရွက်၊ ရာဘာဘောလုံး၊ ခဲတံ၊ သစ်သား၊ အဝတ်အစား။ အဖွဲ့တိုင်းတွင် အနည်းဆုံးပစ္စည်း (၆)မျိုးရှိရပါမည်။
- ခေါင်းစဉ်ပါရှိသော မှတ်တမ်းရေးမှတ်ရန်စာရွက်- အရာဝတ္ထုများ၊ ခန့်မှန်းချက်- ပထမအကြိမ်ကြိုးစားခြင်း၊ ဒုတိယအကြိမ်ကြိုးစားခြင်း

က။ ကျောင်းသားများက မည်သည့်အရာဝတ္ထုမှာ ရေ၌ပေါ်သည်၊ မည်သည့်အရာဝတ္ထုမှာ ရေ၌နစ်မြုပ်သည်ကို ခန့်မှန်းရန် (ဟောကိန်း(ခန့်မှန်းချက်)= ဗဟုသုတရှိခြင်းဖြင့် စုပေါင်းညှိနှိုင်းမှု)
ခ။ ကျောင်းသားများမှ အရာဝတ္ထုများကို ရေ၌နှစ်ကြိမ်ထားခြင်းနှင့် ရှာဖွေတွေ့ရှိမှုများကို မှတ်တမ်းတင်ထားပါ။
ဂ။ ရှာဖွေတွေ့ရှိမှုများကို ဆွေးနွေးပါ။ မေးခွန်းများကိုမေးပါ။

- ရေတွင်ပေါ်/နစ်မြုပ်သော အရာဝတ္ထုများသည် ယေဘုယျအားဖြင့် မည်သို့တူညီမှုရှိသနည်း။ (စိစစ်ခြင်း)
- အဘယ်ကြောင့်အချို့သောအရာဝတ္ထုများသည် ရေ၌ပေါ်ခြင်းနှင့် အချို့အရာဝတ္ထုများမှာ ရေထဲနစ်မြုပ်သနည်း။ (စိစစ်ပါ၊ စုပေါင်းညှိနှိုင်းပါ၊ ပြန်လည်သုံးသပ်ပါ)
- ကျောင်းသားများက အရာဝတ္ထုများသည် အရွယ်အစားနှင့် အလေးချိန် တစ်ခုတည်းကြောင့်သာ မဟုတ်ကြောင်းစတင်၍ရှာဖွေတွေ့ရှိပါသည်။ လေ့လာသင်ယူပြီးနောက် အခြားသောအချက်အလက်များကို ပို၍နားလည်လာပြီး ထိုအရာပေါ် သူတို့၏အသိပညာဗဟုသုတများကို စတင်၍မြင့်တင်လာမည် ဖြစ်ပါသည်။

### ၂။ ဗြိတိသျှနိုင်ငံ အသက်(၁၀–၁၁)နှစ်ကျောင်းသားများအတွက် သိပ္ပံပညာဘာသာရပ်သင်ရိုးညွှန်းတမ်းများကို အောင်မြင်မှုရရှိစေရန်ရည်ရွယ်ချက်

ဖော်ပြထားသော ကောက်နုတ်ချက်များမှာ ဗြိတိန်နိုင်ငံရှိ အသက်(၁၁)နှစ်ကျောင်းသား အရွယ်များမှ သိပ္ပံဘာသာရပ်တွင် တတ်မြောက်လုပ်ဆောင်နိုင်ရမည့်အရာများကို ဖော်ပြထားသည်။

- ကျောင်းသားများက သိပ္ပံနှင့်ဆိုင်သောတွေးခေါ်မှုများသည် သက်သေအထောက်အထားမှ အခြေခံထားသည် ဟုအသိအမှတ်ပြုသည်။ (လက်တွေ့လုပ်ဆောင်ခြင်း)
- သင့်လျော်သောနေရာတွင် ၎င်းတို့ကြိုတင်တွက်ဆမှုပြုလုပ်သည်။ (စုပေါင်းညှိနှိုင်းမှု)
- ၎င်းတို့ကိုပေးထားသော အချက်အလက်အရင်းအမြစ်များမှ ၎င်းတို့အတွက်ထောက်အကူဖြစ်စေသော သတင်းအချက်အလက်များကို ရွေးချယ်ခြင်း (လက်တွေ့လုပ်ဆောင်ခြင်းနှင့် စိစစ်တွေ့ရှိချက်)
- ရိုးရှင်းသည့်ဇယားကိုပြုလုပ်ရန် အမှတ်သင်္ကေတများကို ရေးမှတ်ပြီး ၎င်းဇယားကို အချက်အလက်များအား ညွှန်ပြရန်နှင့် အဓိပ္ပါယ်ဖွင့်ဆိုရန်အတွက် အသုံးပြုသည်။ (လက်တွေ့လုပ်ဆောင်ခြင်းနှင့် စိစစ်ခြင်း)
- အနှစ်ချုပ်အနေဖြင့် ၎င်းတို့တွေ့ရှိသည့်အချက်အလက်များနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ အသိပညာနှင့် နားလည်မှုကို ချိတ်ဆက်တွေးခေါ်ကာအနှစ်ချုပ်သည်။ (စုပေါင်းညှိနှိုင်းမှု)
- တိုးတက်လုပ်ဆောင်ရန် လိုအပ်သည်များကို အကြံဉာဏ်ပြုပြီး အကြောင်းပြချက်များပေးပါသည်။ (ပြန်လည်သုံးသပ်ခြင်း)

# သင်ခန်းစာ (၅) ။ အစီအစဉ်ရေးဆွဲခြင်း

## လေ့လာသင်ကြားမှု နည်းစဉ်အဆင့်ဆင့်များကို ထည့်သွင်းရေးသားခြင်း– အကျဉ်းချုပ်

သည်သင်ကြားမှုကို မစတင်မီမည်သည့်အရာကို လုပ်ဆောင်မည်၊ အဘယ်ကြောင့်လုပ်ဆောင်သည်ကို စဉ်းစားသင့်ပါသည်။ ကျွန်ုပ်တို့သည် လေ့လာသင်ယူခြင်းတွင် ကောင်းသောရည်ရွယ်ချက်ဖြစ်စေရန် မည်သို့လုပ်ဆောင်မည်နည်း။

"အတန်းပြီးဆုံးသွားသောအချိန်တွင် . . .

- လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်တိုင်းသည် ပန်းတိုင်သို့ရောက်ရှိရန်အတွက် အချိန်တစ်ခုထားရှိရမည်။ ကျွန်ုပ်သည် နောက်တစ်ပတ်တွင် မန္တလေးကိုအရောက်သွားချင်သည်နှင့် မန္တလေးကို မနက်ဖြန်မနက်အရောက်သွားရန် လိုအပ်သည်မှာ အလွန်ပင်ခြားနားပါသည်။ အလားတူပင် အတန်းထဲတွင်ရှိသော သင်၏အချိန်သည် သင်၏လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက် (သို့မဟုတ်) သင်မည်မျှ သင်ကြားနိုင်သည်ကို ပြောင်းလဲစေလိမ့်မည်။

. . . ကျောင်းသားများ၏တတ်စွမ်းနိုင်မှု. . . "


- သင်ခန်းစာရည်ရွယ်ချက်သည် ကျောင်းသားများတစ်စုံတစ်ခုကို လုပ်ဆောင်နိုင်မှုအပေါ် ရည်ရွယ်ပါသည်။ ရလဒ်အနေဖြင့် လေ့လာသင်ယူခြင်း၏ရည်ရွယ်ချက်အားလုံးကို မြင်သာစွာလေ့လာနိုင်ခြင်းရှိရမည်။ မြင်သာစွာလေ့လာနိုင်ခြင်းဆိုသည်မှာ ကျောင်းသားများ တစ်စုံတစ်ခုကို လုပ်ဆောင်ခြင်းရှိ၊ မရှိလွယ်ကူစွာတွေ့မြင်နိုင်ရန်ဖြစ်သည်။ ကျောင်းသားများလုပ်ဆောင်မှုကို တွေ့မြင်ခြင်းသည် ကောင်းသောရည်ရွယ်ချက်ကို လုပ်ဆောင်နိုင်ကြောင်း ပြောကြားခြင်းဖြစ်ပါသည်။

. . . လုပ်ဆောင်မှုပြ ကြိယာ၊ ဖော်ပြမှု၊ ရှင်းပြသည်၊ ရေးသည်၊ တင်ဆက်ပြသခြင်း၊ စသဖြင့်

- ကျွန်ုပ်တို့သည် လုပ်ဆောင်မှုပြကြိယာများကို လေ့လာသင်ယူမှု၏ ရည်ရွယ်ချက်တွင် အသုံးပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လေ့လာထိုက်သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကျောင်းသားများသည် သင်ခန်းစာ၏ရည်ရွယ်ချက်ကို စွမ်းဆောင်နိုင်ကြောင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။
- အဘယ်ကြောင့်ဆိုသော် လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်သည် ကျောင်းသားများ တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်မှုအပေါ် ဦးတည်ချက်ထားပြီး လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက်များတွင် လုပ်ဆောင်မှုပြကြိယာများပါဝင်ပါသည်။
- ရှောင်ရှားရန်လိုအပ်သောကြိယာများ - "သိသည်" နှင့် "နားလည်သည်" အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို တွေ့မြင်နိုင်ခြင်းမရှိပါ။

. . . လက်တွေ့ဖြစ်ခြင်း

- သင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သဘာဝကျခြင်းနှင့် လက်တွေ့ဖြစ်ရန်လည်း လိုအပ်ပါသည်။ သင်သတ်မှတ်ထားသော အချိန်ပမာဏအတွင်း လေ့လာသင်ယူမှုများကို မည်မျှလက်တွေ့ကျကျ မျှော်မှန်းထားနိုင်မည်နည်း။




| | | | | | |
|---|---|---|---|---|---|
| သင်ယူပြီးသောအရာများကိုပြန်လည်စစ်ဆေးခြင်း | နောက်ထပ်သင်ခန်းစာများကို ယေဘုယျလေ့လာခြင်း | အသစ်သောသတင်းအချက်အလက်၊ ကျွမ်းကျင်မှုနှင့် တွေးခေါ်ယူဆချက်များ | ကျောင်းသားများလေ့လာသင်ယူခြင်း၌ ကျွမ်းကျင်မှုများ တိုးတက်လာခြင်းနှင့် လေ့ကျင့်ခြင်း | လေ့လာသင်ယူခြင်းနှင့် ကျွမ်းကျင်မှုများကို တင်ဆက်ခြင်းနှင့် အသုံးပြုခြင်း | ကျောင်းသားများ မည်သည့်အရာအား လေ့လာသင်ယူမည်ကိုဆုံးဖြတ်ပေးပါသည်။ |

**အတန်းထဲ၌လေ့လာသင်ယူခြင်း**

သင်ခန်းစာ၏ မတူညီသည့်အဆင့်များတွင် ဆရာနှင့်ကျောင်းသားများသည် မည်သည့်အရာများကို လုပ်ဆောင်သနည်း။ ဤအကျဉ်းချုပ်မှ ပြသထားပါသည်။

- မတူညီသည့်အဆင့်များအတွက် မတူညီသောနည်းဗျူဟာများ
- ကျောင်းသားများ လေ့ကျင့်ခြင်းအားဖြင့် တိုးတက်လာခြင်း
- ဆရာ၏အခန်းကဏ္ဍ

**၁။ ဖြည့်သွင်းခြင်း** – သတင်းအချက်အလက် အသစ်များကို တင်ဆက်သည့်နည်းလမ်းများ
က။ ဆရာသည်တင်ဆက်ခြင်း (သို့မဟုတ်) သရုပ်ပြခြင်း။ **မတ်သက်ဖိုင်(က)– ဆရာ၏ရှင်းပြချက်ကို တွေ့မြင်နိုင်ပါသည်**။
ခ။ ကျောင်းသားများ ဖတ်သည်၊ ကြည့်သည်၊ နားထောင်သည်၊ တစ်ချို့သောသင်ထောက်ကူပစ္စည်းများကို သုတေသနပြုလုပ်သည်။
ဂ။ ဆရာသည်မေးခွန်းများမေးခြင်း - ကျောင်းသားများမည်သည့်အရာသိရှိသည်ကိုပါဝင်ပြောကြားခြင်း - ထို့နောက် ဆရာသည် ထိုအရာပေါ်မှ စတင်၍လုပ်ဆောင်ပါသည်။

**၂။ စနစ်တကျလုပ်ဆောင်သွားခြင်း** – လေ့ကျင့်ခြင်း၊ လေ့လာသင်ယူခြင်း၊ မှတ်မိခြင်းနှင့် အသုံးပြုသည့်နည်းလမ်းများ-
ကျောင်းသားများသည် လေ့လာသင်ယူမှု အသစ်များကို စတင်လုပ်ဆောင်ရာတွင် ညွှန်ကြားထားသည့် လေ့ကျင့်ခန်းများဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့နောက်အကူအညီမလိုအပ်ဘဲ သင်ယူလေ့လာမှုအသစ်များကို လွတ်လပ်စွာလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤလုပ်ဆောင်မှုများကို တစ်ဦးခြင်း၊ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်နိုင်ပါသည်။

**အမြင့်ဆုံးထိန်းချုပ်မှု** ⟷ **အလယ်အလတ်ထိန်းချုပ်မှု** ⟷ **အနိမ့်ဆုံးထိန်းချုပ်မှု**

က။ အမြင့်ဆုံးထိန်းချုပ်မှု - ကျောင်းသားများသည် မှန်ကန်သောအဖြေတစ်ခုတည်းသာရှိသော လေ့ကျင့်ခန်းကိုဆောင်ရွက်ခြင်း (အသိပညာဗဟုသုတနှင့် နားလည်မှု) ဥပမာ-အဘယ်ကြောင့်နည်းမေးခွန်းများတွင် အဖြေမှန်တစ်ခုသာရှိခြင်း၊ အမှန်ရွေးချယ်သော မေးခွန်းများ၊ ကွက်လပ်ဖြည့်ခြင်း၊ တွက်ချက်ခြင်း၊ ဇယားကွက်ရှိ အချက်အလက်များကိုဖတ်ခြင်း စသည်တို့ဖြစ်ပါသည်။
**ဆရာ၏အခန်းကဏ္ဍ–** ဆရာသည်အတန်းထဲ၌ လှည့်လည်၍ လုပ်ဆောင်မှုများကို စစ်ဆေးခြင်းနှင့် အကူအညီပေးခြင်း၊ အမှန်ပြင်ပေးခြင်းနှင့် လုပ်ဆောင်မှုများကို အမှတ်ပေးခြင်း စသည်တို့ကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။
ခ။ အလယ်အလတ်ထိန်းချုပ်မှု - ကျောင်းသားများ၏ အရည်အချင်းကို တိုးတက်စေသည်။ နှစ်ယောက်တစ်တွဲ၊ အဖွဲ့များ (နားလည်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စိစစ်ခြင်း)။ ဥပမာပေးခြင်း - မိမိကိုယ်ပိုင်သင်ထောက်ကူပစ္စည်း၊ မေးခွန်းများထုတ်ခြင်း၊ ဆွေးနွေးခြင်း၊ အချင်းချင်းကိုစစ်ဆေးခြင်း၊ သာဓကအားဖြင့်နမူနာလေ့လာခြင်း၊ သရုပ်ပြခြင်း။ (လှုပ်ရှားမှုများ)
**ဆရာ၏အခန်းကဏ္ဍ–** အတန်းထဲတွင် လှည့်ပတ်ကြည့်၍ အကူအညီပေးခြင်း၊ အုပ်စုများကို ဦးဆောင်လမ်းညွှန် ရှင်းလင်းပြခြင်း၊ အတန်းထဲတွင်စီမံခန့်ခွဲခြင်း၊ သင်ရိုး၏သင်ခန်းစာအလယ်၌ စစ်ဆေးအကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။

**၃။ ရလဒ်–** လေ့လာသင်ယူရာ၌အသုံးပြုသည့်နည်းလမ်း
ဂ။ အနိမ့်ဆုံးထိန်းချုပ်မှုလွတ်လပ်ခြင်း- အဆင့်မြင့်လုပ်ဆောင်ရန်တာဝန်- ကျောင်းသားများသည် အမှီခိုကင်းစွာဖြင့် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုအသစ်များကို အသုံးပြုနိုင်ပါသည်။ (စိစစ်ခြင်း၊ စုပေါင်းညှိနှိုင်းခြင်း၊ တီထွင်နိုင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း)၊ ဥပမာ- ကျောင်းသားများ စာရေးခြင်း (သို့မဟုတ်) မိမိစကားလုံးဖြင့် စကားပြောခြင်း(သို့မဟုတ်)၎င်းတို့၏ကျွမ်းကျင်မှုများကို သရုပ်ပြခြင်းဖြင့်လေ့ကျင့်ခြင်း - ပြန်လည်တင်ဆက်ခြင်း၊ စာပိုဒ်များ၊ စာစီစာကုံး၊ စကားပြောစွမ်းရည်၊ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများကို အသုံးပြုခြင်းတို့ဖြစ်ပါသည်။
**ဆရာ၏အခန်းကဏ္ဍ–** ဝေဖန်အကြံပြုချက်၊ သင်ရိုးသင်ကြားနေစဉ်အတွင်း စစ်ဆေးအကဲဖြတ်ခြင်း

**အရည်အသွေးအဆင့်အတန်းများ – သင်ကြားခြင်းနှင့် သင်ယူခြင်း**

အရေးပေါ်ပညာရေးကွန်ယက်ကြား (INEE) အနည်းဆုံးပညာရေး အဆင့်အတန်းမှ

| အရည်အသွေး အဆင့်အတန်း | သက်သေပြချက် |
| --- | --- |
| **၁။ သင်ရိုးညွှန်းတမ်း** ယဉ်ကျေးမှု၊ လူမှုအဖွဲ့ အစည်းနှင့် ဘာသာ စကားနှင့် သက်ဆိုင် သော သင်ရိုးညွှန်းတမ်းသည် သမာရိုးကျပညာရေး နှင့်သမာရိုးကျမဟုတ်သောပညာရေးနှင့် သင့်လျော်သော သင်ယူသူ၏လိုအပ်ချက်နှင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ထောက်ပံ့ပေးပါသည်။ | • သင်ရိုးညွှန်းတမ်း၊ ဖတ်စာအုပ်နှင့် ဖြည့်စွက်ပစ္စည်းများသည် အသက်အရွယ်၊ ဖွံ့ဖြိုးဆဲအဆင့်၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ လုပ်ဆောင်နိုင်စွမ်းများနှင့် လေ့လာသင်ယူသူ၏ လိုအပ်ချက်တို့နှင့် သင့်လျော်မှုရှိသည်။<br>• သင်ရိုးညွှန်းတန်း၊ ဖတ်စာအုပ်နှင့် ဖြည့်စွက်ပစ္စည်းများသည်အခြေခံပညာစွမ်းရည်၏ အဓိကဖြစ်သော စာဖတ်တတ်ရန်၊ အခြေခံအတွက်အချက်နားလည်ရန်၊ အစဦး၌ လေ့လာသင်ယူခြင်း၊ ဘဝအတွက်ကျွမ်းကျင်မှုများ၊ ကျန်းမာရေးနှင့် ရောဂါ ကာကွယ်ရန် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအလေ့အကျင့်များ အစရှိသည်အားလုံးတို့ ပါဝင်ပါသည်။<br>• သင်ရိုးညွှန်းတမ်းသည် လေ့လာသင်ယူသူများအတွက်အကျင့်စရိုက်ကောင်းခြင်းနှင့် အကာအကွယ်ပေးရန် ရည်ညွှန်းထားပါသည်။<br>• သင်ကြားခြင်း၏မာတိကာ၊ သင်ထောက်ကူပစ္စည်းများနှင့် ညွှန်ပြချက်များမှာ လေ့လာသင်ယူသူ၏ဘာသာစကားနှင့် ထုတ်လုပ်ပေးထားပါသည်။<br>• သင်ရိုးညွှန်းတမ်း၊ ကျောင်းသုံးစာအုပ်များနှင့်သင်ထောက်ကူပစ္စည်းများသည် ကျား/မ ခွဲခြားမှုမရှိခြင်း၊ မတူညီကွဲပြားမှုကို အသိမှတ်ပြုခြင်း၊ ခွဲခြားဆက်ဆံမှုကို ကာကွယ်တားဆီးခြင်းနှင့် သင်ယူသူအားလုံးအပေါ် လေးစားမှုရှိရန် လှုံ့ဆော်သည်။ |
| **၂။ သင်တန်း၊ အတတ်ပညာဆိုင်ရာ တိုးတက်မှုနှင့် ဝိုင်းဝန်းကူညီမှု** ဆရာများနှင့် အခြားသော ပညာရေးဝန်ထမ်း များသည် ၄င်းတို့၏ လိုအပ်ချက်နှင့် အခြေအနေပေါ် မူတည်ပြီးသင်တန်း၏ ဖွဲ့စည်းပုံနှင့်သက်ဆိုင်သောအရာများကို ရံဖန်ရံခါတွင် ရရှိပါသည်။ | • ဆရာနှင့်ဆရာမ၊ ထို့အပြင်အခြားသော ပညာရေးဝန်ထမ်းတို့၏လိုအပ်ချက်ပေါ် မူတည်၍ သင်တန်းတက်ရန် အခွင့်အလမ်းများကို ရရှိနိုင်ပါသည်။<br>• သင်တန်းမှာ အကြောင်းအရာနှင့်သင့်လျော်မှုရှိပြီး သင်ခန်းစာ၏ ရည်ရွယ်ချက်၊ မာတိကာတို့ကို ပေါ်လွင်ထင်ဟပ်စေသည်။<br>• သင်တန်းကို ပညာရေးနယ်ပယ်တွင် ပြောရေးဆိုခွင့်ရှိသူ ခေါင်းဆောင်များမှ တရားဝင်ကြောင်း အတည်ပြုပြီးလက်ခံပါသည်။<br>• သင်တန်းများပြုလုပ်ရာတွင် အရည်အချင်းပြည့်ဝသောသင်တန်းဦးဆောင်သူသည် သင်တန်း၏သင်ရိုးကို ပြည့်စုံအောင်လုပ်ဆောင်ခြင်း၊ ထောက်ပံပေးခြင်း၊ လမ်းညွှန်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း နှင့်သင်တန်းကို ကြီးကြပ်ပေးပါသည်။<br>• လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ထောက်ပံမှုပေးခြင်းဖြင့် သော်လည်းကောင်း၊ ဆရာများသည် စာသင်ကြားရာတွင် နည်းဗျူဟာများနှင့် သင်ထောက်ကူပစ္စည်းများကို အသုံးပြုခြင်းဖြင့် မိမိ၏ကျောင်းပတ်ဝန်းကျင်၌ ထိရောက်စွာသင်ပြပေးနိုင်သော ဆရာ၊ဆရာမများဖြစ်လာသည်။<br>• သင်တန်းတွင် အသိပညာဗဟုသုတ၊ သင်ရိုးတွင်သမာရိုးကျနှင့် သမာရိုးကျ မဟုတ်သော ကျွမ်းကျင်မှုများ၊ စွန့်စားမှုကိုနားလည်သဘောပေါက်ခြင်း၊ ဒုက္ခပြဿနာများကိုလျှော့နည်းစေခြင်းနှင့် သဘောထားကွဲမှုများကို ကာကွယ်တားဆီးပေးခြင်းတို့ ပါဝင်ပါသည်။ |

| အရည်အသွေး အဆင့်အတန်း | သက်သေပြချက် |
| --- | --- |
| **၃။ သင်ကြားပို့ချခြင်း** သင်ကြားပို့ချခြင်းသည် ကျောင်းသားဗဟိုပြု ပါဝင်ခြင်းနှင့် ပူးပေါင်း ပါဝင်လုပ်ဆောင်ခြင်း တို့ဖြစ်သည်။ | • သင်ကြားမှုနည်းဗျူဟာများသည် အသက်အရွယ်၊ တိုးတက်မှုအဆင့်၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ လုပ်နိုင်စွမ်းရည်နှင့် လေ့လာသူ၏လိုအပ်ချက်များနှင့် သင့်လျော်ပါသည်။<br>• ဆရာသည် သင်ခန်းစာ၏ ခေါင်းစဉ်ကိုနားလည်၍ သရုပ်ပြခြင်းနှင့် သင်ကြားပို့ချရာတွင် လေ့လာသူများနှင့် အပြန်အလှန်လုပ်ဆောင်ခြင်း<br>• သင်ကြားပို့ချမှုတွင် လေ့လာသင်ယူသူ၏ လိုအပ်ချက်နှင့်ချိတ်မိခြင်း၊ မသန်စွမ်းသူများ ပါဝင်မှုကို အားပေးခြင်းနှင့် လေ့လာသင်ယူရာ၌ အတားအဆီးများကို လျှော့ချပေးခြင်း တို့ဖြစ်ပါသည်။<br>• မိဘများနှင့် အဖွဲ့အစည်းခေါင်းဆောင်များသည် လေ့လာသင်ယူရာ၌ သင်ကြားပေးသော မာတိကာနှင့် သင်ကြားမှုနည်းဗျူဟာများ အသုံးပြုမှုကို နားလည်လက်ခံပါသည်။ |
| **၄။ လေ့လာသင်ယူခြင်း မှရလဒ်များကို စစ်ဆေးအကဲဖြတ်ခြင်း** သင့်လျော်သော နည်းဗျူဟာဆိုသည်မှာ ပြန်လည်သုံးသပ်ရာ၌ ရလဒ်များကို သက်သေပြခြင်း | • စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်မှုနှင့် လေ့လာသင်ယူသူများ၏ တိုးတက်မှုမှာ သင်ခန်းစာရည်ရွယ်ချက်သို့ ရောက်ရှိမှုရှိ/မရှိ သုံးသပ်ခြင်းတို့သည် သင်ကြားခြင်း နည်းဗျူဟာကို သတင်းပေးသိရှိစေသည်။<br>• လေ့လာသင်ယူသူ၏အောင်မြင်မှုကို အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုမှတ်တမ်း (သို့မဟုတ်) သင်ရိုးကိုပြီးစီးကြောင်းမှတ်တမ်းကို လိုအပ်သလိုစီစဉ်ပေးခြင်း တို့ဖြစ်ပါသည်။<br>• စက်မှုလက်မှုပညာနှင့် အသက်မွေးဝမ်းကြောင်းပညာရပ်နှင့် ဘွဲ့ရသောသူများအား စစ်ဆေးအကဲဖြတ်ခြင်းသည် ၎င်းတို့၏ အရည်အသွေးနှင့် ပြောင်းလဲသော ပတ်ဝန်းကျင်ကို ဆန့်ကျင်ပြီး ၎င်းတို့သင်ယူသည့် အစီအစဉ်နှင့်ဆက်စပ်မှုရှိ/မရှိ တိုင်းတာခြင်းဖြစ်သည်။<br>• စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း နည်းဗျူဟာများသည် တရားမျှတမှု ရှိသည်ဟုယူဆနိုင်သလို၊ ယုံကြည်အားထားနိုင်ပြီး လေ့လာသူများအတွက် အခက်အခဲ မဖြစ်စေပါ။<br>• စစ်ဆေးအကဲဖြတ်ခြင်းသည် လေ့လာသင်ယူသူ၏ အနာဂတ်ပညာရေးနှင့် စီးပွားရေး လိုအပ်ချက်များနှင့် သက်ဆိုင်မှုရှိသည်။ |

သင်၏ကျောင်းတွင် ဤအရည်အသွေးအဆင့်အတန်း မည်မျှပြည့်စုံမှုရှိသနည်း (တစ်ခုရှိလျှင်ဖော်ပြပါ)။

## သင်ခန်းစာ (၇) ။ သင်ထောက်ကူပစ္စည်းများ

**သင့်အတန်းနှင့်ဘာသာရပ်အတွက် သင်ထောက်ကူများကိုရှာဖွေခြင်း**

- အကယ်၍သင်၌ အင်တာနက်ရှိပါက ဤဝက်ဆိုဒ်များကို တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရှာဖွေနိုင်ပါသည်။
- http://www.primaryresources.co.uk (မူလတန်းအဆင့်အတွက်သာ)
- http://www.bbc.co.uk/learning/ (အသက်အရွယ်မရွေးအားလုံးအတွက်)
- http://educasia.org/ (အရွယ်ရောက်သောသူများအတွက်သာ)

အကယ်၍သင်၌ အင်တာနက်မရှိပါက စာကြည့်တိုက် (သို့မဟုတ်) စာအုပ်ဆိုင်များ၊ ဒီဗီဒီ (သို့မဟုတ်)အခြားသော သင်ထောက်ကူများကို ကြည့်ရှုနိုင်ပါသည်။ သင်၏အတန်းထဲတွင်အသုံးပြုနိုင်မည့် လေ့ကျင့်ခန်းလုပ်ရှားမှုများအတွက် အကြံအဉာဏ်များ (သို့မဟုတ်) သင်ထောက်ကူပစ္စည်းနှစ်ခု (သို့မဟုတ်) သုံးခု ကိုစာရင်းပြုလုပ်ပါ။

## သင်ခန်းစာ (၈) ။ အဖွဲ့လိုက်လုပ်ဆောင်ခြင်း

ဤဇယားကွက်သည် မတူညီသော ပုံစံအမျိုးအမျိုးဖြင့် အုပ်စုဖွဲ့ကာ လုပ်ဆောင်စေခြင်း၏အကျိုးကျေးဇူးနှင့် ကန့်သတ်ထားမှုများ စသည့်တို့ကိုအကျဉ်းချုပ် ပြသထားပါသည်။

| အုပ်စုများအသုံးပြုခြင်း | ကောင်းကျိုး | ဆိုးကျိုး |
|---|---|---|
| **အုပ်စုအားလုံးတူညီသော လုပ်ရှားမှုများကို ဆောင်ရွက်ခြင်း** | • အတန်းအတွက် သင်ခန်းစာလှုပ်ရှားမှုများ (သို့မဟုတ်)ဆွေးနွေးမှုများကိုအကောင်းဆုံး ပြင်ဆင်ခြင်း<br>• ကျောင်းသားများသည် အဖြေများကို နှိုင်းယှဉ်နိုင်ခြင်း။<br>• အုပ်စုလိုက်ဖြေကြားခြင်း၏အဓိပ္ပါယ်မှာ ကျောင်းသားတစ်ဦးခြင်းစီတွင် အမှားမရှိ ဟုဆိုလိုခြင်းဖြစ်ပါသည်။ | • အချို့သောကျောင်းသား များသည် အခြားသူများအား အလုပ်ကိုခိုင်းနိုင်သည် - ဆရာအနေဖြင့်စောင့်ကြည့် မှတ်သားရန်လိုအပ်ပါသည်။ |
| **အချင်းချင်းသင်ကြားပေးခြင်း အဖွဲ့ဝင်များသည် မတူညီ သောစာပိုဒ်(သို့မဟုတ်) တာဝန်များကို အာရုံစိုက်ခြင်းဖြင့် အချင်းချင်းပြန်လည် ရှင်းပြနိုင်ပါသည်။** | • အုပ်စုများသည် မတူညီသောခေါင်းစဉ် အပိုင်းကိုလုပ်ဆောင်ခြင်းဖြင့် ပို၍ စွမ်းဆောင်နိုင်သည်။<br>• အုပ်စုခွဲ၍လုပ်ဆောင်ရန်အတွက် ခွင့်ပြုသည်။<br>• ခေါင်းစဉ်များပို၍ပြီးနိုင်သည်။ | • တွေးခေါ်ယူဆချက်များကို ဝေမျှနိုင်ရန်အတွက် ကောင်းသောဝေဖန်အကြံ ပြုချက်များလိုအပ်ပါသည်။ |
| **အုပ်စုများသည် စိတ်ဝင်စားမှု တူညီခြင်း** | • အများနှင့်ဆိုင်သော စိတ်ဝင်စားမှုကို ဦးတည်ချက်ထားခြင်း<br>• အသိပညာဗဟုသုတကို ဝေမျှခြင်း | • ကျောင်းသားများ အနေဖြင့် ဖန်တီးလုပ်ဆောင်နိုင်ရန် ခက်ခဲကောင်းခက်ခဲ နေပေလိမ့်မည်။ |
| **အုပ်စုတွင်မတူညီသော စွမ်းရည်ရှိခြင်း** | • တော်သောကျောင်းသားများသည် ညံ့သော ကျောင်းသားများကိုကူညီနိုင်သည်။<br>• တော်သောကျောင်းသားများသည် ရှင်းပြခြင်းအားဖြင့် ပိုမိုလေ့လာ သင်ယူနိုင်ပါသည်။ | • ထက်မြက်သောကျောင်းသား များအနေဖြင့်အနှောင့် အယှက် ပေးသည်ဟု ခံစားနိုင်သည်။<br>• အားနည်းသောကျောင်းသား များအနေဖြင့်မိုက်မဲသော အရာဖြစ်သည်ဟု ခံစားနိုင်သည်။ |
| အုပ်စုတွင်တူညီသော စွမ်းရည်ရှိခြင်း | • ပိုင်းခြားသိမြင်ခြင်း<br>• အားနည်းသောကျောင်းသားများ ကိုလွယ်ကူသော တာဝန်များပေးခြင်း<br>• ထက်မြက်သောကျောင်းသားများ အားစွမ်းရည်ပြနိုင်သော (သို့မဟုတ်) အပို လုပ်ဆောင်ရန် တာဝန်များပေးခြင်း | • အားနည်းသောကျောင်းသား များအနေဖြင့်စစ်ဆေး အကဲဖြတ်ခြင်းကို အောင်မြင်ရန်အတွက် ကျွမ်းကျင်မှုနှင့်အသိပညာ ဗဟုသုတ ရှိရန်လိုအပ် ပါသည်။ |

# နည်းဗျူဟာဖိုင်

## ဆရာအတွက်နည်းဗျူဟာများ

### က။ ဆရာမှရှင်းပြခြင်း၊ ပြန်လည်တင်ပြခြင်း

**အကျိုးကျေးဇူး** – အကြောင်းအရာများရှင်းပြခြင်းနှင့် သတင်းအချက်အလက် အသစ်များပေးရန်။
**ဆိုးကျိုး** – ကျောင်းသားများ၏ လှုပ်ရှားမှုပါဝင်မှု မရှိခြင်း။

**လေ့ကျင့်ရန်အတွက် ကောင်းစွာလမ်းညွှန်ခြင်း**

**ကျောင်းသားများပါဝင်ခြင်း**

- သင်ခန်းစာ၏အစ၌ ကျောင်းသားများလုပ်ဆောင်ရန် တာဝန်များပေးထားပြီး တင်ဆက်မှုအပြီးတွင် ဆောင်ရွက်ရန်ဖြစ်သည်။ ဤအရာသည် ကျောင်းသားများအား သင်ခန်းစာတွင် အာရုံစူးစိုက်စွာ နားထောင်စေရန်အတွက်ဖြစ်သည်။
- ကျောင်းသားများအား မည်သည့်အရာသိရှိထားသည်ကိုမေးရန် - ကျောင်းသားများမှ တစ်မိနစ်အချိန် ယူပြီး ၄င်းတို့သိသောအရာများအား ရေးချခြင်း၊ ထိုနောက်သင်မှ ဥပမာကိုမေးနိုင်ပါသည်။ ဤအရာသည် ကျောင်းသားများ သင်ခန်းစာ၏ခေါင်းစဉ်အကြောင်းကို စဉ်းစားရန်ဖြစ်ပါသည်။
- သင်ခန်းစာခေါင်းစဉ်ကို ဥပမာများ၊ ပုံပြင်များ၊ လက်တွေ့ဘဝနှင့် ချိတ်ဆက်သင်ယူစေပါ။

**အကြောင်းအရာများကိုကျွမ်းကျင်မှု**

- သင်၏စကားပြောကိုစီစဉ်ခြင်း - စာရင်းကိုအသုံးပြုခြင်း (သို့မဟုတ်) အချက်တစ်ချက်ခြင်းစီကြား ရှင်းလင်းသည့် ချိတ်ဆက်မှုပြုလုပ်ခြင်း
- ရှင်းပြခြင်း - ရိုးရှင်းစွာလုပ်ဆောင်ခြင်း - ဥပမာများအသုံးပြုခြင်း
- သင်ထောက်ကူပစ္စည်းကို အသုံးပြုခြင်း -ဥပမာ - ကျောက်သင်ပုန်းကို အသုံးပြု၍စီစဉ်ခြင်း (သို့မဟုတ်) အကျဉ်းချုပ်ပြောဆိုခြင်း
- အတိုချုပ်ခြင်း - အများစုမှာ (၁၀)မိနစ်ဖြင့် လုံလောက်သည်။

**ဆက်သွယ်ပြောဆိုရာ၌ ကျွမ်းကျင်မှု**

- ကျောင်းသားနှင့်မျက်လုံးချင်းဆက်သွယ်မှုပြုလုပ်ရန် - ဤသို့လုပ်ဆောင်ခြင်းသည် ကျောင်းသားထံသို့ တိုက်ရိုက်စကားပြောနေခြင်းကို ပြသသည်။
- အတန်းထဲတွင် လှည့်လည်ခြင်း - ဤသို့လုပ်ဆောင်ခြင်းသည် စကားပြောဆိုမှုကို ပေါ့ပါးသောစကား စမြည် ပြောဆိုသည့်အသွင်ဖြင့် ပြောင်းလဲပေးသည်။
- သင်၏အသံအားဖြင့် သင်၏စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို ပြသပါ။
- ရှင်းလင်းစွာပြောဆိုရန်၊ မြန်မြန်ပြောဆိုခြင်း မဟုတ်ပါ။ သင့်တော်သောအသံအနေအထားဖြင့် အားလုံးကြားနိုင်အောင်ပြောပါ။




## ၈။ အဘယ်ကြောင့်မေးခွန်းမေးသနည်း။

**အကျိုးကျေးဇူး** – ကျောင်းသားများစဉ်းစားရန်နှင့် အဓိပ္ပါယ်ဖွင့်ဆိုရန် ကောင်းသောပြုလုပ်ခြင်းဖြစ်ပါသည်။
**ဆိုးကျိုး** – ကောင်းမွန်စွာ မလုပ်ဆောင်နိုင်ပါက ကျောင်းသားများစိတ်ဝင်စားမှု ရှိမည်မဟုတ်ပါ။ ၎င်းကို လေ့ကျင့်ရန်လိုအပ်ပါသည်။

**မေးခွန်းများ**
မေးခွန်းအသုံးပြုရာတွင် အဆင့်လေးဆင့်ရှိပါသည်။



| နည်းပညာ | မည်သို့လုပ်ဆောင်သနည်း။ | အကျိုးကျေးဇူး |
|---|---|---|
| လက်ထောင်သော စည်းမျဉ်းမရှိ | • ကျောင်းသားများလက်ထောင်ရန် မလိုပါ။ ဆရာသည် အတန်းထဲမှ ရွေးချယ်မည်ဖြစ်ပါသည်။ | • ကျောင်းသားများသည် အဖြေများကိုဖြေကြားရန် ရွေးချယ်ခံရမည့် အတိုင်း မေးခွန်းများကို အာရုံစူးစိုက်ရန် အားပေးသည်။ |
| စောင့်ရန်အချိန် | • ဆရာသည်မေးခွန်းမေးပြီး တစ်စုံတစ်ဦး ဖြေကြားရန်မရွေးချယ်မီ အချိန်(၃)စက္ကန့် စောင့်ပါ။ | • ကျောင်းသားများအားလုံး အဖြေစဉ်းစားရန် အားပေးသည်။ |
| ရေးရန်အချိန် | • ဆရာသည် ကျောင်းသားများအား မေးခွန်းအကြောင်းစဉ်းစားရန် အချိန်အနည်းငယ်ပေးပြီး ၎င်းတို့၏ အဖြေများ (သို့မဟုတ်) တွေးခေါ်မှုများကို ရေးချပါ။<br>• ဆရာသည် ကျောင်းသားများ အဖြေများကိုရေးချနေစဉ် အတန်းထဲသို့လှည့်လည်ကြည့်ရှု၍စစ်ဆေးပါ။<br>• ဆရာမှ တစ်စုံတစ်ဦးကို ဖြေကြားရန်ရွေးချယ်ပါသည်။ | • လူတိုင်းသည် အဖြေကိုပေးရမည်။ သို့မှသာဆရာသည် မည်သူ နားမလည်သည်ကို သိရှိမည် ဖြစ်ပါသည်။ |
| ဆွေးနွေးရန်အချိန် | • ကျောင်းသားများသည်မေးခွန်းကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်)အုပ်စုငယ်များဖြင့်ဆွေးနွေးပါ။<br>• ရေးရန်အချိန် ပြီးသွားသောအခါ အသုံးပြုနိုင်ပါသည်။ | • ချိတ်ဆက်မှုနှင့် နီးနှောဖလှယ် လုပ်ဆောင်မှုကို အားပေးသည်။ |
| လူတစ်ဦးကို ရွေးချယ်ခြင်း | • စောင့်ရန်အချိန်၊ ရေးရန်အချိန်(သို့မဟုတ်) ဆွေးနွေးရန်အချိန်ပြီးဆုံးသည့်နောက် ဆရာသည် တစ်စုံတစ်ဦးကို ဖြေကြားရန်ရွေးချယ်ခြင်း။ | • လူတိုင်းအာရုံစူးစိုက်ရပါသည်။ ၎င်းတို့ကိုလည်းရွေးချယ်နိုင်သည့် အတွက်ကြောင့်ဖြစ်သည်။ |
| အဖြေကိုအနည်းဆုံး အကျဉ်းချုံးဖြေကြားရန် | • တော်သောကျောင်းသားများကို ဆက်လက်၍မေးခွန်းများမေးပါ။<br>• စိတ်ဝင်စားစရာ ကောင်းပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ သင်သည်ထပ်မံ၍ ပြောကြား နိုင်ပါသလား။ | • စကားပြောစွမ်းရည်ကို တိုးတက် စေသည်။ |
| အတန်းတစ်တန်းလုံး ဖြေကြားရန် | • အဆင့်မြင့်သောမေးခွန်းများ၊ဆွေးနွေးမှု ကိုတည်ဆောက်ရန် အောက်ပါ မေးခွန်းများကို အသုံးပြုပါ။ ဥပမာ -<br>• သင်သည်ဤအကြောင်းအရာကို သဘောတူပါသလား။ (အချိန်စောင့်ရန်) ကျောင်းသား (က)။<br>• သင်သည်တစ်စုံတစ်ခုကိုထပ်မံထည့်သွင်း ပြောဆိုလိုပါသလား။ (အချိန်စောင့်ပါ) အဖွဲ့ (၂)။<br>• သင်မည်သို့ထင်ပါသနည်း။(အချိန်စောင့်ပါ) ကျောင်းသား (အ)။ | • ဆွေးနွေးမှုတစ်ခုကိုဖြစ်ပေါ် စေသည်။<br>• ကျောင်းသားများမှအချိတ်အဆက် ပြုလုပ်ပြီး အသိပညာဗဟုသုတ နှင့် နားလည်သဘောပေါက်မှုကို တည်ဆောက်ခြင်း။<br>• ဆရာနှင့်ကျောင်းသားများ အတူတကွ အဓိပ္ပါယ်ကို ဖော်ထုတ်ခြင်း။ |

**တစ်စုံတစ်ယောက်ကို ရွေးချယ်သောအချိန်တွင် စောင့်ရန်အချိန်ကို အသုံးပြုပြီး ညံ့သောကျောင်းသားများမှ အဖြေချရေးနိုင်ခြင်းရှိ၊မရှိကို သတိပြုပါ။ ဤသို့လုပ်ဆောင်သောအခါ ၄င်းကျောင်းသားများကို သင်ရွေးချယ်ပြီး အောင်မြင်မှုအတွေ့အကြုံကို ခံစားနိုင်အောင် သင်ပြုလုပ်နိုင်ပေမည်။**

## ၈။ အဖွင့်နှင့်အပိတ်မေးခွန်းများ

### အပိတ်မေးခွန်းများ

အပိတ်မေးခွန်းများကို နားလည်သဘောပေါက်ခြင်းနှင့် အသိပညာကိုစစ်ဆေးရာ၌ အသုံးပြုပါသည်။ ၄င်းသည် ကျောင်းသားများအား ၄င်းတို့သင်ကြား ပြီးသောအကြောင်းအရာများကို မှတ်မိစေရန် မေးပါသည်။ ဟုတ်သည်၊ မဟုတ်ပါမေးခွန်းများ (မှား၊မှန် မေးခွန်းများ)၊ အဖြေတစ်ခုသာ ရှိသောမေးခွန်းများနှင့် အဖြေမှန်ကိုရွေးချယ်သည့် မေးခွန်းများမှာ အပိတ်မေးခွန်းများ၏ ဥပမာများပင် ဖြစ်ပါသည်။

### မှား၊မှန်မေးခွန်းများ၏ဥပမာများ

- လင်းပိုင်သည် ငါးတစ်ကောင် ဖြစ်ပါသလား။
- သစ်ပင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သိုလှောင်ထားပါသလား။
- အမေရိကန်သည် ကျိုတို သဘောတူညီမှု စာချုပ်ကို ရေးထိုးပါသလား။

### အဖြေတစ်ခုသာဖြေကြားရမည့် မေးခွန်း၏ဥပမာများ

- မည်သူသည်အမေရိကန်နိုင်ငံ၌ သမ္မတဖြစ်သနည်း။
- ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်သုံးမြစ်မှာ အဘယ်နည်း။
- မြန်မာနိုင်ငံသည် ဗြိတိန်လက်အောက်မှ မည်သည့်အချိန်တွင် လွတ်လပ်ရေးရရှိခဲ့သနည်း။
- ကမ္ဘာ့စည်းပွားရေးညီလာခံကို မည်သည့်နေရာ၌ ကျင်းပပြုလုပ်ခဲ့သနည်း။

အဖြေမှန်တစ်ခုသာ ရွေးချယ်ရသော မေးခွန်း၏ဥပမာများ

- ဆာဝါးတွင် ဝက်သား (၈)ကီလိုရှိပါသည်။ သူမသည် ဇော်ဝင်းထံ (၂. ၅)ကီလိုရောင်းလိုက်ပါသည်။ ယခုတွင် သူမ၌ ကီလိုမည်မျှရှိပါသနည်း။(က) ၅ကီလို (ခ) ၆ကီလို (ဂ) ၅. ၅ကီလို (ဃ) ၆. ၅ကီလို
- ကျွန်ုပ်တို့သည်ရုပ်ရှင်ကိုကြည့်လို့မရပါ အဘယ်ကြောင့်ဆိုသော် ဒီဗီဒီစက်သည်. . . . . . . . . . . . . . . . သောကြောင့်ဖြစ်ပါသည်။။ (ကျိုးခဲ့၊ ကျိုးခဲ့ပြီး၊ ကျိုးသွား။)

### အဖွင့်မေးခွန်းများ

အဖွင့်မေးခွန်းများကို ပြန်လည်အသုံးချခြင်း၊ စိစစ်ခြင်း၊ စုပေါင်းညှိနှိုင်းခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် အသုံးပြုပါသည်။ အဖွင့်မေးခွန်းများသည် ကျောင်းသားများအား ၄င်းတို့ဖြေကြားခဲ့သော အဖြေများအကြောင်းကို ပြန်လည်စဉ်းစားစေပါသည်။

### အဖွင့်မေးခွန်း၏ဥပမာများ

- ကျိုတိုသဘောတူညီစာချုပ်၏ အဓိကပြဿနာမှာ အဘယ်နည်း။
- အကယ်၍သင်၏ သူငယ်ချင်းသည် မူးယစ်ဆေးသုံးစွဲနေပါက သင်မည်သို့လုပ်ဆောင်မည်နည်း။
- အဘယ်ကြောင့်ရေခဲမြစ် အရေပျော်သနည်း။
- နိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံရှိ လူထု၏ ကျန်းမာရေးအခြေအနေ တိုးတက်အောင် မည်သို့လုပ်ဆောင်နိုင်သနည်း။

အတန်းထဲတွင် အဖွင့်မေးခွန်းများမေးခြင်းဖြင့် စဉ်းစားတွေးခေါ်မှုနှင့် ဆွေးနွေးမှုများကို မြှင့်တင်ပေးပါ။



## ဃ။ ဇယားများနှင့် စီစဥ်ညွှန်ကြားသူ

**အကျိုးကျေးဇူး** – ကျောင်းသားများအားစဉ်းစားတွေးခေါ်စေခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုစေခြင်းနှင့် နားလည်မှုကိုပြသခြင်း။
အဖွဲ့လိုက်လုပ်ဆောင်ရာတွင် ကျောင်းသားများအား ဆွေးနွေးမှုများပြုလုပ်စေပြီး
သဘောတူညီမှုကို ရှာဖွေစေခြင်းတို့ဖြစ်ပါသည်။
အမြင်အာရုံဖြင့်လေ့လာသူများအတွက် ကောင်းမွန်ခြင်းနှင့် စကားလုံးကဒ်များအသုံးပြုချိန်တွင်
လက်တွေ့လုပ်ဆောင်မှုဖြင့် လေ့လာသင်ယူသူများအတွက် ကောင်းမွန်ခြင်း။

**အမျိုးအစားများ – မည်သည့်အရာကို မည်သည့်နေရာတွင်ထားရှိရမည်။**


၁။ စက်ဝိုင်းပုံကားချပ် - မည့်သည့်အရာက ဝင်ရောက်သနည်း။ မည့်သည့်အရာက ထွက်သွားသနည်း။
သင်ကြားမှုသတ်မှတ်ချက်များ၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အယူအဆများကိုသင်ကြားပြသပေးခြင်း

၂။ ပုံကားချပ်- မည်သည့်အမျိုးအစားဖြစ်သနည်း။
နှိုင်းယှဉ်ခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ အယူအဆများကိုသင်ကြားပြသပေးခြင်း
ထိန်းချုပ်မှုရှိရန်အတွက် ဆရာမှပုံကားချပ်ရေးဆွဲခြင်း (သို့မဟုတ်) ပိုမို၍လွတ်လပ်မှုရှိရန်
(ကျောင်းသားများမှပုံကားချပ်ရေးဆွဲခြင်း)


**ဥပမာ ၁။ နို့တိုက်သတ္တဝါဆိုသည်မှာအဘယ်နည်း**





နို့တိုက်သတ္တဝါနှင့်ပတ်သက်သော မှန်ကန်သည့်အကြောင်း အရာနှင့် မှားသောအကြောင်းအရာများကို စကားလုံးကဒ် ပြုလုပ်ပါ။ ကျောင်းသားများအနေဖြင့် စက်ဝိုင်းထဲတွင် နို့တိုက်သတ္တဝါနှင့်ပတ်သက်သည့် မှန်ကန်သော အကြောင်းအရာများကိုသာ ထားရပါမည်။




**ဥပမာ ၂။ တူညီမှုနှင့် ကွဲပြားမှု**




ကျောင်းသားများသည် မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံ အကြောင်းဖော်ပြသော စကားလုံးများကိုစာရင်းပြုစုပါ။ ၎င်းတို့သည် မှန်ကန်သောနေရာ၌ စကားလုံးများကိုထည့်ပါ။ (ဥပမာ- အာရှနိုင်ငံများသည် အတွင်းအကျဆုံး ဝိုဂံထဲတွင် ရှိခြင်း- သုံးနိုင်ငံစလုံးအတွက် အတူတူပင်ဖြစ်ပါသည်။)




ဥပမာ ၃- မည်သည့်ဆပ်ပြာသည် အကောင်းဆုံးဖြစ်သနည်း။


| အမျိုးအစား | ဈေးနှုန်း | အရွယ်အစား | မည်သို့ကောင်းသနည်း။ |
|---|---|---|---|
| ကလီနို | ၅ ဘတ် | ၁၅၀ ဂရမ် | အလွန်မကောင်းပါ။<br>သင်တအားပွတ်တိုက်ရန် လိုအပ်ပါသည်။<br>သင်၏အရည်ပြားကို ခြောက်သွေ့စေပါသည်။ |
| စပါကဲ(လ်) | ၂၀ ဘတ် | ၁၅၀ ဂရမ် | ကောင်းပါသည်။ ထိရောက်လျှင်မြန်စွာ<br>သန့်ရှင်းစေပါသည်။ အနံ့မရှိပါ။ |
| ဗျူးတီး | ၆၀ ဘတ် | ၉၀ ဂရမ် | ကောင်းပါသည်။အထုပ်ပေါ်တွင် လှပသောပုံများပါရှိပြီး<br>အလွန်မွှေးပါသည်။ |

ကျောင်းသားများသည် နှိုင်းယှဉ်မှုကို လေ့ကျင့်ပြုလုပ်ရန်အတွက် အချက်အလက်များကို အင်္ဂလိပ်ဘာသာ စကားဖြင့် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း။

**၂။ စိတ်ကူးပုံဖော်ထားသောမြေပုံများ – ချိတ်ဆက်ပေးခြင်း**

ခေါင်းစဉ်နှင့်သက်ဆိုင်သော မတူညီသည့်အပိုင်းများကို စုစည်းခြင်းကို သင်ကြားပေးသည် - ခေါင်းစဉ်နှင့် ပတ်သက်သည့် တွေးခေါ်မှုများကို စနစ်တကျတင်ပြရာတွင်အသုံးပြုခြင်း။


**ဥပမာ ၄– သစ်တောအကြောင်းကို စာစီစာကုံးရေးသားရန်ပြင်ဆင်ခြင်း**




**အစဉ်လိုက်စီခြင်းနှင့်အဆင့်များအလိုက်စီခြင်း**

အချိန်၊ အရေးပါမှု (သို့မဟုတ်) အခြား ထူးခြားသောလက္ခဏာများအပေါ်မူတည်ကာ ယုတ္တိရှိရှိအစဉ်လိုက်စီခြင်းကို သင်ကြားပေးခြင်း

**ဥပမာ ၅– လျှပ်စစ်ကြိုးအသစ်ပြောင်း**




ကျောင်းသားများ အလုပ်တာဝန်ပြီးမြောက်ရန် ဤလုပ်ရှားမှုများကို အစီအစဉ်တကျ ထားရမည်။

**ဥပမာ ၆– သင်၏ကွန်ပျူတာကို ထိန်းသိမ်းခြင်း**





ကျောင်းသားများမှ အရေးကြီးသောအချက်များကို အစီအစဉ်တကျရေးဆွဲရာတွင် အရေးကြီးဆုံးအချက်များကို အပေါ်ဆုံးတွင်ထား၍ အရေးမကြီးသော အချက်များကို အောက်တွင်ထားရပါမည်။ အမှား၊ အမှန်ဟူ၍ အဖြေမရှိပါ။ ၄င်းသည်ဆွေးနွေးမှုများကိုအားပေးခြင်း၊ ထင်မြင်ယူဆချက်များကိုအားပေးခြင်းနှင့် ထင်မြင်ယူဆချက်များကို ပုံသွင်းလုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

**ပုံကားချပ်များကိုစနစ်တကျလုပ်ဆောင်ခြင်း**

မတူညီသောလုပ်ဆောင်မှုအဆင့်ဆင့်ကြား စနစ်တကျဆက်သွယ်မှုများကို ပြသခြင်း (ဥပမာ-အကြောင်းအရာနှင့် အကျိုးသက်ရောက်မှု)

**ဥပမာ ၇– ကမ္ဘာကြီးပူနွေးမှုကိုဖြစ်ပေါ်စေသောအကြောင်းတရားနှင့်အကျိုးရလာဒ်**



## ၄။ အတန်းထဲတွင်လုပ်ဆောင်ခြင်းနည်းလမ်းများ

သင်ယူလေ့လာမှုများကို လေ့ကျင့်ခြင်း၊ လက်တွေ့အသုံးပြုခြင်းနှင့် နားလည်ကြောင်းပြသခြင်း၊ လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်းတို့ဖြစ်ပါသည်။ လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ပိုမိုသင်ယူနိုင်သူများအတွက် ကောင်းပါသည်။

**သရုပ်ပြခြင်း (လှုပ်ရှားမှုများ)**

ကျောင်းသားများသည် မတူညီသည့်ထင်မြင်ယူဆချက်များ (သို့မဟုတ်) အတွေ့အကြုံများပြသပြီး အခြေအနေကို သရုပ်ဖော်တင်ဆက်ပါခြင်း။

- အင်္ဂလိပ်ဘာသာစကားဖြင့် သရုပ်ပြခြင်း (ဥပမာ-လမ်းပျောက်နေသော ဧည့်သည်ကိုလမ်းညွှန်ပေးခြင်း)
- လူမှုရေးသိပ္ပံလေ့လာခြင်း (ဥပမာ-လယ်သမားတစ်ဦး၊ စီးပွားရေးသမားတစ်ဦး၊ နိုင်ငံခြားရင်းနှီးမြုပ်နှံသူတစ်ဦးနှင့် သတ္တဗေဒပညာရှင်တစ်ဦးမှ လျှပ်စစ်ဓာတ်အားလိုင်းအသစ်တစ်ခုအတွက် ဆွေးနွေးခြင်း)

**သာဓကဖြစ်စဉ်ကိုလေ့လာခြင်းနှင့် ပြဿနာဖြေရှင်းခြင်း**

ကျောင်းသားများကို သာဓကဖြစ်စဉ်ကိုပေး၍ ပြဿနာကိုဖြေရှင်းစေပါ။ ပြဿနာကိုဖန်တီးရာတွင် ၎င်းတို့လေ့လာ သင်ယူသည့်ခေါင်းစဉ်နှင့် ဆက်စပ်မှုရှိရမည်သာမက လက်တွေ့ဘဝနှင့်လည်း ဆက်စပ်မှုရှိရပါမည်။ ဆရာသည် မိမိကြုံတွေ့ခဲ့ဖူးသော အဖြစ်အပျက်မှပြဿနာကို ဖန်တီးယူခြင်း (သို့မဟုတ်) သတင်းစာ၊မဂ္ဂဇင်း (သို့မဟုတ်) အင်တာနက်မှအကြောင်းအရာဆောင်ပါးများကို ကျောင်းသားများ မှီငြမ်းအကြံဉာဏ်ရရန်အတွက်ပေးပါ။ ဆွေးနွေးပြောဆိုခြင်းကို အားပေးရန်အတွက် ကျောင်းသားများအား တူညီသည့်အခြေအနေတစ်ခုအတွက် မတူညီသည့် သတင်းအချက်အလက်များကို ပေးနိုင်ပါသည်။

**ပြဇာတ်**

ကျောင်းသားများသည် လူမှုအဖွဲ့အစည်း နှင့် လူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာအကြောင်းအရာမှ လေ့လာသင်ယူသည့်အရာများကို ပြဇာတ်တိုတစ်ခုအနေဖြင့် ဖန်တီးရယူနိုင်ပါသည်။ ဥပမာ- အသက်(၁၄) နှစ် တွင်လက်ထပ်ထိမ်းမြားခြင်း၊ မိသားစုတွင်အရက်သေစာ သောက်သုံးသူရှိခြင်း၊ အခြားသောတိုင်းပြည်သို့ ရွှေ့ပြောင်းခြင်း တို့ဖြစ်ပါသည်။

**ကစားနည်းများ**

- ကစားနည်းများတွင် သင်ယူလေ့လာခြင်း၏ ရည်ရွယ်ချက်တစ်ခု ရှိရမည်ဖြစ်ပါသည်။
- ဘာသာစကားကိုလေ့လာသင်ယူရာတွင် ပျော်ရွှင်စရာနည်းလမ်းဖြင့် လေ့ကျင့်သင်ကြားနိုင်ပါသည်။ ဘာသာစကားကိုသင်ယူသည့် အတန်းများအတွက် လေ့ကျင့်ခန်းများ၊ တွေးခေါ်မှုများကို Educasia တွင် တွေ့ရှိနိုင်ပါသည်။

**မေးခွန်းများရေးခြင်း**

- အဖွဲ့များသည် ခေါင်းစဉ်နှင့်ပတ်သက်သည့် မေးခွန်းများရေးခြင်း၊ ဖြေကြားခြင်းနှင့် အခြားသောအဖွဲ့များနှင့် လဲလှယ်မှုများပြုလုပ်ပါသည်။
- ကျောင်းသားများအားလုံး မေးခွန်းများကိုစဉ်းစားရန် သေချာစေခြင်းနှင့် ၎င်းတို့၏ကိုယ်ပိုင်မေးခွန်းမှ အဖြေများကို သိရှိကြောင်းသေချာစေပါ။ ၎င်းတို့အနေဖြင့် သုတေသနပြုလုပ်ခြင်းနှင့် စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်နိုင်ပါသည်။

## ၅။ စီမံကိန်းများ

**လေ့လာမှုများ၊ သုတေသနနှင့်တွေးခေါ်မှု စွမ်းရည်များ ကိုမြှင့်တင်ခြင်း**

စီမံကိန်းလုပ်ဆောင်ခြင်းသည် ကျောင်းသားများ၏ ချိတ်ဆက်လုပ်ဆောင်မှုနှင့် တက်ကြွစွာပါဝင်မှုအတွက် အလွန်ပင်ကောင်းပါသည်။ သို့သော်အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါသည်။

**လုပ်ဆောင်မှုလမ်းစဉ်၊ အလုပ်၏နေရာ**

သင်ထောက်ကူပစ္စည်းများ နည်းသောအခါ မျှဝေပြီး အုပ်စုများကို မတူညီသည့်အချိန်၌ မတူညီသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်စေပါ။ ဆိုလိုသည်မှာ လူအနည်းငယ်ကသာလျှင် သင်ထောက်ကူပစ္စည်းများကို

တစ်ချိန်တည်းတွင် လိုအပ်မည်ဖြစ်သည်။ ဤအရာကိုလုပ်ဆောင်ရန်အတွက် -

- အတန်းထဲတွင် မတူညီသည့်အချက်များကို လေ့ကျင့်ခန်း(သို့မဟုတ်) လှုပ်ရှားမှုများဖြင့် လုပ်ဆောင်ပါ။ သင်ခန်းစာ လှုပ်ရှားမှုအစီအစဉ်များကို ရေးဆွဲရာတွင် အချိန်ပမာဏ တူညီရပါမည်။ (ဥပမာ- ၁၅ မိနစ်)
- အတန်းတွင် အဖွဲ့များခွဲလိုက်ခြင်းနှင့် အဖွဲ့တိုင်းကို စတင်ရန်နေရာပေးပါ။
- အဖွဲ့များ လှုပ်ရှားမှုတစ်ခုခြင်းစီတိုင်းအတွက် အချိန်အကန့်အသတ်ရှိပါသည်။ ထိုနောက်ဆက်လက်၍ လုပ်ဆောင်ပါ။

ဥပမာ - သင်၏အတန်းတွင် သင်္ချာနှင့်ပတ်သက်သည့် သင်ထောက်ကူပစ္စည်းမှာ အနည်းငယ်သာရှိပါသည်။ အုပ်စုတစ်စုမှာသင်ထောက်ကူပစ္စည်းကို အသုံးပြုနေစဉ် ကျန်သောအုပ်စုမှာ သင်္ချာကိုတွက်ချက်ခြင်းဖြင့် သင်ထောက်ကူပစ္စည်းကိုအသုံးပြုရန် မလိုအပ်ပါ။

**ကွင်းဆင်းလေ့လာခြင်း**

ကွင်းဆင်းလေ့လာခြင်းဆိုသည်မှာ ကျောင်း၏အပြင်ဘက်သို့သွားရောက်၍ လေ့လာသင်ယူခြင်းကို ဆိုလိုပါသည်။ ၎င်းသည်တစ်စုံတစ်ခုကို အသေးစိတ်စူးစမ်းရှာဖွေခြင်း (သို့မဟုတ်) ပြင်ပ၌တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိခြင်းတို့ဖြစ်သည်။ ကွင်းဆင်းလေ့လာခြင်းသည် ခရီးဝေးသွားခြင်းမဟုတ်ပါ။ တံခါး၏အပြင်ဘက်မှ စတင်ခြင်းသာဖြစ်ပါသည်။ ကွင်းဆင်းလေ့လာခြင်းတွင် ဘာသာရပ်များဖြစ်သော ပထဝီ၊ ဇီဝဗေဒနှင့် သဘာဝပတ်ဝန်းကျင်၊ သို့သော်အခြားသောဘာသာရပ်ဖြစ်သော သင်္ချာဘာသာတွင်လည်း အသုံးပြုနိုင်ပါသည်။ (ဥပမာ - တိုင်းတာခြင်း၊ စစ်တမ်းကောက်ခြင်း၊ ကြမ်းပြင်၏ဧရိယာကိုတွက်ချက်ခြင်း၊ ဘာသာစကား (ဥပမာ-ဖန်တီးရေးသားခြင်း) သို့ (ဥပမာ- အဆောက်အဦး၊ သစ်ပင်များ (သို့မဟုတ်) လူရုပ်ပုံများကို ရေးဆွဲခြင်း) စသည်တို့ကို လုပ်ဆောင်နိုင်ပါသည်။

**စစ်တမ်းကောက်ခြင်း**

- သတင်းအချက်အလက်များ စုစည်းခြင်းကို စစ်တမ်းကောက်ခြင်းဟု ခေါ်ပါသည်။ သတင်းအချက်အလက်များသည်ဖြစ်ရပ်မှန် အချက်အလက်များဖြစ်နိုင်ပါသည်။ (ဥပမာ- ဆရာ၊ဆရာမ ဘယ်နှစ်ယောက်ဆေးလိပ်သောက်သည်ကို ရှာဖွေခြင်း) (သို့မဟုတ်) ထင်မြင်ယူဆချက်များ (ဥပမာ-ဆေးလိပ်သောက်ခြင်းကို တားမြစ်သင့်သည် မတားမြစ်သင့်ကြောင်း လူအများ၏အမြင်ကို ရှာဖွေရန်)
- မေးခွန်းထုတ်၍ အဖြေရှာဖွေရန်အတွက် စစ်တမ်းကောက်ခြင်းပုံစံကို ရေးဆွဲရာတွင် အမြဲမလွယ်ကူပါ။ ထို့ကြောင့်ကျောင်းသားများ၏ လေ့လာသုံးသပ်မှုအရည်အချင်းကို တည်ဆောက်ရန်အတွက် စစ်တမ်းကောက်ရာတွင် ရိုးရှင်းသောစစ်တမ်းကောက်သည့်ပုံစံဖြင့် စတင်ပါ။

**စီမံကိန်းများကို ဖန်တီးခြင်း**

ကျောင်းသားမဂ္ဂဇင်း၊ အတန်းထဲရှိ ဝတ္ထုတိုစာအုပ်၊ ထုတ်လုပ်ရန်နည်းလမ်းများစာအုပ်၊ အဖွဲ့အစည်း အသင်း၏ အသိပညာ၊ သာဓကဖြစ်စဉ်များဖြင့် လေ့လာသင်ယူခြင်း စသည်ဖြင့်လုပ်ဆောင်နိုင်သည်။

## ဆ။ အဖွဲ့လိုက်လုပ်ဆောင်သည့် နည်းဗျူဟာများ

**တွေးခေါ်မှုစွမ်းရည်များကိုမြှင့်တင်ခြင်း။** ဤသည်တို့မှာ ကျောင်းသားများ၏ ချိတ်ဆက်လုပ်ဆောင်မှုနှင့် တက်ကြွစွာပါဝင်မှုအတွက် အလွန်ပင်ကောင်းပါသည်။ သို့သော်အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်မှုများကို ဂရုတစိုက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

**အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ အကြမ်းဖျင်းဆက်စပ်တွေးခေါ်ခြင်း**

ကျောင်းသားများသည် ဖြစ်နိုင်သောဥပမာများ (သို့မဟုတ်) အကြံဉာဏ်များစွာကို စဉ်းစားနိုင်သမျှစဉ်းစားရမည်။ ဤလုပ်ဆောင်မှုကို များသောအားဖြင့် အတန်းတစ်ခုလုံးအနေဖြင့် လုပ်ဆောင်သည်၊ သို့သော် အဖွဲ့များ (သို့မဟုတ်) တစ်ဦးခြင်းစီတွင်လည်း လုပ်ဆောင်နိုင်သည်။ ၎င်းမှာ စာရင်းများကို မှတ်သားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ကျောင်းသားများ၏ လက်ရှိအသိပညာ ဗဟုသုတကိုရှာဖွေခြင်းနှင့် ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်ခြင်း အတွက်ကောင်းသောအရာဖြစ်သည်။

၁။ အတန်းထဲတွင် ခေါင်းစဉ် (သို့မဟုတ်) ပြဿနာတစ်ခု ကိုပေးပါ။

၂။ ကျောင်းသားများသည် ၎င်းတို့၏တွေးခေါ်ယူဆချက်များကို ထုတ်ဖော်ပြီး ဆရာ (သို့မဟုတ်) ကျောင်းသားတစ်ဦးမှ ကျောက်သင်ပုန်းပေါ်တွင် ရေးချသည်။ တွေးခေါ်ယူဆချက်များ အားလုံးကိုလက်ခံပါသည်။

အကယ်၍ ပြဿနာတစ်ခုကို ဖြေရှင်းခြင်းနှင့်ပတ်သက်သည့် ဆက်စပ်တွေးခေါ်မှုဖြစ်ပါက ကျောင်းသားများမှ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်သည့် အကြံဉာဏ်အပေါ် သဘောတူညီချက်ရယူခြင်း(သို့မဟုတ်) မဲဆန္ဒရယူခြင်း တို့ကို လုပ်ဆောင်နိုင်ပါသည်။ အဖြေရှာခြင်းနည်းလမ်းများမှာ အုပ်စုလိုက်လုပ်ဆောင်ခြင်း (သို့မဟုတ်) အတန်းတစ်ခန်းလုံးမှ ဖြေရှင်းခြင်းကို လုပ်ဆောင်နိုင်ပါသည်။

**ပိရမစ်**

ဤနည်းဗျူဟာတွင် ကျောင်းသားများသည် ဆွေးနွေးရန်မေးခွန်းများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်)အုပ်စုလိုက် လုပ်ဆောင်နိုင်ပါသည်။ ဤလုပ်ဆောင်ချက်သည် ကျောင်းသားများအားလုံး ပါဝင်ခြင်းနှင့် ယုံကြည်မှုကို တည်ဆောက်ရန်အတွက်ကောင်းပါသည်။

၁။ ကျောင်းသားများကို မေးခွန်းပေး၍ ဆွေးနွေးစေခြင်းနှင့် ၎င်းတို့၏ထင်မြင်ယူဆချက်များကို ရေးချရန်အချိန် တစ်မိနစ်ပေးပါ။

၂။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲတွင် ထည့်၍ (၃-၅)မိနစ် အချိန်ပေးကာ အဖြေများကိုနှိုင်းယှဉ်ခြင်းနှင့် အချက်အလက်များကို စုပေါင်း၍စာရင်းပြုလုပ်စေပါ။

၃။ နှစ်ယောက်(သို့မဟုတ်) သုံးယောက်တစ်တွဲဖြင့် အုပ်စုငယ်များဖွဲ့ပါ။ အုပ်စုများသည် ဆွေးနွေးခြင်းနှင့်တွေးခေါ် ယူဆချက်များမှ သဘောတူညီမှုရရှိထားသည့် အချက်များကို စာရင်းပြုလုပ်ပါ။ ဤစာရင်းသည် အုပ်စုတစ်ဖွဲ့လုံး နှင့် သက်ဆိုင်ပါသည်။

၄။ အတန်းတစ်ခန်းလုံးဆွေးနွေးစေပါ၊ မတူညီသည့်အုပ်စုများမှ ၎င်းတို့၏တွေးခေါ်ယူဆချက်များကိုမေးနိုင်ပါ သည်။ ကျောက်သင်ပုန်းပေါ်တွင် ၎င်းတို့၏ အဓိကအချက်များကို ရေးသားပါ။

**အချင်းချင်းသင်ကြားပေးခြင်း**

ဤနည်းဗျူဟာတွင် ကျောင်းသားများသည် တူညီသောမေးခွန်း (သို့မဟုတ်) လုပ်ရှားမှုများ၏ မတူညီသည့်အပိုင်းတွင် လေ့လာလုပ်ဆောင်ပြီး ၎င်းတို့လေ့လာသင်ယူခဲ့သည့်အရာများကို အချင်းချင်းပြန်လည်သင်ကြားနိုင်ပါသည်။ ဤလုပ်ဆောင်မှုသည်ကျောင်းသားများအတွက် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ ပိုင်းခြားသိမြင်ခြင်းနှင့် အားပေး လှုံ့ဆော်မှုများအတွက် ကောင်းပါသည်။

၁။ ကျောင်းသားများ အုပ်စုလိုက်လုပ်ဆောင်ပါ။ အုပ်စုတိုင်းကို ခေါင်းစဉ်၊ လေ့လာသင်ယူခြင်း၏ ရည်ရွယ်ချက် နှင့်ဆက်နွယ်သည့် တာဝန်များကိုပေးပါ။ အကယ်၍သင်၏အတန်းတွင် မတူညီသော အရည်အချင်းများရှိသည့် ကျောင်းသားများကိုရောနှောထားပါက ဤတာဝန်များကို ခက်ခဲမှုအဆင့်အမျိုးအမျိုးတွင် ထားရှိနိုင်သည်။

၂။ အုပ်စုများသည်ရရှိထားသောတာဝန်များနှင့် ဆွေးနွေးမှုများကို ပြုလုပ်ပါ။

၃။ အုပ်စုများသည် အတန်းထဲတွင် သင်ခန်းစာအကျဉ်းကို ပြန်လည်၍အစီရင်ခံစာ တင်ပြပါ။

ပြန်လည်အစီရင်ခံခြင်းကို အသုံးပြု၍ ကျောင်းသားများ၏ ရှင်းပြခြင်းစွမ်းရည်တိုးတက်စေရန်-
**နည်းဗျူဟာဖိုင်(က)–ဆရာ၏ ရှင်းပြခြင်းစွမ်းရည်** ကိုကြည့်ပါ။

အဖွဲ့၌တစ်ဦးချင်းစီ၏လုပ်ဆောင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် အုပ်စုထဲတွင်ရှိသောအဖွဲ့ဝင်များကို ၎င်းတို့၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုနှင့် အချင်းချင်းစစ်ဆေးအကဲဖြတ်မှုများကို မေးပါ။

## ဤစာမျက်နှာကိုမှတ်စုမှတ်ရန်အတွက်အသုံးပြုပါ။

# သင်ကြားရေးအတတ်ပညာ နည်းလမ်းများ

## သင်တန်းသားလက်စွဲ

သင်ကြားရေးအတတ်ပညာနည်းလမ်းများအား သင်ရိုးဖတ်စာအုပ်တစ်ခုအဖြစ်ရေးဆွဲထားပြီး ဆရာဖြစ်လိုသောသူများကို လေ့ကျင့်သင်ကြားပေးနိုင်သည့်အပြင် လက်ရှိစာသင်ကြားနေသော ဆရာများမှ အချို့သောသင်ကြားရေးအပိုင်းများ တိုးတက်အောင်လုပ်ဆောင်ရန်အတွက် အသုံးဝင်သော လမ်းညွှန်စာအုပ်ဖြစ်ပါသည်။

ဤသင်ရိုးစာအုပ်တွင် သင်ကြားရေးအခြေခံ နည်းလမ်းများနှင့် သင်ယူမှုသဘောတရားများကို လက်တွေ့အသုံးချနိုင်သော နည်းလမ်းများဖြင့် ပေါင်းစပ်ထားပြီး မြန်မာနိုင်ငံကဲ့သို့သော သင်ထောက်ကူပစ္စည်းလိုအပ်သောနေရာများတွင် ထိရောက်မှုရှိသောသင်ခန်းစာများကို မှန်ကန်သော နည်းစနစ်ဖြင့် ဖော်ဆောင်နိုင်ရန်ဖြစ်သည်။

သင်ကြားရေးအတတ်ပညာ နည်းလမ်းများသည် ဘာသာရပ်အများစုနှင့် ကျောင်းသားအသက်အရွယ် အလိုက်ကိုသင်ကြားရာတွင် သင့်လျော်မှုရှိပါသည်။

Thabyay Education Foundation

inspire · empower · enable

**Website:** www.thabyay.org
**Email:** educasia@thabyay.org
info@curriculumproject.org

creative commons

Educasia နှင့် The Curriculum Project သည် သပြေပညာရေးဖောင်ဒေးရှင်း၏ အရေးပါသောပညာရေးဆိုင်ရာ အစီအစဉ်များကိုဆောင်ရွက်နေပါသည်။

Design: Katherine Gibney